ဒုတိယတွဲ

# နိဒါန်း ၁၉၇၇

စိရံတိဋ္ဌတုသဒ္ဓမ္မော။ ။သဒ္ဓမ္မော၊ သူတော်ကောင်းတရားသည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။

## နိပါတ်တော်

ငါးရာ့ငါးဆယ် နိပါတ်တော်မှာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာတွင် ခုဒ္ဒကနိကာယ် သုတ္တန်ပိဋကတ်အဝင်အပါ ပါဠိဇာတ်ပါဠိတော်ပင် ဖြစ်ပါသည်၊ ထိုပါဠိဇာတ် ပါဠိတော်ကို ဧကကနိပါတ်အစ အသီတိနိပါတ်အဆုံး အခဏ်းပေါင်းနှစ်ဆယ့်တခဏ်း၊ ဇာတ်ပေါင်း ငါးရာ့သုံးဆယ်ခုနစ်ဇာတ်တို့ဖြင့် တန်ဆာဆင်ကာ ဟောကြား ထားပါသည်၊ မဟာနိပါတ် ဇာတ်ပေါင်း တဆယ် ဇာတ်ကြီး ဆယ်ဖွဲ့ တို့နှင့်ပေါင်းလျှင် ငါးရာ့လေးဆယ်ခုနစ်ဇာတ်တို့ ဖြစ်ပါသည်၊ အခေါ်အဝေါ်လွယ်ကူစေရန် ဇာတ်သုံးဇာတ် လျှော့နေသော်လည်း ငါးရာ့ငါးဆယ် နိပါတ်တော်ဟု ခေါ်ဝေါ်စမှတ်ပြုကြပါသည်။

## အဋ္ဌကထာ

ပါဠိဇာတ် အဋ္ဌကထာကို သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူစဉ်-အရှင်မဟာ ဗုဒ္ဓဃောသမထေရ် ပြုစီရင်တော်မူသည်၊ သာသနာသက္ကရာဇ် (၉၃၀) လောက်တွင် မြန်မာပြည်အောက်ပိုင်း သထုံမြို့သို့ ရောက်လာသည်၊ သာသနာ

သက္ကရာဇ် (၁၆၀၀) ကျော်၊ ကောဇာသက္ကရာဇ်(၄၀၀) ကျော်လောက်တွင် မြန်မာပြည်အထက်ပိုင်း ပုဂံပြည်သို့ အနော်ရထာမင်း ဆောင်ယူတော်မူသဖြင့် တပြည်လုံး တဖြည်းဖြည်းပျံ့နှံ့ခဲ့ပါသည်။

## ဋီကာများ

ပါဠိဇာတ်ဋီကာတို့တွင်လီနတ္ထပကာသနီမည်သောဋီကာ ဟောင်းကို သီဟိုဠ်ကျွန်း အနုရာဓမြို့ ဗဒရတိတ္ထကျောင်း၌ သီတင်းသုံးတော်မူသော ဆရာဓမ္မပါလမထေရ် ပြုစီရင် တော်မူသည်၊ အသမ္မောဟဝိလာသိနီမည်သော ဋီကာသစ် ကိုကား၊ မြန်မာပြည်ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်း လက်ထက် မန္တလေးမြို့ အရှေ့ပြင် မင်္ဂလာရာမတိုက်တော်၌ သီတင်းသုံးတော်မူသော "ပညာသာမိ သိရိကဝိဓဇမဟာ ဓမ္မရာဇာဓိရာဇဂုရု"တံဆိပ်တော်ရ မောင်းထောင်ကြီးရွာ ဇာတိ ဒုတိယမောင်းထောင် ဆရာတော် ပြုစီရင်တော် မူပါသည်။

## နိဿျနှင့်ဂဏ္ဌိများ

ပါဠိဇာတ် ပါဠိတော် နိဿျနှင့် အဋ္ဌကထာနိဿျများကို ဆရာတော်အသီးသီးတို့ စီရင်တော်မူကြသည်၊ ဇာတကဝိ-သောဓနီခေါ် ပါဠိဇာတ်ဂဏ္ဌိကို စစ်ကိုင်းမြို့ ထူပါရုံစေတီ တော်ဒါယကာ နရပတိမင်းလက်ထက် ပင်းယမြို့ စကား အင်းရွာဇာတိ အရိယဝံသဓမ္မသေနာပတိမထေရ် ပြုစီရင် တော်မူပါသည်။

## ဝတ္ထုများ

ငါးရာ့ငါးဆယ်ဇာတ်ဝတ္ထုကို တပယင်းမြို့ မုံတိုင်ဆရာတော်ပြုစီရင်တော်မူသည်ဟု ပိဋကတ်သမိုင်းတွင် အဆိုရှိသည်၊ စာအုပ်ရိုက်၍ ယခုသုံးစွဲလျက်ရှိသော ငါးရာ့ငါးဆယ်နိပါတ် ဇာတ်ဝတ္ထုကိုကား၊ ဘိုးတော်မင်းတရားလက်ထက် ကောဇာသက္ကရာဇ် (၁၁၇၁) ခုတွင် မင်္ဂလာဘုံကျော်ကျောင်း၌ သီတင်းသုံးတော်မူသော "ကဝိန္ဒာ-ဘိဝံသ သိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်တော်ရ ဒုတိယ ညောင်ကန်ဆရာတော်- ပြုစီရင်တော်မူပါသည်။

## အနှစ်သာရများ

ထိုငါးရာ့ငါးဆယ် နိပါတ်ဇာတ် ဝတ္ထုတို့မှာ ဓမ္မကြောင်း, လောကကြောင်း,ရာဇကြောင်း စုံလင်လှသည်၊ စီးပွါးရေး,ကြီးပွါးချမ်းသာရေး,ကျန်းမာရေး, ပညာဉာဏ်ဗဟုသုတတိုးပွါးရေး, လိမ္မာယဉ်ကျေးရေး, ပေါင်းသင်းဆက်ဆံရေး, စသည်တို့နှင့် ပြည့်နှက်လျက်ရှိသည်၊ မှတ်ယူသုံးစွဲ၍ မကုန်နိုင်အောင် အနှစ်သာရအမျိုးမျိုးနှင့် ပြည့်စုံလှလောက်သည်၊ ငါ့ရာ့ငါးဆယ် နိပါတ်ဇာတ်ဝတ္ထုတို့၌ လိမ္မာကျွမ်းကျင်ပါလျှင်၊ သူတပါးတို့ မှီခိုအားထားရာ, ကိုးကွယ်ရာ,ဆည်းကပ်ပူဇော်ရာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီး တဦးဖြစ်လာနိုင်ပါသည်။

## ရှေးခေတ်အခါ

ရှေးခေတ်အခါက ပျို့ ကဗျာ လင်္ကာ ချေင်း,မော်ကွန်း, သမိုင်း,သံပိုင်း, ရတု-သီချင်းကြီး- သီချင်းခံ- ကြိုးပတ်ပျိုး,

ယိုးဒယားစသည်တို့ကို ဖန်တီးကြသော ကဗျာ့ပါရဂူကြီးတို့မှာ၊ ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတခုခုကိုပင်မူတည်ကြရသည်၊ ဝတ္ထု, ပုံပြင်, ပြဇာတ်စသည်တို့ကို ရေးသားကြသော ပညာရှိတို့လည်း-ထိုငါးရာ့ငါးဆယ်နိပါတ်ဇာတ်ဝတ္ထုတို့ကို အမှီပြု၍ ရေးသားကြရသည်၊ ကပြသောပွဲလမ်းသဘင်တို့၌လည်း နှစ်ပါးသွားခန်း၊ လွမ်းခန်း၊ ဆွေးခန်း၊ အကြမ်း,အနု,ဇာတ်လမ်း, ဇာတ်ကွက်ပေါ်၍ သရုပ်တင်ကာ လူအများရှုစားချင်လောက်အောင်လည်း ထိုငါးရာ့ငါးဆယ်နိပါတ် ဝတ္ထုတို့ကိုပင် ကပြအသုံးခံကြရပါသည်။

## အခက်အခဲများ

ယခုခေတ်အခါ၌ကား ရှေးခေတ်အခါ ပညာရှိတို့လိုပါဠိဘာသာကို ကောင်းစွာ မကျွမ်းကျင်ကြသဖြင့် ရှေးဟောင်းဖြစ်သော ဇာတ်ပါဠိတော်, အဋ္ဌကထာ, ဋီကာ, နိသျ, ဂဏ္ဌိ, ဝတ္ထုစကားပြေတို့ကို မကြည့်ရှုနိုင်ကြသောကြောင့် ပညာဗဟုသုတလိုလားရှာမှီးသူများ အတွက်အခက်အခဲနှင့် ရင်ဆိုင်တွေ့နေကြရသည်၊ ရှေးဟောင်းဖြစ်သော နိပါတ်ဇာတ်နိသျ, ဝတ္ထုစကားပြေတို့လည်း ဇာတ်ပါဠိတော်,ဇာတ်အဋ္ဌကထာပါဠိတို့၏ဘာသာပြန်များသာဖြစ်သဖြင့် စကားဝါကျအထပ်ထပ်ပါနေခြင်း, မပြေမပြစ်ရှိခြင်း, ကျယ်ဝန်းခြင်း, ပါဠိနှင့်အနက်ရောထွေးနေခြင်း, စကားအသုံးအနှုန်း ရှေးကျနေခြင်းတို့ကြောင့် ယခုခေတ်လူများ လွယ်ကူစွာမသိနိုင်၊ မသုံးစွဲနိုင်၊ သို့အတွက် အကျွန်ုပ်တို့သည် လွန်ခဲ့သောနှစ်ပေါင်း (၂၅) နှစ်လောက်

ကပင် ခေတ်လူများနှင့် လျော်အောင် ပေါ်လွင်ထင်ရှား သော နိပါတ်တော်စကားပြေကို ရေးသားမည်ဟု ကြံစည် ခဲ့ပါသည်၊ သို့သော်လည်း အလုပ်ချိန်မရ အကြောင်းမညီ ညွတ်သဖြင့် အထမမြောက်ခဲ့ပါ။

## သူဌေး ဦးညွန့်

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးအေးငြိမ်း၍လာသောအခါ ရှေးအခါက ကြံစည်ခဲ့ဘူးသော နိပါတ်တော်စကားပြေကို ရေးသားရန် တဖန်သတိရပြန်၏၊ ထိုအခါ ရန်ကုန်မြို့ ဟံသာဝတီတိုက်ရှင် သူဌေးဦးညွန့်အား ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေ ရေးသားရန် ပြောကြားပါ၏၊ သူဌေးဦးညွန့်လည်း ရတနာသုံးပါးကို လေးစားယုံကြည် လျက် အစလသဒ္ဓါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ထူး ဖြစ်သည့် အလျောက်အမြန်ရေးသားပါရန်တိုက်တွန်းပါ၏၊အကျွန်ုပ် လည်း နှစ်ပေါင်းများစွာ ကြံစည်လာခဲ့သော အကြံအစည် ကြီး ပြီးမြောက်ပေပြီ၊ မိမိ၏ပညာဉာဏ်ကို အရင်းခံကာ အတိုင်းမသိ အကျိုးများသော ဓမ္မဒါနကုသိုလ်ကြီးကို ပြုရ ပေတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ မနေမနား ရေး သားလာခဲ့ရာ၊ ထိုနိပါတ်တော်စကားပြေသည် ဘေးရန် ကင်းလျက် တဆယ့်ရှစ်လပြည့်သောအခါပြီးစီးအောင်မြင် ခြင်းသို့ရောက်ခဲ့ပါသည်။

## ဥယျောဇဉ်

အို—ပညာရှိ သူတော်ကောင်း အပေါင်းတို့… အနှစ် သာရနှင့်ပြည့်ဝစုံလင်သော ဤနိပါတ်တော်…စကားပြေကို ကြည့်ရှုလေ့ကျက် မှတ်သားကြပါကုန်၊ လောကီ- လော

ကုတ္တရာ ပညာဝဗဟုသုတနှင့် ပြည့်စုံကြလျက် လူအများတို့ အားထားမှီခိုရာဖြစ်ကြပါကုန်၊ ပစ္စုပ္ပန်သံသရာ,အတ္တ,ပရ နှစ်ဝသော အကျိုးတို့ကို သည်ပိုးရွက်ဆောင် ကြပါကုန်ဟု ကောင်းမြတ်သော စိတ်ဖြင့် နှိုးဆော် တိုက်တွန်း အပ်ပါ သတည်း။

ဦးကြီးဖေ-ပဋ္ဌမကျော်

# မာတိကာ


ဦးရေ | အကြောင်းအရာ | စာမျက်နှာ

## ၉။ အပါယိမှဝဂ်

၈၁။ သုရာပါနဇာတ် .... ၁

မင်းကြီးလှူသော သေရည်ကို သောက်ကြသဖြင့် သူရှူးဖြစ်ကြရသော ရသေ့ငါးရာအကြောင်း။

၈၂။ မိတ္တဝိန္ဒကဇာတ် ... ၇

နတ်စည်းစိမ်ကို မရောင့်ရဲ မတင်းတိမ် နိုင်သဖြင့် သင်ဓုန်းစက်ငရဲသို့ ကြရောက်ရသော မိတ္တဝိန္ဒက အကြောင်း။

၈၃။ ကာဠကဏ္ဏိဇာတ် ... ၈

ပစ္စည်း တို့ကို ခိုးသားဘေးမှ လွတ်မြောက်ရန် စောင့်ရှောက်သဖြင့် သူဌေးကြီး အလွန်ချစ်ခင်သော ကာဠကဏ္ဏိ အကြောင်း။

၈၄။ အတ္ထဿဒွါရဇာတ် .... ၁၂

ဘခင်သူဌေးအား အကျိုးစီးပွါး ဖြစ်ကြောင်း တရားမေးကြားသော ခုနစ်နှစ်အရွယ် သူဌေးသားငယ်အကြောင်း။

၈၅။ ကိံပက္ကဇာတ် ... ၁၄

လှည်းမှူး မှာကြားသောစကား နာယူကြသဖြင့် အဆိပ်သီး မစားမိကြ၍ ချမ်းသာကြသော လှည်းသမားများအကြောင်း။

၈၆။ သီလဝီမံသဇာတ် .... ၁၇

မင်းကြီး မြတ်နိုးသည်ကိုသိလို၍ သီလကိုစုံစမ်းသောအနေဖြင့် မင်းဘဏ္ဍာခိုးယူသဖြင့် အဖမ်းခံရသောပုဏ္ဏားအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၇။ မင်္ဂလဇာတ် .... ၂၁
အဝတ်ပုဆိုးကိုကြွက်ခဲ့၍ သုသာန်သို့စွန့်ပြစ်သဖြင့် ရသေ့ပုံသုကူကောက်ကာမင်္ဂလာတရားဟောရသော အဝတ်လက္ခဏာဘတ် ပုဏ္ဏားသားအဘအကြောင်း။

၁၈။ သာရမ္ဘဇာတ် .... ၂၇
ကောင်းသောစကားကိုဆိုကာသာရမ္ဘနွားလားအား ဝန်ကိုရုန်းစေသဖြင့် အနိုင်ရရှိသော ပုဏ္ဏားအကြောင်း။

၁၉။ ကုဟကဇာတ် .... ၂၉
သူကြွယ်ယုံကြည်၍ ဥစ္စာအပ်သဖြင့် အံ့ဘွယ်ပြုကာ ကောက်ကျစ်သော ရသေ့အကြောင်း။

၂၀။ အကတညုတဇာတ် .... ၃၂
သူတပါးပြုသောကျေးဇူးကို ခံလင့်၍ မိမိကတဖန် ကျေးဇူးမပြုသော ပစ္စန္တရာဇ်သူဌေးအကြောင်း။

## ၁၀။ လိတ္တဝဂ်

၂၁။ လိတ္တဇာတ် .... ၃၆
ကြွေအန်ရှုံး၍ ကောက်ကျစ်သော သူယုတ်အား အဆိပ်သင့်သဖြင့် အသက်ကယ်ဆယ်ရသော ပညာရှိအကြောင်း။

၂၂။ မဟာသာရဇာတ် .... ၃၉
မင်းကြီး၏ မဟာသာရ တန်ဆာပျောက်သဖြင့် ဥယျာဉ်တော်က မျောက်မထံမှ ပြန်ရအောင် ကြံဆောင်နိုင်သော ပညာရှိအကြောင်း။

**ဦးရေ** **အကြောင်းအရာ** **စာမျက်နှာ**

၄၃။ ဝိဿာသဘောဇနဇာတ် ... ၅၀

ချစ်ကျွမ်းဝင်သော ပြောင်မမှ အဆိပ်သင့်၍သေရသော ခြင်္သေ့မင်းကို ဥပမာပြ၍ဆုံးမသော ဗာရာဏသီသူဌေးအကြောင်း။

၄၄၊ လောမဟံသဇာတ် ... ၅၄

အလွန် အပူအအေးခံ၍ ကျင့်သဖြင့် အကျိုးမရှိသည်ကိုသိ၍ မိစ္ဆာအယူကိုစွန့်ပြစ်သော အဝတ်မဆည်းသော အာဇီဝကအကြောင်း။

၄၅။ မဟာသုဒဿနဇာတ် .... ၅၈

စုတိကျတော့မည်ပြော၍ မိဖုရားများ ငိုကြသဖြင့် တရားဟောပြသော မဟာသုဒဿန စကြာမင်းအကြောင်း။

၄၆။ တေလပတ္တဇာတ် ... ၆၁

ဘီလူးများလှည့်ဖြား၍ ဣန္ဒြေများ မဖေါက်ပြားသဖြင့် အသက်ဘေးလွတ်ကာမင်းအဖြစ်ရောက်သော တက္ကသိုလ်မင်းအကြောင်း။

၄၇။ နာမသိဒ္ဓိဇာတ် .... ၇၃

အမည်ပြောင်းလို၍ အမည်ကောင်း ရှာဖွေစဉ် အမည်နာမဖြင့် တစုံတရာအကျိုးမပြီးဟု သိသောလုလင်အကြောင်း။

၄၈။ ကူဋဝါဏိဇဇာတ် .... ၇၉

ကုန်သည်နှစ်ယောက် ကုန်သွယ်ကြသဖြင့် အရင်းအမြတ်ကို အညီအမျှမပေးလို၍ ကောက်ကျစ်သော အတိပဏ္ဍိတအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၉၉။ ပရောသဟဿဇာတ် .... ၇၃
တပည့် တထောင်ကျော်တို့တွင် ဆရာပြောကြားသောတရားကိုသိသဖြင့် ချီးမွမ်းခြင်းခံရသော ပညာရှိတပည့်အကြောင်း။

၁၀၀။ အသာတရူပဇာတ်။ .... ၇၆
မြို့ကို ခုနစ်ရက်ပိတ်ထားပါဟု မိခင်ပြောကြားသဖြင့် ကောသလမင်းအား အနိုင်ရသော ဗာရာဏသီမင်း အကြောင်း။

---

## ၁၁။ ပရောသတဝဂ်

၁၀၁။ ပရောသတဇာတ် ... ၉၃
တပည့်တရာကျော်တို့ဘွင် ဆရာပြောကြားသောတရားကိုသိသဖြင့်ချီးမွမ်းခြင်းခံရသောပညာရှိတပည့်အကြောင်း။

၁၀၂။ ပဏ္ဏိကဇာတ် .... ၉၃
မိမိသမီး၏ အကျင့်ရှိမရှိကိုသိလိုသဖြင့် စုံစမ်းသိရှိသော ဘခင်အကြောင်း။

၁၀၃။ ဝေရိဇာတ် ... ၉၇
မိမိပိုင်စားသော ရွာငယ်တခုသို့သွားသဖြင့် ခရီးအကြားတွင် ရန်သူခိုးသားဘေးမှ လွတ်မြောက်လာသော သူဌေးအကြောင်း။

၁၀၄။ မိတ္တဝိန္ဒကဇာတ် ... ၉၉
နတ်စည်းစိမ်တို့ထက် လွန်ကာ အလိုရမ္မက်ကြီးသဖြင့် သင်ခုန်းစက်ဝေဒနာခံရသော မိတ္တဝိန္ဒကအကြောင်း။

၁၀၅။ ဒုဗ္ဗလကဋ္ဌဇာတ် ... ၁၀၀
အလွန်ထိတ်လန့်ကြောက်ရွံ့၍ သစ်ကိုင်းကျိုးသည်ကိုပင် ပြေးနေသဖြင့် ရကွဲစိုး တရားဟော ရသောဆင်အကြောင်း။

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၁၀၆။ ဥဒဉ္စနိ ဇာတ် ... ၁၀၃

မိန်းမ၏ လောဘအလိုသည် မပြည့်သော ရေလောင်းအိုးနှင့်တူလှသည်ဟုကဲ့ရဲ့ကာ ဘခင်ရသေ့ထံ ပြန်လာသော ရသေ့ငယ်အကြောင်း။

၁၀၇။ သာလိတ္တကဇာတ် ... ၁၀၇

ခဲပစ်အတတ် အလွန်တတ်မြောက်သဖြင့် ရွာစား အမြောက်ခံရသော ငဆွံ့အကြောင်း။

၁၀၈။ ဗာဟိရဇာတ် ... ၁၁၂

လွင်တီးခေါင်အရပ်၌ အညစ်အကြေးကိုယဉ့်ကျေးစွာ စွန့်တတ်သူကို မိဖုရားမြှောက်သော လိစ္ဆဝီမင်း အကြောင်း။

၁၀၉။ ကုဏ္ဍကပူဝဇာတ် ... ၁၁၅

ကြက်ဆူပင်စောင့်နတ်အား ဆန်ကွဲမုံ့နှင့် ပူဇော်သဖြင့် သူဌေးဖြစ်ရသော ဆင်းရဲသားအကြောင်း။


၁၂—ဟံစိဝဂ်


၁၁၃။ သိင်္ဂါလဇာတ် .... ၁၂၃

ဥစ္စာတပ်မက်သောပုဏ္ဏားအား ဥစ္စာဖြင့် လှည့်စားဖြားယောင်းကာ ခိုင်းစေသော မြေခွေးအကြောင်း။

၁၁၄။ မိတစိန္တိဇာတ် .... ၁၂၃

လုံ့လမရှိပျင်းရိသော မိတ်ဆွေတို့အား အသက်ဘေးမှကယ်ဆယ်ရသော မိတစိန္တိငါးအကြောင်း။

၁၁၅။ အနုသာသိကသကုဏဇာတ် .... ၁၂၇

သူတပါးတို့အား ဆုံးမပါလျက်မိမိမူကား မလိုက်နာသဖြင့် အသက်ဆုံးရှုံးရသော ငှက်မအကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၁၆။ ဒုဗ္ဗစဇာတ် .... ၁၃၁
သေရည်မူး၍ မိမိတတ်သော ပညာထက်ကျော် လွန်ပြသဖြင့် လှံဖျားဌ် အသက်ဆုံးရှုံးရသော လှံခုန်ဆရာအကြောင်း။

၁၁၇။ တိတ္တိရဇာတ် .... ၁၃၃
ဝေဒနာနှိပ်စက်၍ စိတ်ဆင်းရဲသော သူအားကြမ်းတမ်းစွာပြောသဖြင့် အသက်သေရသော ရသေ့နှင့် အလွန်မြည်တွန်၍ အသက်သေရသော ခါအကြောင်း။

၁၁၈။ ဝဋ္ဋဇာတ် .... ၁၃၆
မူဆိုးလက်တွင် ဥပါယ်ဉာဏ်သုံးသဖြင့် အသက်ဘေးလွတ်မြောက်သော ငုံးပညာရှိအကြောင်း။

၁၁၉။ အကာလ ရဝိဇာတ် ... ၁၃၆
အချိန်ကိုမဖေါက်ပြန်စွာ တွန်မှားသဖြင့် အသက်သေရသော ကြက်အကြောင်း။

၁၂၀။ ဗန္ဓနမောက္ခဇာတ် .... ၁၄၄
မင်းကြီးစစ်တိုက်သွားသဖြင့် တမန်တော်မင်းချင်းခြောက်ဆယ့် လေးယောက်နှင့် ဖေါက်ပြားသော မိဖုရားအကြောင်း။

---

၁၃–ကုသနာဠိဝဂ်

၁၂၁။ ကုသ နာဠိ ဇာတ် ... ၁၅၂
ဗိမာန်ပျက်လုဆဲတွင် မိတ်ဆွေနတ် အကြံဉာဏ်ထုတ်သဖြင့် ဗိမာန်မပျက်စီးဘဲ ချမ်းသာစွာနေရသော ရုက္ခစိုးနတ်အကြောင်း။

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၂၂။ | ဒုမ္မေဇာတ် ... | ၁၅၃ |
| | သူယုတ်မင်းနှင့် အတူနေသဖြင့် အသက်ပျက်စီးမည်ကိုသိ၍ စွန့်လွှတ်ကာ သူတော်ကောင်းနှင့်တွေ့ကာချမ်းသာရသော မင်္ဂလာဆင်ဖြူတော်အကြောင်း။ | |
| ၁၂၃။ | နင်္ဂလီသ ဇာတ် .... | ၁၆၄ |
| | အသိဉာဏ်ထိုင်းမှိုင်းလှသဖြင့် အရာတွေ့သမျှထွန်တုံးနှင့်တူသည်ဟု ပြော၍ ဆရာလက်လျှော့ရသော လာဠုကအကြောင်း။ | |
| ၁၂၄။ | အမ္ဗ ဇာတ် .... | ၁၆၈ |
| | တောသတ္တဝါအများ ရေပေးလှူသဖြင့်- တဖန်ကျေးဇူးပြုသော အစာအာဟာရရမှီ၍အများချမ်းသာရသော ဝတ်နှင့်ပြည့်စုံသော ရသေ့အကြောင်း။ | |
| ၁၂၅။ | ကဋာဟကဇာတ် .... | ၁၇၃ |
| | ကျွန်မသား သူဌေးသားယောင်ဆောင်ကာ- သူဌေးသမီးနှင့်ညားသဖြင့် အလွန်ကဲ့ရဲ့ကာ မာန်တက်၍ ဂါထာပေး၍ ဆုံးမရသော ကဋာဟကအကြောင်း။ | |
| ၁၂၆။ | အသိလက္ခဏဇာတ် .... | ၁၀၀ |
| | လာဘ်စားကာ သန်လျက်လက္ခဏာ ဘတ်သဖြင့် နှာခေါင်းပြတ်သောသန်လျက်လက္ခဏာဘတ်ပုဏ္ဏားအကြောင်း။ | |
| ၁၂၇။ | ကလဏ္ဍုကဇာတ် ... | ၁၀၆ |
| | သူဌေးသားပြောကာ ပစ္စန္တရစ် သူဌေးသမီးနှင့်ညားသဖြင့် အလွန်မာန်မူနေ၍ ကျွန်ဘဝ ပြန်ရောက်ရသော ကလဏ္ဍုက ကျွန်အကြောင်း။ | |

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၂၀။ မိဋ္ဌာရဝတ ဇာတ် ... ၁၈၉
သီလရှိယောင်ဆောင်၍ ကြွက်တို့ကိုစားသဖြင့် ကြွက်အပေါင်း သတ်၍ အစားခံရသော မြေခွေး အကြောင်း။

၁၂၉။ အဂ္ဂိကဘာရဒွါဇဇာတ် .... ၁၉၃
ခေါင်း၌ ဦးစွန်းဖုတ်ပြ၍ ကြွက်တို့ကို လှည့်စား ကာတနေ့တကောင်စားသဖြင့် ကြွက်အပေါင်း သတ် ၍ အစားခံရသော မြေခွေးအကြောင်း။

၁၃၀။ ကောသိယဇာတ် .... ၁၉၆
ပရိယာယ်ပြုကာ လင်မြှောင်ထား၍ လေနာသည် ပြောသဖြင့် ဆရာနည်းပေးသော ဆေးတိုက်မှအကျင့် ယုတ် ပျောက်သော မိန်းမအကြောင်း။

## ၁၄။ အသမ္ပဒါနဝဂ်

၁၃၁။ အသမ္ပဒါနဇာတ် .... ၂၀၀
ကုဋေလေးဆယ်မျှ ကျေးဇူးကိုချေဖျက်ကာ ဖွဲတ တုစ္ဆသာပေးသဖြင့် စည်းစိမ်ပါအကုန်ပေးစေဟု မင်း ကြီးဆုံးဖြတ်သော ပိလိယသူဌေးအကြောင်း။

၁၃၂။ ဘီရုကဇာတ် ... ၂၀၄
ဘီလူးများခရီးအကြားတွင် အမျိုးမျိုးလှည့်စား၍ ဗုန္ဒြေများ မဖေါက်ပြားသဖြင့် မင်းအဖြစ်ရောက် သော တက္ကသိုလ်မင်းအကြောင်း။

၁၃၃။ ဃတာသနဇာတ် ... ၂၁၁
နေသောအရပ်မှ ဘေးဖြစ်မည်ကိုသိသဖြင့် ငှက် အပေါင်းအား ဆုံးမကာ ပြောင်းရွှေ့ သွားသော ငှက်မင်းအကြောင်း။

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၁၃၄။ ဈာနသောဓနဇာတ် .... ၂၁၅
ရူပဘာဝ ရောက်သည်ဟုပြောသဖြင့် မယုံသော တပည့်များကို ဆရာလာ၍ဆုံးမကာတပည့်ကြီးအား ချီးမွမ်းသော အကြောင်း။

၁၃၅။ စန္ဒာဘဇာတ် ... ၂၁၆
ဩဒါတကသိုဏ်းပွါး၍ ဗြဟ္မာ့ပြည်လားသည်ဟု ပြောသဖြင့် မယုံကြည်သော တပည့်များအား ဆရာလာဆုံးမကာ တပည့်ကြီးအား ချီးမွမ်းသော အကြောင်း။

၁၃၆။ သုဝဏ္ဏဟံသဇာတ် ... ၂၁၈
ရွှေအတောင် တခုတခု ပေးသည်ကို လောဘ မသိမ်းနိုင်ဘဲ ရွှေဟင်္သာမင်း၏ တကိုယ်လုံးရှိ အမွေးတို့ကို နုတ်ယူသော ပုဏ္ဏေးမအကြောင်း။

၁၃၇။ ဗဗ္ဗုဇာတ် ... ၂၂၃
ကြွက်မထံမှအစာကိုမရ၍ အမျက်ထွက်ပြီးခုန်အုပ်ရာ ဖလ်ဂူနှင့် တိုက်မိသဖြင့် ရင်ကွဲကာ သေရသော ကြောင်လေးကောင်အကြောင်း။

၁၃၈။ ဂေါဓာဇာတ် ... ၂၂၈
သီလရှိယောင်ဆောင်ပြီး မိမိထံ ဆည်းကပ်လာသော ဖွတ်မင်းကိုသတ်စားရန်ကြံစည်သည့် ကောက်ကျစ်သော ရသေ့အကြောင်း။

၁၃၉။ ဥဘတောပဒုဋ္ဌဇာတ်။ ...
ငါးမိသည်ထင်မှားကာ ကိုယ်ရုံထား၍ ရေတွင် ငုတ်သဖြင့် မျက်စိနှစ်ဘက်ပျက်၍ ပုဆိုးပါ အခိုးခံရသော တံငါသည်အကြောင်း။

ဦးရေ အကြောင်းအရာ စာမျက်နှာ

၁၄၀။ ကာကဇာတ် ...

ရန်ငြိုးဖွဲ့သောပုဏ္ဏားက ကျီးသိ ဆင်နှာပျောက်သည်ဟု လျှောက်သဖြင့် ကျီးများကို သတ်ဖြတ်ရာ ကျီးမင်းတရားဟော၍ချမ်းသာပေးသော ဗာရာဏသီမင်းကြီးအကြောင်း။

## ကကဏ္ဍကဝဂ်

၁၄၁။ ဂေါဓာဇာတ် .... ၂၄၂

ဆန့်ကျင်ဘက်ဖြစ်သော မိတ်ဆွေပုတ်သင် ပေါင်းသင်းသော ဖွတ်ငယ်ကြောင့် ဖွတ်တမျိုးလုံး ပျက်စီးလှူမတတ်ဖြစ်သော အကြောင်း။

၁၄၂။ သိင်္ဂါလဇာတ် .... ၂၄၆

မြေခွေးသတ်ရန် ပရိယာယ်ဆောင်ကာ သုသာန်၌ အိပ်နေရာ မြေခွေးသိသဖြင့် ပြောင်လှောင်ခြင်းခံရသော သေသောက်ကြူးအကြောင်း။

၁၄၃။ ဝိရောစဇာတ် ... ၁၄၉

ခြင်္သေ့အတုပြုကာဆင်အားသတ်စားရန်တောင်းဆိုသည်ကို ခြင်္သေ့အဖန်ဖန်တားမရသဖြင့် ဆင်နင်းသတ်ခံရသော မြေခွေးမိုက်အကြောင်း။

၁၄၄။ နင်္ဂုဋ္ဌဇာတ် .... ၂၅၄

မီးအား ဘုရားပြု၍ ပူဇော်ရန်ထားသော နွားကို မုဆိုးစားသွားသဖြင့်အမြီးကိုသာကျွေး၍ မီးကိုအပြစ်တင်သော ရသေ့အကြောင်း။

၁၄၅။ ရာဓဇာတ် ... ၂၅၈

ကုန်သည်သွား၍ မယားလင်မျှောင်ထားသည်ကို သိသဖြင့် ညီငယ်ရာဓကျေးသားအား ဆုံးမကာ

ဦးရေ အကြောင်းအရာ စာမျက်နှာ

မိန်းမများ တားမရသောအဖြစ်ကို ပြောပြသော
နောင်တော်ကျေးသားအကြောင်း။

၁၄၆။ ကာကဇာတ် .... ၂၆၁
ကျီးမရေနစ်သေ၍ သမုဒ္ဒရာရေကို ခန်းအောင်
သယ်ဆောင်နေသော ကျီးများကို အသက်ဘေးမှ
ချမ်းသာစေလိုသော ရုက္ခစိုးအကြောင်း။

၁၄၇။ ပုပ္ဖရတ္တဇာတ် ... ၂၆၆
ကိလေသာ အလိုဆိုးသို့လိုက်၍ မိန်းမအတွက်
ဝတ်ပန်းပုဆိုး ခိုးသဖြင့် ရာဇဒဏ်သင့်၍ သေရသော
ပုဏ္ဏားအကြောင်း။

၁၄၈။ သိင်္ဂါလဇာတ် ... ၂၇၀
ဆင်သေ ငမ်းတွင်းသို့ဝင်၍ အသားစားနေရာ
ထွက်ပေါက်မရ၍ အတင်းတိုးထွက်ရသဖြင့် အစာ၌
သံဝေဂရသော မြေခွေးအကြောင်း။

၁၄၉။ ဧကပဏ္ဏဇာတ် .... ၂၇၅
တရွက်သာ ရှိသေးသော တမာပင်ကို ဥပမာပြ
သဖြင့် ယဉ်ကျေးလာသည့် အလွန်ခက်ထန်သော
မာန်ရှိသော ဒုဋ္ဌကုမာရမင်းသားအကြောင်း။

၁၅၀။ သဉ္ဇီဝဇာတ် ... ၂၈၁
ကျားသေကို ဂါထာမန်းမှုတ်၍ အသက်သွင်း
ဘိသဖြင့် ကျားသေအသက်ရှင်ကာ ထကိုက်၍အသက်
သေရသောသဉ္ဇီဝ အကြောင်း။

# ငါးရာငါးဆယ်
# နိပါတ်တော်စကားပြေ

---

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## ပဏာမနှင့် ပဋိညာဉ်

(၁) မုနိန္ဒမုခသရဇေ၊
နိပါတ ပဒုမေ သုဘေ။
ဖုလ္လိံသု ဇာတကသုမာ၊
နာနာ ဇနာလိစုမ္ဗိတာ။ ။

(၂) ဝိဘူသိယ ဧတေ သုမေ၊
သုဂန္ဓေ မမ မတ္တကေ။
အတ္တာယ သုတကာမာနံ၊
ဝက္ခံ နိပါတစုဏ္ဏိယံ။ ။

(၃) ဧကဝီသတိ ခဏ္ဍေဟိ၊
မဏ္ဍိတံ အတ္ထသံဟိတံ။
သတ္တတိံသ ပဉ္စသတ၊
ဇာတကေဟိ သုလက္ခိတံ။ ။

(၄) သုဏန္တု တံ သာရဏိယံ၊
သာဓူနံ ကဏ္ဏဘူသနံ။
ဗဟုဿုတေဟိ သမ္ပုဏ္ဏံ၊
ပညဝန္တေဟိ မာနိတံ။ ။

(၅) ဝမ္မန္တ၊ တံ သုဏန္တာနံ၊
လောကုတ္တရာစ လောကိယာ။
အတ္ထာ ဟိတာ သုခါ သဗ္ဗေ၊
နဒီသောတာ ဒိနေဒိနေ။ ။

(၁) မုနိန္ဒမုခသရဇေ၊ မုနိငါး၀၊အစိုးရသည့်၊ဘုရားခံတွင်း၊ အိုင်တို့မင်းဝယ်၊ ထင်လင်းလှစွာ၊ ပေါက်ပွား၍လာထသော။ သုဘော၊ ကောင်းမြတ်စံပယ်၊ တင့်တယ်စွာသော။ နိပါတပဒုမေ၊ ဧက,ဒုက၊ စသည်တည်ရှိ၊ အသီတိအဆုံး၊ ပေါင်းရုံးဟောဘော်၊ နိပါတ်တော်အစုံ၊ ပဒုမာကြာရုံ၌။ နာနာဇနာလိစုမ္ဗိတာ၊ အထူးထူး အထွေထွေ၊ ရိုသေညွတ်ရုံး၊ လူသုံးပါးတည်းဟူသော ပျားပိတုန်းတို့၊ စားသုံးစုပ်နမ်းအပ်ကုန်သော။ ဇာတကာသုမာ၊ အပဏ္ဏက၊ စသည်မည်ဆန်း၊ ပဒုမာကြာပန်းတို့သည်။ ဖုံလွှံသု၊ ကားကားစွင့်စွင့်၊ မားမားတင့်လျက်၊ ပွင့်ကြလေကုန်ပြီ။

(၂-၃) သုဂန္ဓေ၊ ခေတ်တွင်းအာဏာ၊ ကောင်းစွာလှိုင်လှိုင်၊ တကြိုင်ကြိုင်သင်းပျံ့၊ ကောင်းသော ရနံ့ရှိကုန်သော။ ဧတေသုမေ၊ အပဏ္ဏက၊စသည်မည်ဆန်း၊ထိုပဒုမာကြာပန်းတို့ကို။ မမ၊ ကြီးဖေပဌမကျော်၊ မည်ခေါ်သမုတ်၊ အကျွန်ုပ်၏။ မတ္တကေ၊ အမြတ်အင်္ဂါ၊ စဉ်လာမပျက်၊ ဦးခေါင်းထက်၌။ ဝိဘူသိယ၊ ဝေဝေဆာဆာ၊ ရှိစေငှါဟု၊ ကောင်းစွာရှင်လန်း၊ ပန်ဆင်မြန်း၍။ သုတကာမာနံ၊ကြားမြင်လိုလား၊အမျိုးသားတို့၏။ အတ္ထာယ၊ လောကုတ်,လောကီ၊ နှစ်လီအကျိုး၊ ပွားတိုးစေခြင်းငှါ။ ဧကဝီသတိခဏ္ဍေဟိ၊ ဧကနိပါတ်အစ၊ အသီတိနိပါတ်အဆုံး၊ပေါင်းရုံးတင့်ဆန်း၊

နှစ်ဆယ့်တခက်းတို့ဖြင့်။ မဏ္ဍိတံ၊ စုံစုံလင်လင်၊ တန်ဆာဆင်အပ်သော။ အတ္တသံဟိတံ၊ အကျိုးစီးပွား၊ ထွန်းကားအစဉ်၊ စပ်ယှဉ်သော။ သတ္တတိံသ ပဋ္ဌသတဇာတကေဟိ၊ ငါးရာသုံးဆယ်၊ စွန်းကယ်ခုနစ်ဖြာ၊ ဇာတ်များစွာတို့ဖြင့်။ လက္ခိတံ၊ သေချာပိုင်းခြား၊ မှတ်သားအပ်သော။ နိပါတ-စုဏ္ဏိယံ၊ ငါးရာငါးဆယ် နိပါတ်တော်စကားပြေကို။ အဟံ၊ ငါသည်။ ဝက္ခံ၊ ရေးသားပြဆိုပေအံ့။

(၄) သာရဏီယံ၊ အသက်ထက်ဆုံး၊ ရှင်ပြီးအောက်မေ့အပ်သော။ သာဓူနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ၊ အရိယာအပေါင်း၊ သူတော်ကောင်းတို့၏။ ကဏ္ဏာဘူသနံ၊ နားဒွံဆင်ရာ၊ တန်ဆာသဘွယ်ဖြစ်သော။ဗဟုသုတေဟိ၊များများဖြင်ဖြင်၊ ကြားအမြင်တို့နှင့်။ သမ္ပုဏ္ဏံ၊ စုံလင်ကုံလုံ၊ကောင်းစွာပြည့်စုံသော။ ပညဝန္တေဟိ၊ ဝရဇိန်တနဲ၊ ဖေါက်ခွဲသိမြင်၊ ပညာရှင်တို့သည်။ မာနိတံ၊ မြတ်နိုးစုံမက်အပ်သော။ တံနိပါတစုဏ္ဏိယံ၊ထိုငါးရာငါးဆယ်နိပါတ်တော်စကားပြေကို။ သာဓဝေါ၊ လောကုတ်,လောကီ၊ နှစ်လီအစီးအပွား၊ လိုလားကြသော သူတော်ကောင်းတို့သည်။ သုဏန္တု၊ ရိုသေလေးစား၊ သဒ္ဒါပွားလျက်၊ နာကြားကြပါစေကုန်သတည်း။

(၅) တံ၊ထိုငါးရာငါးဆယ်၊ နိပါတ်တော် စကားပြေကို။ သုဏန္တာနံ၊ ရိုသေလေးစား၊သဒ္ဒါပွားလျက်၊နာကြားကုန်သောသူတို့အား။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း။ နဒီ-သောတာဝ၊ အဟုန်ဒီးဒီး၊စီးဆင်းအစဉ်၊မြစ်ရေအလျဉ်ကဲ့သို့။ သမ္ဗေ၊ အလုံးစုံကုန်သော။ လောကုတ္တရာစ၊ လော

ကုတ္တရာလည်း ဖြစ်ကုန်သော။ လောကိယာစ၊ လောက်လည်းဖြစ်ကုန်သော။ အတ္တာစ၊ ကြီးကျယ်ဖွံ့ဖြိုး၊ ကောင်းသောအကျိုးတို့သည်ငှင်း။ ဟိတာစ၊ ကြီးကြီးထွားထွား၊ ကောင်းသောအစီးအပွားတို့သည်ငှင်း။ သုခါစ၊ ကြီးကျယ်လှစွာ၊ ကောင်းသောချမ်းသာတို့သည်ငှင်း။ ဝဍ္ဍန္တု၊ ကိုးစားလောက်အောင်၊ တန်ခိုးထွားလျက်၊ တိုးပွား ပါစေကုန်သတည်း။

ငါးရာငါးဆယ်

# နိပါတ်တော်စကားပြေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ဒုတိယတွဲ

## ၈၁—သုရာပါနဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

**နဂါးဆုံးမ ရှင်သာဂတ**

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ပုထုဇဉ်တို့တန်ခိုးဣဒ္ဓိပါဒ်နှင့်ပြည့်စုံသောရှင်သာဂတမထေရ်ကို အလုပ်အကျွေးအဖြစ် ခေါ်တော်မူ၍ ဘဒ္ဒဝတီနိဂုံးရွာသို့ ဒေသစာရီကြွချီတော်မူ၏၊ ထိုနိဂုံးရွာအနီး တောအုပ်၌ သီတင်းသုံးတော်မူစဉ် မြတ်စွာဘုရား ခွင့်ပြုချက်အရ ရှင်သာဂတမထေရ်သည်၊ အမ္ဗတိတ္ထကရသေ့ကျောင်း၌ အလွန်အဆိပ်ပြင်းထန်လှသော အမ္ဗတိတ္ထကနဂါးကြီးကို မိမိတန်

ခိုးဖြင့်သရဏာဂုံသီလ၌ တည်စေလျက် ယဉ်ကျေးအောင် ဆုံးမလေ၏၊ မြတ်စွာဘုရား ကောသမ္ဗီပြည်သို့ ပြန်ရောက်သောအခါ ထိုရှင်သာဂတမထေရ် နဂါးကြီးကိုဆုံးမခဲ့သော အကြောင်းသည် ဇနပုဒ်တခုလုံး၌ ထင်ရှားလေ၏။

ကောသမ္ဗီပြည်၌နေသော ဒါယကာတို့သည် မြတ်စွာဘုရားကိုရှိခိုးပြီးလျှင် ရှင်သာဂတမထေရ်ထံသို့ ဆည်းကပ်ကာ "အရှင်ဘုရား....အရှင်ဘုရားတို့အား ရခဲသောဝတ္ထုကို အမိန့်ပေးတော်မူပါ၊ အကျွန်ုပ်တို့ရအောင် ရှာကြံလှူပါမည်"ဟု လျှောက်ကြသောအခါ ရှင်သာဂတမထေရ်သည် ဆိတ်ဆိတ်သာ နေလေ၏။

**သေရည်မူးယစ် သတိလစ်**

ထိုအခါဆဗ္ဗဂ္ဂီရဟန်းတို့သည် ဒါယကာတို့အား "ဒါယကာတို့.... ရဟန်းတို့အား ခိုခြေအဆင်းရှိသော သေရည်သည် ရခဲကုန်၏၊ နှစ်လည်းနှစ်သက်ကြကုန်၏၊ အကယ်၍ ရှင်သာဂတမထေရ်ကို ကြည်ညိုလျှင် ခိုခြေအဆင်းရှိ သေရည်ကို စီစဉ်ကြကုန်လော့"ဟု ဆိုကုန်၏။

ဒါယကာတို့လည်း မြတ်စွာဘုရားအား နက်ဖြန်ဆွမ်းဘုဉ်းပေးရန် ပင့်ဘိတ်ပြီးလျှင် ခိုခြေအဆင်းရှိသော သေရည်ကို စီရင်ကြကုန်၏၊ ရှင်သာဂတမထေရ်ကို အိမ်သို့သီးခြားပင့်ဘိတ်၍ အိမ်တိုင်း,အိမ်တိုင်း သေရည်ကို ကပ်လှူကြကုန်၏၊ ရှင်သာဂတမထေရ်လည်း သေရည်သောက်သဖြင့် မူးယစ်ကာ မြို့ပြင်အထွက်တွင် အမှတ်သညာ လွတ်ကင်းလျက် တံခါးကြား၌ လဲလေ၏။

သေရည်ကျိုးပြ ဆိုဆုံးမ

မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးပြီး၍ ပြန်ကြွတော်မူသောအခါ ရှင်သာဂတမထေရ် တံခါးကြား၌ လဲနေသည်ကိုမြင်လျှင် ကျောင်းတော်သို့ယူစေ၍ ခြေရင်းတော်တွင်သိပ်စေ၏၊ ရှင်သာဂတလည်း အိပ်ရာမှလည့်၍ မြတ်စွာဘုရားဘက်သို့ခြေပြုလေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အားမေးတော်မူ၏။

"ချစ်သားရဟန်းတို့....

မေး။ ရှင်သာဂတ မထေရ်သည် ရှေးအခါကဲ့သို့ ငါဘုရားကို ရိုသေသေးသလော။

ဖြေ။ မရိုသေတော့ပါဘုရား။

မေး။ အမ္ဗတိတ္ထက နဂါးမင်းကို မည်သူဆုံးမသနည်း။

ဖြေ။ ရှင်သာဂတမထေရ် ဆုံးမပါသည်ဘုရား။

မေး။ ယခုအခါ ရှင်သာဂတမထေရ် ရေမြွေကိုပင် ဆုံးမနိုင်ဦးမည်လော။

ဖြေ။ မဆုံးမနိုင်တော့ပါဘုရား။

မေး။ ဖောက်ပြန်ချွတ်ယွင်း အမှတ်သညာလွတ်ကင်းစေသော သေရည်ကို သောက်သင့်သလော။

ဖြေ။ မသောက်သင့်ပါဘုရား"—

ဟု လျှောက်ထားကုန်၏၊ ထိုအခါ မြတ်စွာဘုရားသည် ရှင်သာဂတမထေရ်ကို ကဲ့ရဲ့တော်မူပြီးလျှင် သေရည်မသောက်ကြရန် သိက္ခာပုဒ်ပညတ်တော်မူ၏။

ရဟန်းတို့သည်တရားသဘင်ဝယ်"ငါ့ရှင်တို့....သေရည်သောက်ခြင်းကား တန်ခိုးပညာနှင့် ပြည့်စုံသော ရှင်သာဂ

တ မထေရ်ကိုပင် မြတ်စွာဘုရား ကျေးဇူးတော်မျှ မသိနိုင်အောင် ပြုတုံသေး၏၊ အပြစ်ကြီးလှ၏၊ စသည်ဖြင့် သေရည်သောက်ခြင်း၏ ကျေးဇူးမဲ့ကို စကားစပ်၍ ပြောဆိုနေကြစဉ် မြတ်စွာဘုရားကြွလာတော်မူ၍ "ချစ်သားရဟန်းတို့.. ယခုအခါ၌သာ သေရည်သောက်သဖြင့် ရဟန်းတို့ အမှတ်သညာ လွတ်ကင်းသည်မဟုတ် ရှေးအခါ၌လည်း အမှတ်လွတ်ကင်းဘူးကုန်ပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

**မင်းမှီနေရှာ ရသေ့ငါးရာ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ကာသိတိုင်း ဝယ် ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်သောအခါ ရသေ့ရဟန်းပြုကာ ဈာန်အဘိညာဉ်ကို ဖြစ်စေလျက် တပည့်ငါးရာ အခြံအရံဖြင့် ဟိမဝန္တာအရပ်ဝယ် နေလေ၏။

မိုးကာလရောက်လတ်သော် ရသေ့ငါးရာတို့သည် ဆရာရသေ့ကြီးထံခွင့်ပန်၍ ချဉ်,ဆားမှီဝဲရန် လူတို့နေရာသို့ လာကြရာဗာရာဏသီမြို့မင်းကြီးဥယျာဉ်တော်၌သာ နေကုန်၏၊ နက်ဖြန်မြို့တွင်းသို့ ဆွမ်းခံလတ်သော် လူတို့သည် ကြည်ညိုသည်ဖြစ်၍ ဆွမ်းလှူဒါန်းကြကုန်၏၊နှစ်ရက်,သုံးရက်လွန်လျှင် မင်းကြီးသိ၍ အလွန်ကြည်ညိုသဖြင့် ဥယျာဉ်တော်သို့သွားကာ ရသေ့တို့အား "အရှင်ဘုရားတို့.... မိုးလေးလပတ်လုံး ဤဥယျာဉ်တော်၌ သီတင်းသုံးကာနေ့စဉ်နန်းတော်မှာ ဆွမ်းဘုဉ်းပေးတော်မူပါဘုရား"ဟု လျှောက်ထားလေ



သေအရက်သောက်မိသဖြင့် ရသေ့အချို့မူးယစ်လဲနေ၍ အချို့တီးမှုတ် ကခုံနေကြပုံ

၏၊ ရသေ့တို့သည် ထိုအခါမှစ၍ နန်းတော်၌သာ ဆွမ်းဘုဉ်း ပေးကြရကုန်၏။

**သေရည်သောက်က ဖေါက်ပြန်ကြ**

တနေ့သ၌မြို့တွင်းဝယ် သေရည်သောက်ပွဲသဘင် ဖြစ်လေ၏၊ ထိုအခါ မင်းကြီးသည် ရသေ့ရဟန်းတို့အား သေရည်အလွန်ရခဲသည် ဟုသေရည်များစွာတို့ကို လှူစေ၏၊ ရသေ့တို့လည်း သေရည်သောက်ကြပြီးလျှင် ဥယျာဉ် တော်သို့ သွား၍ မူးယစ်သဖြင့် အမှတ်သညာ လွတ်ကင်းကုန်လျက် အရှက်,အကြောက် မရှိကြတော့ဘဲ၊ အချို့ရသေ့တို့သည် ထ၍ကကြကုန်၏၊ အချို့ရသေ့တို့သည် သီချင်းဆိုကြကုန်၏၊ အချို့ရသေ့တို့သည် ကလည်းက သီချင်းလည်း ဆိုကြကုန်၏၊ အချို့ရသေ့တို့သည် ခဲဘွယ်ဘောဇဉ်တို့ကို ဖိ၍အိပ်ကြကုန်၏။

သေရည် အမူးပြေလတ်သော် အရှက်,အကြောက်ကင်းကွာလျက် မိမိတို့ဖေါက်ပြန်သော အမူအရာတို့ကို မြင်ကြ၍"ငါတို့သည် ရသေ့ရဟန်းတို့နှင့် မလျော်ကပတ်သော အမူအရာကို ပြုမိကုန်ကြပြီဟု ယူကြုံးမရဖြစ်ကာ ငိုယိုမြည်တမ်းကြလျက် ငါတို့မှာ ဆရာနှင့်ခွဲခွာ၍ နေမိသည့်အတွက် ဤလိုမကောင်းမှုကို ပြုမိကြသည်"ဟု တခဏချင်း မင်းဥယျာဉ်ကို စွန့်လွှတ်၍ ဆရာရသေ့ကြီးထံ သွားကြကုန်၏။

**ဆရာကင်းကွာ ပျက်စီးရှာ**

ဆရာရသေ့ကြီးလည်း တပည့်တို့ ပြန်လာလျှင် ဝမ်းမြောက် ဝမ်းသာ "တပည့်တို့…လူတို့နေရာဝယ် ဆွမ်းရ

လွှယ်ပါ၏လော၊ တယောက်နှင့်တယောက် ညီညွတ်ကြပါ၏လော”ဟု မေးလေ၏၊ ရသေ့တို့သည် “ဆရာ…ဆွမ်းလည်းရလွယ်ပါ၏၊ တယောက်နှင့်တယောက် ညီလည်းညီညွတ်ကြပါ၏၊ သို့သော်လည်း ကျွန်ုပ်တို့သည် မသောက်သင့်သော သေရည်ကို သောက်မိသည့်အတွက် သတိတရားမကပ် အမှတ်သညာ ကင်းမဲ့ကုန်လျက် ထ၍ ကလည်းကခဲ့ကြကုန်ပြီ၊ သီချင်းလည်း သီဆိုခဲ့ကြကုန်ပြီ၊ ငိုလည်းငိုခဲ့ကြကုန်ပြီ၊ ယခုဘဝတွင် တိရစ္ဆာန်မျောက် ဖြစ်မသွားသည်ကိုပင် ဝမ်းမြောက်ရပါတော့သည်”ဟုဖြစ်သမျှအကြောင်းစုံကို ပြန်ပြောင်းကာ လျှောက်ထားကြကုန်၏။

ဆရာကြီးလည်း “တပည့်တို့… ဆရာနှင့်ကင်း၍ နေခြင်းမည်သည် မကောင်းပေ၊ ဤလိုပင် ဖြစ်တတ်သည် ဟု ပြစ်တင်ကဲ့ရဲ့ကာ နောက်အခါ ဤလိုမဖြစ်ကြစေနှင့်”ဟုအဆုံးအမပေးသဖြင့် မယုတ်လျော့ မပျက်စီးသောဈာန်ရှိကြသည်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လားကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့…

※ ထိုအခါ တပည့်ရသေ့အပေါင်းသည်- ယခုအခါ ဘုရားပရိသတ်။

※ ဆရာရသေ့သည်-ငါဘုရား ဖြစ်လာပြီ-

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သေရည်သေရက်၊ လူကိုဖျက်၊ အရှက်မရှိပါ။
(၂) ကကုန်,သီကုန်၊ တီးမှုတ်ကုန်၊ လုံးစုံပြုဝံ့ပါ။
(၃) မှတ်သညာကင်း၊ သတိကင်း၊ လက်ဝင်းရှူးသည်သာ။

သုရာပါနဇာတ်ပြီး၏။

---

## ၈၂-မိတ္တဝိန္ဒကဇာတ်

### ပဋ္ဌုပ္ပန်ဝတ္ထု

**ဆုံးမခက်လှ ဝိန္ဒက**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အဆုံးမခက်သော ရဟန်းတပါးရှိလေ၏၊ [ဤဝတ္ထုကား ကဿပဘုရားလက်ထက်တွင်ဖြစ်သည်၊ အကျယ်ကား ဒသကနိပါတ် စတုဒ္ဒွါရဇာတ်မဟာမိတ္တဝိန္ဒကတွင်ထင်ရှားလတ့်။]

ထိုအခါဘုရားအလောင်းနတ်မင်းသည်—

"အချင်းမိတ္တဝိန္ဒက··သင်ကား ဖလိပြာသာဒ်, ရွှေပြာသာဒ်,ပတ္တမြား ပြာသာဒ်တို့ကို ကျော်လွန်ကာသင်ခုန်းစက်ရဲသို့ ရောက်ခဲ့ပြီ၊ မကောင်းမှုမကုန်မချင်း မသေဘဲ ခံရတော့မည်၊ သင်ခုန်းစက်ရဲမှလွတ်မည်မဟုတ်—

ဟု ပြောဆိုကာ မိမိနေရာနတ်ရွာသို့ သွားလေ၏၊မိတ္တဝိန္ဒကလည်း သင်ခုန်းစက်ကို ခေါင်းဖြင့်ရွက်ကာ ကြီးစွာသော ဆင်းရဲကိုခံလျက် မကောင်းမှုပြုကုန်သည် ရှိသော် ကံအားလျော်စွာဖြစ်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ မိတ္တဝိန္ဒကသည်-ယခုအခါ အဆုံးမခက်သောရဟန်း။

※ နတ်မင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

မိတ္တဝိန္ဒကဇာတ်ပြီး၏။

---

## ၈၃-ကာဠကဏ္ဏိဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ကျေးဇူးများသော မောင်ကာဠ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အနာထပိဏ် သူဌေးနှင့် ငယ်စဉ်က ကစားဖက်, ပညာသင်ကြားဖက် ဖြစ်သော ကာဠကဏ္ဏိအမည်ရှိသော အဆွေခင်ပွန်း တယောက်ရှိလေ၏။

ထိုကာဠကဏ္ဏိသည် နောက်အခါ အလွန်ဆင်းရဲ၍ အသက်မမွေးနိုင်သည့်အတွက် အနာထပိဏ် သူဌေးထံသို့ လာလေ၏၊ အနာထပိဏ်သူဌေးလည်း အဆွေခင်ပွန်း အား သက်သာစေ၍ လခရိက္ခာပေးကာ မိမိဥစ္စာတို့ကို စောင့်ရှောက်စေ၏၊ ထိုကာဠကဏ္ဏိသည် သူဌေးအား

အလွန်ကျေးဇူးများ၏၊ အလုံးစုံသော အမှုကိစ္စကို ရွက်ဆောင်လေ၏။

**မိတ်ဆွေရင်းကို မနှင်လို**

ထိုအခါ အနာထပိဏ်သူဌေး၏ ဆွေမျိုးတို့သည် သူဌေးထံလာ၍ "သူဌေးမင်း.... ဤကာဠကဏ္ဏိကို သူဌေးထံမထားပါနှင့်၊ ကာဠကဏ္ဏိ-ကာဠကဏ္ဏိဟု ခဏခဏခေါ်ရခြင်းကားကြက်သရေမင်္ဂလာမရှိပါ၊အလွန်ဆင်းရဲသည်၊ မကောင်းသူများသည် အရှင်သူဌေးအား အကျိုးမရှိ"ဟု ပြောဆိုကြကုန်၏။

သူဌေးလည်း "အမောင်တို့....သူယုတ်မှည့်၍ အကျင့်ယုတ်သည်မဟုတ်ပေ၊ သူကောင်းမှည့်၍လည်း အကျင့်ကောင်းသည်မဟုတ်ပေ၊ အမည်သညာဆိုသည်မှာ ခေါ်ဝေါ်ပြောဆိုရုံမျှသာ ဖြစ်သည်၊ ပညာရှိတို့ကား အမည်သညာကို ပမာဏမပြုကုန်၊ ကာဠကဏ္ဏိအမည်ကို မှည့်ထားရုံနှင့် ငါ၏မြေမှုန့်ကစားဖက်, ကျောင်းနေဖက် အဆွေခင်ပွန်းကိုမစွန့်ပစ်နိုင်"ဟု ပြောဆိုလေ၏။

**မည်ခေါ်သမုတ် လိုရင်းမဟုတ်**

တနေ့သ၌ သူဌေးသည် ကာဠကဏ္ဏိကို အိမ်စောင့် ထားကာ မိမိစားရသော ရွာသို့သွားလေ၏၊ သူခိုးတို့သည်သူဌေးမရှိအခွင့်ရပြီမှတ်ထင်၍ည၌အခါလက်နက်ကိုင်လျက်သူဌေးအိမ်ကိုဝိုင်းကြကုန်၏၊ ကာဠကဏ္ဏိသိ၍ လူတို့ကိုအိပ်ရာမှနိုးကြစေရန် အိမ်ရှိလူများကို သင်ကာခရုသင်းမှုတ်၊ သင်ကစည်တီး စသည်ဖြင့် တအိမ်လုံးဆူညံသွားအောင် ပြုလုပ်လေ၏၊ သူခိုးတို့လည်း သူဌေးရှိသည်ထင်မှတ်၍ လက်နက်တို့ကို စွန့်လွှတ်ကာပြေးကြကုန်၏။

သူဌေးပြန်လာသောအခါ လူတို့သည် သူဌေးကြီးထံ လာ၍ "အရှင်သူဌေးမင်း····သူဌေးမင်း၏ အဆွေခင်ပွန်း ကာဠကဏ္ဏီ အစီမံကောင်း၍ သူဌေးကြီးအိမ် သူခိုးဘေး မှ လွတ်သည်"ဟု သူ့ထက်ငါပြောကြသောအခါ သူဌေး ကြီးသည် ဆွေမျိုးတို့အား—

"အမောင်တို့···· ငါ့အဆွေခင်ပွန်း ကာဠ ကဏ္ဏီလုပ်ငန်းကို မြင်ကြပြီမဟုတ်လော၊ သင်တို့ စကား နားထောင်ကာ ကာဠကဏ္ဏီကို နှင်ထုတ် မိလျှင် ဤပစ္စည်းဥစ္စာတို့ အိမ်မှာ ရှိတော့မည် မ ဟုတ်ကုန်၊ သို့အတွက် အမည်သည်ကား လိုရင်း မဟုတ်ပေ၊ ပမာဏမဟုတ်ပေ၊ အစီးအပွားကိုအ လိုရှိသောစိတ်သာလိုရင်းပမာဏ ဖြစ်ပေသည်"—

ဟု ပြောဆိုချီးကျူးပြီးလျှင် ကာဠကဏ္ဏီအားလခရိက္ခာ တိုး၍ချီးမြှောက်ခလေ၏။

ထိုအခါ သူဌေးကြီးလည်း ငါ့မှာ စကားလက်ဆောင် ရပေပြီဟု မြတ်စွာဘုရားထံသွား၍ ကာဠကဏ္ဏီအကြောင်း ကို လျှောက်ထားလေလျှင် မြတ်စွာဘုရားသည် "သူဌေး ကြီး····ကာဠကဏ္ဏီသည် ယခုအခါ၌သာ မိမိအဆွေခင် ပွန်းအိမ်၌ ပစ္စည်းဥစ္စာတို့ကို စောင့်ရှောက်သည်မဟုတ်၊ ရှေးအခါ၌လည်း စောင့်ရှောက်ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**မိတ်ဆွေရင်းချာ ပေါင်းသင်းပါ**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည်သူဌေးဖြစ်

၍ အဆွေခင်ပွန်းကား ကာဠကဏ္ဏိပင်မည်၏။ [စကားစဉ်သည် ပစ္စုပ္ပန်ဝတ္ထုနှင့်တူ၏။]

ထိုသူဌေးသည် မိမိစားရသောရွာသို့ သွား၍ ပြန်အလာတွင် အကြောင်းစုံကိုကြားရလျှင်—

"အမောင်တို့····အတူတကွ ခုနစ်ဘဝါးလှမ်း၍ သွားဘူးမှု အဆွေခင်ပွန်း၊ ဆယ့်နှစ်ဘဝါးလှမ်း၍ သွားဘူးမှု အပေါင်းအဖော်၊ လခွဲအတူပေါင်းဖက်နေဘူးမှု ဆွေမျိုး၊ထို့ထက်အလွန်အတူပေါင်းဖက်နေဘူးမှု ကိုယ်နှင့်တူသူဖြစ်၏။

သို့အတွက် ငါ့မှာ စီးပွားချမ်းသာဟူသော အကြောင်းကြောင့် ရှည်မြင့်စွာ အတူတကွ ပေါင်းဖက် နေထိုင်ဘူးသော ကာဠကဏ္ဏိကို အဘယ်မှာစွန့်ပစ် နိုင်အံ့နည်း"ဟု ပြောဆိုလေ၏၊ ထိုအခါမှစ၍ ကာဠကဏ္ဏိအကြောင်းကို သူဌေးထံ ပြောဝံ့သော သူမရှိလေ၊ အဆွေခင်ပွန်းကောင်းတို့ သဘောအတိုင်း ချီးမြှောက်ထားလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေစပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ကာဠကဏ္ဏိသည်-ယခုအခါ အာနန္ဒာ။

※ ဗာရာဏသီသူဌေးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ခုနစ်ဘဝါး၊အတူသွား၊မှတ်သားအဆွေခေါ်။
(၂) ဆယ့်နှစ်ဘဝါး၊အတူသွား၊ မှတ်သားပေါင်းအဖော်။
(၃) လခွဲပေါင်းမှု၊ဆွေမျိုးဟူ၊လွှန်မှုကိုယ်တူခေါ်။
ကာဠကဏ္ဏိဇာတ်ပြီး၏။

---

## ၈၄—အတ္ထဿဒွါရဇာတ်

### ပဉ္စုပ္ပန်ဝတ္ထု

**သားမေးပြဿနာ လျှောက်ထားရာ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိပြည်ဝယ် သူဌေးတဦး၏ ခုနစ်နှစ်အရွယ်ရှိ သားငယ်သည် ပညာရှိ၏၊အကျိုးစီးပွား၌လိမ္မာ၏။

ထိုသူဌေးသားငယ်သည် တနေ့သ၌ အဘထံ ကပ်၍ အကျိုးစီးပွား ဖြစ်ခြင်းအကြောင်း ပြဿနာကိုမေးလေ၏၊ အဘသူဌေးလည်း မဖြေနိုင်၍ သားကိုခေါ်ကာ မြတ်စွာဘုရားထံသွားပြီးလျှင် မြတ်စွာဘုရားအား“အရှင်ဘုရား·· ဤသူငယ်ကားပညာရှိ၏၊အကျိုးစီးပွား၌ လိမ္မာ၏၊အကျိုးစီးပွားဖြစ်ခြင်း အကြောင်းပြဿနာမေးရာ မဖြေနိုင်၍ အထံတော်သို့ လာရပါသည်၊ ထိုပြဿနာ အကျွန်ုပ်အား ဖြေကြားတော်မူပါ”ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားလည်း “သူဌေးကြီး···· ဤသူငယ်သည် ရှေးအခါ၌လည်း ဤပြဿနာကို ငါဘုရားအား မေးဘူးပြီ၊ ငါဘုရားလည်း ဖြေကြားခဲ့ဘူးပြီ၊ ဤသူငယ်ကား

ဤပြဿနာ အဖြေကို သိခဲ့ဘူးပြီ၊ ယခုအခါ ဘဝတပါး ဖုံးလွှမ်းသဖြင့် မမှတ်မိ”ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**လောကစီးပွား ကြောင်းခြောက်ပါး**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သူဌေးဖြစ်လေ၏၊ ထိုသူဌေး၏ခုနစ်နှစ်အရွယ်ရှိ သားငယ်သည် ပညာရှိ၏၊ အကျိုးစီးပွား၌ လိမ္မာ၏။

ထိုသူဌေးသားငယ်သည် တနေ့သ၌ အဘ သူဌေးကို ကပ်ကာ “ဘခင်…. အကျိုးစီးပွား ဖြစ်ခြင်းအကြောင်း အဘယ်နည်း” ဟုမေးလေ၏၊ ထိုအခါ အဘသူဌေးသည် သားငယ်အား အောက်ပါအတိုင်း ဖြေကြားလေ၏။

### အကျိုးစီးပွားဖြစ်ကြောင်းခြောက်ပါး

(၁) အနာရောဂါမရှိခြင်း။
(၂) အကျင့်သီလနှင့် ပြည့်စုံခြင်း။
(၃) ပညာရှိတို့ အဆုံးအမ ဩဝါဒကိုလိုက်နာခြင်း။
(၄) အကြားအမြင်များခြင်း။
(၅) သုစရိုက်သုံးပါးကို ကျင့်ခြင်း။
(၆) မပျင်းရိခြင်း။

ဤခြောက်ပါးတို့ကား အကျိုးစီးပွား ဖြစ်ကြောင်း ဖြစ်သည် ဟုဖြေကြားလေ၏၊ ထိုသူဌေးသားလည်း ထိုအခါမှစ၍ ထိုတရားခြောက်ပါးတို့၌ ကျင့်လေ၏၊ အဘသူဌေး

လည်း ကုသိုလ်ကောင်းမှုတို့ကို ပြုလျက် သေလွန်သောအခါ ကံအားလျော်စွာ ဖြစ်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့…
※ ထိုအခါ သူဌေးသားသည်-ယခုအခါ သူဌေးသား။
※ ဗာရာဏသီသူဌေးသည်-ငါဘုရားဖြစ်လာပြီ—
ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) အနာမခ၊ ကျင့်သီလ၊ လိုက်ရသြဝါဒ၊
(၂) သုစရိုက်ပွား၊ ကြား,မြင်များ၊မှတ်သားမပျင်းရာ။
(၃) အကျိုးစီးပွား၊ဖြစ်ကြောင်းကား၊ ခြောက်ပါးဤသို့လာ။

အတ္ထဿဒွါရဇာတ်ပြီး၏။

---

## ၈၅—ကိံပက္ကဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**အာရုံငါးဖြာ ဆိပ်သီးပမာ** နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာသနာတော်၌ အသက်စွန့်၍ ရဟန်းပြုသော အမျိုးကောင်းသား ရဟန်းတပါးရှိလေ၏၊ ထိုရဟန်းသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံသွားရာ တန်ဆာဆင်ထားသော မိန်းမတယောက်ကို မြင်၍ သာသနာတော်၌ မပျော်မွေ့ဘဲ ပျင်းရိငြီးငွေ့လေ

၏၊ ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရားထံ ခေါ်ဆောင်၍ လာကြရာ မြတ်စွာဘုရားသည် ထိုရဟန်းအား "ချစ်သားရဟန်း.... ငါးပါးသော ကာမဂုဏ်တို့ မည်သည်ကား၊ ခံစားသောကာလ၌ မွေ့လျော်ခြင်းကို ဖြစ်စေတတ်သော်လည်း အပါယ်ပဋိသန္ဓေကို ပေးတတ်ကုန်၏၊ အဆိပ်သီးကို စားသည်နှင့်တူကုန်၏၊ အဆိပ်သီးတို့မည်သည်မှာ စားသောအခါ အဆင်းအနံ့အရသာနှင့် ပြည့်စုံသော်လည်း အသည်းအအူတို့ကို ဖြတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေတတ်ကုန်၏၊ ရှေးအခါ သူမိုက်တို့သည် အဆိပ်သီးကို စား၍အသက်ကုန်ခြင်းသို့ရောက်ဘူးကုန်ပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

**လှည်းမှူးမှာကြားကုန်သည်များ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်လှည်းကုန်သည်မှူးဖြစ်လေ၏၊ တနေ့သ၌ လှည်းမှူးသည် လှည်းငါးရာတို့ဖြင့် အနောက်အရပ်သို့ သွားသည်ရှိသော် တောအုပ်တခုသို့ရောက်လျှင် လှည်းသမားတို့ကို စည်းဝေးစေ၍ "အမောင်တို့.... ဤတောအုပ်မှာ အဆိပ်သီးများရှိသည်၊ မစားဘူးသော သစ်သီးတို့ကို ငါ့ကို မပြောကြားဘဲ မစားကြကုန်လင့်"ဟု ဆုံးမလေ၏။

လှည်းသမားတို့သည် တောအုပ်အဝင်တွင် အလွန်အသီးများသော အဆိပ်ပင်ကြီးတပင်ကို တွေ့ကြကုန်၏၊

ပင်စည်,အကိုင်း,အခက်,အရွက်,အပွင့်,အသီး ,အနံ့,အရသာတို့သည် သရက်ပင်နှင့် အလုံးစုံဘူကုန်၏၊ အချို့လှည်းသမားတို့သည် အဆင်း,အနံ့, အရသာ၌ တပ်စွန်းကာ သရက်သီးအထင်နှင့် စားကြကုန်၏၊ အချို့လှည်းသမားတို့ကား မစားဘူးသဖြင့် လှည်းမှူးကို မေး၍စားမည်ဟု စောင့်ဆိုင်းနေကြကုန်၏။

**စားသုံးလိမ္မာ လွန်ချမ်းသာ**

လှည်းမှူးရောက်လာသောအခါ အဆိပ်သီးမှန်းသိ၍ အသီးကိုကိုင်ကာ စောင့်နေသူတို့အား စွန့်ပစ်စေကုန်၏၊စားပြီးသောသူတို့အား ဆေးတိုက်၍ အန်စေကုန်၏၊ လက်ဦးစားမိသူတို့သည် ဆေးတိုက်၍ မရတော့ဘဲ သေကြကုန်၏။

လှည်းမှူးလည်း မိမိလိုရာအရပ်သို့ သွားကာ များစွာသော ပစ္စည်းဥစ္စာတို့ကို ယူဆောင်၍ လှည်းငါးရာနှင့်တကွ မိမိတို့နေရာသို့ ပြန်ပြီးလျှင် ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်လျက် နေလေ၏။

ဤဒေသနာတော်၏အဆုံး၌ သာသနာတော်၌ ပျင်းရိငြီးငွေ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ကြွင်းသော ပရိသတ်တို့တွင် အချို့သကဒါဂါမိဖိုလ်, အချို့အနာဂါမိဖိုလ်,အချို့အရဟတ္တဖိုလ်၌ တည်ကုန်၏။

### ၉၁တ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့·····

※ ထိုအခါ လှည်းသမားတို့သည်- ယခုအခါ ဘုရား ပရိသတ်။

※ လှည်းမှူးသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကာမဂုဏ်ငါး၊ သုံး-ပျော်ပါး၊သေငြားပါယ်ရောက်ရ။

(၂) ဆိပ်သီးပမာ၊စားသူမှာ၊သေကာပျက်စီးရ။

ကိံပက္ကဇာတ်ပြီး၏။

## ၈၆–သီလ ဝီမံသဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**သီလ စုံစမ်း သူနိုးဖမ်း** နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သီလကို စုံစမ်း တတ်သော ပုဏ္ဏားတယောက်ရှိလေ၏၊ ထိုပုဏ္ဏားသည် ကောသလမင်းကြီးကို မှီ၍ အသက်မွေး၏၊ရတနာသုံးပါး ၌ ကြည်ညို၏၊ မကျိုးမပျက်သော သီလရှိ၏၊ ဗေဒင်သုံးပုံ ၌ တဖက်ကမ်းရောက် တတ်မြောက်၏၊ ထိုပုဏ္ဏားကို မင်းကြီးသည် အလွန်မြတ်နိုးတော်မူ၏။

ထိုအခါ ပုဏ္ဏားသည် မင်းကြီးကား ငါ့ကို အခြား ပုဏ္ဏားတို့ထက် မြတ်နိုးတော်မူ၏၊ အမျိုးဇာတ် အတတ် ပညာကို မှီ၍ မြတ်နိုးလေသလော၊ အကျင့်သီလကို မှီ၍ မြတ်နိုးလေသလော၊ ငါသိရအောင် စုံစမ်းမည် ဟုကြံစည် ကာ မင်းခစားရာမှ အပြန် ရွှေပန်းထိမ်သည်ထံသို့သွား၍

မပန်ကြားဘဲ တသပြာယူသွား၏၊ ရွှေပန်းထိမ်သည်သည် ပုဏ္ဏားကို ရိုသေသဖြင့် ဘာစကားကိုမျှ မပြောကြားလေ၊ နက်ဖြန် နှစ်သပြာယူသွားပြန်၏၊ ဘာစကားကိုမျှ မပြော ကြားလေ၊ သံဘက်ခါ အသပြာ လက်တဆုပ် ယူသွားပြန် ၏၊ ထိုအခါ ရွှေပန်းထိမ်သည်သည် သည်းမခံနိုင်တော့ဘဲ သူခိုးသူခိုး ဟုအော်ဟစ်ကာ ဖမ်းဆီးတုပ်နှောင်၍ နှစ်ချက် သုံးချက် ရိုက်နှက်ပြီး မင်းကြီးထံ ပို့လေ၏။

**သီလဘိုးထိုက် မင်မိုလ်ဆိုက်**

မင်းကြီးလည်း ပုဏ္ဏားကို မြင်လျှင် နှလုံးမသာမယာဖြစ်၍ "ပုဏ္ဏား.... အဘယ့်ကြောင့် ခိုးသနည်း" ဟု မေး လေ၏၊ "အရှင်မင်းကြီး....အကျွန်ုပ် သူခိုးမဟုတ်ပါ" ဟု လျှောက်ထား၏၊ "ပုဏ္ဏား....သူခိုးမဟုတ်လျှင် အဘယ့် ကြောင့် အသပြာတို့ကို ယူသနည်း" ဟု မေးသောအခါ "အရှင်မင်းကြီး....မင်းကြီးသည် အကျွန်ုပ်ကို အလွန်မြတ် နိုးတော်မူ၏၊ ဘာ့ကြောင့် မြတ်နိုးသည်ကို အသေအချာ သိလို၍ စုံစမ်းခြင်းဖြစ်ပါသည်၊ ယခုမှ စင်စစ်သီလကို မှီ၍ သာ မြတ်နိုးသည်ကို သိရပါပြီ၊ အရှင်မင်းကြီးသည် အကျွန်ုပ်အပေါ်၌လည်း မင်းအာဏာကို ပြုစေ၏၊ သီလ သည် မြတ်၏၊ အကြီးအမှူးဖြစ်၏၊ သို့အတွက် အကျွန်ုပ်ကို ခွင့်ပြုတော်မူပါ၊ လူ့ဘောင်မှာ နေ၍ သီလဖြည့်ကျင့်ခြင်းကို မပြုလိုပါ၊ ရဟန်းဘောင်မှာနေ၍ ဖြည့်ကျင့်ပါတော့မည်၊ ယနေ့ပင် ရဟန်းပြုပါတော့မည်" ဟု ခွင့်တောင်းပြီးလျှင် မြတ်စွာဘုရားထံသွား၍ရဟန်းပြုလေ၏၊ မကြာမီဝိပဿနာ ကို ပွားများကာ အရဟတ္တဖိုလ်သို့ရောက်လေ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ထိုရဟန်းအကြောင်း ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ “ရဟန်းတို့…ဤပုဏ္ဏားသာ မိမိသီလကို စုံစမ်း၍ ရဟန်းပြုကာ မိမိ၏ကိုးကွယ်ရာကို ပြုသည်မဟုတ်၊ ရှေးပညာရှိတို့လည်း မိမိသီလကိုစုံစမ်း၍ရဟန်းပြုကာမိမိ၏ကိုးကွယ်ရာကိုပြုဘူးပြီ” ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**အကျင့်လုံခြုံ စုံစမ်းရှု**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားဖြစ်လေ၏၊ ထိုပုဏ္ဏားသည် အလှူ၌ မွေ့လျော်၏၊ မကျိုးမပျက်သော ငါးပါးသီလရှိ၏၊ မင်းကြီးသည် အခြားပုရောဟိတ် ပုဏ္ဏားတို့ထက် မြတ်နိုးတော်မူ၏၊ [အခြားစကားစုသည် ပဌမပြုန်ဝတ္ထုနှင့် တူပြီ။]

တနေ့သ၌ မင်းကြီးမြတ်နိုးခြင်း အကြောင်းရင်းကို သိရအောင် စုံစမ်းမည်ဟု သုံးကြိမ်တိုင်အောင် မင်းကြီးဥစ္စာကို ခိုးယူလေ၏၊ ထိုအခါ မင်းချင်းတို့သည် ပုဏ္ဏားကို ဖမ်းဆီး၍ မင်းကြီးထံ ပို့သည်ရှိသော် ခရီးလမ်းမတွင် မြွေအလမ္ပာယ်သမားကို မြင်၍ “အမောင်တို့… မြွေကို မြီးတူးမှာ မကိုင်ကြနှင့်၊ လည်ပင်းမှာ မရစ်ကြနှင့်၊ သင်တို့ကို ကိုက်သတ်လိမ့်မည်”ဟု ပြောဆိုလေ၏၊ ထိုအခါ အလမ္ပာယ်သမားတို့က “ပုဏ္ဏားကြီး….ဤမြွေကား အကျင့်သီလရှိ၏၊ သင်ကဲ့သို့မဟုတ်၊ သင်ကား မင်းကြီးဥစ္စာကို ခိုးယူသဖြင့်၊

သီလမရှိသည့်အတွက် အချုပ်အနှောင်ခံရသည် မဟုတ်လော''ဟုပြောဆိုလေ၏။

**သီလမြတ်ပုံ ချီးမွမ်းကုန်**

ထိုအခါ ပုဏ္ဏားသည် တိရစ္ဆာန်မြွေဖြစ်လျက် မကိုက်မညှဉ်းဆဲသည့်အတွက် သီလရှိသည်ဟူသော အမည်ရပေသေးသည်၊ လူဖြစ်လျှင် ဆိုဖွယ်ရာမရှိ သီလသာမြတ်၏၊ သီလထက် မြတ်သောတရား မရှိပြီတကားဟု ကြံစည်မိလေ၏။

ပုဏ္ဏားသည် မင်းကြီးထံရောက်၍ မင်းကြီးမြင်လျှင် ''အမောင်တို့....ဤပုဏ္ဏားကို ဘယ့်အတွက် ဖမ်းဆီးလာကြသနည်း''ဟု မေးလေ၏၊ ''အရှင်မင်းကြီး..ဥစ္စာကို ခိုးယူသည့်အတွက် ဖမ်းဆီးလာကြပါသည်''ဟုလျှောက်လေ၏၊ ခိုးသူဖြစ်လျှင် မင်းအာဏာကိုပြုကြ ကုန်လော့''ဟုဆိုလေ၏၊ ထိုအခါပုဏ္ဏားသည်''အရှင်မင်းကြီး....အကျွန်ုပ်သူခိုးမဟုတ်ပါ''ဟုလျှောက်၏၊ ''ပုဏ္ဏား..သင်သူခိုးမဟုတ်လျှင် အဘယ့်ကြောင့်အသပြာတို့ကို ယူသနည်း''ဟု မေးလေ၏၊ ''အရှင်မင်းကြီး..အကျွန်ုပ်အပေါ်တွင် ဘယ်အတွက် သူတပါးထက်ပို၍ အလေးအမြတ် ပြုကြောင်းကို သိလို၍ စုံစမ်းခြင်းဖြစ်ပါသည်၊အမျိုးဇာတ်အတွက် ပညာကိုမှီ၍ မြတ်နိုးခြင်းမဟုတ်၊သီလကိုမှီ၍ မြတ်နိုးခြင်းဖြစ်ကြောင်း ယခုသိရပါပြီ၊သို့အတွက်လောက၌ သီလသာမြတ်၏၊သီလသာအကြီးအမှူးဖြစ်၏၊ လူကိုထားဘိဦး တိရစ္ဆာန်မြွေကိုပင် မကိုက် မညှဉ်းဆဲသည်ရှိသော် ပြင်းထန်သော အဆိပ်ရှိသည် ဖြစ်လျက် သီလရှိသည်ဟူသောအမည်ကို ရပေသည်'' ဟု မင်းကြီးကိုတရားဟော၍ ခွင့်ပန်ပြီးလျှင် ကာမဂုဏ်တို့ကို

စွန့်လွှတ်၍ရသော့ရဟန်းပြုကာ ဟိမဝန္တာတောသို့ ဝင်လေ၏၊ ရှစ်ပါးသော သမာပတ်,ငါးပါးသော အဘိညာဉ်တို့ကို ဖြစ်စေလျက် သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါ ဗာရာဏသီမင်းသည်–ယခုအခါ အာနန္ဒာ။

※ မင်းပရိသတ်သည်–ဘုရားပရိသတ်။

※ ပုရောဟိတ်ပုဏ္ဏားသည်–ငါဘုရား ဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကောင်းမွန်မြတ်လှ၊ ကျင့်သီလ၊ စောင့်ကြလူတတွေ။
(၂) မကိုက်လေဘိ၊ သီလရှိ၊ ချီး၏ဆိပ်ပြင်းမြွေ။

သီလဝီမံသဇာတ် ပြီး၏။

---

## ၈၇–မဂ်လဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

ကြွက်ခဲအဝတ် သုသာန်စွန့်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်ပြည်ဝယ် အဝတ်လက္ခဏာကို ဘတ်တတ်သော ပုဏ္ဏားတယောက်

ရှိလေ၏၊ ထိုပုဏ္ဏားသည်မြင်တိုင်း,ကြားတိုင်း, တွေ့တိုင်းသော မင်္ဂလာကိုယုံကြည်၏၊ ရတနာသုံးပါး၌ ကြည်ညိုခြင်းမရှိ၊ မိစ္ဆာအယူရှိ၏၊ကြွယ်ဝချမ်းသာ၏၊ များသောအသုံးအဆောင်ရှိ၏။

တနေ့သ၌ပုဏ္ဏား၏သေတ္တာထည်း၌ထားသောအဝတ်ပုဆိုးအစုံတို့သည် ကြွက်ကိုက်လေ၏၊ ထိုအခါ ပုဏ္ဏားသည် ဤကြွက်ကိုက်သောအဝတ်ကား မင်္ဂလာမရှိ၊ သူယုတ်မာနှင့်တူ၏၊အိမ်၌မထားကောင်း၊ကိုယ်တိုင်လည်းမသုံးဆောင်ကောင်း၊ သူတပါးလည်း မသုံးဆောင်ကောင်း၊ အိမ်၌ထားသူ သုံးဆောင်သူတို့၌ အကြီးအကျယ်ပျက်စီးလိမ့်မည်ဟုယူဆလေ၏၊ သို့အတွက် ကျေးကျွန်စသော သူတို့ကိုပင်ယူထားမည်စိုး၍ အပစ်မခိုင်းဘဲ သားကိုခေါ်၍ "၎င်းကြွက်ကိုက်သော အဝတ်ပုဆိုးစုံကို လက်နှင့် မထိရအောင်တုတ်လှံကန်ဖြင့် ကော်ယူကာ အစိမ်းပစ်ရာ သုသာန်သို့စွန့်ပစ်ချေပြီးလျှင် ခေါင်းကိုလျှော်၍လာလော့"ဟုမှာထားကာသုသာန်သို့ ပစ်စေ၏။

**ဘုရားကြွရောက် ပံသုကူကောက်**

ပုဏ္ဏားလုလင်လည်း အဘစေခိုင်းသည့်အတိုင်း မြွေကို ကော်ယူသည့်အလား တောင်ဝှေးစွန်းဖြင့် ကြွက်ကိုက်သောအဝတ်ပုဆိုးအစုံကို ကော်ယူကာ အစိမ်းပစ်ရာသုသာန်သို့သွား၍ စွန့်ပစ်လေ၏၊ ထိုအခါ မြတ်စွာဘုရား ကြွလာခိုက်နှင့်ကြုံသဖြင့် လုလင်ကိုမြင်လျှင်"လုလင်....သုသာန်မှာဘာလုပ်သနည်း"ဟု မေးလေ၏၊ "အရှင်ဂေါတမ....ကြွက်ကိုက်သော အဝတ်ပုဆိုးစုံကို စွန့်ပစ်၍ ခေါင်းလျှော်မည် လာပါသည်"ဟု ပြောကြား၏၊ မြတ်စွာဘုရားသည်

လုလင်ကို မြင်စဉ်ပင် မွန်မြတ်သော အဝတ်ပုဆိုးဖြစ်သည် ဟု သိ၍ ပံသုကူ ကောက်ယူလေ၏။

ထိုအခါ ပုဏ္ဏား လုလင်သည် မြတ်စွာဘုရားအား "အို-ရှင်ဂေါတမ….ဤ အဝတ်ပုဆိုးအစုံသည် ကြွက်ကိုက် အပ်သဖြင့် မင်္ဂလာမရှိပါ၊ သူယုတ်မာနှင့် တူပါ၏၊မယူပါ နှင့်"ဟု ပြောကြားကာတားမြစ်စဉ်ပင် ဝေဠုဝန်ကျောင်း တော်သို့ ကြွတော်မူ၏။

**ပုဏ္ဏားလာရောက် အပြစ်ပြချောက်**

ပုဏ္ဏားလုလင်လည်း အဘပုဏ္ဏားကြီး ထံသွား၍ ရှင်ဂေါတမယူသွားကြောင်း ပြောကြားလေလျှင် ပုဏ္ဏားကြီးလည်း ဤအဝတ်ပုဆိုးအစုံကို သုံးဆောင်သော ရဟန်း ဂေါတမ အား ပျက်စီးလတ့်၊လူအများက ပုဏ္ဏားကြီးသည် သိလျက် နှင့် မပြောကြားမတားမြစ်ဟုငါတို့အားကဲ့ရဲ့ကြလတ့်၊ဂေါ တမအား အခြားအဝတ်ပုဆိုးများစွာကိုပေး၍ ကြွက်ကိုက် အဝတ်ပုဆိုးအစုံကို စွန့်ပစ်စေမည်ဟု ကြံစည်လျက် အ ဝတ်ပုဆိုးအစုံများစွာကို ယူကာ သားအဘနှစ်ယောက်လုံး မြတ်စွာဘုရားထံ သွားကြကုန်၏။

ရောက်လျှင် ပုဏ္ဏားကြီးသည် မြတ်စွာဘုရားအား "အို-ရှင်ဂေါတမ….အစိမ်းပစ်ရာ သုသာန်မှ အဝတ်ပုဆိုး အစုံကို ကောက်သည် မှန်သလော"ဟု မေးသောအခါ၊ "ပုဏ္ဏားကြီး….မှန်သည်"ဟုဖြေ၏၊ "ဤ အဝတ်ပုဆိုးအ စုံကားမင်္ဂလာမရှိပါ သူယုတ်မာနှင့်တူပါ၏၊သင်သုံးဆောင် သော် တကျောင်းလုံး ပျက်စီးလတ့်၊ စွန့်ပစ်ပါ သင်တို့မှာ

မရှိလျှင် ပေးဘို့ရန် အခြား အဝတ်ပုဆိုးများစွာကို ယူခဲ့ပါသည်”ဟု ပြောကြားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် “ပုဏ္ဏားကြီး····ငါတို့မှာ ရဟန်းဖြစ်ကြသည်၊ အစိမ်းပစ်သော သုသာန်၌ရင်း, ခရီးလမ်း၌ရင်း, တံမြက်ချေးပုံ၌ရင်း, ရေချိုးဆိပ်၌ရင်း စွန့်ပစ်ထားသော အဝတ်ပုဆိုးနွမ်းသည် သင့်မြတ်လှ၏၊ သင်သည် ယခုအခါ၌သာ မင်္ဂလာမရှိဟု အယူရှိသည်မဟုတ်၊ ရှေးအခါ၌လည်း အယူရှိခဲ့ဘူးပြီ”ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

**မင်းလျှောက်ထားလေ ဥယျာဉ်နေ**

လွန်လေပြီးသော အခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်ဝယ် ဝမ္ဗိကမည်သောမင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ လိမ်မာသောအရွယ်သို့ရောက်လျှင် ရသေ့ရဟန်းပြုလျက် အဘိညာဉ်ငါးပါး သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေ၍ ဟိမဝန္တာ အရပ်ဝယ် နေလေ၏။

တရံရောအခါ ရသေ့သည် ရာဇဂြိုဟ်ပြည် မင်းဥယျာဉ်တော်သို့သွား၍ နောက်တနေ့၌ မြို့တွင်းသို့ ဆွမ်းခံဝင်လတ်သော် မင်းကြီးမြင်လျှင် ကြည်ညိုသဖြင့် နန်းတော်သို့ ပင့်စေ၍ ဆွမ်းကျွေးပြီးလျှင် ဥယျာဉ်တော်၌ အမြဲ နေရန် လျှောက်ထားလေ၏၊ ရသေ့လည်း ဝန်ခံ၍ ဥယျာဉ်တော်၌ နေလေ၏။

မင်္ဂလာတရား မိန့်ဟောကြား

ထိုအခါ ရာဇဂြိုဟ်မြို့ဝယ် အဘတ်လက္ခဏာကို ဘတ်တတ်သော ပုဏ္ဏားတယောက် ရှိလေ၏၊ ထိုပုဏ္ဏားသည် သေတ္တာ၌ ထားအပ်သော အဝတ်ပုဆိုး အစုံကို ကြွက်ကိုက်သဖြင့် သားလုလင်ကို အစိမ်းပစ်ရာ သုသာန်၌ ပစ်စေရာ မင်းဆရာရသေ့သည် ပံသုကူအဖြစ် ကောက်ယူလေ၏။

လုလင်ပုဏ္ဏားသည် အဘကိုပြောကြားရာ ပုဏ္ဏားကြီးသည် ဥယျာဉ်တော်သို့သွား၍ ရသေ့အား "အသင်ရသေ့.. သင်ကောက်ယူခဲ့သော အဝတ်ပုဆိုး အစုံကို စွန့်ပစ်ပါလော့၊ သင့်မှာ မပျက်စီးစေပါနှင့်" ဟု ပြောကြားလေ၏၊ ရသေ့လည်း ပုဏ္ဏားကြီးအား "ပုဏ္ဏားကြီး.... ငါတို့ကား မြင်တိုင်း,ကြားတိုင်း, တွေ့တိုင်းသော မင်္ဂလာကိုမယုံကြည်၊ ၎င်းမင်္ဂလာကို ဘုရား, ပစ္စေကဗုဒ္ဓါ အလောင်းတို့သည် မချီးမွမ်းကြကုန်၊ ထို့ကြောင့် ပညာရှိတို့သည် မြင်တိုင်း, ကြားတိုင်း, တွေ့တိုင်းသောမင်္ဂလာကို မယုံကြည်ကြရာ" ဟုတရားဟောလေ၏။

ပုဏ္ဏားကြီးလည်း တရားတော်ကို နာရလျှင် မိစ္ဆာအယူကိုစွန့်လွှတ်ကာ ရသေ့ကိုကိုးကွယ်လေ၏၊ ရသေ့လည်း မယုတ်လျော့သော ဈာန်ရှိသည်ဖြစ်၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လားလေ၏။

ပုဏ္ဏားသားဘ မင်္ဂိုလ်ရ

မြတ်စွာဘုရားသည် အထက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူ၍ ပုဏ္ဏားသား အဘတို့အား—

"ပုဏ္ဏားကြီး····ရဟန္တာပုဂ္ဂိုလ်တို့အား ကောတုဟလမင်္ဂလာကိုဎင်း, နေကြတ်ခြင်း, လကြတ်ခြင်း, နက္ခတ်ကြတ်ခြင်း, ဥက္ကါကျခြင်း, အရပ်လောင်ခြင်း တို့ကိုဎင်း, အိပ်မက်တို့ကို ဎင်း, လက္ခဏာတို့ကိုဎင်း ပယ်ဖြတ်အပ်ပြီ၊ ကိလေသာတို့ကိုပယ်ဖြတ်အပ်ပြီ၊ ဤလောကသို့ ပဋိသန္ဓေဖြင့် တဖန်ပြန်မလာတော့ပြီ"-

ဟု ဟောတော်မူ၍၊ သစ္စာကို ပြတော်မူသည့်အဆုံး၌ ပုဏ္ဏားသားအဘတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်ဝါနသော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့····

※ ထိုအခါ ပုဏ္ဏား သားအဘသည်- ယခုအခါ ပုဏ္ဏားသားအဘ။

※ ရသေ့သည်-ငါဘုရားဖြစ်လာပြီ-

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မြင်,ကြား,တွေ့ရာ၊မင်္ဂလာ၊မိစ္ဆာအယူမည်။

(၂) ဘုရား,ရဟန္တာ၊ပညဝါ၊မင်္ဂလာယုံကြည်။

မင်္ဂလဇာတ်ပြီး၏။

# ဂဂ-သာရမ္ဘဇာတ်

[ဤဇာတ်၌ ပစ္စုပ္ပန်ဝတ္ထု,အတိတ်ဝတ္ထု တို့သည် ပြဆိုခဲ့ပြီးသော နန္ဒိဝိသာလဇာတ်နှင့်တူကုန်၏။]

**ကောင်းမှုပြုလျှင် ကောင်းကျိုးထင်**

ဤ သာရမ္ဘဇာတ်၌ကား - ဘုရားအလောင်းသည် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ဝယ် ပုဏ္ဏားတယောက်၏ သာရမ္ဘမည်သောနွားဖြစ်လေ၏၊ ဤမျှသာထူးသည်။

မြတ်စွာဘုရားသည် အတိတ်ဝတ္ထုကို ဟောတော်မူပြီးလျှင် ဘုရား ဖြစ်တော်မူသောအခါ၌--

"ရဟန်းတို့.... ကောင်းသောစကားကိုသာ ဆိုရမည်၊ မကောင်းသောစကားကို မဆိုရာ၊ ကောင်းသောစကားကို ဆိုခြင်းသာ ကောင်း၏၊ မကောင်းသောစကားကိုဆိုခြင်းကား စိုးရိမ်ပူပန်ရ၏--"

ဟုဟောတော်မူ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုဏ္ဏားသည်-ယခုအခါအာနန္ဒာ။
※ ပုဏ္ဏေးမသည်-ဥပ္ပလဝဏ်။
※ သာရမ္ဘနွားသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကောင်းသည့်စကား၊ဆိုတတ်ငြား၊မမှားကောင်းသည်ပ။
(၂) မကောင်းစကား၊ ဆိုတတ်ငြား၊ မမှားပူပန်ရ။

သာရမ္ဗဇာတ်ပြီး၏။

---

## ၈၉-ကုဟကဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အံ့ဘွယ်သရဲကို ပြုလုပ်တတ်သော ရဟန်းတပါးရှိလေ၏။ [ပစ္စုပ္ပန်ဝတ္ထုသည် ဥဒ္ဒါလကဇာတ်၌ ထင်စွာဖြစ်လတ္တံ့။]

### အတိတ်ဝတ္ထု

**ယုကြည်ထင်မှတ် ဥစ္စာအပ်** လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ရသေ့တဦးသည် ရွာငယ်တခုကို အမှီပြု၍နေလေ၏၊ ထိုရသေ့သည် ကောက်ကျစ်စဉ်းလဲသောအကျင့်ရှိ၏၊ ဆံကျစ်ထုံးကာ အံ့ဘွယ်သရဲကို ဖြစ်စေ၏။

သူကြွယ်တယောက်သည် ထိုရသေ့ကို သီလရှိသည်ဟု ယုံကြည်လျက် အလွန်ကြည်ညိုသဖြင့် တောကျောင်းဆောက်လုပ် ကိုးကွယ်၍ အိမ်တွင် အမြဲဆွမ်းလုပ်ကျွေးလေ၏။

တနေ့သ၌ သူခိုးရန်ကိုကြောက်သဖြင့် အချိန်လေးသိန်းရှိ ရွှေစင်နိက္ခတရာကို ဆရာရသေ့ကျောင်းသို့ ဆောင်ယူ၍

မြေမြှုပ်ပြီးလျှင် "အရှင်ဘုရား…. ဤရွှေစင်ကို ကြည့်ရှုစောင့်ရှောက်တော်မူပါ" ဟု လျှောက်ထားအပ်နှင်းလေ၏၊ ရသေ့လည်း "ဒါယကာ….ရသေ့ရဟန်းတို့အား ဤသို့သောစကားကို ကြားရခြင်း, သိခြင်းပင်မအပ်ပေ၊ ငါတို့မှာ သူတပါးဥစ္စာ၌ လိုချင်သောလောဘမည်သည်မရှိပေ" ဟုဆိုလေ၏၊ သူကြွယ်လည်းရသေ့စကားကို ယုံကြည်ကာ ရသေ့ထံမှဖဲခဲ့လေ၏။

**ပရိယာယ်ဥာဏ်ဆင်**
**လိမ်ဥာဏ်ထွင်**

ရသေ့ပျက်လည်း နှစ်ရက်, သုံးရက်လွန်လျှင် ဤရွှေစင်နိက္ခတရာဖြင့် ငါ့မှာ သည်ဘဝတွင် အသက်မွေးလောက်ပေပြီဟု နှလုံးသွင်းလျက် ဖေါ်ယူကာ ခရီးအကြားတနေရာ၌ထားပြီးလျှင် ထိုတောကျောင်း၌သာနေလေ၏။

နက်ဖြန်နေ့၌ ထိုသူကြွယ်၏ အိမ်မှာပင် ဆွမ်းစားပြီးလျှင် သူကြွယ်အား "ဒါယကာ….သင်တို့ကိုမှီ၍ နေသည်မှာ ကြာမြင့်ပေပြီ၊ တနေရာတွင် အလွန်ကြာမြင့်စွာနေသော ရသေ့တို့အား လူတို့နှင့် ရောနှောခြင်းသည် အညစ်အကြေးဖြစ်သည်၊ သို့အတွက် သင်တို့ကျောင်းမှငါသွားတော့မည်" ဟု ပြောဆိုလေ၏။

သူကြွယ်လည်း သဘောရိုးဖြင့် ပြောဆိုသည်ဟု ထင်မှတ်ကာ မသွားရန် အဖန်ဖန်တားမြစ်သော်လည်း မရတော့သဖြင့် "အရှင်ဘုရား…. အလိုရှိရာကြွတော်မူပါ" ဟု လျှောက်ထားခွင့်ပြုကာ ရွာတံခါးတိုင်အောင် လိုက်ပို့ပြီးလျှင် ပြန်ခဲ့လေ၏။

**အံ့ဘွယ်ရှိလတ် သူကြွယ်မှတ်**

ရသေ့ပျက်လည်း အတန်ငယ် သွားမိသောအခါ ဤသူကြွယ်ကို ငါလှည့်စားရလျှင် ကောင်းမည်ဟု ကြံစည်၍ ဆံကျစ်ကြား၌ မြက်ခြောက်ကိုထားပြီးလျှင် တဘန်ပြန်လာ၏၊ သူကြွယ်လည်း "အရှင်ဘုရား.... ဘယ့်အတွက် ပြန်ခဲ့ပါသနည်း"ဟု လျှောက်ထား၏၊ ရသေ့လည်း "ဒါယကာ... အမှတ်မဲ့ ငါထွက်အလာတွင် သင့်အိမ်အမိုးမှမြက်ခြောက် တပင်ငြိလျက် ပါလာသည်၊ အဒိန္နာဒါန်မည်သည် ရသေ့ရဟန်းတို့အား မအပ်ပေ၊ ထို့ကြောင့် မြက်ခြောက်ပင်ကို ယူ၍ ပြန်ပေးရန်လာသည်"ဟု ပြောဆိုလေ၏၊ ထိုအခါ သူကြွယ်သည် "အရှင်ဘုရား.... မြက်ခြောက်ပင်ကိုစွန့်၍ ကြွတော်မူပါ၊ အရှင်ရသေ့တို့ကား မြက်ဝါးခြမ်းစိတ်မျှကိုပင် သူတပါးပစ္စည်းဥစ္စာကို မယူပေ၊ ဩော်.... ယုံမှားသံသယ ကုက္ကုစ္စရှိပေစွတကား"ဟု အတိုင်းထက်အလွန် ကြည်ညိုကာ ရှိခိုး၍ လွှတ်လိုက်၏။

**ရသေ့ကျင့်ပျက် ဖမ်းနှိပ်စက်**

ထိုစဉ်အခါ ပညာရှိ တယောက်သည် ပစ္စည်းဥစ္စာတို့ကို ရရှိရန် ပစ္စန္တရဇ်သို့ သွားလေသော် သူကြွယ်အိမ်၌ တည်းခိုလေ၏၊ သူကြွယ်နှင့်စကားစပ်မိ၍ ပြောကြရာ ရသေ့အကြောင်းကိုကြားလျှင် ဤရသေ့ပျက်သည် အမှန်မုချ သူကြွယ်၏ပစ္စည်းဥစ္စာတစုံတရာကိုခိုးယူပေလိမ့်မည်ဟုကြံစည် ၍ "အဆွေ.... ရသေ့ထံ ပစ္စည်းဥစ္စာ တစုံတရာကို အပ်နှံထားဘူးသလော"ဟု မေး၏၊ "အဆွေ....ရွှေစင်နိက္ခတရာ အပ်နှံထားဘူးပါသည်"ဟု ပြော၏၊ "အဆွေ...သည်လို

ဖြစ်လျှင် ရှိတော့မည်မထင် အမြန်စုံစမ်းချေ''ဟု ပြောဆိုလေ၏။

သူကြွယ်လည်း ကျောင်းသို့အမြန်သွား၍ စုံစမ်းရာ ရွှေစင်နိက္ခတရာ မရှိတော့သဖြင့် တဖန်ပြန်လာ၍ "အဆွေ·· ရွှေစင်နိက္ခတရာ မရှိတော့ပြီ အဆွေ····အခြားသူ ယူမည်မဟုတ် ဤရသေ့ပျက်ပင်ယူလိမ့်မည် လာပါ ရသေ့ပျက်ကိုဖမ်းမည်''ဟုတိုင်ပင်၍ နှစ်ယောက်အတူ အမြန်သွား၍ရှာဖွေကြရာ ရသေ့ပျက်ကိုတွေ့သောအခါ တုတ်နှောင်ဖမ်းဆီး၍ရိုက်နှက်ပုတ်ခတ်ကာ ရွှေစင်နိက္ခတရာကို အရတောင်းပြီးလျှင် ရွှေကိုပြလျက်—

"ဟယ်— ရသေ့ကောက် ရသေ့ပျက်····သင်ပြောသောစကားမှာ အလွန်နူးညံ့လှ၏၊ သင်ကား ရွှေစင်နိက္ခတရာကို ခိုးယူခြင်း၌ သံသယကုက္ကုစ္စမရှိဘဲမြက်ခြောက်တပင်ကပ်ငြိလာရာ၌သံသယကုက္ကုစ္စရှိခြင်းမှာ အလွန်အံ့ဘွယ်ကောင်းပေစွ''-

ဟု ကဲ့ရဲ့ပြစ်တင်လျက် ရသေ့ပျက်အား နောက်အခါ ဤကဲ့သို့သောအမှုကို မပြုလေနှင့်ဟုဆုံးမ၍ လွှတ်လိုက်၏၊ ပညာရှိလည်း အဆွေသူကြွယ်အား ပျောက်ဆုံးပြီးသော ရွှေစင်နိက္ခတရာကို ပြန်ရစေပြီးလျှင် မိမိအလိုရှိရာအရပ်သို့ သွားလေ၏၊

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ ကောက်ကျစ်သောရသေ့သည်-ယခုအခါ ဒွံ့ဘွယ်သရဲကိုပြုသောရဟန်း။
※ ပညာရှိသည်- ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော် မူသတည်း။

**ဆောင်ပုဒ်**

(၁) ဒွံ့ဘွယ်သရဲ၊ ပြုသည်နဲ၊ စဥ်းလဲကောက်ကျစ်ပြန်။
(၂) ရွှေနိက္ခရာ၊ ယူပြီးခါ၊ မြက်မှာယုံမှားဟန်။

ကုဟကဇာတ်ပြီး၏။

---

## ၉၀—အကတညူတဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ကုန်သွယ်လာမှု ဆက်သွယ်ပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေးအား မမြင်ဘူးဘဲ အဆွေခင်ပွန်းဖြစ်နေသော ပစ္စန္တရာဇ် သူဌေးတဦးရှိလေ၏။

တရံသောအခါ ပစ္စန္တရာဇ်သူဌေးသည် မိမိ အလုပ်အကျွေးတို့ကို လှည်းငါးရာဖြင့် ဘဏ္ဍာအပြည့်တင်လျက် အနာထပိဏ်သူဌေးထံ လွှတ်လိုက်၏၊ သူဌေးထံ ရောက်လျှင် လက်ဆောင်တို့ကို ဆက်သ၍ ပစ္စန္တရာဇ်သူဌေးထံမှ လွှတ်လိုက်ကြောင်း ပြောကြားကုန်၏။

အနာထပိဏ် သူဌေးလည်း ပစ္စန္တရာဇ် သူဌေး၏ အကြောင်းကိုမေးမြန်းကာ နှုတ်ခွန်းဆက်သပြီးလျှင် နေရာ

ထိုင်ခင်း စားနပ်ရိက္ခာအပြည့်အစုံပေး၍ တည်းခိုစေလျက် ပါသမျှဘဏ္ဍာတို့ကို အမြတ်အစွန်းရအောင် စီမံရောင်းချ ပေးစေ၏၊ ပစ္စန္တရာဇ်သူဌေး အလုပ်အကျွေးတို့လည်း အနာထပိဏ်သူဌေး၏ အကူအညီဖြင့် ပါသမျှ ဘဏ္ဍာတို့ကို ရောင်းချပြီးလျှင် ပစ္စန္တရာဇ်သို့ပြန်၍ မိမိတို့သူဌေးအားပြော ကြားကုန်၏။

**ကျေးဇူးတဖန် မပြုပြန်**

နောက်အခါ အနာထပိဏ်သူဌေးလည်း မိမိ အလုပ်အကျွေးတို့ကို လှည်းငါးရာဖြင့် ဘဏ္ဍာအပြည့်တင်စေလျက် ပစ္စန္တရာဇ်သူဌေးထံ လွှတ်လိုက်ပြန်၏၊ အလုပ်အကျွေးတို့လည်း ရောက်လျှင် ပစ္စန္တရာဇ်သူဌေးထံ လက်ဆောင်တို့ကိုဆက်သလေ၏၊ ထိုအခါ ပစ္စန္တရာဇ်သူဌေးသည် "အမောင်တို့.... အဘယ်ကလာကြသနည်း"ဟု မေး၏၊ "သူဌေးမင်း.... အဆွေခင်ပွန်းဖြစ်သော အနာထပိဏ်သူဌေးကြီးထံမှ လာခဲ့ကြပါသည်"ဟု ပြောကြားကြကုန်၏၊ထိုအခါ ကျေးဇူးမသိတတ်သော ပစ္စန္တရာဇ်သူဌေးသည် "အမောင်တို့.... အနာထပိဏ်သူဌေးဆိုသည်မှာ သာမန်လူတယောက်အမည် ဖြစ်လိမ့်မည်"ဟု ပြက်ရယ်ပြုကာ လက်ဆောင်တို့ကို ယူပြီးလျှင် လွှတ်လိုက်၏၊ နေရာထိုင်ခင်း စားနပ်ရိက္ခာပေးခြင်း၊ ကုန်တို့ကို စီမံရောင်းချပေးခြင်း မရှိလေ။

အနာထပိဏ်သူဌေး အလုပ်အကျွေးတို့လည်း ပစ္စန္တရာဇ် သူဌေးထံမှ တစုံတရာ အကူအညီမရဘဲ မိမိတို့ အလိုအတိုင်း ရောင်းချပြီးလျှင် အနာထပိဏ်သူဌေးထံသို့ ပြန်ကာအနာထပိဏ်သူဌေးအား ပစ္စန္တရာဇ်သူဌေးအကြောင်းကိုအလုံးစုံပြောကြားလေ၏။

**လုယက်ယူကြ ပြန်ပြေးရ**

ပစ္စန္တရာဇ်သူဌေးလည်း နောက်တဖန် လှည်းငါးရာ တို့ဖြင့် အနာထပိဏ်သူဌေးထံ လွှတ်လိုက်ပြန်၏၊ ရောက်လျှင် ပစ္စန္တရာဇ်သားတို့သည် သူဌေးထံ လက်ဆောင်ဆက်သကြပြန်၏၊ ထိုအခါ အနာထပိဏ်သူဌေး အမှုလုပ်တို့သည် သူဌေးကြီးအား ကျွန်ုပ်တို့နေရာထိုင်ခင်း ရိက္ခာစီမံပါမည်ဟု ဆိုကာ ပစ္စန္တရာဇ်သားတို့ကိုခေါ်၍ မြို့ပြင်သင့်တော်ရာ၌ နေရာချထားပြီးလျှင် ငါတို့ယာဂုထမင်းသွား၍ စီမံမည်ဟုဆို၍ အိမ်ရောက်လျှင် ကျွန်အမှုလုပ်တို့ကို စည်းဝေးစေပြီးလျှင် ညဉ့်သန်းခေါင်အခါ လှည်းငါးရာတို့ကိုလုယက်ဖျက်ဆီးလျက် ယူငင်သွားကြကုန်၏၊ ပစ္စန္တရာဇ်သားတို့လည်း ကြောက်ရွံ့၍အမြန်ပြေးကြကုန်၏။

အနာထပိဏ်သူဌေး အမှုလုပ်တို့လည်း ထိုအကြောင်းကို သူဌေးကြီးအား ပြောကြားကြကုန်၏၊ သူဌေးကြီးလည်း မြတ်စွာဘုရားထံ ဆည်းကပ်ပြီးလျှင် ဖြစ်သမျှ အကြောင်း အလုံးစုံကိုလျှောက်ထားသောအခါ မြတ်စွာဘုရားသည် ''သူဌေးကြီး····ပစ္စန္တရာဇ်သူဌေးကား ယခုအခါ၌သာ ဤသို့အလေ့အကျင့်ဆိုးရှိသည်မဟုတ်၊ ရှေးအခါ၌လည်းရှိခဲ့ဘူးပြီ'' ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**မိမိထံရောက်လာ စောင့်ရှောက်ကာ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် ဗာရာဏ

သီပြည်ဝယ်စည်းစိမ်ဥစ္စာကြွယ်ဝသောသူဌေးကြီးတဦးဖြစ် လေ၏၊ ထိုသူဌေးကြီးအား မတွေ့မမြင်ဘူးဘဲ အဆွေခင် ပွန်း ဖြစ်နေသော ပစ္စန္တရာဇ်သူဌေးတဦး ရှိလေ၏။

[စကားအသွားအလာ ပစ္စုပ္ပန်ဝတ္ထုနှင့်တူ၏၊အကျဉ်း မျှသာရေးမည်။]

တရံရောအခါ ပစ္စန္တရာဇ်သူဌေးသည် လှည်းငါးရာတို့ ဖြင့် ဗာရာဏသီသူဌေးကြီးထံ စေလွှတ်လိုက်ရာ ဗာရာဏ သီသူဌေးကြီးက နေရာထိုင်ခင်း စားနပ်ရိက္ခာပေး၍ ကုန် တို့ကို ရောင်းချစီမံပေးပြီး ပြန်လွှတ်လိုက်၏။

နောက်အခါ ဗာရာဏသီသူဌေးကြီးက လှည်းငါးရာ ဖြင့်ပင် ပစ္စန္တရာဇ်သူဌေးထံ လွှတ်လိုက်ပြန်ရာ ပစ္စန္တရာဇ် သူဌေးက တစုံတရာမကူညီဘဲ ထားလေ၏။

**ကျေးဇူးတုံ့မရှိ ဆုတ်ယုတ်ဘိ**

နောက်တကြိမ် ပစ္စန္တရာဇ် သူဌေးက လှည်းငါးရာဖြင့်ပင် ဗာရာဏသီသူဌေး ကြီးထံ လွှတ်လိုက်ပြန်ရာ သူဌေးကြီး၏ ကျွန်အမှုလုပ်တို့သည် အကုန်လုယက်ဖျက်ဆီး ပြီးလျှင် ဗာရာဏသီသူဌေးကြီးအား အကြောင်းစုံ ပြောကြားကြ ကုန်၏၊ ထိုအခါ ဗာရာဏသီသူဌေးကြီးသည် မိမိကျွန် အမှုလုပ်တို့အား—

"အမောင်တို့····မိမိအား ရှေးအခါသူတပါး တို့ ပြုလုပ်ထားသော ကျေးဇူးရှိပါလျက် ကျေးဇူး ရှင်တို့အား ကျေးဇူးတုံ့ကိုလည်းမဆပ်၊ဆပ်ရမှန်း

လည်းမသိသောသူကား နောက်အခါ အမှုကိစ္စ
တွေ့ကြုံလာလျှင် အကူညီရှာမရဘဲရှိတတ်၏’’—

ဟု ပြောဆိုဆုံးမလေ၏၊ ထိုသူဌေးကြီးသည် နောင်အခါ ကုသိုလ်ကောင်းမှုတို့ကို အားထုတ်၍ သေလွန်သောအခါ ကံအားလျော်စွာ လားလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ပစ္စန္တရာဇ် သူဌေးသည်- ယခုအခါ ပစ္စန္တရာဇ်သူဌေး။

※ ဗာရာဏသီ သူဌေးသည်- ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ရှေးကပြဲဘူး၊ သူ့ကျေးဇူး၊ အထူးသိကြလေ။
(၂) မသိပြန်မူ၊ ကိစ္စဟူ၊ အကူမရလေ။

အကတညုဇာတ်ပြီး၏။

---

## ၉၁-လိတ္တဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ဆင်ခြင်မစား ဘေးရန်များ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကျောင်း, သင်္ကန်း, ဆွမ်း, ဆေးပစ္စည်းလေးပါး၌ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်သောရဟန်းတို့ ရှိကြကုန်၏။

မြတ်စွာဘုရားသည် ရဟန်းတို့အား ပစ္စည်းလေးပါးတို့၌ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ခြင်း၏ အပြစ်ကိုဟောတော်မူ၍ "ရဟန်းတို့.... ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ကြရမည်၊ ပစ္စဝေက္ခဏာမဆင်ခြင်ဘဲသုံးဆောင်ခြင်းကား လတ်တလော သေစေတတ်သော အဆိပ်နှင့်တူ၏၊ ရှေးသူဟောင်းတို့သည် မဆင်ခြင်ဘဲ အဆိပ်ကိုသုံးဆောင်မိ၍ ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားရကုန်ပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**အန်ကြျုးယုတ် ရှုံးလိမ်မှုသုံး**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် စည်းစိမ် ဥစ္စာကြွယ်ဝသော အမျိုး၌ဖြစ်၍ အရွယ်ရောက်သော အခါ ကျွေအန် ကစားလေ့ရှိ၏၊ ကျွေအန်သမား တဦးသည် ကောက်ကျစ်စဉ်းလဲ၏၊ သူတပါးနှင့် ကျွေအန်ကစားလတ်သော် မိမိနိုင်လျှင် ကစားပွဲကမဖျက်၊ ရှုံးလျှင် ကျွေအန်ကို ခံတွင်း၌ငုံကာ ကျွေအန်ပျောက်ပြီဟု ပြောဆို၍ကစားပွဲကို ဖျက်၍သွားလေ့ရှိ၏။

တနေ့သ၌ ထိုကောက်ကျစ်စဉ်းလဲသော ကျွေအန်သမားသည် ဘုရားအလောင်းနှင့် ကျွေအန်ကစားလတ်သော် ရှုံးသဖြင့်ကျွေအန်ကို ခံတွင်း၌ငုံကာ ပျောက်ပြီဟု ကစားပွဲကိုဖျက်၍သွားလေ၏။

**ကောက်ကျစ်လေ့ရှိ ဘေးဒုက်ထိ**

ဘုရားအလောင်းသည် ထိုအကြောင်းကိုသိ၍ သည်တခါရှိစေဦး၊ နောက်တခါ သိစေမည်ဟု ကြံစည်ကာ ကြွေအန်တို့ကိုယူကာ အိမ်ဝယ်လတ်တလော သေစေတတ်သော အဆိပ်ဖြင့် အဘန်ဘန်လိမ်းကျံ၍ အဘန်ဘန် ခြောက်စေပြီးလျှင် အသင့်ယူဆောင်လျက် ကောက်ကျစ်စဉ်းလဲသော ကြွေအန်သမားထံ သွား၍ "အဆွေ…… ကြွေအန်ကစားမည် လာပါ"ဟုဆိုကာ အတူဘက်ကွကစားလေ၏။

ကောက်ကျစ်စဉ်းလဲသော ကြွေအန်သမားသည် မိမိရှုံးသဖြင့် ကစားဝိုင်းကိုဖျက်ရန် ကြွေအန်ကို ခံတွင်း၌ငုံ၏၊ ထိုအခါ ဘုရားအလောင်းသည် ကောက်ကျစ် စဉ်းလဲသော ကြွေအန်သမားအား—

> "ဟယ်.. ယုတ်မာသောကြွေအန်သမား…… ငါ ထက်လှစွာသော အဆိပ်ဖြင့် စိမ်ထားသော ကြွေအန်ကို နင်မသိ၍ငုံသည်၊ငုံလေဦး၊ နောက်မှ၌ကြွေအန်ကို ငုံခြင်းသည် ဤလိုဖြစ်ပါတကားဟု သိရမည်"-

ဟု ပြောဆိုနေစဉ်ပင် အဆိပ်ဟုန်ဖြင့် မိန်းမောတွေဝေလျက် မျက်စိတို့သည် လည်၍နေကုန်၏၊ လည်ကုပ်လည်း ကျိုးလေ၏။

**အဆိပ်ဖြေကာ ဆုံးမရာ**

ထိုအခါ ပညာရှိ ကြွေအန်သမားသည် ယုတ်မာသော ကြွေအန် သမားအား ယခုအခါငါသည်အသက်ကိုပေးလှူသင့်၏ဟု နှလုံးသွင်းကာ အန်ဆေးတိုက်၍အန်စေပြီးလျှင် ထော

ပတ်, တင်လဲ, ပျားသကာ စသည်တို့ကို စားစေ၍ အနာပျောက်အောင် ကုသပြီးလျှင် ဤကဲ့သို့နောက်အခါ ကောက်ကျစ်စဉ်းလဲသောအမှုကိုမပြုလေနှင့်ဟု ဆုံးမလွှတ်လိုက်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကြွေအန်သမားပညာရှိသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကောက်ကျစ်လှစွာ၊ သူယုတ်မာ၊ လျှင်စွာပျက်စီးမြဲ။
(၂) ဆိပ်လူးသည့်ကြွေ၊ ငုံမြိန်လေ၊ သေလောက်လွန်ဆင်းရဲ။

လိတ္တဇာတ်ပြီး၏။

---

## ၉၂— မဟာသာရဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**မင်းကြီးစေတနာ ကြည်ညိုစွာ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ပသေနဒီ ကောသလမင်းကြီး၏ နန်းတွင်းသူမင်းမိန်းမတို့သည် ကျောင်းတော်သို့သွား၍ ဘုရားဖူးခွင့်, တရားနာခွင့်, မရကြသည့်အတွက် နန်းတော်သို့ တရားဟောပြော သင်ပြမည့် ရဟန်းတော်

တပါးကိုပင့်ပေးပါဟုပူဆာကြသောအခါ ကောသလမင်းကြီးလည်း ကောင်းပြီ ပင့်ပေးမည်ဟု ဝန်ခံလေ၏။

တနေ့သ၌ ကောသလမင်းကြီးသည် ဥယျာဉ်ကစားသွားရင်း မြတ်စွာဘုရား ဥယျာဉ်တော်သို့ ရောက်နေခိုက်ကြုံသဖြင့် ဖူးမျှော်ရာ မြတ်စွာဘုရားအထံတော်ဝယ် ဆည်းကပ်နေသည့် ဆတ္တပါဏိကိုတွေ့လေ၏၊ ထိုအခါ မြတ်စွာဘုရားသည် ''မင်းကြီး.... ဤဆတ္တပါဏိ ဒါယကာကားအနာဂါမ်ဖြစ်၍ ပိဋကတ်သုံးပုံကို ဆောင်နိုင်သည်''ဟု မိန့်တော်မူသဖြင့် မင်းကြီးလည်း ထိုဒါယကာကို အသွန်ကြည်ညိုလေ၏။

**နန်းတွင်းပင့်ကာ တရားနာ**

တနေ့သောအခါ ကောသလမင်းကြီးသည် လေသာပြူတင်းကိုဖွင့်၍ကြည့်နေစဉ် ထီးကိုကိုင်ဆောင်ကာ ဇေတဝန်ကျောင်းသို့သွားသော ဆတ္တပါဏိကိုမြင်၍ ခေါ်စေပြီးလျှင် ''အချင်းသီတင်းသည်.... ကျွန်ုပ်နန်းတွင်းသူတို့ကို တရားဟောပြောသင်ကြားပါ''ဟု တောင်းပန်လေ၏၊ ''အရှင်မင်းကြီး.... လူဝတ်ကြောင်နှင့် မလျော်ပါ၊ ရဟန်းများနှင့်သာ လျော်ပါသည်''ဟု လျှောက်ထားလေ၏၊ မင်းကြီးလည်း မှန်သောစကားကို ဆိုပေသည်ဟု နှလုံးသွင်းလျက်သီတင်းသည်အား လွှတ်လိုက်လေ၏။

ထိုနောက် ကောသလမင်းကြီးလည်း နန်းတွင်းသူတို့ကိုခေါ်၍ ''ရှင်မတို့.... သင်တို့အား တရားဟောပြော ပြသရန် မဟာသာဝကကြီး ရှစ်ကျိပ်တို့တွင် ဘယ်သာဝကကြီးကို အလိုရှိကြသနည်း''ဟုမေး၏၊ ''အရှင်မင်းကြီး....တရား

ဘဏ္ဍာစိုးဖြစ်သော ရှင်အာနန္ဒာကို အလိုရှိပါသည်'' ဟု လျှောက်ကြလျှင် မြတ်စွာဘုရားထံခွင့်ပန်ကာ ရှင်အာနန္ဒာကို နန်းတွင်းသို့ပင့်လျက် နန်းတွင်းသူတို့အား တရားတော်ကို နာယူသင်ကြားစေ၏။

**နည်းလမ်းထွင်ရှာ အာနန္ဒာ**

တနေ့သ၌ ကောသလမင်းကြီး၏ ပတ္တမြားဥသျှောင်ကျင် ပျောက်သဖြင့် နန်းတော်နှင့် စပ်သူအားလုံးကို စစ်ဆေးရှာဖွေလျက် ရာဇဝတ်ဘေးမှ ကြောက်သဖြင့် တနန်းတော်လုံး ဆင်းရဲပင်ပန်းလျက် ရှိကြ၏၊ရှင်အာနန္ဒာ ကြွလာသောအခါ နန်းတွင်းသူတို့ မရွှင်ပြသည်ကိုမြင်၍ မေးလေလျှင် အကြောင်းစုံသိရသဖြင့် မင်းကြီးထံသွားကာ ''အရှင်မင်းကြီး.... ပတ္တမြားဥသျှောင်ကျင် ပျောက်သလော''ဟု မေး၏၊ ''အရှင်ဘုရား.... ပျောက်ပါသည်''ဟု လျှောက်ထား၏၊ ''အရှင်မင်းကြီး.... တွေ့အောင်မရှာနိုင်သလော''ဟု မေး၏၊ ''အရှင်ဘုရား.... မရှာနိုင်ပါ''ဟု လျှောက်ပြန်၏၊ ''အရှင်မင်းကြီး.... လူအများ မပင်ပန်းစေဘဲ ပြန်လည်ရရှိဘို့ နည်းလမ်းရှိသည် ပြုလုပ်မည်လော့''ဟုမေး၏၊ ''အရှင်ဘုရား.... မှန်လှပါ ပြုလုပ်ပါမည် အမိန့်ရှိတော်မူပါ'' ဟု လျှောက်ထားလေ၏။

ရှင်အာနန္ဒာလည်း ''အရှင်မင်းကြီး.... ဖွဲဆုပ်မြေဆုပ်တို့ကို ပုံစေသောနည်းလမ်းရှိသည်၊ယုံမှားသူတို့ကိုခေါ်၍ ဖွဲတဆုပ်စီ သို့မဟုတ် မြေတဆုပ်စီပေး၍ ဤဖွဲဆုပ် မြေဆုပ်တို့ကို မိုးသောက်သောအခါ မည်သည့်နေရာတွင် လာ၍ထားပါဟု စေခိုင်းရမည်၊ ထိုအခါ ယူမိသော သူတို့သည်

၍ဖွဲဆုပ်မြေဆုပ်တွင် ထည့်၍ထားကြလိမ့်မည်၊ ၎င်းတို့ပြန်သောအခါ ဖွဲဆုပ်မြေဆုပ်တို့ကို ဖြည်၍ရှာလျှင် တွေ့လိမ့်မည်''ဟု စီမံပေးလေ၏။

ဥဒ္ဒါပြန်ရ ချီးကျူးကြ

မင်းကြီးလည်း ရှင်အာနန္ဒာ စီမံပေးသော နည်းလမ်းအတိုင်း သုံးရက်တိုင်အောင် လုပ်သော်လည်း ပတ္တမြား ဥဒ္ဒါသျှောင်ကျင်ကို မဆောင်ခဲ့ကြချေ၊ထိုအခါ ရှင်အာနန္ဒာအား လျှောက်ပြန်လျှင် ရှင်အာနန္ဒာသည် နောက်တနည်းစီမံပြန်၏၊ ''မင်းကြီး···· နန်းရင်ပြင်ဝယ် အိုးစရည်းကြီး တခုဝယ် ရေအပြည့်ထည့်စေလျက် တင်းတိမ်ကန့်လန့်ကာ လုံအောင်ကာစေပြီးလျှင် မိန်းမယောကျ်ားအားလုံး အပေါ်ရုံဝတ်ရုံလျက် တယောက်စီ တင်းတိမ်ကန့်လန့်ကာတွင်းသို့ ဝင်စေ၍ လက်ဖြန့်ကာ တင်းတိမ်ကန့်လန့်ကာတွင်းမှ ထွက်ကြရမည်ဟု အမိန့်ပေးပါ၊ယူသူသည်အိုးစရည်းကြီး၌ထားခဲ့လိမ့်မည်''ဟု နည်းပေးပြန်၏။

မင်းကြီးလည်း ရှင်အာနန္ဒာ နည်းပေးသော အတိုင်း အိုးစရည်းကြီးဖြင့် လုပ်ပြန်လျှင် ပတ္တမြားဥဒ္ဒါသျှောင်ကျင်ကို ခိုးယူထားသူသည်၊ ဤအဓိကရုဏ်းမှာ ရှင်အာနန္ဒာလက်သို့ ရောက်နေသည်၊မရလျှင် လွှတ်မည်မဟုတ်၊ယခုအခါပြန်ထားမှတော်မည်ဟု စဉ်းစားကာ တင်းတိမ် ကန့်လန့်ကာ အိုးစရည်းကြီးထဲတွင် ထားခဲ့လေ၏၊ လူရှင်း၍ရှာသောအခါ ဥဒ္ဒါသျှောင်ကျင်ကိုတွေ့သဖြင့်တနန်းတော်လုံး ဝမ်းမြောက်ဝမ်းသာ ရှင်အာနန္ဒာအား ချီးကျူးကြကာ ကျေးဇူးတင်ကြလေ၏။

ထိုအခါ ပတ္တမြားဥသျှောင်ကျင်အတွက် ရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးမှာ တမြို့လုံး ပျံ့နှံ့ထင်ရှားလေ၏၊ရဟန်းတို့လည်း တရားသဘင်ဝယ် စကားစပ်မိ၍ ရှင်အာနန္ဒာ၏ ဂုဏ်ကျေးဇူးကို ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍“ရဟန်းတို့….ယခုအခါ အာနန္ဒာသည်သာလျှင် သူတပါးလက်သို့ ရောက်ပြီးသော ဘဏ္ဍာကို ပြန်ရအောင် ပြုလုပ်နိုင်သည် မဟုတ်၊ ရှေးပညာရှိတို့လည်း ပြုလုပ်နိုင်သည်”ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ဥယျာဉ်ပျော်ပါး ရေကစား**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ထိုမင်းထံဝယ် အတတ်ပညာအလုံးစုံကို အပြီးတိုင်ရောက် တတ်မြောက်သော ပညာရှိအမတ်ကြီးတယောက် ရှိလေ၏။

တနေ့သ၌ မင်းကြီးသည် အခြံအရံများစွာဖြင့်ဥယျာဉ်တော်၌ လှည့်လည်သည်ရှိသော် မင်္ဂလာရေကန်တော်ဝယ် ရေကစားလိုသဖြင့် သက်ဆင်းကာ မောင်းမအပေါင်းကို ခေါ်စေ၏၊ မောင်းမတို့လည်း ရေကစားကြရန် လည်ရွဲတန်ဆာ,ဦးခေါင်းတန်ဆာ စသည်တို့ ချွတ်၍ စုလျား တဘက်၌ထည့်ကာ သေတ္တာအပြင်၌ထားပြီးလျှင် ကျွန်မတို့ကိုစောင့်စေ၍ မင်းကြီးနှင့်အတူ ရေကစားရန် ဆင်းသက်ကြကုန်၏။

**လည်ဆွဲရတနာ မျောက်လေရာ**

ထိုအခါ ဥယျာဉ်တော်ရှိ သစ်ပင် သစ်ခက်ကြား၌နေသောမျောက်မတကောင်သည် မိဖုရား၏ ထိုလည်ဆွဲတန်ဆာကို မြင်ရာ ဝတ်ဆင်လိုသဖြင့် အစောင့်ကျွန်မ ငိုက်မျဉ်း မေ့လျော့သောအခါ သစ်ပင်မှဆင်းသက်၍ ပုလဲသွယ်ကို ခိုးယူပြီးလျှင် လျင်မြန်စွာ သစ်ပင်သို့ တက်ကာ အခြားမျောက်မများ မမြင်ရအောင် သစ်ခေါင်းတွင် ဝှက်၍ထားပြီး အသာ စောင့်နေလေ၏။

ကျွန်မလည်း နိုး၍ ပုလဲသွယ်ကို မမြင်လျှင် ကြောက်လန့်တုန်လှုပ်သဖြင့် မကြံတတ်တော့ဘဲ မိဖုရားပုလဲသွယ်ကို ယောကျ်ားသူခိုးတယောက် ခိုးပြေးသည်ဟု ကျယ်လောင်စွာ ဟစ်အော်လေ၏၊ အစောင့်အရှောက်တို့လည်း ကျွန်မအော်သံကိုကြား၍ မင်းကြီးအားလျှောက်ထားရာ မင်းကြီးက သူခိုးကို ဖမ်းကြကုန် ဟု အမိန့်ပေးလေ၏။

**သူခိုးထင်မှား ဖမ်းဆီးထား**

မင်းချင်းယောကျ်ား တို့လည်း ဥယျာဉ်တော်မှထွက်၍ဟိုဟိုသည်သည်ကြည့်ရှုလတ်သော် ထိုအသံကိုကြား၍ ကြောက်လန့်တကြားပြေးသော ဇနပုဒ်နေ အိမ်ရှင်ယောကျ်ား တယောက်ကို မြင်ကြ၍ ဤသူကား သူခိုးဖြစ်လိမ့်မည်ဟု လိုက်လံ ဖမ်းဆီးကာ ရိုက်နှက်ပုတ်ခတ်လျက်"ဟယ်သူခိုးပျက်··နင် မဟာသာရတန်ဆာကို ခိုးသလော"ဟုမေးကြကုန်၏၊ ထိုယောကျ်ားလည်း "မခိုးယူဘူး"ဟု ပြောလျှင် ယနေ့ငါ့မှာ အသက်ရှင်တော့မည်မဟုတ် ရိုက်နှက် ပုတ်ခတ်၍ သတ်ကြတော့မည်၊ ငါခိုးသည်ဟု ပြောမှ သက်သာရာ ရတော့မည် ကြံစည်လျက်"အရှင်တို့····ကျွန်ုပ်ခိုးယူပါသည်

မှန်ပါ၏”ဟု ပြောလေ၏၊ ထိုအခါ နှောင်ဖွဲ့၍ မင်းကြီးထံ ပို့ကြကုန်၏။

**မင်းကြီးစစ်ကြော ဆင့်ဆင့်မေး**

မင်းကြီးလည်း ထိုယောကျ်ားကို“သင် မဟာသာရတန်ဆာကိုခိုးယူသလော” ဟု မေးလေ၏၊ “အရှင်မင်းကြီး.... ခိုးယူပါသည်”ဟု လျှောက်၏၊ “ယခု အဘယ်မှာနည်း” ဟု မေးသောအခါ “သူဋ္ဌေးကြီးကို ပေးထားပါသည်”ဟု ပြောပြန်၏၊ထိုအခါ သူဋ္ဌေးကြီးကိုခေါ်စေ၍“သူဋ္ဌေးကြီး.. ဤယောကျ်ားလက်မှ မဟာသာရတန်ဆာကိုယူသလော” ဟု မေး၏၊ “ယူပါသည်”ဟုလျှောက်၏၊ “ယခုအဘယ်မှာ နည်း”ဟု မေးသောအခါ “ပုရောဟိတ်ကို ပေးထားပါ သည်”ဟု လျှောက်ပြန်၏၊ ထိုအခါ ပုရောဟိတ်ကိုခေါ်စေ ၍“ပုရောဟိတ်..သူဋ္ဌေးကြီးလက်မှ မဟာသာရတန်ဆာကို ယူသလော”ဟု မေး၏ “ယူပါသည်” ဟု လျှောက်၏၊ “ယခုအဘယ်မှာနည်း”ဟုမေး၏၊“စောင်းသမားကို ပေး ထားပါသည်”ဟု လျှောက်ပြန်၏၊ ထိုအခါ စောင်းသမား ကို ခေါ်စေ၍“အမောင်....ပုရောဟိတ်လက်မှ မဟာသာ ရတန်ဆာကို ယူသလော”ဟု မေး၏၊ “ယူပါသည်”ဟု လျှောက်၏၊ “ယခုအဘယ်မှာနည်း” ဟု မေးသောအခါ “ပြည့်တန်ဆာမကို ပေးထားပါသည်”ဟုလျှောက်ပြန်၏၊ ထိုအခါ ပြည့်တန်ဆာမကို ခေါ်စေ၍ မေးပြန်ရာ ပြည့် တန်ဆာမက “အရှင်မင်းကြီး.... ကျွန်ုပ် မယူပါ” ဟု လျှောက်ထားလေ၏၊ ထိုသူငါးယောက်တို့ကို မေးနေစဉ် နေဝင်သွား၍ နက်ဖြန်မှ သိရမည်ဟု ထိုသူငါးယောက်ကို အမတ်တို့အား အပ်နှင်း၍ နန်းတော်သို့ ဝင်လေ၏။

**ပညာရှိကြံ ထိုးထွင်းဥာဏ်**

ထိုအခါ ပညာရှိအမတ်သည် ဤမဟာသာရ တန်ဆာမှာ အတွင်းလူလက်မှာ ပျောက်ခဲ့သည်၊ မြို့တံခါးဝယ် အစောင့်အကြပ် အားကြီး၍ အပြင်လူတို့ ဘယ်နည်းနှင့်မျှ မယူနိုင်၊ အတွင်းလူတို့လည်း ယူဝံ့ကြမည်မဟုတ်၊ သူဌေးကြီးကို ပေးသည်ဆိုသော ယောက်ျားလည်း မိမိ လွတ်အောင်သာ ပြောခြင်းဖြစ်သည်၊ ပုရောဟိတ်ကို ပေးသည်ဆိုသော သူဌေးကြီးလည်း ပုရောဟိတ်နှင့် ပေါင်းပြီး လွတ်ရန်သာ ပြောခြင်းဖြစ်မည်၊ စောင်းသမားကို ပေးသည် ဆိုသော ပုရောဟိတ်လည်း နှောင်အိမ်ဝယ် စောင်းသမားကို မှီ၍ ချမ်းသာရန် ပြောခြင်းသာ ဖြစ်မည်၊ ပြည့်တန်ဆာမ ပေးသည်ဆိုသော စောင်းသမားလည်း နှောင်အိမ်၌ မပျင်း ရိရန် ပြောခြင်းသာ ဖြစ်မည်၊ ထိုသူငါးယောက်လုံး ခိုးယူသူများ မဟုတ်ကြကုန်၊ ဥယျာဉ်တော်ဝယ် မျောက်များစွာရှိသည်၊ စင်စစ် မျောက်မတကောင် လက်ထည်း၌ ရောက်နေပုံရသည်ဟု ကြံစည်ကာ မင်းကြီးထံသွား၍ "အရှင်မင်းကြီး....သူခိုးငါးယောက်ကို အကျွန်ုပ်အပ်ပါ၊ အကျွန်ုပ်ပေါ်အောင် စစ်ဆေးပါမည်" ဟု လျှောက်ထားလျှင် မင်းကြီးလည်း ပညာရှိအမတ်အား အပ်နှင်းလေ၏။

**ငါးဦးပေါင်းကာ စုံစမ်းရာ**

ပညာရှိအမတ်လည်း မိမိကြံစည်ထားသောအတိုင်း အစောင့်ရှောက် တို့ကို ခေါ်စေ၍ "အမောင်တို့.... သူခိုးငါးယောက်ကို တနေရာထည်း၌ ထားကြပါ၊ သူတို့အချင်းချင်းပြောသောစကားကိုလည်း ချောင်းမြောင်းနားထောင်ပြီး

ငါ့ကို ပြန်ပြောကြပါ''ဟု မှာထားကာ ပြန်ခဲ့လေ၏၊ အစောင့်အရှောက်တို့လည်း သူခိုးတို့ကို တနေရာထည်း၌ ထားကာ မယောင်မလည် နားထောင်နေကြကုန်၏။

သူခိုးငါးယောက်တို့ ဆုံမိကြသောအခါ– သူဌေးကြီးကစ၍ ပြောလေ၏။

''ဟယ်ဇနပုဒ်သားလူပျက်.... သင်နှင့် ငါတခါမျှ မတွေ့ဘူးဘဲလျက် ငါ့ကို မဟာသာရ တန်ဆာကို ပေးသည်ဟု အဘယ့်ကြောင့် ပြောရ သနည်း''။

''အရှင်သူဌေးကြီး..ကျွန်ုပ်မဟာသာရ သောင်စောင်းကိုပင် မမြင်ဘူးပါ၊စင်စစ်ကား သူဌေးကြီးကိုမှီ၍ လွတ်အောင်ပြောခြင်းသာဖြစ်ပါသည်''။

တဖန် ပုရောဟိတ်က–

''သူဌေးကြီး....သင့်ကို ဇနပုဒ်သားက မပေးဘဲလျက် မဟာသာရ တန်ဆာ ငါ့ကိုပေးသည်ဟု အဘယ့်ကြောင့် ပြောရသနည်း''။

''ပုရောဟိတ်..မပေးသည်မှန်၏၊ သို့သော်လည်း ငါတို့ ဥစ္စာရှင်ချည်း ဖြစ်၍ တပေါင်းတည်း ဖြစ်ကာ လွတ်မြောက်အောင် ပြောခြင်းသာ ဖြစ်ပါသည်''။

တဖန် စောင်းသမားက–

''ပုရောဟိတ်....သင်ငါ့ကိုမဟာသာရ တန်ဆာ ပေးသည်ဟု အဘယ့်ကြောင့်ပြောရသနည်း''။

"စောင်းသမား.... ငါတို့ နှောင်အိမ်တွင်းဝယ် သင့်ကိုမှီ၍ ချမ်းသာစွာ နေထိုင်လိုသဖြင့် ပြောခြင်းသာဖြစ်ပါသည်"။

တဖန် ပြည့်တန်ဆာမက-

"ဟယ်စောင်းသမားပျက်.. သင့်ထံငါဘယ်အခါ လာဘူးသနည်း၊သင်လည်း ငါ့အထံ အဘယ်အခါ လာဘူးသနည်း၊ တယောက်နှင့်တယောက် မတွေ့ဘူးဘဲလျက် မဟာသာရတန်ဆာ ငါ့ကိုပေးသည်ဟု အဘယ့်ကြောင့်ပြောရသနည်း"။

"နှမ....စိတ်မဆိုးပါနှင့် နှောင်အိမ်တွင်းဝယ် ငါတို့ငါးယောက် နေရသော်လည်း အိမ်မှာနေရသကဲ့သို့ မပျင်းရိရန် ပြောခြင်းသာ ဖြစ်ပါသည်"။

**မျောက်တွေ့ဖမ်းကာ ပရိယာယ်ရှာ**

အစောင့် အရှောက်တို့လည်း ဤသို့ အချင်းချင်း ပြောဆိုနေကြသော စကားတို့ကို မှတ်သားပြီးလျှင် ပညာရှိအမတ်ထံ လျှောက်ထားကြကုန်၏၊ ပညာရှိ အမတ်လည်း ၎င်းငါးယောက်လုံး သူခိုးမဟုတ်မှန်း အသေအချာ သိသောအခါ ငါမျောက်မထံမှ မဟာသာရတန်ဆာကို ဥပါယ်တမျဉ်ဖြင့် ရအောင်ပြုမည် ဟုကြံစည်၍ ချည်ထုံးတို့ဖြင့် ပြုလုပ်ထားသော တန်ဆာကို ယူဆောင်ကာ ဥယျာဉ်တော်သို့သွား၍ မျောက်မတို့ကို ဖမ်းစေလျက် လည်ပင်း လက်ခြေတို့၌ ဆင်မြန်းကာ လွှတ်လိုက်၏၊ လူတို့ကိုလည်း ကြည့်ရှုရန် ဥယျာဉ်တော်သို့ အနှံ့အပြား လွှတ်ထားလေ၏။

ချည်ထိုး တန်ဆာရသော မျောက်မတို့သည် ဝမ်းမြောက်ဝမ်းသာ ဥယျာဉ်တော်တွင် လှည့်လည်ကြရာ မဟာသာရတန်ဆာ ခိုးထားသော မျောက်မထံရောက်၍ ငါတို့တန်ဆာကို ကြည့်ပါကုန် ဟုပြောဆိုကြကုန်၏၊သူခိုးမျောက်မသည် ကျေးဇူးချေဖျက်ခြင်းကို သည်းမခံနိုင်ဘဲ "သင်တို့ချည်ထိုးတန်ဆာဘာအသုံးကျသနည်း"ဟု ပြောဆိုကာမိမိဝှက်ထားသော မဟာသာရတန်ဆာ ပုလဲသွယ်ကို ယူငင်ဆင်မြန်းကာ ထွက်လာလေ၏။

**လည်ရွှဲပြန်ရ ချီးမွမ်းကြ**

ထိုအခါ လူတို့မြင်လျှင် မျောက်မကို ခြောက်လှန့်၍ ပစ်ချစေပြီးလျှင် မဟာသာရတန်ဆာကို ကောက်ယူ၍ ပညာရှိအမတ်အား ပေးကြကုန်၏၊ပညာရှိအမတ်လည်း မင်းကြီးကိုပြ၍ "အရှင်မင်းကြီး··ဤတန်ဆာကား အရှင်မင်းကြီးတန်ဆာဖြစ်သည်၊ ဥယျာဉ်တော်အတွင်းရှိ မျောက်မထံမှရခဲ့သည်၊ဖမ်းထားသူငါးဦးတို့မှာ သူခိုးမဟုတ်ကြကုန်" ဟု လျှောက်၏၊မင်းကြီးလည်း "ပညာရှိ····သင်သည် အဘယ့်ကြောင့် မျောက်မလက်ရောက်နေမှန်း သိသနည်း" ဟု မေးလျှင်ပညာရှိအမတ်လည်း စစ်ဆေးရှာဖွေပုံ အကြောင်းအလုံးစုံကို လျှောက်ထားသောအခါ မင်းကြီးလည်းအလွန်အားရနှစ်သက်တော်မူလှသဖြင့်—

"အမောင်တို့···· စစ်တိုက်ရာဝယ် ရဲရင့်သူ၊
တိုင်ပင်ရာဝယ် နှုတ်စောင့်သူ၊ ထမင်းကောင်း,
အဖျော်ကောင်း စားသောက်ရာဝယ် ချစ်ခင်သူ၊
နက်နဲသော ပြဿနာဖြစ်ရာဝယ် ပညာရှိသူတို့ကို
အလိုရှိစမြဲ ဖြစ်၏"—

ဟု ပြောဆိုပြီးလျှင် ပညာရှိအမတ်အား ချီးကျူးထောမနာပြု၍ တခဲနက်သော မိုးကြီးကို ရွာသွန်း စေသည့်အလား ရတနာ ၇ ခုနစ်ပါးဖြင့် ပူဇော်လေ၏၊ အသက်ထက်ဆုံး ပညာရှိအမတ်၏ အဆုံးအမ၌ တည်၍ ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်လျက် တရားနှင့်အညီ မင်းပြုလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ၊ဗာရာဏသီမင်းသည်-ယခုအခါအာနန္ဒာ။

※ ပညာရှိအမတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) စစ်တိုက်ရာမှု၊ ရဲရင့်သူ၊ ကြည့်ဖြူလိုရှိမြဲ။
(၂) တိုင်ပင်ရာမှု၊ နှုတ်စောင့်သူ၊ ကြည့်ဖြူလိုရှိမြဲ။
(၃) အစားစားရာ၊ချစ်သူသာ၊မှန်စွာလိုရှိမြဲ။
(၄) နက်နဲပြဿနာ၊ပညာဝါ၊မှန်စွာလိုရှိမြဲ။

မဟာသာရဇာတ်ပြီး၏။

---

## ၉၃-ဝိဿာသဘောဇနဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ဆင်ခြင် မစား သေဆေးလား**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည်

အမိ, အဘ, အစ်ကို, နှမအစရှိသော ဆွေမျိုးတော်သူတို့ ပေးလှူအပ်သော ပစ္စည်းတို့ကို ယုံမှားမရှိ ပစ္စဝေက္ခဏာ မဆင်ခြင်ကြဘဲ သုံးဆောင်ကြကုန်၏။

ထိုအခါ မြတ်စွာဘုရား သိတော်မူလျှင် ရဟန်းတို့ကို စည်းဝေးစေ၍ "ရဟန်းတို့.... ရဟန်း မည်သည်ကား ဆွေမျိုးတော်သူ, မတော်သူ,အကျွမ်းဝင်သူ,မဝင်သူ မည်သူ မဆို ပေးလှူအပ်သော ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ မသုံးဆောင်အပ်၊ပစ္စဝေက္ခဏာကို မဆင်ခြင် ဘဲ သုံးဆောင်လျှင် ဘီလူးပြိတ္တာဖြစ်တတ်သည်၊ ပစ္စဝေက္ခ ဏာ မဆင်ခြင်ဘဲ သုံးဆောင်သော ပစ္စည်းလေးပါးမှာ လတ်တလော သေစေတတ်သော အဆိပ်နှင့် တူသည်၊ အဆိပ်မှာလည်း ဆွေမျိုးတော်သူ,မတော်သူ, အကျွမ်းဝင် သူ,မဝင်သူ မည်သူကပင် ပေးသည်ဖြစ်စေ သေစေတတ် သည်သာတည်း၊ ရှေးအခါ၌ အကျွမ်းဝင်သောသူပေးသော အဆိပ်ကို သုံးဆောင်မိ၍ သေဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**လတ်တလောသေဆေး သုတ်လိမ်းပေး**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် စည်း စိမ်ဥစ္စာ များစွာရှိသော သူဋ္ဌေးကြီးတဦးဖြစ်လေ၏။

ထိုသူဋ္ဌေးကြီး၏ နွားကျောင်းသား တယောက်သည် ကောက်ပင်တို့ဖြင့် ကျဉ်းမြောင်းသော မိုးအခါဝယ် နွား

တို့ကို ဆောင်ယူပြီးလျှင် စားကျက်ကျယ်ရာ တောအရပ်သို့ သွား၍ နွားခြံပြုလုပ်လျက် နွားတို့ကို ထိန်းသိမ်းစောင့်ရှောက်၍ နေ၏၊ ရံဖန်ရံခါ နွားမှရသော နွားနို့ ထောပတ်အစရှိသော အရသာတို့ကို သူဌေးကြီးထံ ပို့လေ၏။

တနေ့သ၌ နွားကျောင်း သားသည် သူဌေးကြီးထံ ထောပတ်အနည်းငယ်သာ ယူဆောင်လာ၏၊ ထိုအခါ သူဌေးကြီးက "အမောင်....အဘယ့်ကြောင့် ထောပတ်နည်းသလဲ"ဟု မေး၏၊"နွားခြံအနီးတွင် ခြင်္သေ့ရှိပါသည် နွားမတို့မှာ ခြင်္သေ့ကိုကြောက်သဖြင့် ပိန်ချုံးနေကြသည်သို့အတွက် နို့မထွက်၍ ထောပတ် အရနည်းပါသည်"ဟု ပြောကြားလေ၏၊သူဌေးကြီးက "အမောင်....ခြင်္သေ့မှာ ချစ်ကျွမ်းဝင်သော သတ္တဝါ တစုံတရာရှိသလော"ဟု မေး၏၊ "အရှင်.... ပြောင်မတကောင်နှင့် ပေါင်းဖော် နေပါသည်"ဟု ပြော၏၊"အမောင်....ထို ပြောင်မကို ဖမ်းနိုင်သလော"ဟု မေး၏၊ "အရှင်....ဖမ်းနိုင်ပါသည်"ဟုပြော၏၊ "အမောင်....ဖမ်းနိုင်လျှင် ပြောင်မကို ဖမ်း၍ နဖူးမှစ၍ တကိုယ်လုံး အမွေးတို့ကို အဆိပ်ရည်ဖြင့် အဖန်ဖန်လိမ်းကျံ၍ သွေ့ခြောက်စေပြီးလျှင် နှစ်ရက်,သုံးရက်လွန်သောအခါ လွှတ်လေ၊ခြင်္သေ့သည် ပြောင်မ၌ချစ်ကျွမ်းဝင်ခြင်းကြောင့် ကိုယ်ကို လျှာနှင့်လျက်သဖြင့် အဆိပ်သင့်၍ သေလိမ့်မည်၊ထိုအခါ ခြင်္သေ့အရေ,ခြေသည်း,လက်သည်း, အစွယ်,အဆီ,အသား တို့ကို ငါ့ထံသို့ ယူခဲ့လော့"ဟု မှာကြားပြီးလျှင် လတ်တလော သေစေတတ်သော အဆိပ်ကို ပေး၍ လွှတ်လိုက်၏။

**ကျွမ်းဝင်ချစ်လင့်သဘေားသင့်**

နွားကျောင်းသားလည်း ပိုက်ကွန် ပစ်ကာ ဥပါယ်တမျဉ်ဖြင့် ပြောင်မကို အရဖမ်း၍ သူဌေးကြီး စီမံသည့် အတိုင်း ပြုလုပ်ကာလွှတ်လိုက်၏၊ ခြင်္သေ့လည်း ပြောင်မကို မြင်လျှင် အလွန်တပ်စွန်းလှသဖြင့် ကိုယ်ကို လျှာနှင့် လျက်သဖြင့် အဆိပ်သင့်၍သေလေ၏၊ နွားကျောင်းသားလည်း အရေ အစရှိသည့်တို့ကို ယူဆောင်ကာ သူဌေးကြီးထံသွားလေ၏၊ ထိုအခါ သူဌေးကြီးသည် ထိုအကြောင်းကို သိ၍ ရောက်လာသော ပရိသတ်အား—

"အမောင်တို့....ယုံမှားမကင်းသူ၌ငင်း,ယုံမှားကင်းသူ၌ငင်း ချစ်ကျွမ်းဝင်ခြင်း မပြုရာ၊ပြောင်မမှဖြစ်သော ဘေးသည် ခြင်္သေ့မင်းအား အစဉ်လိုက်သကဲ့သို့ ထို့အတူ ချစ်ကျွမ်းဝင်သူမှဖြစ်သော ဘေးသည် အစဉ်လိုက်၏"—

ဟု တရားပြ၍ ဆုံးမလေ၏၊ သူဌေးကြီးလည်း အသက်ထက်ဆုံး ဒါန,သီလ စသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ် အားထုတ်ကာ နေလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော် မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗာရာဏသီသူဌေးသည်— ယခုအခါ ငါဘုရား ဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ယုံမှားကင်းသူ၊ မကင်းသူ၊ ကြည်ဖြူမကျွမ်းနှင့်။
(၂) ပြောင်မကျွမ်းလေ့၊ သေဘေးတွေ့၊ ခြသေ့်ပုံကိုချင့်။
ဝိဿာသဘောဇနဇာတ် ပြီး၏။

## ၉၄–လောမဟံသဇာတ်

ပဋ္ဌ(ုဗ္ဗနိ၀ဋ္ဌ)

**ဘုရားရှင်ကမဲ့ ပြောဆိုလျက်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေသာလီပြည် ပဋိက မည်သော သိတင်းသည် ဆောက်လုပ်အပ်သော ကျောင်း၌ သီတင်းသုံးတော်မူစဉ် သုနက္ခတ္တ ရဟန်းသည် မြတ်စွာဘုရား အလုပ်အကျွေးဖြစ်၍ သင်္ကန်း သပိတ်ကိုယူကာ နောက်တော်မှလိုက်၍ လှည့်လည်လတ်သော် ကောရခတ္တိယ တရားကို နှစ်သက်သဖြင့် မြတ်စွာဘုရားထံ သပိတ်သင်္ကန်းကိုအပ်နှင်းပြီးလျှင် ကောရခတ္တိယထံသွား၍ တပည့်ခံကာ နေလေ၏။

ကောရခတ္တိယ သေလွန်၍ ကာလကဥ္စိက အသုရာဖြစ်သောအခါ လူထွက်၍ "ရဟန်း ဂေါတမကား....အရိယာအဖြစ်ကို ပြုစွမ်းနိုင်သော ဥတ္တရိမနုဿဓမ္မမရှိ၊ကြံဆစုံစမ်း၍ မိမိဉာဏ်အားထင်လာသော တရားကိုသာ ဟောလေ့ရှိ၏၊ တရားကိုကျင့်သောသူအား ကောင်းစွာ ဆင်းရဲကုန်ခြင်းငှါ မဖြစ်စေနိုင်"ဟု ဝေသာလီပြည် တံတိုင်း သုံးထပ်အကြားတွင် လှည့်လည်ကာ မြတ်စွာဘုရားပုဏ်ကျေးဇူးမဲ့ စကားကိုသာ ပြောဆိုလျက် နေလေ၏။

**မိစ္ဆာယူလင့် စုံစမ်းကျင့်**

ဆွမ်းခံသွားရင်း ရှင်သာရိပုတ္တရာကြား၍ မြတ်စွာဘုရားကို လျှောက်ထားရာ "ချစ်သား သာရိပုတ္တရာ....မင်္ဂ,ဖိုလ်မှ အချည်းနှီးဖြစ်သော ဤသုနက္ခတ္တ ရဟန်းကား ငါဘုရား ဂုဏ်ကျေးဇူးကိုမသိ၍၎င်း, အမျက်ထွက်၍၎င်း ပြောဆိုခြင်းဖြစ်သည်၊ ငါဘုရား၌ရှိသော အဘိညာဉ် ခြောက်ပါး, ဒသဗလဉာဏ်,စတုဝေသာရဇ္ဇဉာဏ် စသည်တို့ကား ဥတ္တရိမနုဿဓမ္မများ ဖြစ်သည်၊ငါဘုရား၌ ဥတ္တရိမနုဿဓမ္မ မရှိဟု ပြောဆိုသောစကား,စိတ်,အယူကို မစွန့်ဘဲ သေလျှင် ငရဲ၌ မုချဖြစ်ရလတံ့။

"ချစ်သား သာရိပုတ္တရာ..မိစ္ဆာအယူ၌ကြည်ညိုသူကား စင်စစ် ငါဘုရား၌ ကြည်ညိုနိုင်မည်မဟုတ်ပေ၊ ငါဘုရားသည်ပင် ဤဘဒ္ဒကမ္ဘာမှ ကိုးဆဲ့တကမ္ဘာထက်၌ သာသနာပဖြစ်သော မိစ္ဆာအယူသည် အနှစ်သာရ ရှိသလော" ဟု စုံစမ်းသည်ရှိသော်–

(၁) အလွန်ချိုးခြံသော အကျင့်ကို ကျင့်မည်။
(၂) ကျင့်လျှင်-ကိလေသာ ခေါင်းပါးမည်။
(၃) ခေါင်းပါးလျှင်– မကောင်းမှုကို စက်ဆုပ်မည်။
(၄) စက်ဆုပ်လျှင်–မကောင်းမှုမှ ကင်းမည်။

ဟု နှလုံးသွင်းကာ အင်္ဂါ လေးပါးနှင့် ပြည့်စုံသော ဗြဟ္မစရိယအကျင့်ကို ကျင့်၍ နေဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအဘိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

မိစ္ဆာကျင့်ကြံ လွှန်ဖေါက်ပြန်

လွန်လေပြီးသောအခါ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တကမ္ဘာ ထက်၌ ဘုရား အလောင်းသည် သာသနာပ ဖြစ်သော မိစ္ဆာအကျင့်ကို စုံစမ်းမည်ဟု ကြံစည်ကာ အာဇီဝက ရဟန်းအဖြစ်ဖြင့် ရဟန်းပြုလေ၏၊ အဝတ်မဆီး၊ ကိုယ်ကိုလည်း မသုတ်သင်၊ မြူအညစ်အကြေး အလိမ်းလိမ်း ကပ်လျက်ရှိ၍၊ ဆိတ်ငြိမ်ရာသို့ ကပ်လျက် တယောက်တည်း နေ၏၊ လူကိုမြင်လျှင် တောသမင်ကဲ့သို့ ပြေး၏၊ အလွန်ဖောက်ပြန်သော အစာကိုစား၏၊ နွားငယ်ချေး အစရှိသည်တို့ကိုစား၏၊ မမွေ့မလျော့ ဖြစ်ခြင်းငှါ ကြောက်မက်ဘွယ်ရှိလေ၏၊ တောအုပ်တခု၌ နေ၏။

အလွန်အေးချမ်းသော ဥတု၌ ညဥ့်အခါ ဆီးနှင်းကျသော လွင်တီးခေါင်၌ ဆီးနှင်းတို့ဖြင့် တကိုယ်လုံး စွတ်စိုစေလျက် အအေးခံ၏၊ နေ့အခါ တောအုပ်ထဲ၌ သစ်ပင်မှ ယိုစီးသော ရေပေါက်တို့ဖြင့် စွတ်စိုစေလျက် အအေးခံ၏။

အလွန်ပူပြင်းသော ဥတု၌ နေ့အခါ လွင်တီး ခေါင်၌ ပူပြင်းသော နေရောင်တို့ဖြင့် အပူခံ၏၊ ညဥ့်အခါ၌လည်း တောအုပ်ထဲ၌ လေမတိုက်သော တောအုပ်,သစ်ပင် ငွေ့တို့ဖြင့် အပူခံ၍ ကိုယ်မှ ချွေးတို့သည် ထွက်ကုန်၏၊ ထိုအခါ ဘုရားအလောင်း အာဇီဝကရဟန်းအား—

"အို-ရှင်ရဟန်း…အလွန်လည်း အပူခံ၏၊ အလွန်လည်း အအေးခံ၏၊ကြောက်မက်ဘွယ်ကောင်းသော တောအုပ်၌ တယောက်တည်းလည်း နေ၏၊

ချမ်းအေးသော်လည်း မီးမလှုံ အဝတ်မဝတ်၊ မြတ်
သောအကျင့် ရှာခြင်း၌ လုံ့လပြုဘိ၏"—

ဟု ရှေးအခါက မကြားဘူးသော အကျင့်တို့သည် ဉာဏ်၌ အလိုလို ထင်လာကုန်၏။

အာဇီဝကရဟန်းသည် ဤသို့လျှင် အင်္ဂါလေးပါးနှင့် ပြည့်စုံသော အကျင့်မြတ်ကိုကျင့်၍နေရာ သေခါနီး ကာလ၌ ငရဲနိမိတ်တို့သည် ထင်လာကုန်၏၊ ထိုအခါမှ ဤမိစ္ဆာအကျင့်သည် မှားသောအကျင့်ဖြစ်သည်၊ စင်စစ် အကျိုးရှိသော အကျင့်မဟုတ်၊ အသေအချာ သိရှိဆုံးဖြတ်မိသောအခါ ခဏချင်းပင် ထိုမိစ္ဆာအယူကို ပယ်ဖျက်၍ သမ္မာအယူကိုယူကာ ကျင့်ကြံသဖြင့် နတ်ပြည်သို့ လားရလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ အဝတ်မဝတ်သော အာဇီဝကသည်- ယခု
အခါ ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ချမ်း,ပူခံလည်း၊ ဝတ်မဆီး၊ ကိုယ်တည်းတောနေလျှင်။
(၂) ဖောက်ပြန်စာစား၊ နွားချေးစား၊ လွဲမှားမိစ္ဆာပင်။
(၃) အာဇီဦးငြိ၊ အကျင့်လွဲ၊ ငရဲနိမိတ်ထင်။

လောမဟံသဇာတ်ပြီး၏။

## ၉၅—မဟာသုဒဿနဇာတ်

ပဋ္ဌုပ္ပန်ဝတ္ထု

ပရိနိဗ္ဗာန်ပြုရာ
လျှောက်ထားရှာ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော့မည်ဟု ဇေတဝန်ကျောင်းတော်မှ အစဉ်အတိုင်း ကြွလာတော်မူရာ ကုသိနာရုံပြည် မလ္လာမင်းတို့ အင်ကြင်းဥယျာဉ်တော်သို့ရောက်၍ နှပျိုသော အင်ကြင်းနှစ်ပင်တို့အကြား မြောက်သို့ဦးခေါင်းပြုကာ ခင်းထားအပ်သော ညောင်စောင်းထက်၌ မထသော ကျိန်းစက်တော်မူခြင်းဖြင့် ကျိန်းစက်တော်မူလေ၏။

ထိုစဉ်အခါ ညီတော်အာနန္ဒာသည် မြတ်စွာဘုရားအား "ဘုန်းတော်ကြီး လှသောမြတ်စွာဘုရား..အရှင်ဘုရားသည် အခက်အလက်နှင့်တူသော ဤမြို့ငယ်၌ ပရိနိဗ္ဗာန် ပြုတော်မမူပါနှင့်၊ စမ္ပာနဂိုရ်,ရာဇဂြိုဟ်, သာဝတ္ထိစသော အခြားမြို့ကြီးများတွင် တမြို့မြို့၌ ပရိနိဗ္ဗာန် ပြုတော်မူပါ" ဟု တောင်းပန်လေ၏။

မြတ်စွာဘုရားသည် ရှင်အာနန္ဒာအား "ချစ်သားအာနန္ဒာ..ဤကုသိနာရုံမြို့ကို အခက်အလက်နှင့်တူသော မြို့ငယ်ဟု မဆိုလင့်၊ ငါဘုရားသည် မဟာသုဒဿန စကြာမင်းဖြစ်သောအခါ၌ ဤကုသိနာရုံမြို့သည် တဆယ့်နှစ်ယူဇနာကျယ်ဝန်းလျက် ရတနာတံတိုင်းဖြင့် ခြံရံအပ်သောမြို့ကြီးဖြစ်ဘူးပြီ"ဟု မိန့်တော်မူကာ မဟာသုဒဿနသုတ် ဒေသနာတော်ဖြင့် အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**မထသောနေရာ အိပ်သောခါ**

လွန်လေပြီးသောအခါ မြို့ကြီးပေါင်းရှစ်သောင်း လေးထောင်တို့ဖြင့် ခြံရံအပ်သော ကုသဝတီပြည်ကြီးဝယ် မဟာသုဒဿနမည်သော စကြာမင်းကြီး ဖြစ်လေ၏။

ထိုမဟာသုဒဿန စကြာမင်းကြီးသည် နှစ်ပေါင်းများစွာ ထီးနန်းစည်းစိမ်ကို ခံစားပြီး၍ စုတေမနေ သေလွန်ရမည့်နေ့ဝယ် သုဓမ္မမည်သော ပြာသာဒ်တော်မှ ဆင်းသက်ကာ ရတနာခုနစ်ပါးဖြင့် ပြီးသောထန်းတောဝယ် ခင်းထားအပ်သော ညောင်စောင်း၌ မထသောအိပ်ခြင်းဖြင့် အိပ်တော်မူလေ၏။

**ငိုကြွေးလေငြား မိဖုရားများ**

ထိုအခါ သုဘဒ္ဒါမိဖုရားကြီးသည် မင်းကြီးအား "အရှင်မင်းကြီး....ကုသဝတီနေပြည်တော်ကြီး အမှူးရှိကုန်သော မြို့ကြီးပေါင်း ရှစ်သောင်းလေးထောင်တို့ကား အရှင်မင်းကြီး ပစ္စည်းဥစ္စာတို့ဖြစ်ပါသည်၊ ၎င်းတို့၌ချစ်ခြင်းကိုပြုတော်မူပါ" ဟု လျှောက်ထားလေ၏၊ မင်းကြီးလည်း မိဖုရားကြီးအား "အရှင်မိဖုရားကြီး.... ဤသို့မဆိုလင့် ဤမြို့ကြီးပေါင်း ရှစ်သောင်းလေးထောင်တို့၌ ချစ်ခြင်းကို ပယ်ဖျောက်လော့၊ငဲ့ကွက်ခြင်းကိုမပြုပါလင့်ဟု ငါ့ကိုဆုံးမလော့" ဟု ဆိုလေ၏။

"အရှင်မင်းကြီး..အဘယ့်ကြောင့်ဤသို့ဆုံးမရမည်နည်း"

"ရှင်မိဖုရားကြီး.... ယနေ့ငါသည် စုတေမနေ .သေလွန်တော့မည်" ဟု ပြော၏၊ ထိုအခါ သုဘဒ္ဒါမိဖုရားကြီးသည် မျက်ရည်ကိုသုတ်၍ဆင်းရဲငြိုငြင်စွာ မင်းကြီးအဆိုခိုင်းတိုင်း ဆိုပြီးလျှင် သည်းစွာငိုကြွေးလေ၏။

ရှစ်သောင်းလေးထောင်သောမင်းမိန်းမတို့သည် သည်းစွာငိုကြွေးကြကုန်၏၊ အမတ်အစရှိသော သူတို့လည်း တဦးတယောက်မျှ အောင့်အည်းသည်းခံခြင်းငှါ မတတ်နိုင်ဘဲ အလုံးစုံပင် ငိုကြွေးကြကုန်၏။

**သန္နိရတင်နတ်ပြည်ဝင်**

မဟာသုဒဿန စကြာမင်းကြီးလည်း အလုံးစုံသော သူတို့ကို မငိုကြွေးကြနှင့်ဟု တားမြစ်ပြီးလျှင် သုဘဒ္ဒါမိဖုရားကြီးကိုခေါ်၍—

"အရှင်မိဖုရားကြီး....နှမ်းစေ့ခန့် သင်္ခါရတရားကို အစပြု၍ အလုံးစုံသော သင်္ခါရတရားတို့သည် မမြဲကုန်၊ ဖြစ်တတ်,ပျက်တတ်သော သဘောရှိကုန်၏၊ ဖြစ်ပြီး၍ ချုပ်ပျက်ကြရကုန်၏၊ သင်္ခါရတရားတို့ ချုပ်ငြိမ်းရာနိဗ္ဗာန်သည်သာ ချမ်းသာ၏"—

ဟု မိဖုရားကြီးအား ဆုံးမလျက် အမြိုက်နိဗ္ဗာန်ကို အထွတ်တင်ကာ တရားဟောတော်မူ၏၊ မိဖုရားကြီးမှ ကြွင်းသောသူတို့ကိုလည်း "အလှူပေးကြကုန်၊ သီလဆောက်တည်ကြကုန်၊ ဥပုသ်စောင့်ကြကုန်"ဟု နောက်ဆုံး စကားမှာကြားသောအနေနှင့် မှာကြားခဲ့၍ သားကြီးရတနာကိုလည်း စကြာမင်းစည်းစိမ်ကို လွှဲအပ်ကာစုတေ၍နတ်ပြည်၌ ဖြစ်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါသုဘဒ္ဒါမိဖုရားကြီးသည်-ယခုအခါယသော ဓရာ။

※ သားကြီးရတနာသည်– ရာဟုလာ။

※ ကြွင်းသောပရိသတ်သည်-ငါဘုရားပရိသတ်။

※ မဟာသုဒဿန စကြာမင်းကြီးသည်– ငါဘုရားဖြစ် လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) သခ်ါရစစ်၊ မမြဲလစ်၊ ဖြစ်,ပျက်သဘောရှိ။

(၂) သခ်ါငြိမ်းရာ၊ နိဗ္ဗာန်သာ၊ ချမ်းသာစစ်ဟုသိ။

မဟာသုဒဿနဇာတ်ပြီး၏။

---

## ၉၆-တေလပတ္တဇာတ်

**ပဉ္စုပ္ပန်ဝတ္ထု**

**ဆိခွက်ကိုင်ဘိ ကာယသတိ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ကောသလ္လ ဒေသနိဂုံးကို အမှီပြု၍ တောအုပ်တခု၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့အားဇနပဒကလျာဏီမိန်းမမြတ် အနားတွင် နခမ်းနှင့်အညီ ပြည့်လျှံနေသော ဆီခွက်ကို မဘိတ်ရအောင် ဆောင်ယူသွားနိုင်သည့် ယောကျ်ားပမာ ကာယဂတာသတိကို ပွားများ၍ ဣန္ဒြေစောင့်စည်း အပ်ကြောင်းကို ဆုံးမတော်မူ၏။

ဇနပဒကလျာဏီဆိုသည်မှာ အပြစ်ခြောက်ပါးကင်း၍ ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံကာ အလွန်လှပ ပြေပြစ်

သဖြင့်*ဇနပုဒ်တခုလုံး ကျော်ကြားသည် မြတ်စွာဘုရားနှမတော် မိန်းမမြတ်တဦးကို ဆိုလိုသည်။

### အပြစ်ခြောက်ပါးကင်းခြင်း

ထိုဇနပဒကလျာဏီကား—

(၁) မမြင့်လွန်း။
(၂) မနိမ့်လွန်း။
(၃) မပိန်လွန်း။
(၄) မဝလွန်း။
(၅) မမည်းလွန်း။
(၆) မဖြူလွန်း။

ဟူ၍ အပြစ်ခြောက်ပါး ကင်း၏၊ လူ့ဘို့အဆင်းကို လွန်ကာ နတ်တို့အဆင်းသို့လည်း မရောက်၊ ရှုကြည့်၍မဝနိုင်လောက်အောင် လှပပြေပြစ်၏။

### ကောင်းခြင်းငါးပါးနှင့်ပြည့်စုံခြင်း

(၁) အရေ၏ကောင်းခြင်း။
(၂) အသား၏ကောင်းခြင်း။
(၃) အကြော၏ကောင်းခြင်း။
(၄) အရိုး၏ကောင်းခြင်း။
(၅) အရွယ်၏ကောင်းခြင်း။

ဤကောင်းခြင်းငါးပါးနှင့် ပြည့်စုံ၏။

---

* ဇနပုဒ်....တိုင်းပြည်ကြီးတခုလုံးကိုခေါ်သည်၊ အချို့နေရာ၌ ရွာငယ်ရွာသိမ်ကိုလည်းခေါ်သည်။

**အရေ၏ကောင်းခြင်း**....နေသော နေရာဝယ် မိုးထွန်း ဘွယ်ကိစ္စမရှိ၊ ဆယ့်နှစ်တောင် အတွင်း၌ ကိုယ်ရောင်ဖြင့် လင်းသည်၊ ပျဉ်းပွင့်ကဲ့သို့ ဝါရွှေသော အဆင်းရှိသည်။

**အသား၏ကောင်းခြင်း**...လက်ဖဝါး,ခြေဖဝါး,နှုတ်ခမ်း နှစ်ဘက်တွင် အသား တို့မှာ ချိပ်ရည်ဖြင့် ဆိုးထားသည့် အလား နီမြန်းလျက်ရှိသည်။

**အကြော၏ကောင်းခြင်း**....ခြေသည်း လက်သည်း တို့မှာ အသား မလွတ်သော နေရာ ဝယ် ချိပ်ရည်ပြည့်သကဲ့သို့ နီမြန်းလျက် လွတ်သောနေရာ ဝယ် နို့ရည်အဆင်းကဲ့သို့ ဖြူဖွေးလျက်ရှိသည်။

**အရိုး၏ကောင်းခြင်း**....သုံးဆယ့်နှစ်ချောင်းသော သွားတို့သည် မခေါ်,မကြဲကောင်းစွာ စေ့စပ်ပြေပြစ်လျက် သွေးပြီးဝရဇိန်ကို စီထားသကဲ့သို့ အရောင်ထွက်၍ ဖြူဖွေးလျက်ရှိ၏။

**အရွယ်၏ကောင်းခြင်း**...အသက် တရာ့နှစ်ဆယ်ပင် ရှိသော်လည်း အသား အရည် မတွန့်လိပ်ဘဲ တဆယ့် ခြောက်နှစ်အရွယ်ကဲ့သို့ဖြစ်သည်။

ဇနပဒကလျာဏီသည် ကခြင်း, သီခြင်းတို့၌ အလွန် လိမ္မာသည်၊ "ရဟန်းတို့.... ဤသို့မိန်းမမြတ် အင်္ဂါ လက္ခဏာနှင့် ပြည့်စုံ၍ လူတိုင်းပင် မကြည့်ရှုဘဲ မနေနိုင် လောက်အောင် လှပသော ဇနပဒကလျာဏီ အနီးဝယ် မေ့လျော့ကာကြည့်ရှုမိ၍ ဆီခွက်ဖိတ်သွားလျှင် ဓားသန် လျက်ဖြင့် ဦးခေါင်းကိုဖြတ်၍သတ်မည်"ဟု ဓားသန်လျက် မိုးကာ လိုက်နေသော နခမ်းရေးနှင့်ညီမျှအောင် ဆီပြည့် သော ဆီခွက်ကိုကိုင်၍သွားသည့် ယောကျ်ား၏သတိကဲ့သို့ ကာယဂတာသတိကို ပွားများကာ ဣန္ဒြေကို စောင့်စည်း ကြရမည်။

**အာရုံခြောက်ဖြာ ရှောင်ကြဉ်ရာ**

ရှေးပညာရှိတို့သည် မမေ့မလျော့ သတိကို မလွတ်စေဘဲ ဘီလူးမတို့ဖန်ဆင်း၍ ပြအပ်သော နတ်၌ဖြစ်သည့် ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဤအာရုံငါး ပါးတို့ကို ဣန္ဒြေကဖျက်ဆီးကာ ကြည့်ရှုခြင်း,နားထောင် ခြင်း,နမ်းရှုခြင်း,လျက်မျိုစားသောက်ခြင်း,တွေ့ထိခြင်းတို့ကို မပြုလုပ် မသာယာဘဲ သွားသောကြောင့် မင်းအဖြစ်ကို ရောက်ဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါ အတိတ် ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**ပဉ္စကဗုဒ္ဓါ လျှောက်ထားရာ**

လွန်လေပြီးသော အခါဗာရာဏသီပြည် ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရား အလောင်းသည် ထိုဗြဟ္မဒတ် မင်း၏သားတထောင်တို့အနက်အငယ်ဆုံးသားဖြစ်လေ၏၊

အစဉ်သဖြင့် ကြီးပျင်းကာ လိမ်မာသော အရွယ်သို့ ရောက်လျက်ရှိ၏၊ ထိုအခါ မင်းကြီး၏ နန်းတော်ဝယ် ရှင်ပစ္စေကဗုဒ္ဓါတို့လည်း ဆွမ်းဘုဉ်းပေးကြကုန်၏၊ ထိုမင်းသားငယ်သည် ရှင်ပစ္စေကဗုဒ္ဓါတို့ အမှုကြီးငယ်ကို ပြုလုပ်လေ့ရှိ၏။

တနေ့သ၌ ထိုမင်းသားငယ်သည် ငါ့အား အစ်ကိုများ စွာရှိ၏၊ ဤဗာရာဏသီပြည်ဝယ် မင်းအဖြစ်ကို ရအံ့လော၊ မရအံ့လော၊ ရှင်ပစ္စေကဗုဒ္ဓါတို့ကို လျှောက်ထားကာ သိရလတံ့ဟု ကြံစည်၍ နှစ်ရက်မြောက်သော နေ့ဝယ် ရှင်ပစ္စေကဗုဒ္ဓါတို့ ကြွလာသည်ရှိသော် ဝတ်ကြီးဝတ်ငယ်ပြုကာ ဆွမ်းမစားမီ ခဲဘွယ်စားနေခိုက် ရှင်ပစ္စေကဗုဒ္ဓါတို့အားမိမိကြံစည်ထားသည့်အတိုင်းလျှောက်ထားလေ၏။

**နည်းလမ်းညွှန်ပြသတိရှိမှ**

ရှင်ပစ္စေကဗုဒ္ဓါတို့လည်း "မင်းသားငယ်….သင်ဤဗာရာဏသီပြည်မှာမင်းဖြစ်မည်မဟုတ်၊ ယူဇနာတရာ့နှစ်ဆယ်ဝေးကွာသော ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်ဝယ် ရောက်အောင်သွားနိုင်ပါလျှင် ဤနေ့မှစ၍ခုနစ်ရက်မြောက်သောနေ့၌ မင်းဖြစ်လတံ့၊ ခရီးအကြားတောအုပ်ကြီးဝယ် ဘေးရန်များရှိသည်၊ ဘေးရန်ကိုကွင်း၍သွားလျှင် ယူဇနာတရာရှိသည်၊ တောနက်ကြီးကား အဖြောင့်သွားလျှင် ယူဇနာငါးဆယ်သာရှိသည်၊ ဤယူဇနာငါးဆယ်မှာ ဘီလူးတို့နေရာ ဘီလူးစောင့်သော အမနုဿကန္တာရဖြစ်သည်။

ဘီလူးတို့မှာ မိမိတို့နေရာဝယ် မြို့ရွာကိုဂုင်း, စရပ်တန်ဆောင်းကိုဂုင်း ဘန်ဆင်းကြသည်၊ လာလာသမျှခရီးသွား

တို့ကို အဆင်းဖြင့်၎င်း, အသံဖြင့်၎င်း, အနံ့ဖြင့်၎င်း, အရသာဖြင့်၎င်း, အထိအတွေ့ဖြင့်၎င်း သွေးဆောင် ဖြားယောင်းကာ မိမိတို့နှင့် မွေ့လျော် ကြူးလွန်သောအခါ သွေးစက်စက်ယိုစေလျက် အသက်ကိုသတ်၍ စားကြကုန်၏၊ ထို့ကြောင့် ငါးပါးသော ဣန္ဒြေကိုဖျက်ဆီးကာ ဘီလူးမတို့အလိုသို့မလိုက်ဘဲ သတိကြီးစွာနှင့်သွားနိုင်လျှင် မုချမင်းဖြစ်မည်''ဟု မိန့်တော်မူကြကုန်၏။

**မင်းပြုသွားလေ တက္ကသိုလ်ပြည်**

မင်းသားငယ်လည်း''အရှင်ဘုရားတို့··ဘေးရန်များသည်ဖြစ်ပါစေ၊ ဘီလူးမတို့ကို ဂရုမစိုက်ပါ၊ အကျွန်ုပ် သွားပါအံ့'' လျှောက်ထား၍ အရှင်ပစ္စေကဗုဒ္ဓါတို့ထံမှ ပရိတ်တရားတော်ကို နာယူပြီးလျှင် ပရိတ်သဲ,ပရိတ်ချည်, ပရိတ်ပန်းတို့ကို ယူဆောင်လျက် အရှင်ပစ္စေကဗုဒ္ဓါတို့ကို၎င်း၊ အမိအဘတို့ကို၎င်း၊ ရှိခိုးကန်တော့ပြီးလျှင် မိမိအိမ်သို့သွား၍မင်းချင်းယောကျ်ားတို့အား-''အမောင်တို့··ငါတက္ကသိုလ်ပြည်သွား၍မင်းပြုမည်၊နေရစ်ကြကုန်လော့'' ဟု မှာကြားလေ၏၊ ''အရှင်မင်းသား···· အကျွန်ုပ်တို့လည်းနောက်တော်က မကွာလိုက်ပါမည်'' လျှောက်ထားသောအခါ''အမောင်တို့····အတူသွား၍ မဖြစ်နိုင်၊ လမ်းခရီးမှာ ဘီလူးမတို့သည် အာရုံငါးပါးဖြင့် ဖြားယောင်းသွေးဆောင်ကာ သတ်၍စားကြသည်၊ ဘေးရန် အလွန်များသည်၊ ငါမူကား သည်အာရုံတွေကို ဂရုမစိုက်၊ မလိုက်စား''ဟုပြောပေ၏၊ ''အရှင်မင်းသား···· ကျွန်ုပ်တို့လည်း ဂရုမစိုက် မလိုက်စားကြပါ၊ လိုက်ပါရစေ''ဟု တဖန်လျှောက်ကြပြန်၏၊ ''ကောင်းပြီ ငါလိုနေနိုင်လျှင် လိုက်ခဲ့



တက္ကသိုလ်ပြည်သွား ခရီးသည်မင်းသားများအား ဘီလူးမများက အာရုံငါးပါးဖြင့် လှည့်ဖြားနေပုံ

ကြ၊ မမေ့မလျော့ကြနှင့်” ဟု ပြောဆိုခွင့်ပြုပြီးလျှင် ခေါင်ငင်ကာ နောက်ပါ ငါးယောက်တို့နှင့်တကွ စားနပ်ရိက္ခာ အပြည့်အစုံစီမံ၍ တက္ကသိုလ်ပြည်သို့ သွားကြကုန်၏။

**အာရုံလှည့်ဖြား ဘီလူးစား**

ဘီလူး တို့နေရာ အမနုဿကန္တာရသို့ ရောက်လျှင် ဘီလူးမတို့သည် မြို့ရွာစရပ် တန်ဆောင်းစသည် ဘန်ဆင်း၍ ရုပ်အချောဆုံး ရူပါရုံကို ဘန်ဆင်းကာ နေနှင့်ကြ၏၊ ထိုအခါ ရူပါရုံကို နှစ်သက်သော ယောကျ်ားသည် ဘီလူးမတို့ကို မြင်လျှင် မခွဲနိုင်မခွါရက်တော့ဘဲ နောက် အနည်းငယ်ချန်၍ နေရစ်၏၊ မင်းသားက- “အမောင်.... ဘာကြောင့် နောက်ချန်၍ နေသနည်း”ဟု မေးလျှင် ခြေနာလို့ပါ၊ ခဏ စရပ်တွင် နားပါရစေ၊ “အမောင်.... ဘီလူးမတို့ကို မတောင့်တနှင့်၊ “အရှင်မင်းသား.... ဖြစ်လိုရာဖြစ်ပါစေ တော့၊ မရလျှင် မနေနိုင် တော့ပါ” ဟု ပြောလေ၏၊ “အမောင်...သည်လိုဖြစ်လျှင် မကြာမီ သိရလိမ့်မည်”ဟု ဆို၍ ကြွင်းလေးယောက်တို့ကို ခေါ်၍ သွားလေ၏။

ဘီလူးမတို့လည်း ကျန်ရစ်သော ယောကျ်ားကို ရူပါရုံနှင့် ဖြားယောင်းကာ မိမိအလိုပါ၍ လွန်ကျူးသောအခါ သတ်၍ စားသောက်ကြကုန်၏။

ရှေ့သို့သွားမိလျှင် တဖန် စရပ်တခုတွင် သီချင်းဆိုကာ အတီးအမှုတ်မျိုးစုံသဒ္ဒါရုံကို ဘန်ဆင်းကာနေနှင့်ကြကုန်၏၊ သဒ္ဒါရုံကို နှစ်သက်သော ယောကျ်ား ကျန်ရစ်ခဲ့ပြန်၏၊ တဖန်ဂန္ဓာရုံကို တွေ့ပြန်လျှင် ဂန္ဓာရုံကို နှစ်သက်သော ယောကျ်ားကျန်ရစ်ခဲ့ပြန်၏၊တဖန် ရသာရုံနှင့် တွေ့ပြန်လျှင်

ရသာရုံကိုနှစ်သက်သော ယောက်ျားကျန်ရစ်ခဲ့ပြန်၏၊ တဖန် ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ပြန်လျှင် ဖောဋ္ဌဗ္ဗာရုံကို နှစ်သက်သော ယောက်ျားကျန်ရစ်ခဲ့ပြန်၏၊ မင်းသားလည်း နောက်ပါ ငါးယောက်လုံး ကျန်ရစ်ခဲ့၍ ပျက်စီးသောအခါ တယောက် ထည်းသာ သတိဝီရိယဖြင့် သွားရလေ၏။

**အမျိုးမျိုးလှည့်ကြ ဘီလူးမဥာဏ်**

ထိုအခါ ဘီလူးမ တယောက် သည် ဤယောက်ျားကား အမှန် အားဖြင့် အလွန် ထက်မြက်သော ပညာရှိ၏၊ ငါသည် ထိုယောက်ျားကို စားပြီးမှ ပြန်မည်ဟု မင်း သား၏ နောက်မှ တကောက်ကောက်လိုက်လေ၏၊ တော အုပ်၌ အမှုလုပ်စသော သူတို့သည် အကြောင်းကို မသိကြ သဖြင့် ဘီလူးမအား "သူယေ်မ‥ရှေ့က သွားသူသည် သင် နှင့် ဘယ်လိုတော်သနည်း"ဟု မေး၏၊ "အမောင်တို့‥‥ ကျွန်ုပ်ငယ်လင်ယောက်ျား ဖြစ်ပါသည်" ဟုပြောသော အခါ"အချင်းယောက်ျား‥ဤသတို့သမီးငယ်ကား သိမ်မွေ့ နူးညံ့လှ၏၊ ရွှေအဆင်းကဲ့သို့ ဝါဝင်းလှပ၏၊ လင်ကိုချစ် ၍ မိဘကိုပစ်ကာ လိုက်လာပါလျက် အဘယ့်ကြောင့် မပင်ပန်းရအောင် ဆောင်ယူမသွားဘိသနည်း" ဟု ပြော ကြသောအခါ"အမောင်တို့‥‥ ဤမိန်းမကား ငါ့မယား မဟုတ်၊ လူယောင် ဆောင်လိုက်လာသော ဘီလူးမ ဖြစ် သည်၊ ငါ့တပည့် ငါးယောက်ကို သူပင်သတ်၍ စားချေပြီ" ဟု ပြောလေ၏၊ ထိုအခါ ဘီလူးမက- "အမောင်တို့‥‥ လင်ယောက်ျားတို့မည်သည်ကား အမျက်ထွက်သောအခါ မိမိမယားကိုပင် ဘီလူးမ,ပြိတ္တာမ ဟုပြောဆို ရရွတ်လေ့ ရှိပါသည်"ဟုပြောလေ၏။

**မင်းသားလှည့်မရ လက်မှိုင်ချ**

ထိုဘီလူးမသည် တခါတရံ ကိုယ်ဝန်ဆောင်မိန်းမအသွင်, တခါတရံ သားငယ်ကို ရင်ခွင်ပိုက်သော မိန်းမအသွင်, ဤသို့အသွင်အမျိုးမျိုး ဖန်ဆင်းကာ မင်းသားနောက်မှ လိုက်လေ၏၊ မြင်တိုင်း,မြင်တိုင်း သူတို့မေးလျှင် ရှေးနည်းအတိုင်းသာ ပြောလေ၏။

တဖြည်း ဖြည်း သွားလတ်သော် မင်းသား သည် တက္ကသိုလ်ပြည်သို့ ရောက်၍ မြို့တံခါးရှိ စရပ်တခုတွင် နားနေလေ၏၊ ဘီလူးမလည်း မင်းသား၏တန်ခိုးကြောင့် စရပ်တွင်းသို့ မဝင်နိုင်ဘဲ စရပ်တံခါးတွင် နတ်သမီးအသွင် ဖန်ဆင်းကာ နေလေ၏။

**ဘုရင်ကောက်ကာ မိဖုရားအရာ**

တက္ကသိုလ်မင်းလည်း ဥယျာဉ် ကစားသွားရာ စရပ် တံခါးတွင် နေသော ဘီလူးမကိုမြင်ရာ အလွန်တပ်စွန်းသော စိတ်ရှိသည်ဖြစ်၍ လင်ရှိ,မရှိကို သိရအောင် စုံစမ်းချေဟု မင်းချင်းတယောက်ကို ခိုင်းလေ၏၊ မင်းချင်းလည်း အနားသို့ကပ်ကာ၊ "အိုသူငယ်မ···· လင်ရှိသလော"ဟု မေး၏၊ "အမောင်····ရှိပါသည်၊ စရပ်၌ နေသူမှာ ကျွန်မလင် ဖြစ်ပါသည်"ဟုပြော၏၊ ထိုအခါ မင်းသားသည် "အမောင်···· ဤမိန်းမကား ငါ့မယားမဟုတ်ပါ၊ ဘီလူးမ ဖြစ်ပါသည်၊ ငါ့တပည့် ငါးယောက်ကို သူပင် သတ်၍ စားချေပြီ"ဟု ပြောလေ၏၊ ထိုအခါ ဘီလူးမက "အမောင်···· အမျက်ထွက်၍ ပြောခြင်းဖြစ်ပါသည်"ဟု ဆိုလေ၏။

မင်းကြီးလည်း ထိုသူနှစ်ယောက်တို့စကားကို ကြားလျှင် အရှင်မရှိသော ပစ္စည်းကား မင်းဘဏ္ဍာဖြစ်သည် ဟုဆိုကာ ဘီလူးမကို ယူပြီးလျှင် ဆင်တစီးမှာ တင်စေလျက် မြို့ကို လက်ျာရစ်လှည့်၍ နန်းတော်သို့ရောက်လျှင် မိဖုရားအရာ၌ ထားလေ၏။

**ဘီလူးမလှည့်ဖြား နန်းလုံးစား**

ဘီလူးမလည်း ညဥ့်အခါ မင်းကြီးနှင့်အတူ မွေ့လျော်ကာ အိပ်လတ်သော် အနည်းငယ် အိပ်ချင်ဆောင်ကာ ထ၍ ငိုလေ၏၊ မင်းကြီးနိုးလတ်၍ "အရှင်မ....အဘယ့်ကြောင့် ငိုသနည်းဟုမေး၏၊ "အရှင်မင်းကြီး....နန်းတွင်းသူတို့သည် အကျွန်ုပ်ကို ဤမိန်းမမှာ လမ်းခရီးမှ ကောက်ယူထားသော မိန်းမဖြစ်သည်၊ သူ့မိဘဆွေမျိုး ဉာတိကို ဘယ်သူမျှ မသိဟု စကားဖြစ်ကာ နှိပ်စက်ကြပါလိမ့်မည်၊ သို့အတွက် ဘယ်သူမျှ မော်၍ မကြည့်ဝံ့အောင် တပြည်လုံး စိုးပိုင်သည့် အာဏာကို ပေးတော်မူပါ"ဟု တောင်းလေ၏၊ "အရှင်မ....တပြည်လုံး စိုးပိုင်သည့် အာဏာကိုမပေးနိုင်ပါ"ဟုပြောသောအခါ "အရှင်မင်းကြီး..ထိုသို့ဖြစ်လျှင် နန်းတွင်းသူ နန်းတွင်းသားတို့ကို စိုးပိုင်သည့် အာဏာကို ပေးပါ"ဟု တောင်းပြန်၏၊ မင်းကြီးလည်း နတ်အတွေ့ကို တွေ့သည့်အတွက် ဘီလူးမစကားကို မလွန်ဆန်နိုင်တော့ဘဲ "အရှင်မ....ယူပါ"ဟု ပေးလိုက်လေ၏။

ဘီလူးမလည်း မင်းကြီးအိပ်ပျော်သောအခါ ဘီလူးမြို့သို့သွားကာ ဘီလူးတို့ကိုခေါ်ခဲ့၍ မင်းကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသား ခွေး,ကြက်တို့မကျန် အလုံးစုံတို့ကို

သတ်၍ စားပြီးလျှင် အရိုးတို့ကို ကြွင်းကျန်စေလျက် ဘီလူးတို့နှင့်အတူ ဘီလူးမြို့သို့ပြန်လေ၏၊ တနန်းတော်လုံး ဆိတ်ငြိမ်ကာ သုသာန်တစပြင်ကဲ့သို့ နေလေတော့၏။

**နန်းတော်တခုလုံး ကြေပျက်ပြုန်း**

နံနက်လင်းသောအခါ မြို့သူ မြို့သား တို့သည် ဘာသံမျှမကြား တနန်းတော်လုံး တိတ်ဆိတ်၍ တံခါးတွေပိတ်မြဲတိုင်းပိတ်နေသည်ကိုမြင်ကြသောအခါ ဓား,ပုဆိန်တို့ဖြင့် နန်းတော်တံခါးတို့ကို အတင်းချိုးဖြတ်ကာ ဝင်ကြလေကုန်၏၊ အရိုးစုတို့ကိုသာ တွေ့မြင်ကြရသောအခါ“ညနေက မြို့တံခါးစရပ်တွင်နေသော ယောကျ်ားကဘီလူးမဟုပြောသည့်စကား မှန်ပေသည် အလွန်ပညာရှိသောယောကျ်ားကောင်းဖြစ်သည်၊ ငါတို့မင်းကြီးမှာ ထိုယောကျ်ားစကားကိုမနာယူဘဲ ဘီလူးမကို မိဖုရားမြှောက်မိသည့်အတွက် ညဥ့်အခါ အဘော်ဘီလူးများခေါ်ကာ တနန်းတော်လုံး ခွေး, ကြက်မကျန် ပြုတ်ပြုတ်ပြုန်းအောင် သတ်၍ စားသွားချေပြီ”ဟုပြောဆိုလျက် မကောင်းသော အညစ်အကြေးအရိုးတို့ကို ယူငင်သုတ်သင်ရှင်းလင်း၍ တနန်းတော်လုံး ပန်းနံ့သာ အခိုးအထုံတို့ဖြင့် မွှန်းမံချယ်လယ်ကြကုန်၏။

**ချင်းချန်းတိုင်ပင် မင်းမြှောက်တင်**

မင်းသားလည်း ထိုစရပ်မှာပင် ပရိတ်သဲကို ဦးခေါင်း၌ထား၍ ပရိတ်ချည်ကို ကာရံလျက် မိုးလင်းသည်တိုင်အောင် မအိပ်တော့ဘဲ သန်လျက်ကိုစွဲကိုင်ကာ သတိကြီးစွာဖြင့် နေရလေ၏။

နန်းတော်ကို ပြင်ဆင်ပြီးသောအခါ တိုင်းသူပြည်သား တို့သည် အညီအညွတ်စည်းဝေးကြလျက်"အမောင်တို့…ငါ တို့မင်းကြီး နတ်ရွာစံချေပြီ၊ နန်းမွေဆက်ခံသူလည်း မရှိ တော့ပြီ၊ မြို့တံခါးစရပ်တွင် တည်းခိုနေသော ယောကျ်ား ကား ပညာရှိယောကျ်ားမြတ်ဖြစ်သည်၊ ဘီလူးမဟု သူပင် ပြောပေသည်၊နတ်သမီးအသွင် ဘန်ဆင်းကာ နောက်က လိုက်လာသောဘီလူးမကို ဣန္ဒြေတို့ကိုဖျက်ကာကြည့်ရှုခြင်း မျှပင်မပြုလေ၊ အလွန် စိတ်တည်ကြည်၏၊ အမြော် အမြင် ဉာဏ်ပညာနှင့်ပြည့်စုံ၏၊ တိုင်းပြည်ကိုမင်းပြုစေကာ အဆုံး အမကိုခံယူရမူ တပြည်လုံး ချမ်းသာကြီးပွားလတ္တံ့"ဟု တ ပြည်လုံး သဘောတူကာ မင်းသားထံသွား၍ မင်းပြုရန် တောင်းပန်ပြီးလျှင် နန်းတော်သို့ပင့်၍ ရတနာအစု၌ ထား ကာ အဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်၏။

**ဝိပဿနာအရာ ဥပမာ**

မင်းသားလည်း ရှင်ပစ္စေကဗုဒ္ဓါတို့ ဆုံး မသောအတိုင်းလိုက်နာသဖြင့်တက္ကသိုလ် ပြည် မင်းအဖြစ်ကိုရ၍ အဂတိလေးပါး မလိုက်စားဘဲတရားနှင့်အညီ မင်းပြုလျက် အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုကာ သေလွန်သောအခါ ကံအား လျော်စွာ လားရလေ၏။

မြတ်စွာဘုရားလည်း ဘုရားဖြစ်တော်မူသောအခါ၌—

"ရဟန်းတို့…. နခမ်းရေးနှင့် ညီမျှ နေအောင် ပြည့်သောဆီခွက်ကို ဆောင်ယူသွားသော သူသည် မဖိတ်အောင်သတိရှိရသကဲ့သို့ ထို့အတူ တကြိမ်တ ခါမျှ မရောက်ဘူးသောနိဗ္ဗာန်သို့ ရောက်လိုသော

သူသည် သတိကြီးစွာထား၍ စိတ်ကိုစောင့်ရှောက်
ရမည်’’—
ဟု နိဗ္ဗာန်ကို အထွတ်တပ်ကာ တရားဟောတော်မူ၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ တက္ကသိုလ်မင်း ပရိသတ်သည်- ယခုအခါ ငါ့ဘုရားပရိသတ်။

※ တက္ကသိုလ်မင်းသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) သတိကိုဆောင်၊ မဖိတ်အောင်၊ ဆောင်ယူဆိခွက်လို။
(၂) နိဗ္ဗာန်သို့သွား၊ သတိထား၊ စောင့်ငြားစိတ်ထိုထို။

တေလပတ္တဇာတ်ပြီး၏။

---

## ၉၇—နာမသိဒ္ဓိဇာတ်

### ပဌမပဏ္ဏာသ၊

**မင်္ဂလာမကောင်း နာမည်ပြောင်း** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အမည်ပြောင်းလိုသော ရဟန်းတပါးရှိလေ၏၊ ထိုရဟန်းသည် အမည်အားဖြင့်ငယုတ်မာမည်၏။

သီတင်းသုံးဘော်ရဟန်းတို့သည် ထိုရဟန်းအား "ငါ့ရှင်ယုတ်မာ သွားလော့,လာလော့,နေလော့, ထိုင်လော့, စသည်ဖြင့် ပြောဆိုနေကြကုန်၏၊ ထိုအခါ ထိုရဟန်းသည် တနေ့သ၌သီတင်းသုံးဘော်တို့သည် ငါ့ကိုယုတ်မာ- ယုတ်မာဟု ခေါ်ဝေါ်ပြောဆိုနေကြ၏၊ ယုတ်မာဟူသော အမည်မှာလည်း ကြားရာ၌သုတိမင်္ဂလာမဖြစ်၊မင်္ဂလာရှိသော အမည်တခုကို ပြောင်းမည်ဟုကြံစည်ကာ ဆရာဥပဇ္ဈာယ်တို့ထံကပ်၍ "အရှင်ဘုရား.... တပည့်တော်၏ အမည်မှာ မင်္ဂလာမရှိ သို့အတွက် မင်္ဂလာရှိသော အမည်တခုကို ပြောင်းပေးပါ"ဟု လျှောက်လေ၏။

ဆရာ ဥပဇ္ဈာယ်တို့လည်း "ငါ့ရှင်.... အမည်ကား ပညတ်မျှသာဖြစ်၏၊အမည်ဖြင့် တစုံတရာအကျိုး ပြီးသည်မဟုတ်၊ရှိရင်းအမည်ဖြင့်သာတင်းတိမ်ပါ"ဟု ဆိုသော်လည်း ပြောင်းပေးရန်သာ အကြိမ်ကြိမ်လျှောက်ထားလေ၏။

ထိုအကြောင်းသည် သံဃာ့ဘောင်၌ ထင်ရှား လာသဖြင့် တရားသဘင်ဝယ် ရဟန်းတို့စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူပြီးလျှင် "ရဟန်းတို့.... ဤရဟန်းကား ယခုအခါ၌သာ အမည်ပြောင်းလိုသည် မဟုတ်၊ ရှေးအခါ၌လည်း ပြောင်းလိုဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**သုတိမင်္ဂလာ စုံစမ်းရှာ**

လွန်လေပြီးသောအခါ တက္ကသိုလ်ပြည်ဝယ် ဘုရားအလောင်းသည် ဒိသာပါမောက္ခဆရာကြီးဖြစ်၍ တပည့်ငါးရာ

တို့ကို ဗေဒင်သင်ကြားကာနေလေ၏၊ ထိုဆရာကြီး တပည့် ငါးရာတို့အနက် တပည့်တယောက်ကား အမည်အားဖြင့် ယုတ်မာ မည်လေ၏။

ထိုအခါ အပေါင်းအဖော် တို့သည် ယုတ်မာအား ယုတ်မာ သွားလော့, လာလော့, နေလော့, ထိုင်လော့, စသည်ဖြင့် ပြောဆိုကြကုန်၏၊ ယုတ်မာသည် ငါ့အမည်ကား ကြားရာ၌ သုတိမင်္ဂလာမရှိ၊ မင်္ဂလာရှိသော အမည်တခုကို ပြောင်းမည်ဟု ကြံစည်ကာ ဆရာကြီးထံ ကပ်၍ "ဆရာကြီး....ကျွန်ုပ်အမည်ကား မင်္ဂလာမရှိပါ၊ မင်္ဂလာရှိသော အမည်တခုကို ပြောင်းပေးပါ"ဟု တောင်းပန်လေ၏။

ဆရာကြီးလည်း "အမောင်....အမည်သညာမှာ ခေါ်ဝေါ်ပညတ်မျှသာဖြစ်၏၊အမည်ဖြင့် တစုံတရာ အကျိုးမပြီးနိုင်၊သို့အတွက် ရှိရင်းအမည်ဖြင့်သာကြေနပ်တင်းတိမ်ပါ" ဟုပြောဆိုသော်လည်း အကြိမ်ကြိမ်တောင်းပန် နေသဖြင့် ဆရာကြီးက တဖန်"အမောင်....ကောင်းပြီ ပြောင်းပေးမည်၊သင်ကြေနပ်သော အမည်တခုခုကို ရှာဖွေစုံစမ်းချေ" ဟု စေခိုင်းလိုက်၏။

**သက်ရှည်ခေါ်ပြန် သေရပြန်**

ယုတ်မာလည်း ဆရာထံမှ ထွက်၍ မင်္ဂလာရှိသော အမည်ကို ရှာဖွေစုံစမ်းရန် အမြို့မြို့အရွာရွာသို့ လှည့်လည်သွားလာလေသော် မြို့တမြို့သို့ ရောက်လေ၏၊ ထိုမြို့တွင် သက်ရှည်မည်သော ယောကျာ်းတယောက် သေ၍ ဆွေ

မျိုးအပေါင်းတို့ သုသာန်သို့ အပို့သွားကြသည်ကို မြင်လျှင် ယေုတ်မာသည် အနားသို့ကပ်ကာ "ဦးရီးတို့....ဤသေသူ အမည်ကို ဘယ်လိုခေါ်ပါသနည်း"ဟု မေး၏၊ "အမောင် လုလင်....သေက်ရှည် ခေါ်ပါသည်"ဟု ပြော၏၊ "ဦးရီး တို့..သေက်ရှည် မည်သောသူလည်းသေရသေးသလော"ဟု မေးပြန်၏၊ "အမောင်....သေက်ရှည်မည်သော သူဖြစ်စေ, အခြားအမည်ရှိသူဖြစ်စေ သေရသည်ချည်း ဖြစ်၏၊အမည် ကား ပညတ်မျှသာဖြစ်၏၊ အမည်ဖြင့် တစုံတရာ အကျိုး မပြီးနိုင်၊သင်သည် မိုက်ယောင်တကား"ဟု ဆိုကြကုန်၏။

**သူဌေးခေါ်က ဆင်းရဲလှ**

ထိုသူတို့စကားကို ကြား၍ ယေုတ်မာ လည်း အမည်၌လျစ်လျူရှုကာ မြို့တွင်း သို့ ဝင်ပြန်ရာ အခမပေးနိုင်သော ကျွန် မကို အိမ်တံခါးဝတွင် တုပ်နှောင်ကာ ရိုက်နှက် ပုတ်ခတ် နေသည်ကို မြင်ပြန်လေ၏၊ ခရီးသွားစဉ် အနားသို့ကပ်ကာ "အဆွေတို့....ဤမိန်းမကို ဘာကြောင့် ရိုက်နှက် ပုတ်ခတ် ကြသနည်း"ဟု မေး၏၊ "အမောင်....အခ မပေးနိုင်လို့ ရိုက်နှက် ပုတ်ခတ်ပါသည်"ဟု ပြော၏၊"အမည်က ဘယ် လို ခေါ်ပါသနည်း"ဟု မေး၏၊"မယ်သူဌေးခေါ်ပါသည်" ဟု ပြော၏၊ "အဆွေတို့....မယ်သူဌေးမည်သော သူလည်း အခမပေးနိုင်ဘဲ ရှိရာသလော"ဟု မေးပြန်၏၊"အမောင်.. မယ်သူဌေးမည်သော သူသည်ဂုဏ်း, အခြားအမည်ရှိသော သူသည်ဂုဏ်း ဆင်းရဲရသည်ချည်းဖြစ်၏၊အမည်ကား ပညတ် မျှသာဖြစ်၏၊ တစုံတရာ အကျိုးမပြီးနိုင်၊ သင်သည် မိုက် ယောင်တကား"ဟု ဆိုကြပြန်၏။

**ခေရီးသည်မျက်စိလည်**

ယေုတ်မာလည်း အမည်၌ အထူးသဖြင့် လျစ်လျူရှုကာ မြို့မှထွက်၍ ခရီးဆက်လက်ကာ သွားသည်ရှိသော် ခရီးအကြားဝယ် မျက်စိလည်၍ ခရီးမှားနေသူကို မြင်ပြန်၏၊ အနားသို့ ကပ်ကာ"အမောင်..အဘယ်သို့ သွားမည်နည်း" ဟု မေး၏၊ "အရှင်....အကျွန်ုပ်မှာ မျက်စိလည် ခရီးမှားနေပါသည်"ဟု ပြော၏၊ "အမည်က ဘယ်လို ခေါ်ပါသနည်း"ဟု မေးပြန်၏၊ "မောင်ခရီး ခေါ်ပါသည်"ဟု ပြောသောအခါ "အမောင်....မောင်ခရီး ဟူသော အမည်ဖြစ်လျက် ခရီးမှားနေသေးရာသလော" ဟု မေးပြန်၏၊ "မောင်ခရီးဟူသော သူသည်ဂင်း, အခြားအမည်ရှိသောသူသည်ဂင်း ခရီးမှားကောင်းသည်ချည်း ဖြစ်၏၊ အမည်ကား ပညတ်မျှသာဖြစ်၏၊ တစုံတရာ အကျိုးမပြီး၊ သင်သည် မိုက်ယောင်တကား"ဟု ဆိုပြန်၏။

**အမည်သညာပညတ်သာ**

ထိုအခါ ယေုတ်မာသည် အမည်၌ အလွန်လျစ်လျူရှုကာ ဆရာကြီးထံသို့ ပြန်လေ၏၊ ဆရာကြီးလည်း ယေုတ်မာကို မြင်လျှင် "အမောင်....အမည်ရှာ၍ ရခဲ့ပါပြီလော" ဟု မေး၏၊ "ဆရာကြီး.... သေက်ရှည်မည်သော သူလည်း သေရသည်၊ အခြားအမည်ရှိသော သူလည်း သေရသည်၊ မယ်သူဌေးမည်သောသူလည်း ဆင်းရဲရသည်၊အခြားအမည်ရှိသောသူလည်း ဆင်းရဲရသည်၊ မောင်ခရီး အမည်ရှိသူလည်း ခရီးမှားရသည်၊ အခြားအမည်ရှိသူလည်း ခရီးမှားရသည်၊ အထူးအခြားမရှိ၊အမည်ကား ပညတ်မျှသာဖြစ်၏၊ တစုံတရာအကျိုးမပြီးနိုင်၊ ကံသာလျှင် အကျိုးပြီးနိုင်

သည်၊တပါးသောအမည်ကို အလိုမရှိ၊ ရှိရင်းစွဲ အမည်သာ ဖြစ်စေတော့''ဟု အကြောင်းစုံ ပြောလေ၏။

ဆရာကြီးလည်း တပည့်တို့အား—

အမောင်တို့····သေက်ရှည် သေရသည်ကိုဍင်း, မယ်သူဌေး ဆင်းရဲရသည်ကိုဍင်း, မောင်ခရီး ခရီးမှားရသည်ကိုဍင်း, မျက်မြင်ဒိဋ္ဌဖြစ်ခဲ့သဖြင့် ယေုတ်မာသည် ပြန်လာခဲ့ချေပြီ''—

ဟု မိန့်တော်မူကာ အမည်သညာမှာ ခေါ်ဝေါ်ကာ မတ္တပညတ်မျှသာ ဖြစ်၏၊ အမည်ဖြင့် တစုံတရာ အကျိုး မပြီးနိုင်၊ ကံဖြင့်သာ အကျိုးပြီးနိုင်သည်ဟု အဆုံးအမ ပေးတော်မူ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော် မူလျက်—

ရဟန်းတို့····

※ အမည်ပြောင်းလိုသော ရဟန်းသည်— ထိုအခါ အမည်ပြောင်းလိုသော လုလင်။

※ ဒိသာပါမောက္ခဆရာသည်—ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) အမည်သညာ၊ ဟူသည်မှာ၊ ခေါ်ကာ မတ္တပင်။
(၂) အမည်ဖြင့်ကား၊ ကျိုးမများ၊ ကျိုးများကံဖြင့်ပင်။

နာမသိဒ္ဓိဇာတ် ပြီး၏။

## ၉၁-ကူဋဝါဏိဇဇာတ်

### ပဍ္စုပ္ပန်ဝတ္ထု

**ကုန်သည်စဉ်းလဲ အမြတ်မခွဲ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိမြို့ဝယ် ကောက်ကျစ်စဉ်းလဲသော ကုန်သည်နှင့် ဖြောင့်မတ်သော ကုန်သည်နှစ်ဦးတို့သည်နေကြကုန်၏။

တနေ့သ၌ ထိုကုန်သည်နှစ်ဦးတို့သည် အမြတ်အစွန်း အညီအမျှ ခံစားရန်တိုင်ပင်ညှိနှိုင်းကြ၍ ဇနပုဒ်သို့ ကုန်သွယ်သွား၍ ပြန်လာကြကုန်၏။

ကောက်ကျစ်စဉ်းလဲသောကုန်သည်လည်းငါ၏အဘော်သည်ကား ဇနပုဒ်မှာ အစားအသောက်ဆင်းရဲသည်၊ ယခုအခါကောင်းသောဘောဇဉ်ကို စားရသဖြင့် အစာမကျေ၍သေလတံ့၊ သေလျှင် ငါများများရမည်ဟု ကြံစည်ကာ ယုတ်တရက် ဥစ္စာကိုမဝေခြမ်းသေးဘဲ နက်ဖြန်ခါဝေမည်, သံဘက်ခါ ဝေမည်ဟုပြောကာ မဝေလိုသေးသဖြင့် ဟိုနေ့, သည်နေ့,ရွှေ့ဆိုင်း၍နေလေ၏။

ဖြောင့်မတ်သော ကုန်သည်လည်း မဝေလိုသေးသော ကုန်သည်စဉ်းလဲကို နှိပ်စက်ကာ အတင်းဝေစေပြီးလျှင် မြတ်စွာဘုရားထံ ဆည်းကပ်လျက် အကြောင်းစုံလျှောက်ထားလေ၏၊ထိုအခါ မြတ်စွာဘုရားသည်''သီတင်းသည်.. ဤကုန်သည်စဉ်းလဲကား ယခုအခါ၌သာ စဉ်းလဲသော ကုန်သည်ဖြစ်သည်မဟုတ်၊ ရှေးအခါ၌လည်း ဖြစ်ဘူးပြီ၊ ယခုအခါ၌သာ သင့်ကိုလှည့်စားလိုသည်မဟုတ်၊ရှေးအခါ

၌လည်း ပညာရှိတို့ကို လှည့်စားရန်အားထုတ်ခဲ့ဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**ဖေါက်ပြန်လေသော အတိပဏ္ဍိတ** လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ထိုပြည်ဝယ် ပဏ္ဍိတမည်သော ကုန်သည်နှင့် အတိပဏ္ဍိတမည်သော ကုန်သည်နှစ်ဦး တို့သည် နေကြကုန်၏။

တနေ့သ၌ ထိုကုန်သည်နှစ်ဦးတို့သည် ရရှိသောအမြတ်အစွန်းကို အညီအမျှခံစားရန် တိုင်ပင်ညီညွတ်ကာ လှည်းငါးရာဖြင့် ဗာရာဏသီပြည်မှ ဇနပုဒ်သို့သွား၍ ရောင်းချပြီးသောအခါ ပြန်လာကြကုန်၏။

ရသော အမြတ်အစွန်းကို ဝေကြသောအခါ အတိပဏ္ဍိတမည်သော ကုန်သည်က ငါနှစ်စုရထိုက်သည်၊ ထိုအခါ ပဏ္ဍိတမည်သော ကုန်သည်က အဘယ့်ကြောင့်နှစ်စုရထိုက်သနည်း၊ ငါကား အတိပဏ္ဍိတဖြစ်၍နှစ်စုရထိုက်သည်၊ သင့်မှာကား ပဏ္ဍိတသာဖြစ်၍ တစုသာရထိုက်သည်၊ ''အဆွေ···သင်နှင့်ငါ အရင်းအနှီးလည်း အညီအမျှ စိုက်ထုတ်ကြရသည်၊အလုပ်လည်း အညီအမျှပင်လုပ်ခဲ့ကြရသည် သို့ပါလျက် အဘယ့်ကြောင့် နှစ်စုရထိုက်သနည်း''ဟုဆိုလေ၏။

**အဘကိုပင် ရုက္ခစိုးသွင်** ဤသို့ နှစ်ဦးသား အငြင်းဖြစ်ပွားလတ်သော် အတိပဏ္ဍိတသည် ဥပါယ်တခုရှိ၏ဟု ကြံစည်ပြီးလျှင် မိမိအဘကို

''ဘခင်…သစ်ခေါင်းတခုမှာ ဝင်၍နေပါ၊ ကျွန်ုပ်တို့ နှစ်ယောက်လာမေးသောအခါ ပဏ္ဍိတမှာ တစုသာရထိုက်သည်၊ အတိပဏ္ဍိတကား နှစ်စုရထိုက်သည်ဟု အဆုံးအဖြတ် ပေးပါလော''ဟု မှာထားပြီးလျှင် ပဏ္ဍိတထံသို့ သွားလေ၏။

ရောက်လျှင် ပဏ္ဍိတအား ''အဆွေ… ငါနှစ်စုရထိုက်သည်ကိုဖြစ်စေ, မရထိုက်သည်ကိုဖြစ်စေ ရုက္ခစိုးနတ်ကိုသွား၍မေးမည်'' ဟု ပြောဆိုပြီးလျှင် မိမိစီစဥ်ထားသော သစ်ပင်သို့ နှစ်ယောက်အတူသွား၍ အတိပဏ္ဍိတက ''အရှင်ရုက္ခစိုးမင်း… ကျွန်ုပ်တို့နှစ်ယောက် အငြင်းအခုံဖြစ်နေပါသည်၊ အဆုံးအဖြတ်ပေးတော်မူပါ'' ဟု တောင်းပန်လေ၏၊ ထိုအခါ အတိပဏ္ဍိတအဘက သစ်ခေါင်းတွင်း၌ အောင်း၍ ရုက္ခစိုးလုပ်ကာ အသံဖျက်၍ ''ဆိုကြစမ်း ဘယ်လိုဖြစ်ကြတာလဲ''ဟု မေးလေ၏၊ ထိုအခါအတိပဏ္ဍိက ''မှန်လှပါ ဤသူက ပဏ္ဍိတ အကျွန်ုပ်က အတိပဏ္ဍိတဟုခေါ်ပါသည်၊ ကျွန်ုပ်တို့နှစ်ဦး သဘောတူ ကုန်ကိုစပ်ဘက်၍ ကူးကြပါသည်၊ အဘယ်သူက များများရထိုက်ပါသနည်း''ဟု မေးလေ၏၊ ထိုအခါ ရုက္ခစိုးလုပ်သူက ''ကောင်းပြီ ပဏ္ဍိတကတစုသာရထိုက်သည်၊အတိပဏ္ဍိတကနှစ်စုရထိုက်သည်''ဟုအဆုံးအဖြတ်ပေးလေ၏။

**သစ်ပင်မီးတိုက်လိမ်သူမြိုက်**

ထိုသို့ ဆုံးဖြတ်သံကိုကြားလျှင် ပဏ္ဍိတသည် ယခုဆုံးဖြတ်သူကား ရုက္ခစိုး ဟုတ်သည် မဟုတ်သည်ကို သိရမည်ဆိုကာ ကောက်ရိုးတို့ကိုယူကာ သစ်ခေါင်းကို အပြည့်ထည့်ပြီးလျှင် မီးတိုက်လေ၏၊ရုက္ခစိုးလုပ်သူ အတိပဏ္ဍိတ၏အဘ

လည်း မီးတောက် ထလာသောအခါ ကိုယ်တပိုင်းကို မီးလောင်သည်ဖြစ်၍ သစ်ပင်ထက်သို့ တက်ကာ သစ်ကိုင်းများကိုကိုင်လျက် တွဲလျားဆွဲပြီးလျှင် မြေသို့ဆင်း၍–

"အချင်းတို့····လောက၌ ပဏ္ဍိတ အမည်ခံ ပညာရှိသူကား ကောင်းမြတ်လှ၏၊ အတိပဏ္ဍိတ အမည်ခံ ကောက်ကျစ်စဉ်းလဲသူကား မကောင်းပါ၊ အတိပဏ္ဍိတ အမည်ခံ သားမိုက်သည် ဥစ္စာကို မတရားလိုချင်မှုကြောင့် ငါ့ကိုယ်မှာ မီးလောင်ခံရသည်"–

ဟု ရောက်လာသူအပေါင်းအား အတိအလင်း ပြောကြားလေ၏။

ထိုနောက် ကုန်သည်နှစ်ဦးတို့သည် ရသမျှဥစ္စာကို အညီအမျှ ခွဲဝေယူကြရကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါအတိပဏ္ဍိတသည်-ယခုအခါကောက်ကျစ်စဉ်းလဲသောကုန်သည်။

※ ပဏ္ဍိတသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) စဉ်းလဲကောက်ကျစ်၊ တရားလစ်၊ စင်စစ်ပျက်စီးမည်။

(၂) တိပဏ်ဘခင်၊ နတ်လုပ်ချင်၊ ကိုယ်တွင်မီးလောင်သည်။

ကူဋဝါဏိဇဇာတ်ပြီး၏။

## ၉၉—ပရောသဟဿဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ဘုရားအလိုသိရှာ
သာရိပုတ္တရာ

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည် တရားသဘင်ဝယ် "ငါ့ရှင်တို့.... မြတ်စွာဘုရား အကျဉ်း ဟောထားသော တရားတော်ကို တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာသည် အကျယ် ဟောနိုင်သည်" ဟု ရှင်သာရိပုတ္တရာ ဂုဏ်ကျေးဇူးကို ချီးကျူး၍ နေခိုက်မြတ်စွာဘုရား ကြွလာတော်မူကာ "ရဟန်းတို့....သာရိပုတ္တရာသည် ယခုအခါ၌သာ ငါဘုရား အကျဉ်းဟောထားသော တရားကို အကျယ်ဟောနိုင်သည်မဟုတ်၊ ရှေးအခါ၌လည်း ဟောနိုင်ပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ် ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

လူတို့ပြည်ရှာ
ချဉ်ဆားရှာ

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်၍ အရွယ်ရောက်လျှင် တက္ကသိုလ်ပြည်သို့ သွားကာ အတတ်ပညာ သင်ပြီးလျှင် ကာမဂုဏ်တို့ကို ပယ်ခွါ၍ ရအသ့ရဟန်းပြုကာ အဘိညာဉ်ငါးပါး,သမာပတ်ရှစ်ပါးကို ဖြစ်စေလျက် ဟိမဝန္တာ အရပ်၌ တပည့်ငါးရာခြံရံလျက် နေလေ၏။

တပည့်ကြီးဖြစ်သော ရသေ့သည် မိုးတွင်းအခါ ထက်ဝက်မျှသော ရသေ့တို့ကို ခေါ်၍ ချဉ်ဆားမှီဝဲအံ့သောငှါ လူတို့နေရာသို့ သွားလေ၏။

**ဆရာပြောဘိ တပည့်တို့မသိ**

ထိုအခါ ရသေ့ကြီးလည်း စုတေခါနီး အချိန်သို့ ရောက်လတ်သော် တပည့်ရသေ့တို့သည် ဆရာကြီးထံ စည်းဝေးကြလျက် ဆရာရသေ့ကြီးအား "ဆရာကြီး.... အဘယ်တရားထူးကို ရပါသနည်း" ဟုမေးကြကုန်၏၊ ဆရာရသေ့ကြီးက (နတ္ထိကိဉ္စိ) ဟုပြောဆို၍ စုတေပြီးလျှင် အာဘဿရဗြဟ္မာဘုံ၌ ဖြစ်လေ၏။

**မှတ်ချက်**... [နိယတဗျာဒိတ်ခံပြီး အလောင်းတော်တို့မှာ အရူပသမာပတ်ကိုရသော်လည်း မလားအပ်သော အရပ်တဆယ့်ရှစ်ပါး အပါအဝင်ဖြစ်၍ အရူပဘုံ၌ မဖြစ်ကုန်။]

တပည့်ရသေ့တို့လည်း (နတ္ထိကိဉ္စိ) ဆိုသော ဆရာကြီးစကား အနက်အဓိပ္ပါယ်ကို နားမလည်ကြဘဲ၊ ငါတို့ဆရာကြီးအား ရအပ်သော တရားထူးမရှိဟု ယူဆကြပြီးလျှင် သင်္ဂြိုဟ်ရာ သုသာန်ဝယ် ပူဇော်သက္ကာရကို မပြုကြကုန်။

**သိသူပြောပြ မယုံကြ**

လူတို့နေရာသို့ သွားနေသော တပည့်ကြီးရသေ့ လာသောအခါ တပည့်တို့အား "ငါ့ရှင်တို့.... ဆရာရသေ့ကြီး ဘယ်မှာနည်း"ဟုမေး၏၊ "အရှင်ဘုရား....စုတေခဲ့ပါပြီ" ဟုပြော၏၊"ငါ့ရှင်တို့..ဆရာကြီးရအပ်သော တရားထူးကို မေးလိုက်ကြ၏လော"ဟု မေး၏၊"အရှင်ဘုရား..မေးလိုက်ကြပါသည်"မေးသောအခါ ဆရာကြီးက (နတ္ထိကိဉ္စိ) ဟု

ပြောသွားပါသည်၊ သို့အတွက် ကျွန်ုပ်တို့သည် ငါတို့ဆရာကြီးအား ရအပ်သော တရားထူးမရှိ''ဟု ယူဆကြကာ ပူဇော်သက္ကာရကို မပြုကြပါကုန်၊ "ငါ့ရှင်တို့····သင်တို့ကား ဆရာကြီးပြောဆိုသော စကား၏ အနက်အဓိပ္ပါယ်ကို နားမလည်ကြကုန်၊ ငါတို့ဆရာကြီးကား အာကိဉ္စညာယတနသမာပတ်ကို ရခဲ့သည်'' ဟုပြောလေ၏၊ တပည့်ရသေ့တို့သည် တပည့်ကြီးရသေ့က အဖန်ဖန်ပြောသော်လည်း မယုံကြည်ကြကုန်။

**ဆရာကြွလာ မြဟ္မာ့ရွာ** ထိုအခါ ဆရာ ရသေ့ကြီးသည် ထိုအကြောင်းကို သိ၍ မိမိနေရာ အာဘဿရမြဟ္မာ့ဘုံမှ ဆင်းသက် လာပြီးလျှင် ရသေ့ကျောင်းဝိုင်းအပြင် ကောင်းကင်၌ ကြီးစွာသောတန်ခိုးအာနုဘော်ဖြင့် ရပ်လျက်—

> "တပည့်တို့····ပညာမရှိသော သူတထောင်တို့ အနှစ်တရာ ငိုကြွေးနေကြငြားလည်း ငါ့စကား၏ အနက်အဓိပ္ပါယ် အကျိုးအကြောင်းကို သိကြမည်မဟုတ်၊ပညာရှိသော ငါ့တပည့်ကြီးတယောက်သာ အနက်အဓိပ္ပါယ် အကျိုးအကြောင်းကိုသိပေသည်၊ သို့အတွက် ငါ့တပည့်ကြီးကား လူအထောင်တို့ထက်မြတ်၏''—

ဟု-တပည့်ကြီး၏ပညာအာနုဘော်ကိုချီးကျူးကာတရားဟောပြော၍ တပည့်ရသေ့အပေါင်းတို့ကို သိစေပြီးလျှင် မိမိနေရာ မြဟ္မာ့ပြည်သို့ ပြန်လေ၏။

တပည့်ရသေ့တို့လည်း မယုတ်သော ဈာန်သမာပတ်ရှိသည်ဖြစ်၍ စုံတေသောအခါ ဗြဟ္မာပြည်သို့ လားကြရကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော် မူလျက်—

ရဟန်းတို့....

※ ထိုအခါ တပည့်ကြီးရသေ့သည်- ယခုအခါ သာရိပုတ္တရာ။

※ ဆရာကြီးဖြစ်သော·မဟာဗြဟ္မာသည်- ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ပညာမဲ့ချည်း၊ အထောင်လည်း၊ ချည်းနှီးမမြတ်ပါ။

(၂) ပညာရှိလျှင်၊ တယောက်ပင်၊ လူတွင်မြတ်လှပါ။

ပရောသဟဿဇာတ်ပြီး၏။

---

## ၁၀၀-အသာတရူပဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ဂုဏ်တော်စိတ်ရောက် ဆင်းရဲပျောက်** နတ်လူတို့ဆရာ ဖြစ်တော်မူသောမြတ်စွာဘုရားသည် ကုဏ္ဍိယမြို့ကိုအမှီပြု၍ ကုဏ္ဍိယဥယျာဉ်၌ သီတင်းသုံးတော်မူစဉ် သုပ္ပဝါသာမည်သော ကောလိယ မင်းသမီးသည်

ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်လျက် ခုနစ်ရက်ပတ်လုံး ကမ္မဇလေလှုပ်ကာ သားမဖွားမြင်နိုင်ဘဲ မိန်းမောတွေဝေလျက် ပြင်းထန်စွာ ဝေဒနာကို ခံစား၍နေရ၏။

ထိုသုပ္ပဝါသာ မင်းသမီးသည် ပြင်းထန်စွာ ဝေဒနာနှိပ်စက်သော်လည်း မြတ်စွာဘုရားသည် ဆင်းရဲကင်းရန် တရားဟောတော်မူ၏၊ တပည့်သံဃာတော်ကိုလည်း ဆင်းရဲကင်းရန် ကျင့်တော်မူ၏၊ နိဗ္ဗာန်သည် ဆင်းရဲကင်း၍ အလွန်ချမ်းသာ၏၊ ဤဘုရား သံဃာ နိဗ္ဗာန် သုံးမျိုးတို့၏ ဂုဏ်ကျေးဇူးကို အောက်မေ့ဆင်ခြင်ကာ သည်းခံ၍နေ၏။

**သတင်းကြားကာ ဆုပေးရှာ**

တဖန် လင်ယောကျ်ားကို ခေါ်၍ ''အရှင်….ကျွန်ုပ် အကြောင်းကိုဂုဏ်း, ရှိခိုးကန်တော့လိုက်သော အကြောင်းကိုဂုဏ်း, မြတ်စွာဘုရားထံ သွား၍လျှောက်ထားပါ'' ဟု မှာကြားကာ မြတ်စွာဘုရားထံသို့စေလွှတ်လိုက်၏။

မြတ်စွာဘုရားလည်း သတင်းစကားကို ကြားတော်မူလျှင် ကောလိယမင်းသမီး သုပ္ပဝါသာသည် ချမ်းသာစေသတည်း၊ အနာရောဂါ ကင်းသောသားကို ဘွားမြင်စေသတည်း'' ဟုမိန့်တော်မူလိုက်၏၊ သုပ္ပဝါသာ မင်းသမီးလည်း မြတ်စွာဘုရား မိန့်တော်မူသည်နှင့်တပြိုင်နက် ချမ်းသာစွာ အနာရောဂါမရှိသောသားကို ဘွားမြင်လေ၏။

**ဘုရားဂုဏ်ချီးမွမ်း ပင့်ရှာဒါနီး**

သုပ္ပဝါသာ၏ လင်ယောကျ်ား လည်း အိမ်သို့ရောက်၍ ချမ်းသာစွာ သားဘွားမြင်ပြီးနှင့်သည်ကို မြင်လျှင် ''အချင်းတို့….မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်သည် အလွန်အံ့

ဘွယ်ရှိပေစွတကား၊ မဖြစ်ဘူးမြဲဖြစ်ပေစွတကား'' ဟု အဖန်ဖန်ချီးကျူးလေ၏။

သုပ္ပဝါသာ မင်းသမီးလည်း သားတော်ဘွားမြင်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာကို ပင့်ဘိတ်ကာ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးလေ၏၊ ခုနစ်ရက်ပြည့်သော နေ့၌ သားတော်သီဝလိမင်းသားကို တန်ဆာဆင်၍ ဘုရားအမှူးရှိသောသံဃာအား ရှိခိုးကန်တော့စေ၏။

**ဥဒါန်းကျူးကာ အနုမောဒနာ**

ထိုအခါ ရှင်သာရိပုတ္တရာက သီဝလိမင်းသားအား "အမောင်သီဝလိ.... သင့်အား ချမ်းသာပါသလော''ဟုမေး၏၊ "အရှင်ဘုရား....အကျွန်ုပ်အား အဘယ်မှာ ချမ်းသာပါအံ့နည်း၊ လောဟကုမ္ဘီငရဲနှင့်တူသော အမိဝမ်းထဲမှာ ခုနစ်နှစ်ပတ်လုံးကိန်းအောင်းကာ ပင်ပန်းနေရပါသည်'' ဟု လျှောက်ထားလေ၏၊ သုပ္ပဝါသာလည်း သားတော်သီဝလိမင်းသားစကားကို ကြား၍ဘွားမြင်ကာစ ခုနစ်ရက်သားသာရှိသေးသော ငါ့သားငယ်သည် ဘုရားငယ်ဖြစ်သော ရှင်သာရိပုတ္တရာနှင့် အပြန်အလှန် စကားပြောနိုင်ပေသည်''ဟု အလွန်ဝမ်းမြောက်လေ၏။

မြတ်စွာဘုရားလည်း သုပ္ပဝါသာအား "ချစ်သမီးသုပ္ပ-ဝါသာ....သီဝလိလိုသားမျိုးကို နောက်ထပ် လိုချင်သေးသလော''ဟုမေး၏၊ "ဘုန်းတော်ကြီးသောအရှင်ဘုရား... နောက်ထပ်ရမည်ဆိုလျှင် ခုနစ်ယောက် လောက်လိုချင်ပါသေးသည်''ဟု လျှောက်ထားလေ၏၊ မြတ်စွာဘုရားလည်း

ဥဒါန်းကျူးတော်မူပြီးလျှင် အနုမောဒနာပြု၍ ကြွတော်မူ၏။

**နောက်ဆုံးဖြစ်ရ သီဝလိဘဝ**

သီဝလိမင်းသားလည်း ခုနစ်နှစ်အရွယ်ရှိသောအခါ သာသနာတော်၌ရှင်သာမဏေပြု၍ အသက်နှစ်ဆယ် ရှိသောအခါ ရဟန်းပြုပြီးလျှင် ဘုန်းတန်ခိုးကြီးမားကာ မြတ်သောလာဘ်လာဘကို ရလျက် မြေပြင်အလုံးဝယ် ပဲ့တင်ထပ်စေ၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော် ဘုန်းတန်ခိုးကြီးမားလှသော ဘုရားသားတော်ကြီးတို့အတွင်းဝယ် မြတ်သော လာဘ်လာဘကိုရရာ၌ ဧတဒဂ်ထားခြင်းကို ခံတော်မူရ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကုန်လျက် "ငါ့ရှင်တို့....အလွန်တန်ခိုးကြီးမား၍ ပစ္ဆိမဘဝိကဖြစ်သော ရှင်သီဝလိကား အမိဝမ်းမှာခုနစ်နှစ် ပဋိသန္ဓေနေရခြင်းဆင်းရဲ၊ ဖွားမြင်သောအခါလည်း ယုတ်တရက်မဖွားနိုင်ဘဲ အမိ၏*ယောနိဝတွင် မိန်းမော တွေဝေနေရခြင်းဆင်းရဲ၊ အမိသုပ္ပဝါသာ၏ ဆင်းရဲတို့ကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ ထိုအကြောင်းကို ကြားတော်မူလျှင် "ရဟန်းတို့ ..... သားအမိနှစ်ယောက်လုံး ဖြစ်သမျှအလုံးစုံသည် မိမိတို့ပြုခဲ့ကြသောကံသာလျှင် အကြောင်းရင်းရှိသည်"ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ် မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုမင်း၏ မိဖုရားကြီးဝမ်းဝယ် ပဋိသန္ဓေနေကာ ဘွားမြင်၍ အရွယ် ရောက်လျှင် တက္ကသိုလ်ပြည်သို့ ပညာသင် သွား၍ တတ် မြောက်လိမ်မာသဖြင့် ပြန်လာကာ အဘမင်းကြီး ကွယ် လွန်လျှင် မင်းအဖြစ်ကိုရ၍ တရားသဖြင့်မင်းပြုလေ၏။

ထိုအခါ ကောသလမင်းသည် များစွာသောစစ်သည် ဗိုလ်ပါနှင့်လာလတ်၍ ဗာရာဏသီပြည် တပြည်လုံးကို သိမ်းယူကာ မင်းကိုသတ်၍ မိဖုရားကြီးကိုပင် မိမိမိဖုရား ပြုလေ၏။

ထိုဗာရာဏသီမင်း၏ သားတော်သည် အဘမင်းကြီး သေလွန်သောအဖြစ်ကိုသိလျှင် တခုသော ရေပြွန်ပေါက် တံခါးဖြင့် ထွက်ပြေး၍ စစ်သည်ဗိုလ်ပါအများကို စုရုံး ကာ ဗာရာဏသီမြို့တော်ကို ဝန်းရံလျက် ရန်သူမင်းအား တိုင်းပြည်ကိုပေးမည်လော, စစ်ထိုးမည်လော''ဟု ရာဇ သံပေးလိုက်၏၊ ''ရန်သူမင်းလည်း စစ်ထိုးမည်''ဟု ရာဇသံ တုံ့ပြန်လိုက်၏။

မင်းသားမယ်တော် မိဖုရားကြီးကား ထိုသတင်းကို ကြားလျှင်''သားတော်....စစ်ထိုးနေဘို့မဟုတ်၊ အရပ်ရပ် သို့ လူသွားလူလာဖြတ်၍ မြို့ကိုကြပ်တည်းစွာဝန်းရံလော၊ နောက် ထင်း, ရေ, ထမင်း, အစာပြတ်၍ ငတ်မွတ်ခေါင်း ပါး အားနည်းသောအခါ စစ်မထိုးရဘဲ လွယ်လွယ်ဖြင့် ရလိမ့်မည်''ဟု သားတော် ထံအတွင်းစာပို့စေ၏။

သားတော်မင်းသားလည်း မယ်တော်အမှာစာအတိုင်း ခုနစ်ရက်ပတ်လုံး အရပ်ရပ်မှ လမ်းသွား လမ်းလာတို့ကို ဖြတ်၍ ဗာရာဏသီမြို့တော်ကို ကြပ်တည်းစွာ ပိတ်ဆီးထားလေ၏၊ မြို့သူ မြို့သားတို့လည်း ခုနစ်ရက်ပတ်လုံး သွားလာခွင့်မရ ထော်မွတ်ခေါင်းပါးကြသဖြင့် သည်းမခံနိုင်တော့ဘဲ ခုနစ်ရက် မြောက်သောနေ့၌ ရန်သူမင်း၏ ဦးခေါင်းကို ဖြတ်၍ မင်းသားထံပို့ကြကုန်၏။

မင်းသားလည်း ရန်သူမင်း မရှိတော့သဖြင့် မြို့တွင်းသို့ ဝင်ကာ တရားသဖြင့် မင်းပြုလျက် သေလွန်သောအခါ ကံအားလျော်စွာ လားလေ၏။

ဤသို့လျှင် ထိုသီဝလိမင်းသားသည် ဗာရာဏသီမြို့ကို ကြပ်တည်းစွာ ဝန်းရံပိတ်ဆည်း၍ ပြုဘူးသော မကောင်းမှု အကုသိုလ်ကံကြောင့် နောက်ဆုံးဘဝဝယ် ခုနစ်နှစ် ပဋိသန္ဓေနေရ၍ ခုနစ်ရက် အမိ၏ယောနိဝ၌ မမွေးဘွားနိုင်ဘဲ ဆင်းရဲပင်ပန်းရ၏။

ပဒုမုတ္တရာ မြတ်စွာဘုရား လက်ထက်ဝယ် အလှူကြီး ပေးကာ လာဘ်လာဘများသော သာဝကတို့တွင် အမြတ်ဆုံးသာဝကဖြစ်စေသတည်း''ဟု ဆုတောင်းခဲ့ဘူး၏၊ဝိပဿီ မြတ်စွာဘုရား လက်ထက်တော်၌လည်း မြို့သူတို့နှင့်တကွ အဘိုးတသိန်းထိုက်တန်သော နို့ဓမ်းခဲကို လှူဒါန်းကာ ဆုတောင်းခဲ့ဘူး၏၊ ထိုကောင်းမှုများ အာနုဘော်ကြောင့် မြတ်သော လာဘ်လာဘကို ရရာဝယ် တေဒဂ်ထားခြင်းကို ခံတော်မူရသည်။

သုပ္ပဝါသာလည်း မိဖုရားကြီးဖြစ်စဉ် သားတော်အား ဗာရာဏသီမြို့တော်ကို ခုနစ်ရက်ပတ်လုံး ဝန်းရံပိတ်ဆည်းရန် စေခိုင်းဘူးသော မကောင်းမှု အကုသိုလ်ကံကြောင့် ယခုဘဝဝယ် ခုနစ်နှစ် ကိုယ်ဝန်ဆောင်ရခြင်း, ခုနစ်ရက်ပတ်လုံး သားဘွားရခြင်း, တည်းဟူသော ပြင်းထန်သော ဝေဒနာကို ခံစားရသည်။

ဤသို့ မြတ်စွာဘုရားသည် အတိတ်ဇာတ်ကို ဆောင်တော်မူပြီး၍—

"ချစ်သားရဟန်းတို့.... မေ့လျော့သောသူကို မသာယာအပ်သော သဘောသည်၊ သာယာအပ်သော သဘော အသွင်ဖြင့်၎င်း၊ မချစ်အပ်သော သဘောသည် ချစ်အပ်သော သဘောအသွင်ဖြင့်၎င်း၊ ဆင်းရဲသော သဘောသည်၊ ချမ်းသာသော သဘောအသွင်ဖြင့်၎င်း နှိပ်စက်တတ်သည်—

ဟု ဟောပြောပြသ ဆုံးမတော်မူ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဗာရာဏသီမြို့ကိုပိတ်ထားသောမင်းသားသည်-ယခုအခါ သီဝလိ။

※ မင်းသား၏မယ်တော်သည်-သုပ္ပဝါသာ။

※ မင်းသား၏ခမည်းတော်သည်-ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မသာယာအပ်၊ မချစ်အပ်၊ ချစ်အပ်သာယာသွင်။
(၂) မေ့လျော့နေဆဲ၊ နှိပ်စက်မြဲ၊ ဆင်းရဲချမ်းသာသွင်။

အသာတရူပဇာတ်ပြီး၏။

## ၁၀၁—ပရောသတဇာတ်

[ဤပရောသတ ဇာတ်၌ ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထု၊ ဇာတ်ပေါင်း အလုံးစုံ စကားအသွားအလာသည် ပရောသဟဿ ဇာတ်နှင့်တူ၏၊ အထောင်နေရာ၌ အရာဟု ဆိုရသည်သာ ထူး၏။]

ဆောင်ပုဒ်

(၁) ပညာမဲ့ချည်း၊ အရာလည်း၊ ချည်းနှီးမမြတ်ပါ။
(၁) ပညာရှိလျှင်၊ တယောက်ပင်၊ လူတွင်မြတ်လှပါ။

ပရောသတဇာတ်ပြီး၏။

## ၁၀၂—ပဏ္ဏိကဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

**သားသမီးနောင်ရေး မိဘတွေး**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိ မြို့ဝယ် ဟင်းသီးဟင်းရွက်ရောင်း၍ အသက်မွေးသော သီတင်းသည် တယောက် ရှိလေ၏။

ထိုသီတင်းသည်၌ သမီးတယောက်ရှိ၏၊ အလွန်အဆင်းလှ၏၊ ကြည်ညိုဘွယ်ရှိ၏၊ အကျင့်သီလနှင့်ပြည့်စုံ၏၊ အရှက်အကြောက်နှင့်ပြည့်စုံ၏၊ အမြဲရွှင်ပြုံးသော မျက်နှာရှိ၏။

ထိုသတို့သမီးအား အမျိုးတူသောသူတို့သည် ထိမ်းမြားလက်ထပ်ရန် စကားကြောင်းလမ်း လာကြသည်ရှိသော် အဘသီတင်းသည်သည် ငါ့သမီးအား ထိမ်းမြားလက်ထပ်ရန်မသင့်သေး၊ အမြဲပြုံးရွှင်သောမျက်နှာရှိ၏၊အကျင့်သီလမရှိခဲ့သော် လင်အိမ်ရောက်သောအခါ ငါတို့မိဘများအားရှုတ်ချကဲ့ရဲ့ကြလိမ့်မည်၊ သို့အတွက်သမီးအား အကျင့်သီလရှိသည် မရှိသည်ကို စုံစမ်းမည်ဟု ကြံစည်လျက်နေ၏။

**စုံစမ်းပြီးမှ ထိမ်းမြားရ**

တနေ့သ၌ သီတင်းသည်သည် သမီးကိုခေါ်ကာတောင်းတလုံးကိုယူစေ၍ ဟင်းရွက်ယူရန် တောသို့သွားကြ၏၊ ရောက်လျှင် အဘသည် သမီးကိုစုံစမ်းလိုသဖြင့် ကိလေသာကို မှီသကဲ့သို့ဖြစ်ကာ လျှို့ဝှက်သောစကားကို ဆို၍ လက်ကိုဆွဲ၏၊ သမီးသည် ဆွဲကာမျှပင်လျှင် မျက်ရည်ယိုထွက်ကာ ငိုလျက် ''ဘခင်…. ဤလိုအမှုကို မပြုသင့်ပါ၊ ရေမှမီးဖြစ်သည်နှင့်တူပါသည်''ဟု အဘကို တားမြစ်လေ၏။

အဘလည်း ''ချစ်သမီး….သမီးကိုအကျင့်သီလရှိသည် မရှိသည်ကို စုံစမ်းလိုသဖြင့် လက်ကိုဆွဲခြင်းဖြစ်သည်၊ တစုံတရာ ဘောက်ပြန်သောစိတ်မရှိ၊ မငိုလင့်''ချစ်သမီး….သင့်မှာအကျင့်သီလရှိသလော''ဟု မေး၏၊''ဘခင်….ရှိပါသည်၊ ကိလေသာရာဂ အစွမ်းဖြင့်တစုံတယောက်သောယောကျ်ားကိုမျှ မကြည့်စဘူးပါ''ဟု ပြောကြားလေ၏၊ ထိုအခါ အဘ

သီတင်းသည်သည် သမီးကိုနှစ်သိမ့်စေ၍ အိမ်သို့ရောက်လျှင် ထိမ်းမြားလက်ထပ်ကာ လင်အိမ်သို့ ပို့လိုက်၏။

သီတင်းသည်သည် မြတ်စွာဘုရားထံ ဆည်းကပ်ရန် ရောက်သဖြင့် ထိုအကြောင်းကိုလျှောက်ထားရာ "သီတင်းသည်.. ဤသတို့သမီးကား ကြာမြင့်သောအခါမှစ၍ အကျင့်သီလနှင့်ပြည့်စုံခဲ့၏၊ သင်သည် ယခုအခါ၌သာ စုံစမ်းသည် မဟုတ်၊ ရှေးအခါ၌လည်း စုံစမ်းဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**အကျင့်လုံခြုံမှ အိမ်ထောင်ချ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရား အလောင်း သည် ရုက္ခစိုး နတ်ဖြစ်လေ၏။

ထိုဗာရာဏသီပြည်၌ ဟင်းရွက်ဟင်းသီးရောင်း၍အသက်မွေးသော သီတင်းသည်တယောက်ရှိလေ၏၊ ထိုသီတင်းသည်၌ သမီးတယောက်ရှိ၏၊ [အလုံးစုံသောစကားသည် ပစ္စုပ္ပန်ဝတ္ထုနှင့်တူ၏။]

အဘသီတင်းသည်သည် စုံစမ်းလိုသဖြင့် သမီးလက်ကို ဆွဲလေ၏၊ ထိုအခါ သမီးသည်ငိုလျက်—

"ဘခင်.... အကျွန်ုပ်အား ဆင်းရဲဒုက္ခတွေလျှင် ကိုးကွယ်ရာ ဖြစ်ရမည့်အဘသည် တောအလယ်၌ ပြစ်မှားဘိ၏၊ နိုင်ထက်ကလူပြုဘိ၏၊ ကျွန်ုပ်သည် ဘယ်သူ့ထံမှာ ငိုရမည်နည်း"—

ဟု ပြောဆိုလေ၏၊ ထိုအခါ အဘသည် ''ချစ်သမီး.... အကျင့် သီလရှိသည် မရှိသည်ကိုစုံစမ်းလို၍ လက်ကို ဆွဲမိသည်၊တစုံတရာပြစ်မှားကျူးလွန်လိုသော စိတ်မရှိ''ဟုပြောဆိုဖြောင်းဖျကာ အိမ်သို့ရောက်လျှင် ထိမ်းမြားလက်ထပ်၍ လင်အိမ်သို့ပို့လိုက်၏။

ဤ ဒေသနာတော်၏ အဆုံး၌ သီတင်းသည်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ အဘသည်— ယခုအခါအဘ။

※ သမီးသည်— သမီး။

※ အကြောင်းကို သိသောရုက္ခစိုးနတ်သည်-ငါဘုရား ဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ချစ်သမီးမှာ၊ ကျင့်သီလာ၊ တာဝန်မိဘပေ။
(၂) လင်အိမ်သို့ထဲ့၊ သီလမဲ့၊ ကဲ့ရဲ့မလွှတ်ပေ။
(၃) ကိုယ်တိုင်စမ်းဘိ၊ ရှိ,မရှိ၊ နိပါတ်ထုံးတတွေ။

ပဏ္ဍိကဇာတ်ပြီး၏။

## ၁၀၃-ဝေရိဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**နိုးသားဘေးမှ လွတ်ခဲ့ရ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အနာထပိဏ် သူဌေးကြီးသည် မိမိစားရသောရွာသို့ လှည်းယာဉ်ဖြင့် သွားလတ်သော် အပြန်တွင်ခရီးအကြား၌ သူခိုးတို့ကိုမြင်လေ၏။

ထိုအခါ သူဌေးကြီးသည် ခရီးအကြား၌ တည်းခိုနေထိုင်ရန်မသင့်၊သာဝတ္ထိမြို့တော် နေအိမ်သို့ အရောက်ပြန်မည်ဟု နွားတို့ကို အတင်းမောင်းနှင်ကာ ပြန်ခဲ့ရ၏။

အိမ်သို့ရောက်၍ နံနက်အခါ မြတ်စွာဘုရားထံ အဖူးမျှော်သွားရင်း ထိုအကြောင်းကို လျှောက်ထားလေ၏၊ မြတ်စွာဘုရားသည်"သူဌေးကြီး....ရှေးအခါ၌လည်း သူခိုးတို့သည် ခရီးအကြားဝယ် ပညာရှိတို့ကိုမြင်၍ မလုယက်ဘဲ မိမိနေရာသို့သာ ပြန်လာကုန်ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**ဘေးရန်ကင်းရ ဝမ်းမြောက်လှ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်စည်းစိမ်ဥစ္စာ များစွာကြွယ်ဝသော သူဌေးကြီးဖြစ်လေ၏။

တနေ့သ၌ သူဌေးကြီးသည် မွန်မြတ်သောဘောဇဉ်ကို သုံးဆောင်ရန် ပင့်ဘိတ်သဖြင့် ရွာငယ်တခုသို့ လှည်းယာဉ်

ဖြင့်သွားရာ အပြန်တွင် ခရီးအကြား၌ သူခိုးတို့ကို မြင်၍ တည်းခိုနေထိုင်ရန် မသင့်ဟု နွားတို့ကို အမြန်မောင်းနှင်ကာ အိမ်သို့ အရောက်ပြန်လေ၏။

အိမ်သို့ရောက်လျှင် မွန်မြတ်သော ဘောဇဉ်တို့ကို သုံးဆောင်ပြီး၍ မွန်မြတ်သော အိပ်ရာ၌ လျောင်းစက်ကာ ငါ့မှာ သူခိုးတို့လက်မှ လွတ်မြောက်လျက် ဘေးမရှိရာ၊ မိမိအိမ်သို့ ပြန်ရောက်လာပေသည်ဟု ဆင်ခြင် အောက်မေ့သဖြင့်—

"ရန်သူတို့နေရာ၌ တရက်, နှစ်ရက်မျှ နေရခြင်းပင် ဆင်းရဲလှ၏၊ သို့အတွက် ပညာရှိသော သူသည် ရန်သူတို့နေရာ၌ မနေထိုင်ရာ"—

ဟု ဝမ်းမြောက်ဝမ်းသာ ဥဒါန်းစကား မြွက်ကြားလေ၏၊နောက်အခါ အသက်ထက်ဆုံး အလှူအစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်ကာ သေလွန်သော အခါ ကံအားလျော်စွာ လားလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ ဗာရာဏသီသူဌေးကြီးသည်— ယခုအခါ ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ရန်သူ့နေရာ၊ နေသူမှာ၊ လွန်စွာဆင်းရဲရ။
(၂) ပညာရှင်များ၊ သတိပွား၊ ပြောင်းသွားမနေကြ။

ဝေရိဇာတ် ပြီး၏။

---

# ၁၀၄-မိတ္တဝိန္ဒကဇာတ်

**ဆုံးမသွန်သင်နားမဝင်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံး တော်မူစဉ် အဆုံးမ ခက်သောရဟန်းတပါးရှိလေ၏။

[ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထုတို့သည် ပြဆိုခဲ့ပြီးသော ဇာတ်နံပါတ် ၈၂-မိတ္တဝိန္ဒကဇာတ်နှင့်အကုန်တူ၏။]

အထူးသဖြင့် ဤမိတ္တဝိန္ဒကဇာတ်ကား ဤဘဒ္ဒကမ္ဘာ ကဿပမြတ်စွာဘုရားလက်ထက်တော်၌ဖြစ်၏။

**အလိုကြီးလှ ဘေးဒုက္ခရ**

ထိုအခါ သင်စုန်းစက်ကို ခေါင်းပေါ်တွင် ရွက်၍ခံရသော ငရဲသားသတ္တဝါ တယောက်သည် မိမိထံ ရောက်လာသောဘုရားအလောင်းနတ်သားအား ''အရှင်····အကျွန်ုပ်သည် အဘယ်မကောင်းမှုကို ပြုခဲ့ဘူးသနည်း''ဟု မေးလေ၏၊ ထိုအခါ ဘုရားအလောင်းနတ်သားသည်—

''အမောင်····သင်ကား ဗိမာန်တခုနေ နတ်ပြိတ္တာမ လေးယောက်တို့ကိုဒင်း, ဗိမာန်တခုနေ နတ်ပြိတ္တာမ ရှစ်ယောက်တို့ကိုဒင်း, ဗိမာန်တခုနေ နတ်ပြိတ္တာမ တဆယ့်ခြောက်ယောက် တို့ကိုဒင်း,

ဗိမာန်တခုနေ နတ်ပြိတ္တာမ သုံးဆယ့်နှစ်ယောက်တို့ကိုငင်း အဆင့်ဆင့်ရခဲ့ပြီ၊ ၎င်းတို့နှင့် မရောင့်ရဲနိုင်ဘဲ အလွန်အလိုကြီးသော သင့်အား ခေါင်းပေါ်တွင် မရပ်မနား ချတ်နေသော သင်စုန်းစက်ကိုရခဲ့ပြီ"—

ဟုပြောဆို၍ မိမိနတ်ပြည်သို့ ပြန်သွားလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မိတ္တဝိန္ဒကသည်-ယခုအခါ အဆုံးမခံသောရဟန်း။

※ နတ်သားသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) နတ်ပြိတ္တာမ၊ ဆင့်ဆင့်ရ၊ စိတ်ကမရောင့်ရဲ။
(၂) အလိုဆိုးဖျက်၊ သင်စုန်းစက်၊ ခေါင်းထက်ရသည်နဲ့။

မိတ္တဝိန္ဒကဇာတ် ပြီး၏။

---

## ၁၀၅-ဒုဗ္ဗလကဋ္ဌဇာတ်

**ပဋ္ဌပြန်ဝဿ၊**

**ကြောက်ခြင်းမရှိ မရဏာဿတိ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် လွန်စွာ ထိတ်လန့်ကြောက်ရွံ့သော ရဟန်းတပါးရှိလေ၏။

ထိုရဟန်းသည် လေတိုက်၍ သစ်ခက် သစ်ရွက် ကျိုးသောအသံ, သားငှက်တို့အသံကိုကြားလျှင် အလွန်ထိတ်လန့်ကြောက်ရွံ့လျက် အသံသည်းစွာ အော်ဟစ်၍ ပြေးလေ့ရှိ၏။

ထိုရဟန်းကား ငါတနေ့နေ့မှာ သေရမည်ဟု သတိမရ, သေရမည်ကိုမသိ, မရဏာဿတိကမ္မဋ္ဌာန်းကို မပွားများသည့်အတွက် သေရမည်ကို အလွန်ကြောက်၍ နေသည်၊ မရဏာဿတိကမ္မဋ္ဌာန်းကို ပွားများ၍ နေသောသူကား ဘယ်အခါမှ ကြောက်ရွံ့လေ့မရှိ၊ ထိုရဟန်း၏ သေခြင်းမှ ထိတ်လန့်ကြောက်ရွံ့သောအဖြစ်သည် သံဃာ့ဘောင်တွင်ထင်ရှား၍လာလေ၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်ဝယ် ထိုရဟန်းအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူကာ "ရဟန်းတို့.... ဤရဟန်းအားနှလုံးမသာမယာ့မဖြစ်စေလင့်၊ ဤရဟန်းကား ယခုအခါ၌သာ သေဘေးမှကြောက်သည်မဟုတ်၊ ရှေးအခါ၌လည်းကြောက်ဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**ထိတ်လန့်အစဉ်တောပြေးဆင်** လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် ဟိမဝန္တာတောဝယ် ရုက္ခစိုးနတ်ဖြစ်လေ၏။

ထိုအခါ ဗာရာဏသီမင်းသည် “မင်္ဂလာဆင်တော်ကို စစ်မြေပြင်၌ မကြောက်မရွံ့အောင် သင်ကြားလော” ဟု ဆင်ဆရာအား အပ်နှင်းလေ၏၊ ဆင်ဆရာလည်း မင်္ဂလာဆင်တော်ကို တိုင်တွင်ချည်ကာ ချွန်းလက်စွဲကုန်သော သူတို့ကို ခြံရံစေ၍ စစ်မြေပြင်၌ မကြောက်မရွံ့အောင် သင်ကြားလေ၏။

ဆင်တော်သည် သင်ကြားလတ်သော် ဝေဒနာကိုသည်း မခံနိုင်၍ ချည်တိုင်ကိုချိုးကာ လူတို့ကိုပြေးစေ၍ ဟိမဝန္တာ တောသို့ဝင်လေ၏၊ လူတို့လည်း ဆင်တော်ကို မဖမ်းနိုင်တော့သဖြင့် ပြန်ကြရကုန်၏။

တောသို့ရောက်သောအခါလည်း ချည်တိုင်၌ချည်ကာ ပြုလုပ်နေသကဲ့သို့ သေဘေးမှကြောက်သဖြင့် လက်မောင်းကိုလှုပ်ကာ လျင်မြန်စွာပြေးလေ၏၊ ကိုယ်စိတ်မချမ်းသာဘဲ အမြဲထိတ်လန့်တုန်လှုပ်ကာသာ နေ၏။

ရုက္ခစိုးနတ်သည် ဆင်ကိုမြင်၍ သစ်ပင်ခွ၌ရပ်လျက်—

“အို-ဆင်ပြောင်ကြီး…ဤတောထဲ၌ အားနည်းသော သစ်ခက်သစ်ရွက်ခြောက်များစွာသည် လေတိုက်၍ ကျိုးပြတ်ကျကြ၏၊ သည်အသံကိုကြောက်ရွံ့မနေလင့်၊ ကြောက်ရွံ့နေလျှင် သင့်မှာ တဖြည်းဖြည်းပိန်ချုံးလာလိမ့်မည်၊သင့်အားဘေးရန်မရှိ”-

ဟု ရုက္ခစိုးနတ်သည် မကြောက်မရွံ့အောင် ဆင်အား အဆုံးအမပေးလေ၏၊ ဆင်လည်း ထိုနေ့မှစ၍ ကြောက်ရွံ့ခြင်းမရှိတော့ဘဲ သွားလာကျက်စားကာနေလေ၏။

ဇာတ်ပေါင်း

ဤဒေသနာတော်၏အဆုံး၌ထိတ်လန့်ကြောက်ရွံ့သော ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဆင်သည်-ယခုအခါ ကြောက်ရွံ့သော ရဟန်း။

※ ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သေခြင်းတရား၊ မသိငြား၊ ကြောက်အားပိုတတ်လှ။

(၂) အကြောက်လွန်ရာ၊ ဘေးဖြစ်လာ၊ ချမ်းသာမရှိကြ။

ဒုဗ္ဗလကဋ္ဌဇာတ် ပြီး၏။

---

## ၁၀၆—ဥဒဥ္စနိဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

[ဤဇာတ်တော်၌ ပစ္စုပ္ပန်ဝတ္ထု, အတိတ်ဝတ္ထုတို့သည် တေရသနိပါတ် စူဠနာရဒကဿပဇာတ်၌ ထင်စွာဖြစ်ကုန်လတ္တံ့။]

**မိန်းမလှည့်စား ရဟန်းတပါး**

နတ် လူ တို့ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး တော်မူစဉ် အပျိုကြီး ဖြားယောင်းသဖြင့် သာသနာတော်မှ လူထွက် လိုသော ရဟန်းတပါးရှိလေ၏။

ရဟန်း တို့သည် ထိုရဟန်းကို မြတ်စွာဘုရား ထံ ယူဆောင်၍ သွားကြရာ မြတ်စွာဘုရားသည် ''ချစ်သား ရဟန်း..ဤအပျိုကြီးသည် ယခုအခါ၌သာ သင်၏အကျိုးမဲ့ကို ပြုသည်မဟုတ်၊ ရှေးအခါ၌လည်း ပြုဘူးပြီ၊ ထိုမိန်းမကိုမှီ၍ သီလပျက်သောအခါ ပညာရှိတို့ကို မှီ၍ချမ်းသာရာ ရဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**မိန်းမနှင့်တွေ့ ရှင်ရသေ့**

လွန်လေပြီးသောအခါ ဗာရာဏသီပြည် ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရား အလောင်း သားအဘ နှစ်ယောက်တို့သည် ရသေ့ရဟန်းပြုကာ ဟိမဝန္တာတော၌ နေကြကုန်၏။

တနေ့သ၌ အဘ ရသေ့ကြီးသည် တောသို့ သွား၍ သစ်သီးကြီးငယ်တို့ကို ရှာဖွေပြီးလျှင် ညဥ့်အခါကျောင်းသို့ ပြန်ရောက်သည်ရှိသော် သားရသေ့ငယ်အား ''ချစ်သား.. သင်သည် အခြားနေ့တို့၌ ထင်းကိုသယ်၍ထားသည်၊ ရေကို ခပ်၍ထားသည်၊ မီးကိုညှိ၍ ထားသည်၊ ယနေ့မူကား ဘာတခုမျှ မပြုနှင့်၊ အဘယ့်ကြောင့် မျက်နှာမသာ မှိုင်တွေ ချလျက် အိပ်ဘိသနည်း''ဟုမေးလေ၏။

ထိုအခါ ရသေ့ငယ်သည် ''ဘခင်.... သင်တို့သစ်သီး ကြီးငယ်ရှာဖွေသွားစဉ် မိန်းမတယောက်လာ၍ အကျွန်ုပ်ကို ခေါ်ယူသွားရန် ပြင်ဆင်အားထုတ် နေပါသည်၊ အကျွန်ုပ်ကား ဘခင်လွှတ်မှသွားမည်၊ မလိုက်လိုသေးဟု

ပြောဆိုကာ အနီးတနေရာမှာထားပြီး ပြန်ခဲ့ပါသည်၊ "ဘခင်…အကျွန်ုပ်သွားလိုပါသည် ခွင့်ပြုတော်မူပါ" ဟု တောင်းပန်လေ၏။

အဘရသေ့ကြီးလည်း ဤရသေ့ငယ်ကား မလိုက်ရန် တားမြစ်၍ ရတော့မည်မဟုတ်ဟု သိသဖြင့်" ချစ်သား…. ထိုသို့ဖြစ်လျှင် လိုက်သွားပါ၊ မိန်းမတို့မည်သည်ကား သင့်ကိုခေါ်ယူသွားပြီးလျှင် သူတို့လိုရာဝတ္ထုပစ္စည်းကို ရအောင် ရှာဖွေလုပ်ကိုင်ရန် အဖန်ဖန်ခိုင်း၍ ပင်ပန်းစေလိမ့်မည်၊ ပင်ပန်းလှ၍မနေလိုသောအခါ အဘထံသို့သာ ဆိုက်ဆိုက်မြိုက်မြိုက်ပြန်ခဲ့လော့''ဟု မှာထား၍ လွှတ်လိုက်၏။

ရသေ့ငယ်လည်း ရသေ့ကြီးထံမှထွက်ခွါ၍ ထိုမိန်းမနှင့် အတူ လူတို့နေရာသို့သွားကာ ပေါင်းသင်းနေထိုင်လေ၏၊ ထိုအခါ မိန်းမသည် ရသေ့လူထွက်အား ဆန်ယူချေ၊ဆီယူချေ၊ ငါးယူချေ၊ အမဲယူချေစသည်ဖြင့် မိမိအလိုရှိရာပစ္စည်းဥစ္စာတို့ကို ရှာဖွေလုပ်ကိုင်၍ ပေးရန် အဖန်ဖန်စေခိုင်းလေ၏။

**မိန်းမကိုမုန်း ရသေ့ဘုန်း**

ထိုအခါ ရသေ့လူထွက်သည် "ဤမိန်းမကား ငါ့ကိုကျွန်အမှုလုပ်ကဲ့သို့ စေခိုင်းဘိသည်၊-နှိပ်စက်ဘိသည်"—

ဟု အဘ၏ဂုဏ်ကျေးဇူးကို သတိရကာ အဘရသေ့ကြီးထံ သွား၍ ရှိခိုးပြီးလျှင်—

"ဘခင်…. ဘခင်ထံမှာ ချမ်းသာစွာ အသက်မွေးနေသော ကျွန်ုပ်တို့ကို ရေလောင်းအိုးနှင့်တူသော သူခိုးမသည် ဖြားယောင်း သွေးဆောင်၍

ယူကာ ဆန်ပေးပါ၊ဆီပေးပါ၊ ဆားပေးပါ စသည်
ဖြင့် ခဏခဏတောင်းဘိ၏''—

ဟု အဘရသေ့ကြီးအားပြန်ကြားလျှောက်ထားလေ၏။

အဘရသေ့ကြီးလည်း သားငယ်ကို နှစ်သိမ့် စေ၍ "ချစ်သား····ဗြဟ္မဝိဟာရတရားလေးပါးကိုပွားစေလော့၊ ကသိုဏ်းပရိကံကို ပြုလော့''ဟု ညွှန်ကြားစေခိုင်းလေ၏၊ ရသေ့ငယ်လည်း မကြာမီ အဘိညာဉ်ငါးပါး၊ သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေ၍ ဗြဟ္မဝိဟာရတရားကို ပွားများကာ အဘရသေ့ကြီးနှင့်အတူ ဗြဟ္မာ့ပြည်သို့လားရ၏။

ဤဒေသနာတော်၏အဆုံး၌ သာသနာတော်မှ လူထွက်လိုသော ရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ အပျိုကြီးသည်- ယခုအခါ အပျိုကြီး။

※ ရသေ့ငယ်သည်-လူထွက်လိုသော ရဟန်း။

※ အဘရသေ့ကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ကာမဂုဏ်ငါး၊ လိုလိုက်စား၊ မမှားပျက်စီးမည်။

(၂) လူသော, ရှင်သော၊ ရဟန်းသော၊ ဂုဏ်လျော့ကျတော်သည်။

ဥဒ္ဒဋ္ဌနိဇ္ဇာတ်ပြီး၏။

## ၁၀၇—သာလိတ္တကဇာတ်

### ပဉ္စုပ္ပန်ဝတ္ထု

**ခဲပစ်အတတ်**
**တဖက်ကမ်းခတ်**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကျောက်စရစ်ခဲလုံးပစ်အတတ်ဝယ် တဖက်ကမ်းရောက် တတ်မြောက်လိမ်မာသောရဟန်းတပါး ရှိလေ၏၊ ထိုရဟန်းသည် သီလသိက္ခာ၌ ကျင့်ရန်အလိုမရှိ။

တနေ့သ၌ ထိုကျောက်စရစ်ခဲလုံး အပစ်ကောင်းသော ရဟန်းသည် ရဟန်းငယ်တပါးကိုခေါ်ကာ အစိရဝတီမြစ်ကမ်းသို့ သွား၍ ရေချိုးပြီးလျှင် မြစ်ကမ်းဝယ် ခဏနားနေ၏၊ ထိုအခါ ဟင်္သာဖြူနှစ်ကောင်တို့သည် ကောင်းကင်မှ ပျံသွားကြကုန်၏။

ကျောက်စရစ်ခဲလုံး အပစ်ကောင်းသော ရဟန်းသည် ရဟန်းငယ်ကို“ငါ့ရှင်....နောက်ကပျံသော ဟင်္သာမျက်စိကို မှန်အောင်ပစ်၍ ကျစေမည်”ဟု ပြောလေ၏၊ရဟန်းငယ်က “ဘယ်လိုကျစေမလဲ မှန်အောင်မပစ်နိုင်”ဟု ပြောလေ၏၊ ကျောက်စရစ် အပစ်ကောင်းသော ရဟန်းက “သည်ဘက်မျက်စိမှ ဟိုဘက်မျက်စိ ဖေါက်သွားအောင် ပစ်မည်”ဟု ပြောပြန်၏၊ ရဟန်းငယ်က“မဟုတ်မမှန် မဖြစ်နိုင်တာကို မပြောပါလင့်”ဟု ပြောပြန်၏။

**ဟင်္သာပစ်ချ**
**ရေထဲကျ**

ထိုအခါ ကျောက်စရစ် အပစ်ကောင်းသောရဟန်းသည် “ကောင်းပြီ ကြည့်ပါ”ဟု ဆို၍ ကျောက်စရစ်ခဲကို လက်

ချောင်း၌ထားကာ ဟင်္သာနောက်သို့ ပစ်လိုက်သောအခါ ဝီးဝီးအသံမြည်လျက် သွားလေ၏၊ ဟင်္သာလည်း ခဲသံကြား၍ ပြန်ကြည့်နေစဉ် နောက်တလုံးဖြင့် ထပ်ပစ်လိုက်သောအခါ မျက်စိတဘက်မှ တဘက်သို့ ဖေါက်ထွင်းသွားသဖြင့် အသံကျယ်လောင်စွာ အော်မြည်လျက် မြေရင်းတွင် ကျ၍ သေလေ၏။

ရဟန်းတို့သည် ထိုရဟန်းကိုခေါ်၍ မြတ်စွာဘုရားထံ ထိုအကြောင်းကို လျှောက်ထားကြရာ မြတ်စွာဘုရားသည် ထိုရဟန်းအား ကဲ့ရဲ့တော်မူ၍ "ရဟန်းတို့.... ဤရဟန်းကား ယခုအခါ၌သာကျောက်စရစ်ခဲပစ်အတတ်၌ လိမ္မာသည်မဟုတ်၊ ရှေးအခါ၌လည်းလိမ္မာခဲ့ဘူးပြီ" ဟုမိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော် မူသတည်း။

**အတိတ်ဝတ္ထု၊**

**ဆုံးမဘိုရာ အကြောင်းရှာ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ထိုဗြဟ္မဒတ်မင်း၏ ပညာရှိအမတ် ဖြစ်လေ၏၊ ပုရောဟိတ်ပုဏ္ဏားသည် အလွန်စကားများ၏၊ ပုဏ္ဏားစကား ပြောသည်ရှိသော် သူတပါးတို့ ပြောဆိုခွင့်မရကုန်။

မင်းကြီးလည်း ဘယ်သောအခါ၌ ပုဏ္ဏား စကားမပြောနိုင်အောင် လုပ်သော အတတ်ပညာ တစုံတခုကို ရပါအံ့နည်းဟု ကြံစည်လျက်နေ၏၊ ထိုနေ့မှစ၍ အတတ်ပညာကို စုံစမ်းလျက်သွား၏။

ထိုအခါ ဗာရာဏသီမြို့တော်ဝယ် ဒွေ့တယောက်သည် ကျောက်စရစ် ခဲလုံးပစ် အတတ်ဝယ် တဘက်ကမ်းရောက် တတ်မြောက်လိမ်မာ၏၊ ရွာသူသားငယ် တို့သည် ဒွေ့ကို ရထားတွင်တင်ကာ ဆွဲငင်၍ မြို့တံခါးရင်းရှိ ညောင်ပင်ကြီးသို့ ခေါ်ဆောင်ပြီးလျှင် ဝန်းရံကြလျက် အဘိုးအခ ပေး၍ ဆင်ရုပ်လုပ်ပါ, မြင်းရုပ်လုပ်ပါ စသည်ဖြင့် ခိုင်းကြကုန်၏၊ ဒွေ့သည် ကျောက်စရစ်ခဲလုံးဖြင့်ပစ်ကာ ညောင်ရွက်တို့၌ အထူးထူးသော အရုပ်တို့ကို ပြုလုပ်ထားသဖြင့် ညောင်တပင်လုံးမှာ အပေါက်ကြီး အပေါက်ငယ်တို့ဖြင့် ပြည့်နှက်လျက် ရှိလေ၏။

**ခဲပစ်ပြလေ့ ဒွေ့တွေ**

မင်းကြီးသည် ဥယျာဉ်တော်သို့ သွားသောအခါ ညောင်ပင်ရင်းသို့ ရောက်လျှင် သူခပ်သိမ်းတို့သည်ပြေးကြကုန်၏၊ ဒွေ့မှုကား ထိုအရုပ်၌ပင်အိပ်၏၊ မင်းကြီးလည်း ရထားပေါ်မှကြည့်လတ်သော် ညောင်ပင်တပင်လုံး အပေါက်တို့ကို မြင်၍''အမောင်…. ဤညောင်ရွက်တို့ကို အဘယ်သူ ဖေါက်သနည်း''ဟုမေး၏၊ ''အရှင်မင်းကြီး··ဒွေ့ကျောက် စရစ်ခဲနှင့်ပစ်၍ ဖေါက်ပါသည်''ဟု လျှောက်လေ၏၊ မင်းကြီးလည်း နေရာကျပြီ ဤဒွေ့ကိုမှီ၍ ပုဏ္ဏား စကားမပြောနိုင်အောင်လုပ်မည်ဟုကြံစည်ကာ''အမောင်….ဒွေ့ ဘယ်မှာနည်း''ဟု မေး၏၊''အရှင်မင်းကြီး….ညောင်မြစ်ကြား တွင် အိပ်နေသူဖြစ်ပါသည်''ဟု လျှောက်ကြ၏။

**ပုဏ္ဏားခံတွင်း ဆိတ်ချေးသွင်း**

ထိုအခါ ဒွေ့ကို ခေါ်စေပြီးလျှင် ပရိသတ် တို့ကို အခြားသို့ သွားစေ၍ ''အမောင်….ငါ့ထံမှာ စကား အ

ပြန်လော့၊ ငသီးရေကိုသောက်၍ ဝမ်းနှုတ်ဦးလော့''ဟု ဆိုလေ၏၊ပုဏ္ဏားလည်း ထိုနေ့မှစ၍ အရှက်ရသဖြင့် စကား လွန်စွာ မပြောတော့ချေ။

**အတတ်အပေါင်း သင်မှကောင်း** မင်းကြီးလည်း ဤငဆွံ့ကို မှီ၍ ငါ့မှာ နားချမ်းသာပေသည်ဟု ကျေးဇူးတင် လှသဖြင့် ငဆွံ့အား အခွန် တသိန်းစီ ထွက်သော အရပ်လေးမျက်နှာရှိ ရွာကြီး လေးရွာတို့ကို အပိုင်စားပေး၍ ချီးမြှောက်တော်မူ၏။

ထိုအခါ ပညာရှိအမတ်ကြီးသည် မင်းကြီးထံ ကပ်၍—

''အရှင်မင်းကြီး····လောက၌ ပညာရှိတို့ မည်သည် အတတ်ပညာဟူသမျှကို သင်အပ်သည်သာ တည်း၊တတ်မြောက်လျှင် ကောင်းသည်သာတည်း၊ ငဆွံ့သည်ပင် ဆိတ်ချေးပစ်သော အတတ်ပညာကို တတ်ရုံမျှနှင့် အခွန်တသိန်းစီ ထွက်သော ရွာကြီး လေးရွာဝယ် ရွာစားမင်း ဖြစ်ရသေး၏''—

ဟု မင်းကြီးကို တရားဟောပြောကာ အဆုံးအမ ဩဝါဒ ပေးလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော် မူလျက်—

ရဟန်းတို့····

※ ထိုအခါ ငဆွံ့သည်— ယခုအခါ ကျောက်စရစ်ခဲ အပစ်ကောင်းသော ရဟန်း။

※ မင်းကြီးသည်–အာနန္ဒာ။
※ ပညာရှိအမတ်သည်–ငါဘုရား ဖြစ်လာပြီ-
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) အတတ်ဟူက၊ တတ်ကောင်းစွ၊ မုချကျိုးရှိသည်။
(၂) ဆိတ်ဈေးပစ်ငြား၊ ငွေ့ထုံကား၊ ရွာစားဖြစ်လေသည်။

သာလိတ္တကဇာတ် ပြီး၏။

---

## ၁၀၈–ဗာဟိရဇာတ်

**ပဉ္စုပ္ပန်ဝတ္ထု**

**လိစ္ဆဝီမောင်နှံ ဆုံကြပြန်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန်တော စုလစ်မွန်ချွန် တပ်သော ကျောင်း၌ သီတင်းသုံးတော်မူစဉ် လိစ္ဆဝီမင်း တယောက်သည် သဒ္ဓါတရားနှင့် ပြည့်စုံ၏၊ဘုရားအမှူးရှိသော သံဃာတော်ကို အိမ်သို့ ပင့်ဘိတ်၍ အလှူကြီးစွာပေးလှူ၏။

ထိုလိစ္ဆဝီမင်း၏ မယားကား ဝဖြိုးသောကိုယ်အင်္ဂါရှိ၏၊ ဖူးဖူးယောင်သော သူသေကောင်နှင့်တူ၏၊ အသွင်အပြင်နှင့် မပြည့်စုံ။

မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေး၍ တရားဟောတော်မူပြီးသော် ကျောင်းတော်သို့ကြွတော်မူကာ ရဟန်းတို့အား အဆုံးအမ ဩဝါဒပေး၍ ဂန္ဓကုဋိသို့ ဝင်တော်မူ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် "ငါ့ရှင်တို့....အလွန်အဆင်းလှသော လိစ္ဆဝီမင်းဖြစ်လျက် ဝဖြိုးသောကိုယ်အင်္ဂါ

ရှိ၍ အသွင်အပြင်နှင့် မပြည့်စုံသော မယားကို ရရှာသည်၊ ထိုမိန်းမနှင့် အဘယ်သို့ မွေ့လျော်နိုင်ပါအံ့နည်း''ဟုစကား စပ်မိ၍ ပြောဆိုနေကြစဉ် မြတ်စွာဘုရား ကြွလာတော်မူ၍ ''ရဟန်းတို့....ဤလိစ္ဆဝီမင်းကား ယခုအခါ၌သာ ဝဖြိုး သော ကိုယ်အင်္ဂါရှိသော မိန်းမနှင့် မွေ့လျော်သည်မဟုတ်၊ ရှေးအခါ၌လည်း မွေ့လျော်ဘူးပြီ''ဟု မိန့်တော် မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော် မူသတည်း။

**အတိတ်ဝတ္ထု၊**

**အခင်းကြီးပြီးမြောက် မိဖုရားမြောက်** လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ထိုမင်း၏ ပညာရှိအမတ် ဖြစ်လေ၏။

ထိုအခါ ဇနပုဒ်သူ မိန်းမတယောက်သည် ဝဖြိုးသော ကိုယ်အင်္ဂါရှိ၏၊ အသွင်အပြင်နှင့် မပြည့်စုံ၊ အခစားလုပ် ကာ အသက်မွေးရ၏။

တနေ့သ၌ထိုမိန်းမသည် အခစားလုပ်လျက် မင်းရင်ပြင် ဖြင့်သွားလတ်သော် ကျင်ကြီးသွားလိုသည်ဖြစ်၍ ကိုယ်ဝတ် ဖြင့် ကိုယ်ကိုဖုံးလွှမ်းကာထိုင်လျက် ကျင်ကြီးသွား၍ အညစ် အကြေးသုတ်သင်ပြီးလျှင် လျင်မြန်စွာထလေ၏။

ထိုအခါ မင်းကြီးသည် လေသာပြူတင်းဖြင့် ကြည့် ရှုခိုက်ကြုံ၍''ဤမိန်းမကား လွင်တီးခေါင်၌ အညစ်အကြေး သုတ်သင်ရာမှာပင် ကိုယ်ဝတ်ဖြင့် ဖုံးလွှမ်း၍ သုတ်သင်ပေ သည်၊ အရှက်အကြောက်ရှိပေ၏၊ အလွန်ကိစ္စပြီးလွယ်သည်၊ အနာရောဂါမရှိ၊ သားအိမ်သန့် ရှင်းသည်ဖြစ်ရာ၏၊ သား

အိမ်သန့်ရှင်းလျှင် ဘုန်းပညာရှိသောသားကို ရပေရာ၏၊ ထို့အတွက် ဤမိန်းမကိုမိဖုရားကြီးအရာ၌သာ ထားရန်သင့်မြတ်၏ဟု ကြံစည်၍ ကာမပိုင်လင် ရှိ,မရှိမေးမြန်းစေရာ ကာမပိုင်လင် မရှိကြောင်းသိရ၍ မင်းချင်းတယောက်ကို ခေါ်စေပြီးလျှင် မိဖုရားကြီးအရာ၌ထားလေ၏။

**အတတ်ပညာ စည်းစိမ်လာ**

မင်းကြီးသည် ထိုမိဖုရားကြီးကို အလွန်ချစ်မြတ်နိုးတော်မူ၏၊ မကြာမြင့်မီ သားတယောက်ကို ဘွားမြင်လေ၏၊ ထိုသားသည် နောက်အခါ စကြဝတေးမင်းဖြစ်လေ၏။

ပညာရှိအမတ်ကြီးလည်း ထိုမိဖုရားကြီး၏ စည်းစိမ်ချမ်းသာကိုမြင်၍ အတတ်ပညာနှင့်စပ်သော အကြောင်းကိုပြောလိုသဖြင့် ''အရှင်မင်းကြီး.... အတတ်ပညာဟူသမျှမှာ သေးနုပ်သည်ဟုမဆိုရာ၊ သင်ကောင်း,တတ်ကောင်းသည်သာတည်း၊ ဤဆင်းရဲသော မိန်းမဖြစ်လျက်လည်း အရှက်အကြောက်ကိုမစွန့်ဘဲ ဖုံးလွှမ်း၍ အညစ်အကြေးသုတ်သင်သည့်အတွက် သင်မင်းကြီး နှစ်သက်တော်မူသဖြင့် မိဖုရားကြီးစည်းစိမ်ကို ရပေသည်ဟုသက်သေပြကာ—

> လောက၌ သင်ကြားလိုသော ဆန္ဒရှိသူသည် အတတ်ပညာဟူသမျှကို သင်ကြားရာ၏၊ ဇနပုဒ်သူသည် ဖုံးလွှမ်း၍ အညစ်အကြေးသုတ်သင်သော အတတ်ပညာဖြင့် မင်းကြီးကိုနှစ်သက်စေ၍ စည်းစိမ်ချမ်းသာကိုရပေသည်—

ဟု အတတ်ပညာ၏ဂုဏ်ကျေးဇူးကို ချီးကျူးလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါ မင်းနှင့်မိဖုရားသည်— ယခုအခါလိစ္ဆဝီမင်းနှင့်မိဖုရား။
※ ပညာရှိအမတ်ကြီးသည်— ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) အတတ်မှန်က၊ တတ်ကောင်းစွ၊ မုချသင်ရာဟူ၊
(၂) ကျင်ကြီးစွန့်တတ်၊ မိဖျားမြတ်၊ ဖြစ်လတ်ဇနပုဒ်သူ။

ဗာဟိရဇာတ်ပြီး၏။

---

## ၁၀၉—ကုဏ္ဍကပူဝဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**တမြို့လုံးညီတူ ပေါင်းဆုံရှု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိ မြို့တော်ဝယ် အခစားလုပ်၍အသက်မွေးသူ မဟာဒုဂ္ဂတမည်သော သူဆင်းရဲတယောက် ရှိလေ၏။

ထိုအခါ သာဝတ္ထိ မြို့သူမြို့သားတို့သည် ဘုရားအမှူးရှိသော သံဃာကို ရံခါတဦးတည်း၊ ရံခါနှစ်ဦးသုံးဦးပေါင်း၍ ရံခါတလမ်းလုံး၊ ရံခါတမြို့လုံး လှူဒါန်းလေ့ရှိကြကုန်၏။

**ဆင်းရဲသားမုံ့ရှူ ဘုရားခံယူ**

တနေ့သ၌ တလမ်းလုံးညီညွတ်ကာ လှူဒါန်းကြရာအချို့က ယာဂုယူခဲ့ကြရန်၊အချို့က ခဲဘွယ်ယူခဲ့ကြရန် စသည်ဖြင့် အချင်းချင်း ဆော်အောကြကုန်၏၊ ထိုအခါ မဟာဒုဂ္ဂတသည် ထိုခရီးလမ်း၌နေသဖြင့် ငါသည် အလွန်ဆင်းရဲလှ၏၊ ယာဂုလှူအံ့သောငှါ မတတ်နိုင်၊ ခဲဘွယ်ကိုလှူမည်ဟု ကြံစည်ကာ သိမ်မွေ့နူးညံ့သောဆန်ကွဲကိုထောင်း၍ရေဖြင့်နယ်ကာမရိုးရွက်ဖြင့်ထုပ်လျက် ပြာပူ၌အုံး၍ ကျက်နပ်သောအခါ မြတ်စွာဘုရားကိုလှူမည်ဟု မုံ့ကိုယူလျက် မြတ်စွာဘုရားထံသွားကာ အသင့်စောင့်ဆိုင်း၍နေလေ၏။

ခဲဘွယ်ယူခဲ့ကြဟု ဆိုသောအခါ တခွန်းတည်းသော စကားဖြင့်ပင် သူတပါးအရင်ဦးအောင်သွား၍ မြတ်စွာဘုရားအား ကပ်လှူလေ၏၊ မြတ်စွာဘုရားလည်း အခြားသူတို့ ခဲဘွယ်ကို အလှူမခံတော့ဘဲ မဟာဒုဂ္ဂတ၏ဆန်ကွဲမုံ့ကိုသာ ဘုဉ်းပေးတော်မူ၏၊တခဏချင်း၌ မြတ်စွာဘုရားသည် မဟာဒုဂ္ဂတ၏ဆန်ကွဲမုံ့ကို အမြိုက်သုဓာဘုတ်ကဲ့သို့ မြိန်မြိန် ရှက်ရှက်ဘုဉ်းပေးတော်မူသည်ဟုတမြို့လုံးတပြိုင်နက် အုတ်အုတ်ကျက်ကျက်ဖြစ်လေ၏။

**မုံ့ရှူအကျိုး စည်းစိမ်တိုး**

ထိုအခါ အယုတ်ဆုံးတံခါးစောင့်မှအစ မှူးမတ် သေနာပတိအထိ တမြို့လုံးစည်းဝေးကာ သူ့ထက်ငါ တဆ,နှစ်ဆ စသည်ဖြင့် ဥစ္စာတို့ကိုပေးကြလျက် သာခုခေါ်ကြကုန်၏၊ မဟာဒုဂ္ဂတလည်း ဥစ္စာတို့ကိုယူကာ အလှူအဘို့ကိုအမျှပေးဝေလေ၏၊ ခဏချင်းလျှင် ရွှေကိုးကုဋေတို့ကိုရလေ၏၊ မြတ်

စွာဘုရားလည်းအနုမောဒနာ ပြုပြီးလျှင် ကျောင်းတော်သို့ ပြန်လေ၏၊ မင်းကြီးလည်း ညချမ်းအခါ မဟာဒုဂ္ဂတကို ခေါ်၍ သူဌေးရာထူးဖြင့် ချီးမြှောက်လေ၏။

ရဟန်း တို့လည်း တရားသဘင်ဝယ် မဟာ ဒုဂ္ဂတ အကြောင်းစကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူကာ "ရဟန်းတို့ ယခုအခါ၌သာ မဟာ ဒုဂ္ဂတ၏ ဆန်ကွဲမုံ့ကို အမြိုက်သုခာဘုတ်ကဲ့သို့ ဘုန်းပေး သည်မဟုတ်၊ရှေးအခါ ရုက္ခစိုးနတ်ဖြစ်စဉ်၌လည်း စားဘူး ပြီ၊ယခုအခါ၌သာ ငါ့ကိုမှီ၍ သူဌေးရာထူးကိုရသည်မဟုတ်၊ ရှေးအခါ၌လည်းရဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**နတ်ပူဇော်မှု ရှေးကပြု**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည်တခုသော အရပ်ဝယ် ကြက်ဆူပင်စောင့် ရုက္ခစိုးနတ် ဖြစ်လေ၏၊ ထိုအခါ လူတို့သည် နတ်ကို ကိုးကွယ်ပသလေ့ ရှိကြကုန်၏။

တနေ့သ၌ နတ်ပူဇော်ပွဲသဘင် ဖြစ်လတ်သော် လူတို့ သည် မိမိတို့ ကိုးကွယ်ရာသစ်ပင်ကြီးတို့ကို ရှင်းလင်း သုတ် သင်၍ ပန်းနံ့သာ နံ့သာပျောင်း အခိုးအထုံ တို့ကိုင်၎င်း, မုံ့ ခဲဘွယ် ဘောဇဉ်တို့ကို၎င်း ယူဆောင်ကြလျက် မိမိတို့ ကိုးကွယ်ရာ ရုက္ခစိုးနတ်တို့အား ပူဇော်ပသကုန်၏။

သူဆင်းရဲတယောက်လည်း ကြက်ဆူပင်တပင်ကို ရှင်းလင်းသုတ်သင်၍ ဆန်ကွဲမှုံနှင့်ရေတမှုတ်ကို ယူဆောင်ကာ ကြက်ဆူပင်စောင့် ရုက္ခစိုးနတ်အား ပူဇော်မည်ဟု သွား၍ အနီးတွင် ရပ်လျက် နတ်တို့မည်သည်မှာ နတ်သြဇာကို စားကြသည်၊ ကြက်ဆူပင်စောင့် ရုက္ခစိုးနတ်လည်း ဤဆန်ကွဲမှုံကို စားမည်မဟုတ်၊ သို့အတွက် နတ်အား မပူဇော်မပသတော့ပြီ၊ ငါပင် စားတော့မည်"ဟု ကြံစည်လျက် ပြန်မည်ပြုလေ၏။

**စကားမြွက်ဟ ကိုယ်ထင်ပြ**

ထိုအခါ ရုက္ခစိုးနတ်သည် ကြက်ဆူပင်ခွတွင် ရပ်လျက် "အိုယောကျ်ား.... သင်သည် အကယ်၍ စည်းစိမ်ရှင်ဖြစ်ခြားအံ့၊ငါ့အားကောင်းသောခဲဘွယ်ဘောဇဉ်ကိုပူဇော်ပသပေမည်၊ ယခုမူကား အလွန်ဆင်းရဲလှ၏၊ ငါသည် သင့်မှုံကိုမစားဘဲ တပါးသော ခဲဘွယ်ကို အဘယ့်ကြောင့် စားရမည်နည်း၊ ငါ့အဘိုကို မပျက်စီးပါစေလင့်၊ နတ်တို့မည်သည်မှာ ကိုးကွယ်ပသသူများစားသောအစာအာဟာရကိုပင် စားရမြဲဖြစ်သည်၊ သင့်ဆန်ကွဲမှုံကို ယူခဲ့ပါ"ဟု ဂုဏ်မငယ်ရအောင် အားပေးစကားပြောကြား၏။

**လူ့အစာမှ သြဇာရ**

သူဆင်းရဲလည်း ရုက္ခစိုးနတ်ကို မြင်၍ အားတက်သရောဖြစ်ကာ ပူဇော်ပသလေ၏၊ ရုက္ခစိုးနတ်လည်း ဆန်ကွဲမှုံမှ သြဇာကိုစား၍—

**မေး။** "အို—ယောကျ်ား....ဘယ်အတွက် ငါ့ကိုပူဇော်ပသသနည်း။"

ဖြေ။ "အရှင်နတ်မင်း··အကျွန်ုပ်မှာ အလွန်ဆင်းရဲလှ၏၊ နတ်မင်းကိုမှီ၍ ဆင်းရဲမှလွတ်လိုသည့် အတွက် ပူဇော်ပသ ပါသည်" ဟု ပြောလေ၏။

ထိုအခါ ကြက်ဆူပင်စောင့်နတ်သည် "အိုယောကျ်ား·· မစိုးရိမ်လင့်၊ သင်ကား ငါ့ကို ကျေးဇူးပြုပေသည်၊ ငါသည် သင့်အား ကျေးဇူးတို့ပြန်၍ ဆပ်မည်၊ ငါ့ကြက်ဆူပင်ကို ဝန်းရံလျက် လည်ပင်းချင်းထိ၍ တည်သော ရွှေအိုးများရှိသည်၊ သင်သည် မင်းကြီးကို အတိအလင်း လျှောက်ကြားပြီးလျှင် တူးဖေါ်သယ်ယူ၍ မင်းရင်ပြင်တွင် ပုံစေလော့၊ မင်းကြီးသည်နှစ်သက်တော်မူသဖြင့် သင့်အားသူဌေးရာထူးကိုပေးလိမ့်မည်"ဟု ပြောဆိုကာ ပျောက်ကွယ်လေ၏။

သူဆင်းရဲလည်း နတ်မင်းဆိုတိုင်းပြုလေ၏၊ မင်းကြီးလည်း သူဆင်းရဲအား သူဌေးရာထူးဖြင့် ချီးမြှောက်လေ၏၊ သူဆင်းရဲလည်း ကြက်ဆူပင်စောင့်ရုက္ခစိုးနတ်ကိုမှီ၍ ကြီးစွာသောစည်းစိမ်ချမ်းသာကို ရရှိလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ သူဆင်းရဲသည်-ယခုအခါ သူဆင်းရဲ။

※ ကြက်ဆူပင်စောင့် ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဘုန်းရှိသူအား၊ ပူဇော်ငြား၊ ကြီးပွားမျက်မှောက်တွင်။
(၂) ပူဇော်ဆန်ကွဲ၊ သူဆင်းရဲ၊ ထူးကဲသူဌေးပင်။

ကုဏ္ဍကပူဝဇာတ်ပြီး၏။

[မှတ်ချက်… (၁၁၀) သဗ္ဗသံဟာရကပဉ္ဇာတ်၊ (၁၁၁) ဂဒြဘပဉ္ဇာတ်၊ (၁၁၂) အမရာဒေဝိပဉ္ဇာတ်တို့သည် မဟာနိပါတ်မဟာဥမင်ဇာတ်ခေါ် မဟောသဓောဇာတ်နှင့်တူကုန်၏၊ အလိုရှိသောပုဂ္ဂိုလ်တို့သည် မဟောသဓဇာတ်၌ကြည့်ရှုကြပါကုန်။]

## ၁၁၃-သိင်္ဂါလဇာတ်

ပဉ္စုပ္ပန်ဝတ္ထု၊

**မုသားဆိုတတ် ဒေဝဒတ်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည် တရားသဘင်ဝယ်“ငါ့ရှင်တို့….ဒေဝဒတ်သည် ရဟန်းငယ်ငါးရာတို့ကို ဆောင်လျက် ဂယာသီသသို့သွား၍ “ရဟန်းဂေါတမအကျင့်သည် တရားမဟုတ်၊ ငါ့အကျင့်သာတရားဟုတ်၏”ဟု မုသားဆိုကာ တသိမ်တည်း၌ နှစ်ခုသော ဥပုသ်ကိုပြုစေသည်” ဟု ဒေဝဒတ်၏ကျေးဇူးမဲ့ကို ပြောဆိုကာနေကြကုန်၏။

ထိုအခိုက်တွင် မြတ်စွာဘုရားကြွလာတော်မူ၍“ရဟန်းတို့….ဒေဝဒတ်သည် ယခုအခါ၌သာ မုသားဆိုလေ့ရှိသည် မဟုတ်၊ ရှေးအခါ၌လည်း မုသားဆိုခဲ့ဘူးပြီ”ဟုမိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**မြေခွေးလှည့်ပုံ ပုဏ္ဏားယုံ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သုသာန်တောဝယ် ရုက္ခစိုးနတ်ဖြစ်လေ၏။

ထိုအခါ ဗာရာဏသီမြို့တော်ဝယ် နက္ခတ်ပွဲသဘင် ပြုလုပ်ကြသဖြင့် လူတို့သည် အထူးထူးသော နတ်တို့အား ပူဇော်ပသကြကုန်၏၊ ခရီးလေးဆုံ,ခရီးလမ်းမ စသည်တို့၌ ငါး,အမဲစသည်တို့မှာ ဖရိုဖရဲကြကုန်၏၊ အိုးကင်းငယ်တို့၌လည်း များစွာသောသေရည်တို့ကိုထားကြကုန်၏။

ညဉ့်သန်းခေါင်ယာမ်အချိန်၌ ※မြေခွေးတကောင်သည် ရေပြွန်ပေါက်ဖြင့် မြို့တွင်းသို့ဝင်၍ ငါး,အမဲတို့ကို ဝအောင်စားပြီးလျှင် သေရည်ကိုသောက်ကာ ခြုံကြားသို့ဝင်လျက် မိုးလင်းသည်တိုင်အောင် အိပ်ပျော်၍နေလေ၏။

မိုးလင်း၍ အလင်းရောင်ကိုမြင်လတ်သော် ယခုအခါ ထွက်ရန်မသင့်ဟု မထင်ရှားသောကိုယ်ဖြင့် ဝပ်လျက်တပါး သူတို့ကို မြင်သော်လည်း တစုံတရာစကားမဆိုလေ၊ ပုဏ္ဏား တယောက် မျက်နှာသစ်ရန် လာသည်ကိုမြင်လျှင် ပုဏ္ဏား တို့မည်သည်မှာ ဥစ္စာ၌တပ်မက်သော အလေ့ရှိသည်၊ ဤ ပုဏ္ဏားကို ဥစ္စာဖြင့်ဖြားယောင်း၍ လူမမြင်ရအောင် ချိုင်း ကြား၌ ထားစေပြီးလျှင် မြို့ပြင်အရောက်ပို့စေမည်ဟု ကြံ

---

* မြေခွေး–တောခွေး၊ခွေးအ၊ သုသာန်တွင် လူသားကို စား၍ တွင်းအောင်းနေတတ်သောမြေခွေးတမျိုး။

ညလျက်လူတို့ဘာသာဖြင့်"အိုပုဏ္ဏား····"ဟုခေါ်လေ၏၊ ပုဏ္ဏားသည် နောက်သို့ပြန်၍ကြည့်ကာ "အဘယ်သူခေါ်သနည်း" ဟုမေးလေ၏၊ မြေခွေးက "ငါခေါ်သည်" ဟုပြော၏ "အဘယ့်ကြောင့်ခေါ်သနည်း"ဟု မေးပြန်၏၊ "ငါ့မှာငွေနှစ်ရာရှိသည်၊ ငါ့ကို ချိုင်းကြား၌ ထားကာ လူမမြင်အောင် မြို့ပြင်အရောက်ပို့လျှင် သင့်အားပေးမည်" ဟုပြောလေ၏။

**ရုက္ခစိုးပြောဘိ ပုဏ္ဏားသိ**

ပုဏ္ဏားလည်း ဥစ္စာ၌တပ်မက်မောသဖြင့် ကောင်းပြီဟု ဝန်ခံကာမြေခွေးကို ချိုင်းကြား၌ထား၍ ပွေ့ချည်ကာ အပေါ်ရုံအဝတ်ဖြင့်ခြုံလျက် မြို့ပြင်သို့သွားလေ၏၊မြို့ပြင်သို့ရောက်လျှင် မြေခွေးကသုသာန်သို့အပို့ခိုင်းပြန်၏၊ သုသာန်သို့ရောက်သောအခါ အောက်သို့အချခိုင်းပြီးလျှင် မြေခွေးက ပုဏ္ဏားကိုယ်ရုံပုဆိုးဖြူကို ဖြန့်ခင်းလော့ဟုဆို၍ ဖြန့်ခင်းသောအခါ ပုဏ္ဏားကိုတဖန် သစ်ပင်ရင်း၌ မြေကို အတူးခိုင်းပြန်သဖြင့် တူးရပြန်၏။

မြေခွေးသည် ပုဏ္ဏားမြေတူးနေခိုက် ပုဆိုးဖြူပေါ်သို့ တက်၍ထောင့်လေးထောင့်တို့၌ရင်း,အလယ်၌ရင်းကျင်ကြီးကျင်ငယ်တို့ကိုစွန့်ကာ သုသာန်တောထဲသို့ ဝင်ပြေးလေ၏။

ထိုအခါ ရုက္ခစိုးနတ်သည် ပုဏ္ဏားအား—

"အို-ပုဏ္ဏား····သေရည်မူး၍ပြောသော မြေခွေးစကားကို သင်ယုံကြည်သလော၊ မြေခွေးမှာ ငွေနှစ်ရာကိုထားဘိဦး ယောက်သွားနှစ်ရာပင် မရှိလေ"-

ဟု ပြောဆိုပြီးလျှင် တဖန်ပုဏ္ဏားသွားလေ၍၊ သင်၏ ကိုယ်ရုံပုဆိုးဖြူကို ဖွပ်လျော်၍ ရေချိုးပြီးလျှင် မိမိပြုလုပ် ရန်အမှုကိစ္စကိုသာ ပြုလုပ်လောဟုပြောဆို၍ ပျောက်ကွယ် လေ၏။

ပုဏ္ဏားလည်း ရုက္ခစိုးနတ်ဆိုတိုင်းပြုလုပ်ပြီး၍ မြွေခွေး ကား ငါ့ကိုလှည့်စားလေပြီဟု နှလုံးမသာသည် ဖြစ်၍ သုသာန်မှဖဲခဲ့လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ် တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမြွေခွေးသည်-ယခုအခါ ဒေဝဒတ်။

※ ရုက္ခစိုးနတ်သည်-ငါဘုရားဖြစ်လာ၏—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) လောဘတရား၊ ဖြစ်လာငြား၊ မှန်မှားမသိကုန်

(၂) ဥစ္စာနှင့်မျှား၊ ပုဏ္ဏားအား၊ လှည့်စားမြွေခွေးပုံ

(၃) ဥစ္စာမရ၊ ချေးသေးရ၊ ဖွပ်ရအပေါ်ရုံ။

သိင်္ဂါလဇာတ် ပြီး၏။

---

## ၁၁၄—မိတစိန္တိဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ရဟန်းကြီးနှစ်ပါး အပျင်းများ** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ် စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သက်ကြီး

ရဟန်းနှစ်ပါးတို့သည် ဇေတဝန်ရွာ တောကျောင်းတခု၌ ဝါဆိုကြကုန်၏။

ထိုရဟန်းကြီးတို့သည် ဝါကျွတ်သောအခါ မြတ်စွာဘုရားကို အဖူးအမြင်သွားမည်ဟု ကြံစည်ကာ ရိက္ခာကို စီရင်ကြကုန်၏၊ ယနေ့သွားမည်, နက်ဖြန် သွားမည် ဟု ကြံစည်လျက် တလလွန်လျှင် ရိက္ခာကုန်လေ၏၊ရှေးနည်းတူ နောက်၌လည်း နှစ်လလွန်ပြန်၏၊ သုံးလ လွန်သောအခါ ဇေတဝန်ကျောင်းတော်သို့သွား၍ အကျွမ်းဝင်ရာကျောင်း၌ တည်းခိုကာ မြတ်စွာဘုရားကို ဖူးမြင်ကြကုန်၏။

ထိုအခါ ရဟန်းတို့သည် "ငါ့ရှင်တို့....အဘယ့်ကြောင့် မြတ်စွာဘုရားဖူးမြင်ရန် ကြာမြင့်မှ လာကြသနည်း"ဟု မေးကြကုန်၏၊ ထိုရဟန်းကြီး တို့သည် ရဟန်းတို့အား ထိုအကြောင်းကို လျှောက်ထားကုန်၏၊ ထိုအခါ ရဟန်းကြီးနှစ်ပါးတို့ ပျင်းရိသော အဖြစ်သည် သံဃာ့ဘောင်၌ ထင်ရှားလေ၏။

ရဟန်းတို့သည် တရားသဘင်၌ ထိုရဟန်းကြီးနှစ်ပါးတို့ အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွတော်မူပြီးလျှင် "ရဟန်းတို့.... ဤရဟန်းကြီး တို့သည် ယခုအခါ၌သာ ပျင်းရိသည်မဟုတ်၊ ရှေးအခါ၌လည်း ပျင်းရိဘူးပြီ၊ နေရာ၌ တပ်စွန်းဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**အပျင်းကြီးသဘိ ပိုက်ကွန်မိ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဗာရာဏသီမြစ်နားဝယ် မိတစိန္တိ မည်သော ငါး၊ ဗဟုစိန္တိမည်သော ငါး၊ အပ္ပစိန္တိ မည်သော ငါး ဤငါးသုံးကောင်တို့သည် တောအရပ်မှ လာကုန်၍ လူတို့နေရာတွင် ကျက်စားကာ နေကြကုန်၏။

ထိုငါးသုံးကောင်တို့တွင် မိတစိန္တိ ငါးသည် အဆွေ ငါးနှစ်ကောင်တို့အား "အဆွေတို့....လူတို့နေရာမည်သည်ကား ရွံရှာဘွယ်ရှိ၏၊ ဘေးဘျမ်းရှိ၏၊ တံငါတို့သည် ကွန်၊ မြှုံး စသည်တို့ကိုချကာ ငါးတို့ကိုဖမ်းကြကုန်၏၊ ငါတို့သည် တောအရပ်သို့ပြန်ကြကုန်အံ့"ဟု ပြောလေ၏၊ အခြား ငါးနှစ်ကောင်တို့သည် ယနေ့သွားမည်, နက်ဖြန် သွားမည် ပြောဆိုကာ ပျင်းရိခြင်း အစာအာဟာရကို တပ်စွန်းခြင်းတို့ကြောင့် မသွားဖြစ်ဘဲ သုံးလလွန်ကုန်၏။

ထိုအခါ တံငါတို့သည် မြစ်၌ ကွန်ပစ်ကြကုန်၏၊ ဗဟုစိန္တိငါးနှင့်၊ အပ္ပစိန္တိငါးတို့သည် အစာရှာကြလျက် ရှေ့မှ သွားလတ်သော် ပျင်းရိမိုက်မဲသည့်အတွက် ကွန်နံ့ကို မသိကြဘဲ ကွန်ဝမ်းသို့ ဝင်မိကြကုန်၏။

**အကြံကောင်းချက် ပိုက်ကွန်ထွက်**

မိတစိန္တိငါးသည် နောက်မှလိုက်သည်ရှိသော် ကွန်နံ့ရကာ အဆွေ ငါးနှစ်ကောင်တို့ ကွန်ဝမ်းသို့ ဝင်မိကြသည်ကို သိ၍ ပျင်းရိမိုက်မဲသော ငါးနှစ်ကောင်တို့အား အသက်ကို ငါချမ်းသာပေးမည်ဟု ကြံစည်ကာ ကွန်အပြင် နံပါးဖြင့်

ကွန်ဝမ်းတည်ရာ အရပ်သို့သွား၍ကွန်ဝမ်းကို ခွဲထွက်သည့် အလား ရေကိုမွှေနှောက်၍ တဘန် ကွန်ရှေ့သို့သွားကာ ကွန်ဝမ်းကိုဖေါက်၍ နောက်မှထွက်သည့်အလား နောက်သို့ သွားလျက် ရေကိုမွှေနှောက်လေ၏။

တံငါတို့သည် ကွန်ဝမ်းကိုခွဲ၍ ငါးများ ထွက်ကုန်ပြီ ထင်မှတ်ကာ ကွန်ကိုကိုင်၍ ဖေါက်ကြကုန်၏၊ ထိုအခါ ဗဟုစိန္တိငါးနှင့် အပ္ပစိန္တိငါးတို့သည် ကွန်မှလွတ်ကာ ရေသို့ ကျလျက် မိတစိန္တိကိုမှီ၍ အသက်ဘေးမှ ချမ်းသာရကြကုန်၏။

မြတ်စွာဘုရားသည် အတိတ်ကိုဆောင်တော်မူ၍ ဘုရားဖြစ်တော်မူသောအခါ ရဟန်းတို့အား—

> "ရဟန်းတို့··ဗဟုစိန္တိငါးနှင့် အပ္ပစိန္တိ ငါးတို့သည် ပျင်းရိမိုက်မဲသည့်အတွက် ကွန်၌ မိကြသောအခါ မိတစိန္တိ ငါးသည် လွတ်စေသဖြင့် ထိုငါးနှစ်ကောင် တို့မှာ မိတစိန္တိ ငါးနှင့် ပြန်၍ပေါင်းမိကြရကုန်၏"ဟု ဟောတော်မူ၏။

ဤဒေသနာတော်၏အဆုံး၌ သက်ကြီးရဟန်း နှစ်ပါးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော် မူလျက်—

ရဟန်းတို့····

※ ထိုအခါ ဗဟုစိန္တိငါးနှင့် အပ္ပစိန္တိ ငါးတို့သည်— ယခုအခါ သက်ကြီးရဟန်းနှစ်ပါး။

※ မိတစိန္တိငါးသည်–ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ပျင်းရိမှိုက်မဲ၊ လုံ့လနဲ၊ မလွဲပျက်စီးမည်။
(၂) အပ္ပ,ဗဟု၊ ငါးနှစ်ခု၊ မိုက်မှု ကွန်မိသည်။
(၃) မိတငါးမွန်၊ ဉာဏ်ရည်ချွန်၊ ပိုက်ကွန်လွတ်ရသည်။
မိတစိန္တိဇာတ် ပြီး၏။

---

## ၁၁၅–အနုသာသိကသကုဏဇာတ်

**ပဉ္စုပ္ပန်ဝတ္ထု**

**သူတပါးတား မိမိသွား**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သူတပါးကိုသာဆုံးမ၍ မိမိမူကား မလိုက်နာသော ရဟန်းမိန်းမတပါး ရှိလေ၏။

ထိုရဟန်းမိန်းမသည်ရဟန်းဖြစ်သည်မှစ၍ရဟန်းတရားကို အားမထုတ်လေ၊ အာမိသ၌သာ တပ်မက်မော၍နေ၏၊ သူတပါးတို့ မသွားသောအရပ်သို့သာ ဆွမ်းခံသွားလေ့ရှိ၏၊ လူတို့သည် ထိုရဟန်းမိန်းမအား မွန်မြတ်သောဆွမ်းဘောဇဉ်ကို လှူဒါန်းကြကုန်၏၊ မိမိဆွမ်းခံသွားရာအရပ်သို့ သူတပါးတို့မသွားဝံ့အောင် ဆင်ကြမ်းရှိသည်၊ မြင်းကြမ်းရှိသည်၊ ဆိတ်ကြမ်းရှိသည်၊ ခွေးကြမ်းရှိသည်စသည်ဖြင့် ခြောက်လှန့်လေ့ရှိ၏။

**အသွားမဆင်ခြင်**
**ဘေးဒဏ်ထင်**

တနေ့သ၌ ဆွမ်းခံသွားသည်ရှိသော် မစူးစမ်းမဆင်ခြင်ဘဲ လျင်မြန်စွာ အိမ်သို့ဝင်သဖြင့် ထိုရဟန်းမိန်းမသည် ဆိတ်ခတ်၍ ပေါင်ရိုးကျိုးလေ၏၊ ထိုအခါလူတို့သည် လျင်မြန်စွာ ပြေးလာကြ၍ ပေါင်ကိုကြပ်စည်းပြီးလျှင် ညောင်စောင်း၌ တင်ကာ ဘိက္ခုနီမကျောင်းသို့ ပို့ကြကုန်၏။

ရဟန်းမိန်းမတို့သည်ထိုရဟန်းမိန်းမကိုမြင်လျှင် "ရှင်မကား.... သူတပါးတို့ကို ဆုံးမတားမြစ်ပါလျက် မိမိကိုယ်တိုင် ထိုအရပ်သို့သွား၍ ပေါင်ရိုးကျိုးခဲ့ပြီမဟုတ်လော"ဟု ပြက်ရယ်ပြုကြကုန်၏၊ ထိုအကြောင်းသည် သံဃာ့ဘောင်ဝယ် တနေ့တခြား ထင်ရှား၍လာလေ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် စကားစပ်မိ၍ ထိုရဟန်းမိန်းမအကြောင်း ပြောဆိုကာ ကဲ့ရဲ့နေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍"ရဟန်းတို့....ဤရဟန်းမိန်းမကား ယခုအခါ၌သာလျှင် သူတပါးကို ဆုံးမသည်မဟုတ်၊ ရှေးအခါ၌လည်းဆုံးမခဲ့ဘူးပြီ၊မိမိမူကားမကျင့်သည့်အတွက် အခါခပ်သိမ်း ဆင်းရဲတွေ့ခဲ့ဘူးပြီ"ဟု မိန့်တော်မူကာအောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ဘေးရန်မကြောက်**
**မိမိရောက်**

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ငှက်မျိုး၌

ဖြစ်၍အရွယ်ရောက်သောအခါငှက်မင်းဖြစ်လျက် အထောင်မကသောငှက်အပေါင်းတို့ဖြင့်ခြံရံကာ ဟိမဝန္တာအရပ်တွင်နေလေ၏။

ထိုငှက်တို့တွင် ငှက်ကြမ်းမတကောင်သည် သူတပါးတို့နှင့်အတူ ကျက်မစားဘဲ ခရီးလမ်းမသို့သွား၍ ကျက်စား၏၊ ထိုငှက်ကြမ်းမအား လှည်းမှကျရစ်သော စပါး, ပဲ စသောအစာတို့ကိုရလေ၏။

မိမိကျက်စားရာအရပ်သို့ မသွားဝံ့အောင် အခြားငှက်တို့ကို ဆင်ကြမ်းရှိသည်၊ မြင်းကြမ်းရှိသည်၊ လှည်းတွေ အသင်းမောင်းနှင်လာတတ်သည်၊ အသောတလျင် ပျံသန်း တိမ်းရှောင်ခြင်းငှါမတတ်နိုင်၊ မသွားကြလေနှင့်ဟု ခြိမ်းခြောက်ကာ တားမြစ်ဆုံးမလေ့ရှိ၏၊ ထိုငှက်မ၏အမည်သည် သူတပါးကို အဆုံးအမပေးတတ်သည့်အတွက် အနုသာသိကာဟု မှည့်ခေါ်ကြကုန်၏။

ငှက်မင်းဆုံးမ
ဥပမာပြ

တနေ့သ၌ ခရီးလမ်းမသို့သွား၍ ကျက်စားလတ်သော် လှည်းတစီးသည် လေအဟုန်ကဲ့သို့ လျင်မြန်သော အဟုန်ဖြင့် မောင်းနှင် လာလေ၏၊ အနုသာသိကာသည် လှည်းသံကို ကြားသော်လည်း ဝေးသေးသည်ဟုဂရုမစိုက်ဘဲ ကျက်စားမြဲကျက်စားကာနေလေ၏၊ လှည်းအနီးသို့ ရောက်သောအခါ လျင်မြန်လှသဖြင့် ထ၍မပျံနိုင်တော့ဘဲ လှည်းကြိတ်မိသဖြင့် လမ်းမတွင်ပင် နှစ်ပိုင်းပြတ်ကာသေလေ၏။

ငှက်မင်းသည် ငှက်တို့စည်းဝေးသောအခါအနုသာသိ-ကာငှက်မကို မမြင်သဖြင့် ငှက်တို့ကို စုံစမ်းခိုင်းလေ၏၊ ငှက်

တို့သည် စုံစမ်းရှာဖွေသည်ရှိသော် ခရီးလမ်းမ၌ နှစ်ပိုင်းပြတ်၍ သေနေသည်ကိုမြင်ကြ၍ ငှက်မင်းအားကြားလျှောက်ကြကုန်၏။

ထိုအခါငှက်မင်းသည် ငှက်အပေါင်းတို့အား–

"အို ငှက်အပေါင်းတို့.... အနုသာသိကာ ငှက်မကား သူတပါးကိုဆုံးမတတ်၏၊ မိမိကိုယ်တိုင်မူ လျှပ်ပေါ် လော်လည်သည့်အတွက် လှည်းလမ်းမှာ အတောင်ပြတ်၍ သေရရှာပြီ"–

ဟု ပြောဆိုကာ အဆုံးအမပေးလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်ဘန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ အနုသာသိကာငှက်မသည်– ယခုအခါ ဆုံးမတတ်သော ရဟန်းမိန်းမ။

※ ငှက်မင်းသည်- ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သူတပါးအား၊ ဆုံးမငြား၊ ကိုယ်ကားမကျင့်ပေ။

(၂) နုသာသိတွင်၊ ငှက်မလျှင်၊ လမ်းတွင်လှည်းကြိတ်သေ။

အနုသာသိက သကုဏဇာတ်ပြီး၏။

## ၁၁၆-ဒုဗ္ဗစဇာတ်

### ပစ္စုပ္ပန်ဝတ္ထု။

**ဆုံးမစကား မနာကြား**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် အဆုံးမခက်သောရဟန်းတပါးရှိလေ၏၊ ရဟန်းတို့သည် ထိုရဟန်းကို မြတ်စွာဘုရားထံ ဆောင်ယူ၍လာကြသောအခါ မြတ်စွာဘုရားသည် "ရဟန်း....သင်သည် ယခုအခါ၌သာ အဆုံးမခက်သည်မဟုတ်၊ ရှေးအခါ၌လည်း အဆုံးမခက်ဘူးပြီ၊ ပညာရှိတို့အဆုံးအမကို မလိုက်နာသဖြင့် လှံစူး၍သေဘူးပြီ" ဟု မိန့်တော်မူကာအောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

**သတိပေးရာ မလိုက်နာ**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် လှံခုန်သောအတတ်ကို သင်ယူကာ ဆရာနှင့်တကွ အတတ်ပညာကိုပြလျက် မြို့ရွာအနှံ့အပြားလှည့်လည်လေ၏၊ ဆရာသည် လှံလေးစင်းကို ခုန်နိုင်သောအတတ်ပညာကို တတ်မြောက်၍ လှံငါးစင်းကို ခုန်နိုင်သော အတတ်ပညာကို မတတ်မြောက်လေ။

တနေ့သ၌ဆရာသည် ရွာငယ်တခုဝယ် အတတ်ပညာကို ပြသသည်ရှိသော် သေရည်မူးယစ်သည်ဖြစ်၍ ငါးစင်းသောလှံတို့ကို ခုန်၍ပြမည်ဟု ပြောဆိုကာ အစဉ်အတိုင်း

လှံငါးစင်းကိုစိုက်၍ ထားလေ၏၊ ထိုအခါ တပည့်လုလင်သည် ဆရာအား''ဆရာတို့သည်လှံငါးစင်းကို ခုန်နိုင်သော အတတ်ပညာကို မတတ်ကုန်၊ တစင်းကိုပယ်ပါ၊ အကယ်၍ ခုန်လျှင် ငါးစင်းမြောက်လှံစူး၍ သေလိမ့်မည်''ဟု သတိပေးစကားပြောကြားလေ၏။

**မူးယစ်သောက်စား ဘေးထိပြား**

ဆရာလည်း သေရည် မူးယစ်နေသောကြောင့် တပည့် လုလင်အား ''အ''မောင်....အမောင်ကားငါ၏အစွမ်းကိုမသိ''ဟု ပြောဆိုကာ တပည့်လုလင်၏စကားကို မနာယူဘဲ လှံလေးစင်းကိုခုန်ပြီးလျှင် ငါးစင်းမြောက်လှံကို ခုန်ရာဝယ် သစ်မည်စည်ပွင့်ကိုသီတန်ဖြင့်သီထားသည့်အလား ငါးခုမြောက်လှံစူးသဖြင့် မြည်တမ်းကာသေရရှာလေ၏။

ထိုအခါ တပည့်လုလင်သည် ဆရာအား—

''ဆရာ....သင်ကား ယနေ့ခါတိုင်းထက်လွန်၍ ပြုသောအမှုကို အကျွန်ုပ်မနှစ်သက်၊ အကျွန်ုပ်ပြောစကားကို မနာယူဘဲ လှံလေးစင်းကို ခုန်ပြီးလျှင် ငါးစင်းမြောက်လှံဖြင့် သီလျက်သေရ၏''—

ဟု ပြောဆိုပြီးလျှင် ဆရာ၏အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….
※ ထိုအခါ လှံခုန်ဆရာသည်- ယခုအခါ အဆုံးမခက်သောရဟန်း။
※ တပည့်ပညာရှိသည်-ငါဘုရားဖြစ်လာပြီ–
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ပညာရှိစကား၊ မနာကြား၊ ယွင်းမှားပျက်စီးမြဲ။
(၂) ငါးစင်းလှံချက်၊ ဆရာပျက်၊ စူးလျက်သေသည့်နဲ။

ဒုဗ္ဘစဇာတ်ပြီး၏။

---

## ၁၁၇-တိတ္တိရဇာတ်

**ဝစီကြမ်းကြုတ် အသက်ပြုတ်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကောကာလိက အမည်ရှိသော ရဟန်းတပါးရှိလေ၏၊ ရဟန်းတို့သည် တရားသဘင်ဝယ် ကောကာလိကအကြောင်းစကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ "ရဟန်းတို့….ကောကာလိကသည် ယခုအခါ၌သာ မိမိစကားကိုမှီ၍ ပျက်စီးသည်မဟုတ်၊ရှေးအခါ၌လည်း ပျက်စီးဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

[ကောကာလိကဝတ္ထုသည် တေရသနိပါတ် တိတ္တိရဇာတ်၌၎င်း, တက္ကာရိယဇာတ်၌၎င်း ထင်စွာဖြစ်လတံ့။]

## အတိတ်ဝတ္ထု

**ဆရာဝင်လုပ် အသက်ပြတ်**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ခပ်သိမ်းသော အတတ်ပညာတို့ကို သင်ကြားတတ်မြောက်သောအခါ ကာမဂုဏ်တို့ကို စွန့်ပယ်ကာ ရသေ့ရဟန်းပြု၍ အဘိညာဉ်သမာပတ်တို့ကိုဖြစ်စေလျက်တပည့်ရသေ့ပေါင်းငါးရာ အခြံအရံဖြင့် ဟိမဝန္တာအရပ်၌ နေလေ၏။

ထိုအခါ ဖျော့တော့သော ရောဂါစွဲကပ်လျက်ရှိသော ရသေ့တယောက်သည် ပုဆိန်ဖြင့်ထင်းတို့ကိုခွဲ၏၊ နှုတ်ကြမ်း၍ အဆုံးမခံသော ရသေ့တယောက်သည် ထိုထင်းခွဲသော ရသေ့အနီး၌နေ၍ ''ဤ၌ပေါက်လော့, ဤ၌ပေါက်လော့''ဟု ဆိုလတ်သော် ထင်းခွဲသောရသေ့သည် အမျက်ထွက်၍''သင်သည် ငါထင်းခွဲရာ၌ ဆရာလာ၍လုပ်သည်'' ဟု ထက်လှစွာသော ပုဆိန်ဖြင့်တချက်ထည်းပေါက်သဖြင့် အသက်ကုန်ခြင်းသို့ ရောက်လေ၏၊ ဆရာရသေ့ကြီးသည် အလောင်းကို သင်္ဂြိုဟ်စေ၏။

**ပမာဏမသိ သေဘေးထိ**

ထိုအခါ ခါတကောင်သည် ရသေ့ကျောင်းအနီး တောင်ပို့တခုဝယ် နေလေ၏၊ ထိုခါသည် နံနက်တိုင်း တောင်ပို့ထိပ်၌ရပ်လျက် ကျယ်စွာ တွန်မြည်လေ့ရှိ၏၊ မုဆိုးတယောက်သည် ခါသံကိုကြားလျှင် ထိုအရပ်သို့သွားကာ ဖမ်းယူသတ်ဖြတ်၍ စားလေ၏။

ဆရာရသေ့ကြီးလည်း ခါတွန်သံကို မကြား၍မေးလျှင် မူဆိုးဖမ်း၍ သတ်စားကြောင်း လျှောက်ထားကြ၏၊ ထိုအခါ ရသေ့ကြီးလည်း မိမိမျက်မြင်ဖြစ်သော အကြောင်း နှစ်မျိုးကို တိုက်ဆိုင်ကာ ရသေ့တို့အလယ်၌—

"အိုရသေ့ အပေါင်းတို့.... အလွန်တွန်သော ခါ၏အသံသည် ခါကိုသတ်သကဲ့သို့၊ ထို့အတူပညာ မရှိ မိုက်မဲတွေဝေသူကို အတိုင်းအရှည် ပမာဏ ထက်လွန်၍ဆိုသော စကားသည် သတ်၏"—

ဟု အဆုံးအမပေးလေ၏၊ နောက်အခါ ရသေ့ကြီး သည် ဗြဟ္မဝိဟာရတရားကို ပွားများစေပြီးလျှင် ဗြဟ္မာ့ ပြည်သို့ လားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ အဆုံးမခက်သော ရသေ့သည်-ကောကာလိက။

※ ရသေ့အပေါင်းသည်-ငါဘုရားပရိသတ်။

※ ဆရာရသေ့ကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မြည်တွန်သံမှာ၊တွန်သည့်ခါ၊ လျင်စွာသတ်သလို။
(၂) အလွန်စကား၊ လူမိုက်အား၊ လျင်လျားသတ်သလို။

တိတ္တိရဇာတ်ပြီး၏။

## ၁၁၈—ဝဋ္ဋကဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ကိလေသခေါင်းပါး သူဌေးသား**

နတ် လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိမြို့တော်ဝယ် စည်းစိမ်ဥစ္စာများစွာရှိသော ဥတ္တရသူဌေးကြီးဝယ် သားတယောက်ရှိလေ၏၊ ထိုသူဌေးသားသည် ဗြဟ္မာ့ပြည်မှလာသူဖြစ်၍ အဆင်းလှ၏၊ကြည်ညိုဘွယ်ရှိ၏၊ ဘုန်း, ပညာရှိ၏။

တနေ့သ၌ တန်ဆောင်မုန်းလဝယ် နက္ခတ်ပွဲသဘင်ဖြစ်လတ်သော် လူအပေါင်းတို့သည် ပွဲသဘင်၌ ပျော်ပါးကြကုန်၏၊ ဥတ္တရသူဌေးသား၏ အဆွေခင်ပွန်း ဖြစ်ကုန်သော သူဌေးသားတို့သည် မယားနှင့်တကွ ဖြစ်ကုန်၏၊ ဥတ္တရသူဌေးသားကား ဗြဟ္မာ့ပြည်၌ ကြာမြင့်စွာနေခဲ့သူဖြစ်၍ ကိလေသာတို့၌ စွန်းငြိခြင်းမရှိ။

**အဒ္ဓိ ကထင် ပြည့်တန်ဆာနှင့်**

အဆွေခင်ပွန်းဖြစ်သော သူဌေးသားတို့သည် ဥတ္တရသူဌေးသားအား နက္ခတ်ပွဲသဘင် အတွင်းဝယ် မိန်းမတယောက်နှင့်ပျော်ပါးရန် အကြိမ်ကြိမ်ပြောကြသော်လည်း ခွင့်မရကြကုန်၊ ထိုအခါ သူဌေးသားတို့သည် ပြည့်တန်ဆာမတယောက်ကို တန်ဆာဆင်စေပြီးလျှင် ဥတ္တရသူဌေးသားထံအတင်းလွှတ်ကြကုန်၏။

ဥတ္တရ သူဌေးသားသည် ပြည့်တန်ဆာမအိပ်ရာသို့ ဝင်လာသော်လည်း ကြည့်လည်း မကြည့်ရှု၊ စကားလည်း

မပြော၊ ပြည့်တန်ဆာမသည် မိန်းမတို့အမူအရာ စမွယ် ခြင်းဖြင့် ကြည့်ရှုစေမည်ဟု ကြံစည်ကာ သွားဖျားတို့ကို ဖေါ်လျက် ရယ်လေ၏၊ သူဌေးသားလည်း သွားရိုး၌ အဋ္ဌိကသညာ နိမိတ်ကိုယူလျက် ပြည့်တန်ဆာမတကိုယ်လုံး အရိုးစုကဲ့သို့ ထင်လေ၏၊ ထိုအခါ ပြည့်တန်ဆာမကို ရိက္ခာ ပေး၍ လွှတ်လိုက်၏။

**သူဌေးသားဖမ်းထား မင်းချင်းများ**

အစိုးရသူ တယောက်သည် ခရီး အကြား၌ ပြည့်တန်ဆာမကို မြင်၍ ရိက္ခာပေးကာ မိမိအိမ်သို့ခေါ်ဆောင် ၍ပျော်ပါးလေ၏။

ခုနစ်ရက်လွန်၍ နက္ခတ်ပွဲသဘင်ပြီးလတ်သော် ပြည့်တန် ဆာမ မိဘတို့သည် သမီးပြန်မလာသဖြင့် သူဌေးသားတို့ ထံသွားပြီး စုံစမ်းလျှင် ဥတ္တရသူဌေးသားထံ ပို့လိုက် ကြောင်းပြော၍ ၎င်းအိမ်သို့လိုက်ကြ၏၊ ရောက်လျှင် သူဌေး သားကို ''သမီးအဘယ်မှာနည်း''ဟုမေးကြ၏၊သူဌေးသား လည်း ခဏချင်းပင် ရိက္ခာပေး၍ လွှတ်လိုက်ကြောင်း ပြော လေ၏။

ပြည့်တန်ဆာမ မိဘတို့လည်း သမီးကို ရှာမရသဖြင့် သူဌေးသားကိုခေါ်၍ မင်းကြီးထံသွားကြ၏၊ မင်းကြီး လည်း သူဌေးသားက အဖြစ်အပျက် အကြောင်းစုံကို လျှောက်ထားသော်လည်းမရ၊သူဌေးသားကို မင်းအာဏာ ပြုကြကုန်ဟု စီရင်လေ၏။

**မင်းဒဏ် လွှတ်မြောက် မဂ်,ဖိုလ်ရောက်**

ထိုအခါ မင်းချင်းတို့သည် သူဌေး သားကို လက်ပြန်ကြိုး ချည်ကာ ယူဆောင်၍သွားကြကုန်၏၊ သူဌေး

သားလည်း ငါသည် အိမ်မှာနေ၍ ဤဒုက္ခမျိုးကို တွေ့ရသည်၊ အကယ်၍ လွတ်လျှင် ရဟန်းပြုမည်ဟု ကြံစည်လျက်လိုက်လေ၏၊ အဘ ဥတ္တရသူဌေးကြီးလည်း သားနောက်မှငို၍လိုက်လေ၏၊ ထိုအကြောင်းသည် တမြို့လုံး ပွဲနှံ့ကာ အုတ်အုတ်ကျက်ကျက်ဖြစ်လေ၏။

ပြည့်တန်ဆာမလည်း အုတ်အုတ်ကျက်ကျက် ဖြစ်သောအခါ ထိုအကြောင်းကိုသိ၍ အိမ်ပေါ်မှ ဆင်းသက်ကာ မိမိကိုယ်ကို မင်းချင်းတို့အားပြလေ၏၊ မင်းချင်းတို့လည်း ပြည့်တန်ဆာမကိုတွေ့သဖြင့် သူ့မိဘထံအပ်နှင်း၍ သူဌေးသားကိုလည်း လွှတ်လိုက်၏။

သူဌေးသားလည်း လွတ်လျှင် မိမိကြံစည်ထားသောအတိုင်း အမိအဘတို့ထံ ခွင့်ပန်ကာ မြတ်စွာဘုရားထံရဟန်းပြုလေ၏၊ ဝိပဿနာကို ပွားများလျက် မကြာမီအရဟတ္တဖိုလ်သို့တည်၍ ရဟန္တာအဖြစ်သို့ရောက်လေ၏။

ရဟန်းတို့လည်း တရားသဘင်ဝယ် ဥတ္တရ သူဌေးသားအကြောင်း စကားစပ်မိ၍ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ "ရဟန်းတို့.. ဥတ္တရ သူဌေးသားသည် ယခုအခါသာလျှင် သေဘေးဖြစ်လတ်သော် ဥပါယ်ဖြင့် ဤဆင်းရဲမှ လွတ်စေအံ့ဟု ကြံစည်၍ သေဘေးမှလွတ်သည် မဟုတ်၊ ရှေးပညာရှိတို့လည်း သေဘေး ဖြစ်လတ်သော် ဥပါယ်ဖြင့် ဤဆင်းရဲမှလွတ်စေအံ့ ဟုကြံစည်၍ သေဘေးမှလွတ်ဘူးပြီ" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

**ဥပါယ်ဥာဏ်သုံး လွှန်ပိန်ချုံး**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ငုံးမျိုး၌ဖြစ်လေ၏။

ထိုအခါ ငုံးမုဆိုးတယောက်သည် တောမှ များစွာသောငုံးတို့ကို ဖမ်းယူကာ အိမ်တွင် ချိုင့်ဖြင့်လှောင်လျက် အစာရေစာကျွေးမွေး၍ရောင်းချအသက်မွေးလေ၏။

တနေ့သ၌မုဆိုးသည် တောသို့သွား၍ဘုရားအလောင်း ငုံးပညာရှိနှင့်တကွ ငုံးများစွာတို့ကိုဖမ်းယူကာ အိမ်သို့ ဆောင်ခဲ့၏၊ ငုံးပညာရှိသည် "ငါကား မုဆိုးကျွေးမွေးသော အစာရေစာကို စားသောက်၍ဝဖြိုးနေလျှင် ဝယ်သူလာသောအခါ ရောင်းစားလိမ့်မည်၊ အကယ်၍ မစား မသောက်ဘဲ ပိန်ချုံးနေလျှင် ရောင်းသော်လည်း ဝယ်သူရှိမည်မဟုတ်၊ ချမ်းသာရာရမည်၊ အသက်ဘေးကို ဥပါယ်ဖြင့် လွတ်စေမည်"ဟု ကြံစည်လျက် မုဆိုးကျွေးမွေးသမျှ အစာရေစာကိုမစားမသောက်ဘဲနေသဖြင့် တဖြည်းဖြည်း ပိန်ချုံးလေ၏။

**ဝယ်သူလက်မခံ လွတ်မြောက်ပြန်**

ဝယ်သူတို့သည် ငုံးပညာရှိကို မယူကြကုန်၊ အခြားငုံးတို့ကိုသာ ယူဆောင်သွားကြကုန်၏၊ အခြားငုံးများကုန်လျှင် ငုံးပညာရှိကိုထုတ်၍ ဤငုံးဘာဖြစ်သနည်းဟု စုံစမ်းကြည့်ရှုရန် လက်ဝါးပေါ်တွင် အသာအယာတင်၍ ထား၏၊ ငုံးပညာရှိလည်း မုဆိုးမေ့လျော့စဉ်ပျံ၍တောသို့ဝင်လေ၏။

အခြားငုံးတို့သည် ငုံးပညာရှိကိုမြင်လျှင် "အရှင်…. အရှင့်ကို မမြင်သည်မှာကြာမြင့်ပြီ ဘယ်သွားနေသနည်း" ဟုမေးလေ၏၊ "အဆွေတို့….ငါ့ကိုမုဆိုး ဖမ်းသွားသည်" ဟုပြော၏၊ အဘယ်သို့လွတ်ခဲ့သနည်းဟု မေးကြ၏၊ငုံးပညာရှိသည် ငါကားမုဆိုးပေးသော အစာရေစာကို မစား မသောက်ဘဲ နေကာဥပါယ်ဖြင့် လွတ်ခဲ့ကြောင်းကို ဖြေဆိုပြီးလျှင်—

"အဆွေတို့…. မကြံစည်သောသူသည် အကျိုးထူးမရရှိလေ၊ ငါကြံစည်အပ်သော လုပ်ငန်း၏ အကျိုးထူးကိုကြည့်ရှုကြပါ၊ ငါ့မှာ ကြံစည်အပ်သော ဥပါယ်ဖြင့်လျှင် အနှောင်အဖွဲ့မှ လွတ်မြောက်ရသည်"ဟုပြောကြားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါငုံးပညာရှိသည်- ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မကြံစည်ရှိး၊ မိုက်ပျင်းမျိုး၊ကျိုးထူးမရမှာ်။

(၂) ပညာရှိငုံး၊ဥပါယ်သုံး၊လုံးလုံးနှောင်ဖွဲ့လွတ်။

ဝဋ္ဋဇာတ်ပြီး၏။

# ၁၁၉—အကာလရဝိဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**ကာလမသိ ကွဲရဲ့ဘိ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိမြို့သား ရဟန်းတပါးသည် ဝတ်ကြီးဝတ်ငယ်ပြုချိန် ကျမ်းဂန်သင်ကြားချိန်ကိုမသိ၊ ညဉ့်သုံးယာမ်လုံးအိပ်ကာ နိုးတိုင်း, နိုးတိုင်း ကျယ်စွာသောအသံကို ပြုလေ့ရှိ၏၊ အခြားရဟန်းတို့သည် အအိပ်ပျက်ကုန်၏။

ရဟန်းတို့သည်တရားသဘင်ဝယ် ထိုရဟန်းအကြောင်းစကားစပ်မိ၍ ကွဲရဲ့ပြစ်တင်လျက် ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ "ရဟန်းတို့.... ဤရဟန်းသည် ယခုအခါသာ အခါမဟုတ်သည်၌ အသံပြုတတ်သည် မဟုတ်၊ ရှေးအခါလည်း အခါမဟုတ်သည်၌ အသံပြုဘူးပြီ၊ အချိန်အခါကိုမသိသဖြင့် လည်ပင်းကို အလိမ်ခံရ၍ သေခဲ့ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**အချိန်မှတ်ကာ လေ့လာရာ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ အလုံးစုံသော အတတ်ပညာတို့၌ တဖက်ကမ်းရောက် တတ်မြောက်သဖြင့် ဗာရာဏသီပြည်

ဝယ် ဒိသာပါမောက္ခဆရာကြီးဖြစ်၍ တပည့်လုလင်ငါးရာတို့ကို အတတ်ပညာသင်ပေးလေ၏။

ထိုတပည့်လုလင် ငါးရာတို့၌ အချိန်မှန်မှန် တွန်တတ်သော ကြက်တကောင်ရှိ၏၊ ထိုကြက်တွန်သံဖြင့် ထ၍ ဗေဒင်ကို သရဇ္ဈာယ်ကြကုန်၏၊ အတတ်ပညာကို လေ့လာကြကုန်၏။

တနေ့သ၌လုလင်တို့သည် ထိုကြက်သေ၍ အခြားကြက်တကောင်ကို ရှာကြကုန်၏၊ ထိုအခါ လုလင်တယောက်သည် သုသာန်တောဝယ် ထင်းခွေသွားလတ်သော် ကြက်တကောင်ကိုမြင်၍ဖမ်းယူကာ ချိုင့်တခု၌ထား၍မွေးလေ၏။

**အချိန်လွဲချက် သရဇ္ဈာယ်ပျက်**

ထိုကြက်ကား မိဘ ဆရာသမား အုပ်ထိန်းကာအဆုံးအမခံ၍ ကြီးပြင်းသော ကြက်မဟုတ်သဖြင့် တွန်ရမည်အချိန်ကို မသိသည့်အတွက် တရံတခါ အလွန်စောစောတွန်လေ၏၊ တရံတခါ အရုဏ်တက်၍ လင်းမှတွန်လေ၏။

လုလင်တို့သည် အလွန်စောစောတွန်သောအခါ ကြက်တွန်သံဖြင့်ထကြ၍ အတတ်ပညာကို သရဇ္ဈာယ် လေ့ကျင့်ကုန်လတ်သော် အရုဏ်တက်သည်တိုင်အောင် သရဇ္ဈာယ်လေ့ကျင့်ရန် မတတ်နိုင်ကြကုန်၊ အလွန်အိပ်ချင်သဖြင့် မေ့ပျောက်ကြကုန်၏၊ အရုဏ်တက်၍ လင်းမှတွန်သောအခါ၌လည်း အချိန်မရှိသဖြင့် သရဇ္ဈာယ်လေ့ကျင့်ခွင့်မရကြကုန်။

**အချိန်မမှန် အသတ်ခံ**

ထိုအခါ လုလင်တို့သည် ဤကြက်ကား အလွန်စောစောလည်းတွန်သည်၊ လင်းမှလည်းတွန်သည်၊ ဤကြက်ကိုမှီ၍ ငါတို့မှာ အတတ်ပညာအပြီးသို့ ရောက်တော့မည် မဟုတ်ဟု

ကြက်ကိုဖမ်းကာ လည်ပင်းကိုလိမ်၍သတ်သဖြင့် သေခြင်းသို့ရောက်လေ၏၊ အချိန်အခါ မဟုတ်သည်၌ တွန်သောကြောင့် ကြက်ကိုသတ်ပစ်ကြသည်ဟု ဆရာကြီးထံလည်း ပြောကြားကြကုန်၏။

ဆရာကြီးလည်း ကြက်သေရခြင်းကို အကြောင်းပြုကာ တပည့်လုလင်တို့အား-

"အိုလုလင်တို့....မိဘဆရာသမားအုပ်ထိန်းကာ အဆုံးအမကိုခံ၍ မကြီးရသောကြက်သည် အခါဟုတ်သည်ကိုရင်း, အခါမဟုတ်သည်ကိုရင်းမသိဘဲ အရမ်းတွန်သည့်အတွက် သေရ၏"—

ဟု သက်သေပြကာ အဆုံးအမဩဝါဒပေးလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ အချိန်မဟုတ်သည်၌ တွန်သောကြက်သည်- ယခုအခါ အချိန်မဟုတ်သည်၌အသံပြုသောရဟန်း။

※ ဆရာကြီး၏တပည့်ပရိသတ်သည်-ငါဘုရားပရိသတ်။

※ ဒိသာပါမောက္ခဆရာကြီးသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ဆရာ,မိ,ဘ၊ မဆုံးမ၊ မုချမလိမ်မာ။

(၂) အချိန်လွဲလျက်၊ တွန်သည့်ကြက်၊ အသက်ဆုံးသည်သာ။

အကာလရဝိဇာတ်ပြီး၏။

# ၁၂၀ — ဗန္ဓနမောက္ခဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ခွပ်ခွဲယုတ်မာ
စိဥ္စမာ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် စိဥ္စမာန ဝိကာသည် မြတ်စွာဘုရားအား မဟုတ်မမှန်စွပ်စွဲလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား "ရဟန်းတို့.... စိဥ္စမာနဝိကာသည် ယခုအခါ၌သာ ငါဘုရားကို မဟုတ်မမှန် စွပ်စွဲသည်မဟုတ်၊ ရှေးအခါ၌လည်း စွပ်စွဲဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

[ပစ္စုပ္ပန်ဝတ္ထုအကျယ်ကား ဒွါဒသနိပါတ် မဟာပဒုမဇာတ်၌ ထင်စွာဖြစ်လတ္တံ့။]

အတိတ်ဝတ္ထု

ကိလေသစွမ်းဖြင့်
မကြည့်လင့်

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရား အလောင်းသည် ပုရောဟိတ်ပုဏ္ဏားသြားဖြစ်၍အရွယ်ရောက်လျှင်အဘကွယ်လွန်သဖြင့် ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားပင် ဖြစ်လေ၏။

ထိုအခါမင်းကြီးသည် မိဖုရားကြီးအား"အရှင်မိဖုရား.. လိုရာဝတ္ထုကိုပြောပါလော့"ဟု ဆုပေးလေ၏၊ မိဖုရားကြီးလည်း"မြတ်သောမင်းကြီး..အကျွန်ုပ်အားရခဲသောဝတ္ထု မည်သည်မရှိပါ၊ ယနေ့မှစ၍ အရှင်မင်းကြီးသည် အကျွန်ုပ်

မှတပါးသော မိန်းမတို့ကို ကိလေသာရာဂ၏အစွမ်းဖြင့် မကြည့်တော့ပါ ဟူသောဆုကို ပေးပါ''ဟုတောင်းလေ၏။

မင်းကြီးလည်းထိုဆုကိုပယ်လေ၏၊အကြိမ်ကြိမ်တောင်းနေသဖြင့် မိဖုရားကြီးစကားကို မလွန်ဆံနိုင်ရကား ပေးရလေ၏၊ မင်းကြီးသည်ထိုနေ့မှစ၍ ကခြေသည်မတသောင်းခြောက်ထောင်တို့အနက် ကခြေသည်မ တယောက်ကိုမျှ ကိလေသာရာဂ၏အစွမ်းဖြင့် မကြည့်တော့ပေ။

**သူပုန်တိုက်ထွက်တမန်ဆက်**

ပစ္စန္တရာဇ်ဝယ် သူခိုးတို့သည် လုယက်ဖျက်ဆီးကုန်၏၊ မင်းကြီးစေလွှတ်လိုက်သော စစ်သည်သူရဲတို့လည်း သူခိုးတို့နှင့် နှစ်ကြိမ်, သုံးကြိမ် တိုက်ကြသော်လည်း မတတ်နိုင်သဖြင့် မင်းထံသို့သဝဏ်လွှာ ဆက်ကပ်ကုန်၏။

မင်းကြီးလည်း ပစ္စန္တရာဇ်သို့သွား၍ စစ်သည်ဗိုလ်ပါတို့ကို စုရုံးပြီးလျှင် မိဖုရားကြီးကိုခေါ်စေ၍ "အရှင်မိဖုရားကြီး····ငါသည် ပစ္စန္တရာဇ်သို့ စစ်တိုက်သွားရမည်၊ အရှုံးအနိုင်ကိုမပြောနိုင်၊ စစ်တိုက်ရာ၌ မိန်းမလိုက်ရန်မသင့်၊ နေရစ်ခဲ့လော့''ဟု ဆိုလေ၏၊ မိဖုရားကြီးလည်း "အရှင်မင်းကြီး မနေရစ်နိုင်ပါ၊ လိုက်လိုပါသည်''ဟုအကြိမ်ကြိမ်လျှောက်ထားလေ၏၊မင်းကြီးလည်းအကြိမ်ကြိမ်ပယ်တော်မူ၏။

ထိုအခါ မိဖုရားကြီးသည် "အရှင်မင်းကြီး နေရစ်ခဲ့ပါမည်၊ သို့သော်လည်း တဦးနှင့်တဦး ချမ်းသာဆင်းရဲကိုသိရအောင် တယူဇနာ,တယူဇနာ ရောက်တိုင်း, ရောက်တိုင်း တမန်တော်တယောက်ကို လွှတ်ပါ''ဟု လျှောက်ထားလေ

၏၊ မင်းကြီးလည်း ''ကောင်းပြီလွှတ်မည်''ဟု ဝန်ခံပြီးလျှင် ပုရောဟိတ်ပုဏ္ဏားအား မြို့တော်ကို အပ်နှင်းကာ မြို့စောင့် ခန့်၍ပစ္စန္တရာဇ်သို့သွားလေ၏။

**မိဖုရားယုတ်မာ ပေါက်ပြန်ရာ**

တယူဇနာခရီးသို့ရောက်လျှင် မိဖုရား ကြီးထံ တမန်တော်တယောက်ကို လွှတ် လိုက်၏၊ မိဖုရားကြီးသည် ထိုတမန် တော်နှင့် မသူတော်တို့အကျင့်ကို ကျင့်လေ၏၊နောက်လည်း ဘယူဇနာ တယောက်ကျစီ လွှတ်ရမည်ဖြစ်ရာ သုံးဆယ့် နှစ်ယူဇနာရှိသဖြင့် တမန်တော် သုံးဆယ့်နှစ်ယောက် ပြည့် အောင်အစဉ်အတိုင်းလွှတ်လေ၏၊မိဖုရားကြီးလည်း တမန် တော်သုံးဆယ့်နှစ်ယောက်လုံးနှင့်ပင်မသူတော်တို့အကျင့်ကို ကျင့်လေ၏။

မင်းကြီးလည်း ပစ္စန္တရာဇ်ဝယ် သူခိုးရန် ငြိမ်းအေးစေ ပြီး၍ မြို့သို့အပြန်တွင်လည်း တယူဇနာ တယောက်ကျစီ တမန်တော်သုံးဆယ့်နှစ်ယောက်ပင် လွှတ်ပြန်၏၊ မိဖုရား ကြီးလည်း ထိုသုံးဆယ့်နှစ်ယောက်နှင့်လည်း မသူတော်တို့ အကျင့်ကိုကျင့်ပြန်၏၊ မြို့တော်သို့ရောက်လျှင် ရုတ်တရက် မဝင်သေးဘဲ မြို့ပြင်တွင်အောင်တပ်တော်ချကာ နေလျက် ပုရောဟိတ်ထံ မြို့တော်ကိုသုတ်သင်ရန် အမိန့်စာပို့စေ၏။

**မိန်းမအလိုကြ သွေးဆောင်မရ**

ပုရောဟိတ်လည်း အလုံးစုံသော မြို့ တော်ကို သုတ်သင်ရှင်းလင်းပြီး၍ နန်း တော်ကို သုတ်သင်ရှင်းလင်းရာ-မိဖုရား ကြီးအခန်းသို့ရောက်လျှင် မိဖုရားကြီးသည် တင့်တယ်စမွယ် သော ပုရောဟိတ်ကိုမြင်လျှင် ချုပ်တည်း၍မရ၊ ကိလေသာ ဖြင့် တိမ်းညွတ်သောစိတ်ရှိရကား—

"အိုပုဏ္ဏား....ငါ့အိပ်ရာသို့တက်ပါ"ဟုဆို၏။

"အရှင်မိဖုရား..ဤသို့မဆိုပါနှင့်အကျွန်ုပ်သည်မင်းကြီးကိုလည်း ရိုသေလေးမြတ်ပါ၏၊ အကုသိုလ်ကိုလည်း ကြောက်ပါ၏၊ အကျွန်ုပ်မပြုဝံ့ပါ"ဟုလျှောက်လေလျှင်—

"ပုဏ္ဏား..တမန်တော်ခြောက်ဆယ့်လေးယောက်တို့ကား မင်းကြီးကိုလည်းမရိုသေမလေးမြတ်ကြ၊အကုသိုလ်ကိုလည်း မကြောက်ကြ၊ သင်တယောက်သာ မင်းကြီးကို ရိုသေလေးမြတ်သလော၊အကုသိုလ်ကိုကြောက်သလောဟုပြောလေ၏။

"အရှင်မိဖုရား....မှန်ပါသည်၊တမန်တော်ခြောက်ဆယ့်လေးယောက်တို့လည်း အကယ်၍အသိအလိမ်မာရှိကြပါမူ ဤလိုအမှုမျိုးကို ပြုလုပ်ကြမည်မဟုတ်ပါ၊ အကျွန်ုပ်ကား အသိအလိမ်မာရှိပါလျက် ဤလိုအမှုမျိုးကို မပြုလုပ်ဝံ့ပါ" ဟု လျှောက်လေ၏။

"ပုဏ္ဏား..သင်အဘယ့်ကြောင့်စကားများများပြောနေသနည်း၊ ငါ့စကားကို နားမထောင်လျှင် သင့်ဦးခေါင်းဖြတ်စေမည်" ဟုဆိုလေသော်—

"အရှင်မိဖုရား....တဘဝမှာ ဦးခေါင်းဖြတ်ခြင်းကိုထားပါဦး၊ ဘဝတထောင်မှာပင် ဦးခေါင်းဖြတ်စေတော့၊ဤအမှုမျိုးကို မပြုလို"ဟု ရဲဝံ့စွာလျှောက်ထားလေ၏။

**မိဖုရားမာယာ မင်းကြီးညာ**

မိဖုရားကြီးလည်း "သည်လို ဆိုလျှင် အကြောင်းကို သိစေမည်"ဟု ခြိမ်းခြောက်ပြီးလျှင် တိုက်ခန်း တွင်းသို့ ဝင်ကာ တကိုယ်လုံးလက်သည်းတို့ဖြင့် ကုပ်ဖဲ့၍ ဆီ,နံ့နှင်းလိမ်းကျံပြီး အဝတ်နွမ်းတို့ကိုဝတ်လျက် မကျန်းမာဟန်ပြုကာ

တပ်နှောင်၍ မြို့ပြင်သုသာန်ရှိ စဉ်းတီတုံးတွင် ဦးခေါင်းကိုဖြတ်ကြကုန်လော့''ဟုအမိန့်ပေးလေ၏။

**မင်းကြီးရှေ့ဝင် လျှောက်ထားတင်**

မင်းချင်းတို့လည်း ပုရောဟိတ် ပုဏ္ဏားကိုလက်ပြန်ကြိုးချည်ကာ လူသတ်စည်ကိုလည်စေကုန်၏၊ ပုရောဟိတ်လည်း စင်စစ်မိဖုရားယုတ်သည် မင်းအား အလျှင်ဦးအောင်ကုန်းတိုက်ပြီ၊ ရှိစေတော့၊ ငါသည်မိမိအစွမ်းဖြင့် ကိုယ်ကိုလွတ်စေမည်ဟု ကြံစည်၍ မင်းချင်းတို့ကို''အချင်းတို့····သင်တို့ငါ့ကိုသတ်လျှင် မင်းကြီးကိုပြပြီးမှသတ်ကြပါ''ဟုပြောလေ၏၊''ပုဏ္ဏား····အဘယ့်ကြောင့် ပြရမည်နည်း''ဟု မေး၏၊''အချင်းတို့····ငါကား မင်းကြီးအမှုကိစ္စကို ရွက်ဆောင်သူဖြစ်သည်၊ ငါရွက်ဆောင်သော အမှုကိစ္စမှာ များလှ၏၊ ရွှေအိုးကြီးများစွာ မြှုပ်ရာအရပ်ကိုသိသည်၊ မင်းကြီး၏ဥစ္စာကို ငါပင်စီမံရသည်၊ မပြဘဲနှင့်သတ်လျှင် ဥစ္စာများစွာဆုံးပါးလိမ့်မည်၊ မင်းကြီး၏ဥစ္စာကို ပြောကြားပြီးမှသတ်ကြပါ''ဟု ပြောလေ၏၊မင်းချင်းတို့လည်း ပုရောဟိတ်ကို မင်းကြီးအားပြကြကုန်၏။

မင်းကြီးလည်း ပုရောဟိတ်ကိုမြင်လျှင်—

''အိုပုဏ္ဏား····သင်အဘယ့်ကြောင့် ငါ့ကို အရှက်ခွဲသနည်း၊အဘယ့်ကြောင့်၍လိုယုတ်မာသော အမှုကိုပြုသနည်း''ဟု မေးလေ၏။

''အရှင်မင်းကြီး···· အကျွန်ုပ် ပုဏ္ဏားမျိုးဖြစ်သည်၊ သူ့အသက်ကို ပိုး,ရွ,ချပုန်းမျှကိုပင် မသတ်စဘူးပါ၊ သူ့ဥစ္စာကို မြက်,ဝါးခြမ်းစိတ်မျှပင် မခိုး

စဘူးပါ၊ သူတပါးမိန်းမကို လောဘ၏ အစွမ်းဖြင့် မကြည့်စဘူးပါ၊ ရယ်မြူးလို၍လည်း မုသားကိုမဆို စဘူးပါ၊ သမန်းမြက် ဖျားမျှလည်း ယစ်မျိုးကိုမ သောက်စဘူးပါ၊ အကျွန်ုပ်သည် အပြစ်မရှိပါ၊ မိဖုရားယုတ်သည် သူ့အလိုမပါ၍ သက်သက်စွပ်စွဲ ခြင်းသာ ဖြစ်ပါသည်၊ တမန်တော် ခြောက်ဆယ့် လေးယောက်တို့၌သာ အပြစ်ရှိကြပါသည်၊ ၎င်း တို့ကိုခေါ်၍ သင်တို့ မိဖုရားခိုင်းတိုင်းပြုကြသလော, မပြုကြသလောဟု မေးမြန်းတော်မူပါ"—

ဟုလျှောက်လေ၏၊မင်းကြီးလည်း တမန်တော်ခြောက် ဆယ့်လေးယောက်တို့ကို ခေါ်စေ၍ မေးမြန်းရာ ယုတ်မာ သောအမှုကိုပြုကြောင်းဟုတ်မှန်နေသဖြင့် ၎င်းတို့ကိုလည်း ဖမ်းဆီးတုပ်နှောင်ကာ ဦးခေါင်းကိုဖြတ်ရန် အမိန့်ပေး ပြန်၏။

**မင်းအားတရားပြ တောသို့ကြွ**

ပုရောဟိတ်လည်း "အရှင်မင်းကြီး.... တမန်တော်ခြောက်ဆယ့်လေးယောက် တို့လည်း အပြစ်မရှိကြပါ၊ မိဖုရားခိုင်း ၍ ကြောက်သဖြင့် ပြုလုပ်ကြရသည်၊ သည်းခံတော်မူပါ ဟု လျှောက်ရပြန်၏၊ ပြုလုပ်ရန်ခိုင်းသော မိဖုရားလည်းအပြစ် မရှိပါ၊ မိန်းမတို့မည်သည်ကား မေထုန်အကျင့်ဖြင့်မရောင့် ရဲနိုင်ကုန်၊ မရောင့်ရဲနိုင်ခြင်းလည်း မိန်းမတို့ဇာတိသဘော ဖြစ်ပါသည်၊ သည်းခံတော်မူပါ" ဟု လျှောက်ရပြန်၏၊ ဤသို့လျှင် အလုံးစုံသောသူတို့ကို အနှောင်အဖွဲ့မှ လွတ်

စေပြီးလျှင် မိမိတို့ ရမြဲတိုင်းရာထူးကို ရစေ၍ မင်းကြီးသို့ ချဉ်းကပ်ကာ—

"မြတ်သောမင်းကြီး....လူမိုက်တို့စကား တွင်ကျယ်သောနေရာ၌ မနှောင်ဖွဲ့သင့်သောသူတို့သည်လည်း အနှောင်အဖွဲ့ ခံကြရကုန်၏၊ လူလိမ္မာ ပညာရှိတို့စကား တွင်ကျယ်သောနေရာ၌ နှောင်ဖွဲ့ပြီးသောသူတို့သည်လည်း အနှောင်အဖွဲ့မှ လွတ်မြောက်ကြရကုန်၏"—

ဟုမင်းကြီးအား တရားဟော၍ ဆုံးမလေ၏၊ နောက်တဖန် "အရှင်မင်းကြီး....အကျွန်ုပ်ကား လူ့ဘောင်၌ နေသည့်အတွက် ဤကဲ့သို့သော ဆင်းရဲကို ခံစားရသည်၊ လူ့ဘောင်၌ မနေလိုတော့ပါ၊ အကျွန်ုပ်အား ရဟန်းပြုရန် ခွင့်ပြုတော်မူပါ"ဟု အခွင့်တောင်း၍ မျက်ရည်စက်လက်နှင့်နေသော ဆွေမျိုးအပေါင်းကိုရင်း, များစွာသော စည်းစိမ်ဥစ္စာကိုရင်း စွန့်ပယ်ကာ ရသေ့ရဟန်းပြုပြီးလျှင် ဟိမဝန္တာတောသို့ဝင်လေ၏၊ မကြာမီ အဘိညာဉ်သမာပတ်ကိုဖြစ်စေ၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါမိဖုရားကြီးသည်-ယခုအခါစိဉ္စမာနဝိကာ။

※ မင်းကြီးသည်-အာနန္ဒာ။
※ ပုရောဟိတ်သည်-ငါဘုရားဖြစ်လာပြီ-
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မေထုန်ကျင့်လဲ၊ မရောင့်ရဲ၊ *မိညဲ့ဓမ္မတာ။
(၂) မဖွဲ့သင့်သူ၊ နှောင်ဖွဲ့ဟူ၊ လူမိုက်တွင်ကျယ်ရေး။
(၃) နှောင်ဖွဲ့ပြီးလျှင်၊ လွှတ်မြဲပင်၊ တွင်ကျယ်ပညာဝါ။

ဇန္ဒနမောက္ခဇာတ်ပြီး၏။

## ၁၂၁-ကုသနာဠိဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

ပေါင်းဖေါ်ဟူက မခွဲခြားရ — နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အနာထပိဏ်သူဌေးကြီးဝယ် အမျိုးအနွယ် စည်းစိမ် ဥစ္စာအားယုတ်နိမ့်သော အဆွေခင်ပွန်းတယောက် ရှိလေ၏။

ထိုအခါ အနာထပိဏ်သူဌေးကြီး၏ ဆွေမျိုးဉာတိ အဆွေခင်ပွန်းတို့သည် သူဌေးကြီးအား "အရှင်သူဌေးကြီး.... ဤသူကား သူဌေးကြီးနှင့်အမျိုးအနွယ် စည်းစိမ်ဥစ္စာအားဖြင့် တူညီသူလည်းမဟုတ်ပါ၊ လွန်မြတ်သူလည်းမဟုတ်ပါ၊ ဤသူနှင့် အဆွေခင်ပွန်းမဖွဲ့ပါနှင့်"ဟု အဖန်ဖန်တားမြစ်ကြလေ၏။

---

* မိညဲ့...မိန်းမ။

သူဌေးကြီး၏သဘောကား ယုတ်နိမ့်သူတို့နှင့်၎င်း, တူညီသူတို့နှင့်၎င်း, လွန်မြတ်သူတို့နှင့်၎င်း အထိုက်အလျောက် အဆွေခင်ပွန်းဖွဲ့သင့်သည်ဟု ယူဆသဖြင့် အကြိမ်ကြိမ်တားမြစ်ကြသော်လည်း မိမိ အဆွေခင်ပွန်းကို စွန့်ပယ်ခြင်း မရှိလေ။

**ပေါင်းသင်းကောင်းလျက်**
**စီးပွါးတက်**

တနေ့သ၌မိမိစားသောရွာသို့သွားသည်ရှိသော် ထိုယုတ်နိမ့်သူ အဆွေခင်ပွန်းအား အိမ်ရှိ ပစ္စည်းဥစ္စာတို့ကို စောင့်ရှောက်ရန်အပ်နှင်းခဲ့၏။ညဉ့်အခါ သူခိုးတို့လာလတ်သော် မယူနိုင်အောင် ကာကွယ်စောင့်ရှောက်ထားနှင့်သဖြင့် တစုံတရာ ပျက်စီးပျောက်ဆုံးခြင်းမရှိလေ။

သူဌေးကြီးပြန်လာ၍ ထိုအကြောင်းကိုသိလျှင် ငါ့မှာ ဆွေမျိုးဉာတိ အဆွေခင်ပွန်းတို့စကားကို နားထောင်ကာ ထိုယုတ်နိမ့်သော အဆွေခင်ပွန်းကို စွန့်ပယ်လိုက်လျှင် အိမ်၌ စောင့်ရှောက်သူ မရှိသဖြင့် သူခိုးတို့ ယူဆောင်ကာ ပစ္စည်းဥစ္စာ ဆုံးပါးပျက်စီးတော့မည်၊ ယခုမှာကား ထိုသူတို့စကားကိုနားမထောင်ဘဲ ထိုယုတ်နိမ့်သော အဆွေခင်ပွန်းကို မစွန့်ပယ်သဖြင့် စောင့်ရှောက်နှင့်သည့်အတွက် တစုံတရာ ပစ္စည်းဥစ္စာ ပျက်စီးဆုံးရှုံးခြင်းမရှိ၊ ပစ္စည်းရှင်ဖြစ်ရပေသည်ဟု ကြံစည်ပြီးလျှင် မြတ်စွာဘုရားထံ ထိုအကြောင်းကို လျှောက်ထားလေ၏။

မြတ်စွာဘုရားလည်း "သူဌေးကြီး.... အဆွေခင်ပွန်း မည်သည် သေးငယ်သည်မရှိ၊အဆွေခင်ပွန်းတို့ဝတ်တရားကို ကြေကုန်အောင် ဆောင်ရွက်နိုင်သည်သာ ပဓာနဖြစ်သည်၊

မိမိအောက် ယုတ်နိမ့်သည်ဖြစ်စေ၊ မြင့်မြတ်သည်ဖြစ်စေ၊ အယုတ်,အလတ်,အမြတ် သုံးမျိုးလုံးပင် အဆွေခင်ပွန်းဖွဲ့သင့်သည်၊ ယခုအခါသူဌေးကြီးမှာ ယုတ်နိမ့်သောအဆွေခင်ပွန်းကိုမှီ၍ ဥစ္စာရှင်ဖြစ်ရသည်၊ ရှေးသူဟောင်းတို့သည် ယုတ်နိမ့်သောအဆွေခင်ပွန်းကိုမှီ၍ ဗိမာန်ရှင်ဖြစ်ဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**မိတ်ဖွဲ့လေငြား နတ်နှစ်ပါး**

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် မင်းကြီး၏ ဥယျာဉ်တော်ဝယ် သမန်းမြက်ဖုတ် ကျူရုံတခု၌ နတ်ဖြစ်လေ၏။

ထိုဥယျာဉ်တော်ဝယ် မင်္ဂလာကျောက်ဖျာကို မှီလျက်ပေါက်နေသော ရုစာမည်သော သို့မဟုတ် သုမုလကမည်သောသစ်ပင်သည်ရှိလေ၏၊ထိုသစ်ပင်ကား တောက်ပြောင်ဝန်းဝိုင်း၍ ပင်စည်,ခက်မနှင့်ပြည့်စုံ၏၊မင်းကြီးပူဇော်သက္ကာရပြုအပ်သော မင်္ဂလာသစ်ပင်ဖြစ်၏၊ ထိုသစ်ပင်ဝယ် ဘုန်းတန်ခိုးကြီးမားသော ရုက္ခစိုးနတ်မင်းသည် နေ၏၊ ထိုနတ်မင်းနှင့် သမန်းမြက်ဖုတ် ကျူရုံစောင့်နတ်သည် အဆွေခင်ပွန်းဖြစ်ကြ၏။

**ဗိမာန်ဖျက်ရန် မိန့်တော်ပြန်**

ထိုအခါ မင်းကြီးနေသော တပင်တိုင်နန်းပြာသာဒ်ဝယ်ပြာသာဒ်တိုင်သည်နဲ့လေ၏၊မင်းကြီးသည် လက်သမားတို့ကိုခေါ်၍''အမောင်တို့····ပြာသာဒ်တိုင်နဲ့နေသည်မနဲ့အောင်

အနှစ်ရှိသောတိုင်တလုံးနှင့် ကျားထောက်ကြလော့”ဟု အမိန့်ပေးလေ၏။

လက်သမားတို့လည်းနန်းတော်တိုင်ကိုကျားထောက်ရန် လျောက်ပတ်သောသစ်ပင်ကိုရှာလတ်သော် မတွေ့ကြသည် ဖြစ်၍ မင်းကြီးဥယျာဉ်တော်သို့ဝင်၍ရှာကြပြန်ရာ ရှုစာမည် သောသစ်ပင်ကို တွေ့ကြသော်လည်း မင်းကြီး၏ မင်္ဂလာ သစ်ပင်ဖြစ်၍ မခုတ်ဝံ့ကြသဖြင့် မင်းကြီးထံ လျှောက်ကြ ကုန်၏။

မင်းကြီးလည်း လက်သမားတို့အား“အမောင်တို့သွား ကြကုန် မင်္ဂလာသစ်ပင်ဖြစ်သော်လည်း ခုတ်ကြကုန်၊ အ ခြားသစ်ပင်ကိုမင်္ဂလာသစ်ပင်ပြုလုပ်မည်”ဟုအမိန့်ပေးလေ ၏၊ လက်သမားတို့လည်း ပူဇော်ပသဘွယ်တို့ကို ယူဆောင် ကာ ဥယျာဉ်တော်သို့သွား၍ မင်္ဂလာသစ်ပင်အား ပူဇော် ပသပြီးလျှင် နက်ဖြန်ခုတ်မည် ဟု တိုင်ကြားကာ ပြန်ခဲ့ကြ ကုန်၏။

**ငိုကြွေးလျက်သာ ဗိမာန်ရှာ**

ရုက္ခစိုးနတ်သည် ထိုအကြောင်းကို သိ လျှင် နက်ဖြန်ငါ့ဗိမာန်ကို ဖျက်ဆီးကြ တော့မည်၊ ငါ့သားငယ်တို့ကိုယူ၍ ဘယ် အရပ်သို့ ရွှေ့ပြောင်းရပါမည်နည်းဟု စူးစမ်းဆင်ခြင်လတ် သော် ရွှေ့ပြောင်းဘို့နေရာကို မမြင်သဖြင့် သားငယ်တို့ကို လည်၌ဖက်ကာ ငိုကြွေးလေ၏။

အဆွေခင်ပွန်းဖြစ်သော ရုက္ခစိုးနတ်တို့သည် ငိုကြွေး သံကိုကြားလျှင်လာလတ်ကုန်၍“အဆွေ….အဘယ့်ကြောင့် ငိုကြွေးသနည်း”ဟုမေးကြလေလျှင်“အဆွေတို့….နက်ဖြန်

ဤသစ်ပင်ကို လက်သမားတို့လာ၍ ခုတ်ကြတော့မည်၊ ငါ့ဗိမာန်ပျက်တော့မည်ဟု ပြောလျက် လက်သမားတို့ကိုတားမြစ်ရန် အကြောင်းကိုရှာ၍ မရကြသဖြင့် အဆွေရုက္ခစိုးနတ်ကိုဖက်ကာ ငိုကြွေးကြပြန်၏။

**သမန်းမြက်နတ်ကြံ ဥပါယ်ဥာဏ်**

သမန်းမြက်ဖုတ်ကျူရုံစောင့်နတ်လည်း ရုက္ခစိုးနတ်မင်းကိုတွေ့မြင်လို၍ မင်္ဂလာသစ်ပင်သို့သွားလေသော်ထိုအကြောင်းကိုသိလျှင် "အရှင်နတ်မင်း····သည်အတိုင်းဖြစ်ပါစေ၊မစိုးရိမ်ပါလင့်၊နက်ဖြန်လက်သမားတို့မခုတ်ရဲအောင် အကျွန်ုပ်တို့တားမြစ်ပါမည်၊လက်သမားတို့လာသောအခါအကျွန်ုပ်၏ ပညာဉာဏ်စွမ်းကိုသာ စောင့်၍ကြည့်ကြပါ"ဟု ဝန်ခံကာ နတ်တို့ကိုသက်သာရာရစေ၏။

နက်ဖြန် လက်သမားတို့ သစ်ပင်ခုတ်ရန် လာကြသောအခါ သမန်းမြက်ဖုတ်ကျူရုံစောင့်နတ်သည် ပုတ်သင်အသွင်ဖန်ဆင်းကာ လက်သမားတို့ ရှေ့မှသွား၍ မင်္ဂလာသစ်ပင်၏ အမြစ်ကြားသို့ ဝင်ပြီးလျှင် အခေါင်းရှိသကဲ့သို့ ပြုလျက် သစ်ပင်၏အလယ်ဖြင့်တက်လတ်၍ ပင်စည်၏ထိပ်မှ ထွက်လျက် ဦးခေါင်းညိတ်ကာ ဝပ်လေ၏။

**မိတ်ဆွေစောင့်မ ချမ်းသာကြ**

လက်သမားကြီးသည် ပုတ်သင်ကို မြင်လျှင် သစ်ပင်ကိုလက်ဖြင့်ပုတ်ကာ "ဤသစ်ပင်ကား အခေါင်းရှိသည်၊ အနှစ်မရှိ၊မနေ့ကငါတို့မဆင်ခြင်မိ၍ ပူဇော်ပသခဲ့သည်"ဟုပြောဆို၍ မခုတ်တော့ဘဲ သွားကြလေ၏၊ ရုက္ခစိုးနတ်မင်းသည်

သမန်းမြက်ဖုတ် ကျူရုံစောင့်နတ်ကို အမှီပြု၍ ငါ့ဗိမာန် မပျက်စီးဘဲ ဗိမာန်ရှင် ဖြစ်ရလေ၏။

ရုက္ခစိုးနတ်မင်းလည်း ကြွရောက်စီးဝေး လာကြသော အဆွေခင်ပွန်း ရုက္ခစိုးနတ်တို့အလယ်တွင် မိမိ၏ ဗိမာန်ကို ပြန်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ "အဆွေတို့.... အကျွန်ုပ်တို့ကား တန်ခိုးကြီးကုန်လျက် ပညာနုကြသော ကြောင့် ဤအကြောင်းကိုမသိကြချေ၊သမန်းမြက်ဖုတ်ကျူရုံ စောင့် နတ်ကား တန်ခိုးသေးသော်လည်း ပညာရင့်သော ကြောင့် ဤအကြောင်းကိုသိချေသည်၊သို့အတွက် အကျွန်ုပ် ကို ဗိမာန်ရှင်ဖြစ်အောင် ဆောင်ရွက်နိုင်ပေသည်"ဟု အဖန်ဖန်ချီးကျူးလေ၏။

ထို့နောက်တဖန်—

"အဆွေတို့.... မိမိတို့အောက် အမျိုးအနွယ် တန်ခိုးရှိန်ဝါ ပစ္စည်းဥစ္စာ ယုတ်နိမ့်သော သူတို့နှင့် ၎င်း,တူညီသောသူတို့နှင့်၎င်း,မြင့်မြတ်သောသူတို့နှင့် ၎င်း,အယုတ်,အလတ် အမြတ်မရွေးအဆွေခင်ပွန်း ဖွဲ့သင့်၏၊ ယုတ်နိမ့်ခြင်း, တူညီခြင်း, မြင့်မြတ်ခြင်း တို့မှာပမာနမဟုတ်ပါ၊အဆွေခင်ပွန်းတို့ဝတ်တရား ကို ကြေကုန်အောင်ဆောင်ရွက်နိုင်ခြင်းသာ ပမာန ဖြစ်၏၊ အဆွေခင်ပွန်းတို့ မည်သည်ကား ပျက်စီး သော အခါ အကျိုးစီးပွားကို ရွက်ဆောင်ကြ၏၊ ဆင်းရဲမှ လွတ်မြောက်စေကြ၏၊သို့အတွက် အကျိုး စီးပွားကို အလိုရှိသူ ဆင်းရဲမှ လွတ်မြောက်လို သူတို့သည် အကျွန်ုပ်နှင့် သမန်းမြက်ဖုတ် ကျူရုံ

စောင့်နတ်တို့အဆွေခင်ပွန်းဖွဲ့အပ်သကဲ့သို့အယုတ်,
အလတ်,အမြတ်မရွေးအဆွေခင်ပွန်းဖွဲ့ကြရာ၏''—

ဟု စည်းဝေးရောက်လာကြသော နတ်အပေါင်းတို့အား အဆွေခင်ပွန်းဖွဲ့ခြင်းအကြောင်းကို အကျယ်တဝင့် ရှင်းလင်းကာ တရားဟောပြောဆုံးမလေ၏။

ရုစာမည်သော သစ်ပင်စောင့်နတ်မင်းနှင့် သမန်းမြက်ဖုတ် ကျူရုံစောင့် နတ်နှစ်ဦးတို့သည် အသက်ထက်ဆုံး အဆွေခင်ပွန်းအဖြစ်၌ တည်ကြကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ရုစာရုက္ခစိုး နတ်သည်— ယခုအခါ အာနန္ဒာ။

※ သမန်းမြက်ဖုတ် ကျူရုံစောင့်နတ်သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ယုတ်,လတ်,မြတ်ပေ၊ လူသုံးထွေ၊ အဆွေဖွဲ့သင့်သည်။
(၂) အဆွေချင်းချင်း၊ ဝတ်ကြေခြင်း၊ လိုရင်းဖြစ်တော့သည်။
(၃) အဆွေရှိက၊ အကျိုးရ၊ ဘေးမှလွတ်မြောက်သည်။
(၄) ရုစာနတ်မြတ်၊ ကျူရုံနတ်၊ ဖွဲ့လတ်ထုံးကိုရည်။

ကုသနာဠိဇာတ် ပြီး၏။

# ၁၂၂—ဒုမေ္မဓဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

ဒေဝဒတ်ကဲ့ရဲ့ ကျေးဇူးမဲ့

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်ကို ချီးကျူး ပြောဆိုလတ်သော် ငြူစူခြင်းကိုသာ ပြု၍ နေလေ၏၊ ထိုအခါ ရဟန်းတို့သည် တရားသဘင်ဝယ် "ငါ့ရှင်တို့….ဒေဝဒတ်သည် မြတ်စွာဘုရား၏ လက္ခဏာတော်ကြီး လက္ခဏာတော်ငယ် ခြောက်သွယ်သော ရောင်ခြည်တော်တို့ဖြင့် အတုမရှိ တင့်တယ်တော်မူသောဂုဏ်, သီလ, သမာဓိ, ပညာ, အရဟတ္တဖိုလ်, ပစ္စဝေက္ခဏာဉာဏ် စသည်တို့နှင့် ပြည့်စုံတော်မူသော ဂုဏ်တို့၌ ကြည်ညိုခြင်းကို မဖြစ်စေနိုင်ဘဲ အမြဲငြူစူလျက်သာနေသည်"ဟုစကားစပ်မိ၍ ဒေဝဒတ်၏ ကျေးဇူးမဲ့ကို ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍"ရဟန်းတို့….ဒေဝဒတ်သည် ယခုအခါ၌သာ ငါဘုရား၏ဂုဏ်ကျေးဇူးကိုပြောဆိုလတ်သော် ငြူစူခြင်းကိုပြုသည် မဟုတ်၊ ရှေးအခါ၌လည်း ပြုဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

ကြည့်ရှုဆင်ခြင် မင်္ဂလာသဘင်

လွန်လေပြီးသောအခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်ဝယ် မဂဓမင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် ဆင်အမျိုး

၌ဖြစ်၍ အလုံးစုံဖြူဆွတ်သောကိုယ်ရှိ၏၊အဆင်းအင်္ဂါလက္ခဏာနှင့် ပြည့်စုံ၏၊ မဂဓမင်း၏ မင်္ဂလာဆင်တော် ဖြစ်၏။

တနေ့သ၌ ပွဲသဘင်ကြီးစွာ ဖြစ်လတ်သော် မြို့သူမြို့သားတို့သည် အလုံးစုံသောမြို့ကို အထူးထူးသော တန်ဆာတို့ဖြင့် တန်ဆာဆင်ကြကုန်၏၊ မြို့တော်သည် နတ်မြို့ကဲ့သို့ အလွန်သာယာ၏။

မင်းကြီးလည်း အလုံးစုံသောတန်ဆာတို့ဖြင့် ဆင်အပ်သော မင်္ဂလာဆင်တော်ကိုစီးနင်းကာ ကြီးစွာသော မင်း၏အာနုဘော်ဖြင့် မြို့တော်ကို လက်ျာရစ် လှည့်တော်မူ၏။

**ဆင်တော်ချီးမွမ်း မင်းယုတ်စမ်း**

ထိုအခါ လူတို့သည် အဆင်း အင်္ဂါလက္ခဏာနှင့် ပြည့်စုံသဖြင့် တင့်တယ်ခြင်းအစုံသို့ရောက်သော မင်္ဂလာဆင်ဖြူတော်ကိုမြင်ကြလျှင် "အချင်းတို့.... ဤမင်္ဂလာဆင်ဖြူတော်သည် အလွန်အံ့ဘွယ်ရှိပေစွ၊ တင့်တယ်ပေစွ၊ အဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံပေစွ၊စကြဝတေး မင်းတို့အား လျောက်ပတ်ပေစွ—စသည်ဖြင့် မင်္ဂလာဆင်ဖြူတော်ကိုသာ အဖန်ဖန် ချီးကျူးကြကုန်၏။

မင်းကြီးကားလျှင် သည်းမခံနိုင်ဘဲ ငြူစူစောင်းမြောင်းလျက် "ယနေ့ဤဆင်ဖြူတော်ကို ကမ်းပါးပြတ်၌ကျ၍ သေစေမည်"ဟုကြံစည်လျက် ဆင်ဆရာကိုခေါ်စေ၍"ဆရာ.. သင်၏ ဆင်ဖြူတော်ကို ကောင်းစွာ သင်ကြားအပ်ပြီးပြီလော"ဟု မေးလေ၏၊"အရှင်မင်းကြီး...ကောင်းစွာသင်ကြားအပ်ပါပြီ"ဟု လျှောက်၏၊ "ဝေပုလ္လတောင်ထိပ်သို့ တက်နိုင်ပါမည်လော"ဟု မေးပြန်၏၊ "အရှင်မင်းကြီး....

တက်နိုင်ပါသည်''ဟု လျှောက်၏၊ ထိုအခါမင်းကြီးသည် ဆင်တော်ပေါ်မှ သက်ဆင်းကာ ဆင်ဆရာကို စီးစေ၍ အတက်ခိုင်းလေ၏။

**သေအောင်ညှဉ်းပန်း မျိုးမျိုးစမ်း**

ဆင်ဖြူတော်သည် ဝေပုလ္လ တောင်ထိပ်သို့ တက်သည်ရှိသော်မိမိလည်း စစ်သည် မိုလ်ပါနှင့်တကွ တက်လေ၏၊ မင်းကြီးသည် ဆင်ဆရာအား ဆင်ဖြူတော်ကို တောင်ကမ်းပါးပြတ်သို့ ရှေ့ရှုနေစေ၍ ခြေသုံးချောင်းဖြင့် အရပ်ခိုင်းလော့ ဟုဆိုလေ၏၊ ဆင်ဆရာလည်း ဆင်ဖြူတော်ကို အမှတ်ပေးကာ ခြေသုံးချောင်းဖြင့် ရပ်စေ၏၊ တဖန်ရှေ့ခြေနှစ်ချောင်းဖြင့် အရပ်ခိုင်းစေပြန်၍၊ ရပ်စေပြန်၏၊ တဖန်နောက်ခြေနှစ်ချောင်းဖြင့် အရပ်ခိုင်းစေပြန်၏၊ ရပ်စေပြန်၏၊ တဖန်ခြေတချောင်းတည်းဖြင့် အရပ်ခိုင်းစေပြန်၏၊ ရပ်စေပြန်၏၊ ထိုအခါ မင်းကြီးသည် ဆင်ဖြူတော်ချောက်ကမ်းပါးပြတ်၌ မကျသည်ကိုသိ၍ တဖန် တကာယ်စွမ်းနိုင်လျှင် ခြေလေးချောင်းတို့ကို ကောင်းကင်၌ ထားစေလော့ ဟု ဆိုပြန်၏။

ထိုအခါ ဆင်ဆရာသည် ဇမ္ဗူဒိပ် တကျွန်းလုံးဝယ် ဤဆင်ဖြူတော်လောက် လိမ္မာတတ်မြောက်သော ဆင်မရှိ၊ စင်စစ်မင်းယုတ်သည် ဤဆင်ကို တောင်ကမ်းပါးပြတ်၌ကျ၍ သေစေလိုသည်ဖြစ်ရာ၏ဟု ဆင်ခြင်ကာ ဆင်တော်၏နားရင်း၌ ကပ်၍ ''အမောင်····ဤမင်းယုတ်သည် အမောင့်ကို တောင်ကမ်းပါးပြတ်၌ ကျ၍သေစေလိုသည်၊ အမောင်ကား ဤမင်းယုတ်နှင့် မထိုက်တန်၊ အကယ်၍

ကောင်းကင်သို့ ပျံနိုင်ပါမူ၊ ငါ့ပါယူဆောင်၍ ဗာရာဏသီ ပြည်သို့ ပျံသွားပါ''ဟု ပြောလေ၏။

**မင်းအပြစ်ပြော တရားဟော**

ဘုန်းတန်ခိုးကြီးမားသော ဆင်ဖြူတော်သည် ထိုခဏ၌လျှင် ကောင်းကင်၌ တည်လေ၏၊ ထိုအခါ ဆင်ဆရာသည် မင်းကြီးအား- အရှင်မင်းကြီး.... ဤ ဆင်ဖြူတော်သည် ဘုန်းတန်ခိုးအာနုဘော်နှင့်ပြည့်စုံ၏၊ သင်ကဲ့သို့ ဘုန်းပညာ နည်းပါးသော မင်းယုတ်နှင့် မထိုက်တန်ပေ၊ဘုန်းပညာနှင့် ပြည့်စုံသောမင်းနှင့်သာ ထိုက်တန်၏၊ သင်ကဲ့သို့ ဘုန်းပညာ နည်းပါးသော မင်းတို့ကား ဆင်မြတ်ကို ရသော်လည်း ဆင်မြတ်၏ ကျေးဇူးကိုမသိကုန်၊ သင်ကား ဤဆင်မြတ်ကို ၎င်း,ကြွင်းသောစည်းစိမ် အခြံအရံကို၎င်း, ဖျက်ဆီးတတ်သော သူသာတည်း ဟု ပြောဆိုပြီးလျှင် နောက်တဖန်—

"အရှင်မင်းကြီး....သင်ကဲ့သို့ ဘုန်း ပညာ မရှိသောသူကား- အခြံအရံစည်းစိမ်ကို ရရှိပြီးသော်လည်း မိမိ၏အကျိုးမဲ့ကိုသာ ကျင့်တတ်၏၊ ပြုသင့်သောအမှု, မပြုသင့်သောအမှုကို မသိရကား မိမိအား၎င်း, သူတပါးအား၎င်း ညှဉ်းဆဲရန်သာ ဖြစ်၏"—

ဟု မင်းကြီးအား ဆင်ကျောက်ကုန်းမှနေ၍ တရားဟောပြီးလျှင် "မင်းကြီး.... နေရစ်ပေတော့ဟု" ဆို၍ ဗာရာဏသီပြည်သို့ သွားပြီးလျှင် မင်းရင်ပြင်ကောင်းကင်တွင် ရပ်လေ၏။

ဗာရာဏသီရောက်မှ ကြီးပွားကြ

ထိုအခါ လူတို့သည် ငါတို့ မင်းကြီးအတွက်ကောင်းကင်ဖြင့် ဆင်ဖြူတော်လာ၍ ရပ်တည်သတတ်ဟု တမြို့လုံးအုတ်အုတ်ကျက်ကျက်ဖြစ်ကာ ချောက်ချား၍ သွားလေ၏၊ မင်းကြီးအားလည်း ထိုအကြောင်းကို လျင်မြန်စွာ ကြားလျှောက်ကြကုန်၏၊ မင်းကြီးလည်း နန်းတော်မှထွက်လာ၍ "အကယ်၍ ငါ၏အသုံးအဆောင်ဖြစ်မူ မြေ၌တည်လော့" ဟုဆိုလေ၏၊ဆင်ဖြူတော်လည်းမြေ၌တည်လေ၏၊ဆင်ဆရာလည်းဆင်မှဆင်းသက်ကာ မင်းကြီးကိုရှိခိုး၍နေလေ၏။

မင်းကြီးသည် ဆင်ဆရာအား "အမောင်....အဘယ်အရပ်ကလာသနည်း"ဟု မေးရာ "အရှင်မင်းကြီး..ရာဇဂြိုဟ်ပြည်မှ လာခဲ့သည်"ဟုဆို၍ အကြောင်းစုံကို လျှောက်ထားလေ၏၊မင်းကြီးလည်း "အမောင်.... သင်တို့ ဗာရာဏသီပြည်သို့လာခြင်းကို အလွန်နှစ်သက် ဝမ်းမြောက်လှသည်"ဟု မိန့်တော်မူပြီးလျှင် မြို့တော်အလုံးစုံကို တန်ဆာဆင်စေ၍ ဆင်ဖြူတော်ကို မင်္ဂလာဆင်တော်အရာ၌ထားလေ၏၊အလုံးစုံသော မြို့တော်ကို သုံးစုံစု၍ တစုကို မင်္ဂလာဆင်တော်အား, တစုကို ဆင်ဆရာအားပေးလေ၏၊ မိမိမူကား တစုကိုသာ ယူတော်မူ၏။

မင်္ဂလာဆင်ဖြူတော်ရောက်သောအခါမှစ၍ ဇမ္ဗူဒိပ်တကျွန်းလုံးရှိမင်းများသည် ဗာရာဏသီမင်း၏ လက်တော်သို့ရောက်၍ ဇမ္ဗူဒိပ်ကျွန်းတွင် မြတ်သောကေရာဇ်အဖြစ်၌ တည်လေ၏၊ အသက်ထက်ဆုံး ဒါနစသော ကုသိုလ်ကောင်းမှုတို့ကိုပြုကာ သေလွန်သည့်အခါ ကံအားလျော်စွာ လားလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ မဂဓမင်းသည်-ယခုအခါ ဒေ၀ဒတ်။

※ ဗာရာဏသီမင်းသည်-သာရိပုတ္တရာ။

※ ဆင်ဆရာသည်-အနန္ဒာ၊

※ မင်း၏မင်္ဂလာဆင်ဖြူတော်သည်- ငါဘုရား ဖြစ်လာပြီ—

ဟုဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ဘုန်းကံနည်းလှ၊ စည်းစိမ်ရ၊ မုချပျက်စီးမည်။

(၂) ပြုမပြုသင့်၊ဉာဏ်မချင့်၊ ပြုကျင့်ဆင်းရဲမည်။

(၃) ငြူစူနှလုံး၊ ဆင်ဖြူဆုံး၊ မှတ်ထုံးပြုရာသည်။

ဒုမ္မေဓဇာတ် ပြီး၏။

---

## ၁၂၃-နင်္ဂလီသဇာတ်

**ပစ္စုပ္ပန်၀တ္ထု**

**အရာမသိပြီ လာဥ္ဒုဒါယီ**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတ၀န် ကျောင်း၌ သီတင်း သုံးတော်မူစဉ် လာဠုဒါယီ မထေရ်သည် အရာဟုတ်သည် မဟုတ်သည်, သင့်လျော်သည်မသင့်လျော်သည်ကိုမသိတတ် အလျှူအတန်း စသော

သုမင်္ဂလာအရာ၌ တိရောကုဋ္ဋသုတ်စသော ဒုမင်္ဂလာတရားကို ဟောအံ့၊ မသာအသုဘစသော ဒုမင်္ဂလာအရာ၌ မင်္ဂလသုတ်စသော သုမင်္ဂလာတရားကိုဟောအံ့။

ရဟန်းတို့သည်တရားသဘင်ဝယ်စကားစပ်မိ၍လာဠုဒါယိမထေရ်အကြောင်းကို ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ "ရဟန်းတို့.... လာဠုဒါယိကား ယခုအခါသာ ထိုင်းမှိုင်းတွေဝေသဖြင့် အရာဟုတ်သည် မဟုတ်သည်,သင့်လျော်သည်မသင့်လျော်သည်ကို မသိသည်မဟုတ်၊ ရှေးအခါ၌လည်း မသိသည်သာတည်း" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**ပညာသင်မရ ထိုင်းမှိုင်းလှ** — လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားသူကြွယ်မျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာ အလုံးစုံကို သင်ကြားတတ်မြောက်ပြီးလျှင် ဗာရာဏသီပြည်ဝယ် ဒိသာပါမောက္ခ ဆရာကြီးဖြစ်၍ တပည့်လုလင်ငါးရာတို့ကိုအတတ်ပညာသင်စေ၏။

တပည့်လုလင်ငါးရာတို့တွင် လာဠုဒါယိကမည်သော တပည့်လုလင်ကား အတတ်သင်လာသော တပည့်ဖြစ်သော်လည်း အလွန်ထိုင်းမှိုင်း တွေဝေစေသဖြင့် သင်ကြားခြင်းငှါမတတ်နိုင်၊ သို့သော်လည်း ဒိသာပါမောက္ခဆရာကြီးအားအလွန်ကျေးဇူးများ၏၊ အမှုကိစ္စဟူသမျှကိုဆောင်ရွက်၏။

**ဥာဏ်လွန်နည်းလှ ကာဠုက**

ဆရာကြီးလည်း တနေ့သ၌ ညစာစား ပြီးလျှင် အိပ်ရာတွင်အိပ်ကာ လာဠုက အားလက်, ခြေ, ကျောက်ကုန်းတို့ အနှိပ်နယ်ခိုင်းလေ၏၊ သွားသောအခါ ညောင်စောင်းခြေ တို့ကို တပ်၍သွားလော့ဟု မှာထား၏၊ လာဠုကလုလင် လည်း ညောင်စောင်းခြေတခုကို ရှာမရသဖြင့် ညောင် စောင်းခြေတဖက်ကို မိမိပေါင်ပေါ်၌ထားကာ တညဉ့် လုံးနေလေ၏။

ဆရာကြီးလည်း မိုးသောက်၍ထသောအခါ လာဠုက ကိုမြင်၍"အမောင်....အဘယ့်ကြောင့်ဤမှာအိပ်သနည်း" ဟုမေးလေ၏၊ "ဆရာ.... ညောင်စောင်း ခြေတခုကို ရှာမရ၍ ညောင်စောင်းခြေတဖက်ကို ပေါင်ပေါ်၌ ထား ကာ တညဉ့်လုံးနေရသည်"ဟု ပြောလေ၏။

**နည်းလမ်းသစ်ထွင် ပညာသင်**

ထိုအခါဆရာကြီးသည် ထိတ်လန့်အံ့ဩ လျက် "ဤလာဠုကကား ငါ့အား အလွန်ကျေးဇူးများသည်၊ ဉာဏ်ပညာ ထိုင်းမှိုင်းတွေဝေသဖြင့် အတတ်ပညာ သင်ကြားခြင်းငှါ မတတ်နိုင်၊ ငါသည် အဘယ်သို့ပညာရှိအောင် ပြုရပါအံ့ နည်း၊ ငါသည် ဤလုလင်ကို ထင်းခွေ ဟင်းရွက်ခူးစသည် ကိုခိုင်းမည်၊ ထင်းခွေဟင်းရွက်ခူး စသည် သွားသောအခါ မြင်ခဲ့, ကြားခဲ့, ပြုလုပ်ခဲ့သမျှကိုမေးမည်၊ ၎င်းကပြန်ပြော သောအခါ မည်သည့်ဝတ္ထုနှင့်တူသည်၊ မည်ကဲ့သို့ပြုခဲ့သည် စသည်ကို တဖန်ပြန်မေးမည်၊ ဤကဲ့သို့မေးလိုက်,ပြန်ပြော လိုက်ဖြင့် အသစ်အသစ်ဖြစ်သော ဗဟုသုတတိုးပွားစေ၍ ပညာရှိအောင်ပြုမည် ဟု ကြံစည်မိလေ၏။

မိမိကြံစည်ထားသောအတိုင်း လာဠုကကို ခေါ်စေ၍ "အမောင်....ယနေ့ကစ၍ ထင်းခွေ ဟင်းရွက်ခူး စသည် သွားသောအခါ မြင်ခဲ့,ကြားခဲ့,ပြုလုပ်ခဲ့သမျှငါ့ကိုပြန်ပြော ရမည်"ဟုမှာထားလေ၏။

**တွေ့မြင်သမျှ ဥပမာပြ**

လာဠုကသည် တနေ့သဉ္ဇလုလင်တို့နှင့် အတူ ထင်းခွေသွားသောအခါ မြွေကို မြင်ခဲ့၍"ဆရာ....အကျွန်ုပ်မြွေကိုမြင်ခဲ့ ပါသည်"ဟုပြောလေ၏။ "အမောင်....မြွေသည်ဘာနှင့်တူ သနည်း"ဟုမေး၏။"ဆရာ..ထွန်တုံးထွန်သံနှင့်တူပါသည်" ဟုပြော၏၊ "အမောင်....ကောင်းစွ,ကောင်းစွ သင့်တင့် သော ဥပမာကို ပေးနိုင်ပေသည်"ဟုချီးကျူးလေ၏။

တဖန်တော၌ ဆင်ကိုမြင်ခဲ့၍"ဆရာ...အကျွန်ုပ်ဆင်ကို မြင်ခဲ့ပါသည်"ဟုပြောလေ၏၊"အမောင်....ဆင်သည်ဘာ နှင့်တူသနည်း"ဟုမေးပြန်ရာ"ဆရာ....ထွန်တုံး ထွန်သံနှင့် တူပါသည်"ဟုပြော၏၊ ဆင်၏နှာမောင်းအစွယ်တို့မှာ တူ ပေသည်၊ခွဲခြားပြီးမပြောတတ်၍သာဖြစ်မည်ဟု ဆိတ်ဆိတ် နေပြန်၏။

တဖန်ဆွမ်းကျွေးရာအရပ်ဝယ်ကြံကိုစုတ်ခဲ့ရ၍ "ဆရာ.. ကြံစုတ်ခဲ့ရသည်"ဟု ပြောလေ၏၊ "အမောင်....ကြံသည် ဘာနှင့်တူသနည်း"ဟု မေးပြန်ရာ "ဆရာ....ထွန်တုံးထွန် သံနှင့်တူပါသည်"ဟု ပြော၏၊အနည်းငယ်လျော်ပါသေး၏ ဟု ဆိတ်ဆိတ်သာနေပြန်၏။

တဖန်ဆွမ်းကျွေးရာဝယ် အချို တင်လဲ နို့မမ်းကိုစားရ ကုန်၏၊ အချိုနို့ရည်ကို သောက်ရကုန်၏၊ လာဠုကကား

နို့ဓမ်း နို့ရည် စားသောက်ခဲ့ရ၍ "ဆရာ.... နို့ဓမ်း နို့ရည် ကိုစားသောက်ခဲ့ရပါသည်"ဟု ပြော၏၊ "အမောင်....နို့ ဓမ်းနို့ရည်ကား ဘာနှင့်တူသနည်း"ဟုမေးပြန်ရာ"ဆရာ.. ထွန်တုံးထွန်သံနှင့်တူပါသည်"ဟုပြောလေ၏။

**ပညာသင်မရ လက်လွှတ်ကြ**

ထိုအခါ ဆရာသည် ဤလုလင်ကား မြွေသည် ထွန်တုံးထွန်သံနှင့်တူသည်ဆို ရာမှာ ကောင်းပေ၏၊ ဆင်သည် ထွန် တုံးထွန်သံနှင့်တူသည်ဆိုရာမှာလည်း နှာမောင်းနှင့်အစွယ် ကို ရည်၍ဆိုလျှင် တူယောင်ယောင်ရှိသေး၏၊ ကြံသည် ထွန်တုံး ထွန်သံနှင့် တူသည်ဆိုရာမှာလည်း အနည်းငယ် ယုတ္တိရှိသေး၏၊ နို့ဓမ်းနို့ရည်သည် ထွန်တုံးထွန်သံနှင့် တူ သည်ဆိုရာမှာ နို့ဓမ်းနို့ရည်တို့မှာ အဆင်းအားဖြင့် ဖြူ ကုန်၏၊ သဏ္ဌာန်အားဖြင့် ထည့်သောအိုး, ခွက် လျှင် သဏ္ဌာန်ရှိကုန်၏၊ ဘယ်အခါမှမတူနိုင်၊ စပ်ဟပ်၍ပင်မရ၊ ဤလာဠုကကား အတတ်ပညာကိုသင်၍ မဖြစ်နိုင်ချေ-ဟု နှလုံးသွင်းကာ—

> "အမောင်တို့....ဤသူမိုက်ကား ဥပမာစကား တလုံးထည်းကိုကိုင်ကာ ဥပမေယျအားလုံး၌ ဆို လေသည်၊ ထို့ကြောင့် နို့ဓမ်း နို့ရည်ကိုလည်း ထွန်တုံးထွန်သံနှင့်တူသည်ဟု ဆိုလေသည်၊ ဤသူ မိုက်ဖြင့်အကျိုးမရှိတော့ပြီ" —

ဟု တပည့်တို့အား အဆုံးအမစကား ပြောကြားပြီး လာဠုကအားလည်း ရိက္ခာပေး၍ပြန်လွှတ်လိုက်၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—
ရဟန်းတို့....
※ ထိုအခါ လာဠုဒါယီ-ယခုအခါ လာဠုဒါယီ။
※ ဒိသာပါမောက္ခ ဆရာကြီးသည်- ငါဘုရား ဖြစ်လာပြီ—
ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) မိုက်မဲသူအား၊အတတ်များ၊သင်ကြားမဖြစ်နိုင်။
(၂) နို့ခမ်းထွန်တုံး၊ တူဟန်သုံး၊ ပြောလုံးဆိုပိုင်ပိုင်။

နင်္ဂလီသဇာတ် ပြီး၏။

---

## ၁၂၄—အမ္ဗဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ရဟန်းငယ်ကြောင်းပြု ချမ်းသာမှု**

နတ်လူတို့ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိမြို့သား ရဟန်းတပါးသည် ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံ၏။

ထိုရဟန်းသည်ဆရာဥပဇ္ဈာယ်တို့၌ပြုရသော ဝတ်တို့ကိုဇင်း, တံမြက်လှည်းခြင်း သောက်ရေ သုံးဆောင်ရေတည်ထားခြင်းစသော ဝတ်တို့ကိုဇင်း အမြဲပြုလေ့ရှိ၏၊ ဒါယကာတို့သည် အလွန်ကြည်ညိုသဖြင့် ဆွမ်းဝတ်ငါးရာတို့ကို အမြဲ

နိစ္စဘတ်လှူဒါန်းကြကုန်၏၊ များသော လာဘ်သပ်ပကာရှိ၏၊ ထိုရဟန်းကို အမှီပြု၍ ရဟန်းများစွာတို့သည် ချမ်းချမ်းသာသာ စားသောက်နေထိုင်ကြရကုန်၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်ဝယ်စကားစပ်မိ၍ ထိုရဟန်း၏ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ "ရဟန်းတို့.... ဤရဟန်းကား ယခုအခါ၌သာ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသည်မဟုတ်၊ ရှေးအခါ၌လည်း ပြည့်စုံခဲ့ဘူးပြီ၊ရသေ့တယောက်ကိုအမှီပြုကာ ရသေ့ငါးရာတို့ တောသို့မသွားရဘဲ သစ်သီးကြီးငယ်ဖြင့် မျှတကာ ချမ်းချမ်းသာသာ စားသောက်နေထိုင်ရဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**ရေပေး လှူရ သဒ္ဒါထက်လှ**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် ရသေ့ရဟန်းပြုလျက် ရသေ့ငါးရာ အခြံအရံဖြင့် တောင်ခြေရင်းတခု၌နေလေ၏။

ထိုအခါ ဟိမဝန္တာဝယ် ပူပြင်းသော နွေအခါ ဖြစ်၍ အရပ်တကာတို့ဝယ် သောက်ရေပြတ်ကုန်၏၊ တိရစ္ဆာန်တို့သည် သောက်ရေကို မရကုန်သဖြင့် ပင်ပန်းကြကုန်၏၊ ထိုအခါ ရသေ့တပါးသည် တိရစ္ဆာန်တို့ရေငတ်ခြင်း ဆင်းရဲကို မြင်သဖြင့် သနားကရုဏာသက်ကာ သစ်ပင်တခုကိုဖြတ်



ကျေးဇူးရှင်ရသေ့ စားရန်အတွက် သား-ငှက်တို့ အသီးအသီး သစ်သီးသစ်ဥများ ဆောင်ယူခဲ့ပုံ

၍ စားကျင်းထွင်းပြီးလျှင် သောက်ရေအပြည့် လောင်း၍ ထားလေ၏။

များစွာသော တိရစ္ဆာန်တို့ သောက်ကုန် လတ်သော် ရသေ့သည် သောက်ရေကိုသာ အတွင်ခပ်နေသဖြင့် သစ်သီးရှာခွင့်မရ၊ အာဟာရပြတ်လျက်လည်း သောက်ရေကို ပေးမြဲတိုင်းပေးလေ၏။

**ကျေးဇူးတုံ့ရှာ မြောက်မြားစွာ**

ထိုအခါ သား,ငှက် အပေါင်း တို့သည် စည်းဝေးကြကုန်လျက် "အမောင်တို့.. ရသေ့မှာ သောက်ရေကို ခပ်နေရသဖြင့် သစ်သီးရှာခွင့်မရ၊ အာဟာရပြတ်၍ ပင်ပန်းလှပြီ၊ သို့အတွက် ရေသောက်လာသော သား,ငှက်တို့သည် မိမိတို့ အစွမ်းရှိသလောက် သစ်သီးကို ယူခဲ့ကြလျှင် ကောင်းမည်" ဟု တိုင်ပင် ညီညွတ်ကာ ဤနေ့မှစ၍ ရေသောက်လာသော သား,ငှက်တို့သည် သစ်သီးယူခဲ့ကြစတမ်း ဟုကတိကဝတ်ပြု ကြကုန်၏။

သား, ငှက်တို့လည်း ရေသောက် လာကြသောအခါ ကတိကဝတ် ပြုသည့်အတိုင်း သရက်ပိန္နဲစသော သစ်သီး တို့ကို ယူခဲ့ကြကုန်၏၊ သစ်သီးတို့ကား လှည်းဆယ့်နှစ်စီးခွဲ တိုက်လောက်မျှ များပြားကုန်၏၊ ရသေ့ငါးရာတို့လည်း ထို သစ်သီးတို့ဖြင့်ပင် မျှတလျက်နေထိုင်ကြကုန်၏။

**ချီးကျူးမကုန် ဝတ်ပြည့်စုံ**

ရသေ့ကြီးသည် များစွာသော သစ်သီး တို့ကိုမြင်၍ "တပည့်တို့ ဝတ်ကြီး ဝတ် ငယ်နှင့်ပြည့်စုံသော ရသေ့တယောက်ကို အမှီပြုကာ တောသို့သစ်သီးရှာ မသွားရတော့ဘဲ ရသေ့

ငါးရာတို့ ချမ်းချမ်းသာသာ စားသောက် နေရသည်” ဟု ဝတ်နှင့်ပြည့်စုံသော ရသေ့၏ လုံ့လဝီရိယကိုချီးကျူးလေ၏၊ ထို့နောက်—

“တပည့်တို့…ပညာရှိသူမှန်လျှင် အမြဲလုံ့လပြု ရမည်၊ မပျင်းရိရာ၊ လုံ့လ၏ အကျိုးကို ကြည့်ရှု ကြလော့၊ သရက်ပိန္နဲစသော ဤသစ်သီး တို့မှာ လုံ့လ၏အကျိုးမဟုတ်ပါလော”—

ဟု ရသေ့အပေါင်းတို့အား ပြောကြားကာ အဆုံးအမ ပေးလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါ ဝတ်ပြည့်စုံသော ရသေ့သည်- ယခုအခါ ဝတ်ပြည့်စုံသောရဟန်း။

※ ဆရာရသေ့ကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဝတ်ကြီးဝတ်ငယ်၊ ပြုလုပ်ဘွယ်၊ တကယ်မပျင်းရာ။

(၂) တယောက်ဝတ်မြဲ၊ လွန်ချမ်းမြေ့၊ ရသေ့ငါးရာပါ။

အမ္ဗဇာတ်ပြီး၏။

# ၁၂၅—ကဋ္ဌာဟကဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

ကဲ့ရဲ့ရှုတ်ချ ပြောတတ်လှ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကဲ့ရဲ့ရှုတ်ချတတ်သော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

ဘဏ္ဍာစိုးထား ကျွန်မသား

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် စည်းစိမ်ဥစ္စာကြွယ်ဝသော သူဌေးဖြစ်လေ၏။

တနေ့သ၌ ထိုသူဌေး၏ မယားသည် သားတယောက်မွေးဖွားလေ၏၊ ထိုသူဌေး၏ကျွန်မသည်လည်း ထိုနေ့မှာပင် သားတယောက်မွေးဖွားလေ၏၊ ထိုသူငယ်နှစ်ယောက်တို့သည် တပြိုင်နက်ကြီးပြင်းကြကုန်၏။

သူဌေးသား စာသင်သည်ရှိသော် ကျွန်မသားလည်း သင်ပုန်းကိုယူကာ သူဌေးသားနှင့်အတူစာသင်၏၊ ဂဏန်းအတတ်ကိုလည်း အတူသင်ကြ၏၊ နှစ်ကြိမ် သုံးကြိမ်တိုင်အောင် အတူသင်ကြ၏။

ကျွန်မသားသည် စကားအရာ၌လိမ္မာ၏၊ အခေါ်အဝေါ်ဝေါဟာရ၌လည်း လိမ္မာ၏၊ နုပျို၏၊ ရုပ်အဆင်းလှ၏၊ အမည်အားဖြင့် ကဋ္ဌာဟက ဟုခေါ်ဝေါ်ကြ၏၊ သူဌေးကြီးသည် ဘဏ္ဍာစိုးအရာ၌ထား၏။

**လိမ်လည်ဥာဏ်ဆင် သူဌေးသားသွင်**

တနေ့သ၌ ကဋာဟကသည်''ဤသူဌေးကြီးသည် ငါ့ကိုအမြဲတမ်း ဘဏ္ဍာစိုးအရာ၌ ထားမည်မဟုတ်၊ တစုံတရာ အပြစ်မြင်လျှင် ရိုက်ပုတ်ထောင်းထု၍ ကျွန်အဖြစ်ဖြင့်သာ သုံးဆောင်ကြလတံ့၊ ပစ္စန္တရာဇ်၌ကား သူဌေး၏ အဆွေခင်ပွန်းသူဌေးတယောက်ရှိ၏၊ ထိုသူဌေးမှာ သမီးလည်းရှိ၏၊ ငါသည် သူဌေးကြီး၏စကားဖြင့် အမှာစာယူ၍ ထိုသူဌေးထံသွားကာ သူဌေးကြီး၏သားဟု လှည့်စား၍ သမီးကိုယူ လျက်ချမ်းသာစွာနေရမှုကားကောင်းလိမ့်မည်''ဟုကြံစည်လျက် ကိုယ်တိုင်ပုရပိုက်ကိုယူ၍''အဆွေ..ယခု အကျွန်ုပ်၏ သားကို လွှတ်လိုက်သည်၊ အဆွေသမီးနှင့် ထိမ်းမြားလက်ထပ်ပါ၊အကျွန်ုပ်သားနှင့် အဆွေသမီးကို လက်ထပ်ခြင်းအတွက် တဦးနှင့်တဦး ရင်းနှီးလာမည်ဖြစ်၍ အထူးသင့်လျော်ပါသည်၊အကျွန်ုပ်လည်း အဆွေထံသို့ အခွင့်ရသောအခါ လာပါမည်''ဟု ရေးသားကာ သူဌေးကြီး၏ တံဆိပ်ကို ရိုက်နှိပ်ပြီးလျှင် မိမိသဘောအတိုင်း စားနပ်ရိက္ခာနံ့သာပုဆိုး စသည်တို့ကိုယူ၍ ပစ္စန္တရာဇ်သူဌေးထံ သွားလေ၏၊ ရောက်လျှင် သူဌေးကို ရိုသေစွာ ရှိခိုးလျက်နေ၏။

**သူဌေးသား ထင်ကာ ထိမ်းမြားရာ**

ထိုအခါပစ္စန္တရာဇ် သူဌေးသည် ကဋာဟကအား''အမောင်....ဘယ်အရပ်မှ လာသနည်း''ဟု မေးလေ၏၊ ''ဗာရာဏသီပြည်မှ လာပါသည်''ဟု ပြောလေ၏၊ ''ဘယ်သူ၏ သားနည်း''ဟုမေးပြန်ရာ၊''ဗာရာဏသီသူဌေးကြီး၏ သားဖြစ်ပါသည်''ဟုပြော၏၊ ''ဘယ်အတွက် လာသနည်း''ဟု

မေးပြန်၏၊ သူဌေးကြီးထံမှ အမှာစာပါပါသည်”ဟု ပြော ပြီးလျှင် အမှာစာကို ဆက်လေ၏၊သူဌေးလည်း အမှာစာ ကို ဘတ်ပြီးလျှင် သူဌေးကြီးထံမှပေးသောစာဟု ယုံကြည် လျက် ကဋ္ဌာဟကကို သမီးနှင့် ထိမ်းမြားလက်ထပ်ပြီးလျှင် အိမ်မှာပင် နေစေ၏၊ထိုအခါမှစ၍ ကဋ္ဌာဟကအား အခြံ အရံများလေ၏။

**ကဲ့ရဲ့ပြစ်တင် သူတပါးပင်**

ထိုကဋ္ဌာဟကသည် ကျေး, ကျွန်အစေ ခံတို့ ဆက်သလာသော ထမင်း,ယာဂု ခဲဘွယ်စသည်တို့ကိုဇင်း, အဝတ်ပုဆိုး နံ့သာ စသည်တို့ကိုဇင်း, မြင်သည်ရှိသော် “ထမင်းကို ဤလိုချက်ရာသလော၊ ယာဂုကိုဤလိုကျိုရာသလော၊ခဲဘွယ် ကို ဤလိုချက်ရာသလော၊ အဝတ်ပုဆိုးကို ဤလိုဝတ်ရာ သ လော၊ ပန်းကို ဤလိုကုံးရာသလော၊နံ့သာကိုဤလို သွေးရာ သလော၊ပစ္စန္တရာဇ်နေလူတို့သည်သြော်..မိုက်မဲစွတကား၊ အကောင်း မစားတတ်ကုန်၊ အကောင်း မဝတ်တတ်ကုန်၊ အကောင်း မသုံးဆောင်တတ်ကုန် စသည်ဖြင့် ကဲ့ရဲ့ရှုတ်ချ လေ့ရှိ၏။

**သူဌေးကြီးကြွလာ ဆီးကြိုရှာ**

ဗာရာဏသီသူဌေးကြီးသည် ကဋ္ဌာဟက ကျွန်ကို မမြင်လျှင် “အမောင်တို့.... ကဋ္ဌာဟက ဘယ်သွားသနည်း ရှာကြ ကုန်”ဟု စေခိုင်းလေ၏၊ အလုပ်အကျွေး တယောက်သည် ကဋ္ဌာဟကထံသွား၍မသိရအောင် ရုပ်ဖျောက်ကာ စုံစမ်း လျက် အသေအချာသိရလျှင် ပြန်လာ၍ သူဌေးကြီးအား အကြောင်းစုံ လျှောက်ကြားလေ၏။

သူဌေးကြီးလည်း ထိုအကြောင်းကို ကြားလျှင် ကင္ဍာ ဟကအား မသင့်လျော်သောအမှုကို ပြုဘိ၏၊ သွား၍ခေါ် မည်ဟု မင်းကြီးထံ ပန်ကြားပြီးလျှင် ပစ္စန္တရာဇ်သို့ အခြံ အရံဖြင့် သွားလေ၏၊သူဌေးကြီး ပစ္စန္တရာဇ်သို့သွားသတတ် ဟု အရပ်တကာတွင် ထင်ရှားလေ၏။

ကင္ဍာဟကလည်း သူဌေးကြီး လာသတတ်ဟု ကြား၍ ဤသူဌေးကြီးကား အခြားအကြောင်းကြောင့်မလာ ငါ့အ ကြောင်းကြောင့် လာသည်ဖြစ်လိမ့်မည်၊ငါသည်အကယ်၍ ပြေးအံ့ တဖန်ပြန်မလာနိုင်သည် ဖြစ်လတ့ံ၊ ငါ့အရှင်ကို ခရီးဦးကြိုဆိုကာ ကျွန်အမှုကိုပြု၍ ကြေနပ်နှစ်သက်စေမည် ဟု ကြံစည်မိလေ၏။

**လက်ဆောင်ပဏ္ဏာ ဆက်လေရာ**

ကြံစည်ပြီးသောအခါမှစ၍ ပရိသတ် အလယ်တွင် လောက၌ လူမိုက်တို့သည် မိဘတို့ ဂုဏ်ကျေးဇူးကို မသိကြဘဲ မိဘ တို့ စားသောက်သောအခါ ဝတ်ကြီးဝတ်ငယ်ကို မပြုကုန် မူ၍ အတူတကွ စားသောက်လေ့ရှိကြ၏၊ ငါတို့ကား မိဘ တို့ ဂုဏ်ကျေးဇူးကို သိသည့်အတွက် မိဘတို့ စားသောက် သောအခါ အတူတကွမစားသောက်ဘဲ ကျွန်တို့ကဲ့သို့ ဝတ် ကြီးဝတ်ငယ်ကို ပြုလေ့ရှိကုန်၏''ဟု ပရိသတ်အား အမှတ် သညာပေးလေ၏။

သူဌေးကြီးအနီးသို့ရောက်သောအခါ ယောက္ခမသူဌေး ကို ''အရှင်.. အကျွန်ုပ်ဘခင်သည် အရှင်တို့ကိုတွေ့မြင်ရန် လာသတတ်၊ ခဲဘွယ်ဘောဇဉ်ကို စီရင်ကြကုန်လော့၊ အ ကျွန်ုပ်ခရီးဦးကြိုဆိုရန်သွားပါမည်''ဟု ဆိုလေ၏၊ယောက္ခမ

လည်း ကောင်းပြီဟု အလုံးစုံစိမ်ပေး၏၊ ကဏ္ဍဟာကလည်း များစွာသောလက်ဆောင်တို့ကိုယူကာ သူဌေးကြီးထံသွား၍ ရှိခိုးဆက်သလေ၏၊သူဌေးကြီးလည်း လက်ဆောင်တို့ကို ယူ၍ ကဏ္ဍဟာကကို နှုတ်ခွန်းဆက်လေ၏။

**ပူဇော်သက္ကာ ဝတ်ပြုကာ**

သူဌေးကြီးလည်း နံနက်အိပ်ရာထသောအခါ ကိုယ်လက်သုတ်သင်ရန် ဖုံးကွယ်ရာသို့သွားလတ်သော် ကဏ္ဍဟာကသည် မိမိအခြံအရံတို့ကို ဖယ်ရှားစေ၍ သန့်သက်ရေအိုးကိုယူကာ နောက်ကလိုက်လေ၏၊ သန့်သက်ရေသုံးခြင်းကိစ္စပြီးသောအခါ သူဌေးကြီးခြေရင်း၌ဝပ်လျက် "အရှင်....အရှင်လိုသမျှပစ္စည်းဥစ္စာကိုပေးပါမည်၊ အကျွန်ုပ်၏ စည်းစိမ် အခြံအရံကိုမပျက်စေပါနှင့်"ဟု တောင်းပန်လေ၏၊ သူဌေးကြီးလည်း ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံသောကြောင့် နှစ်သက်တော်မူသဖြင့် "အမောင်....မစိုးရိမ်လင့် သင့်အား တစုံတရာအပြစ်မပြု"ဟုသက်သာရာ ရစေ၍ ပစ္စန္တရာဇ်မြို့တွင်းသို့ ဝင်ကာ ပစ္စန္တရာဇ်သူဌေးအိမ်သို့ ရောက်ကြ၏၊ သူဌေး ရောက်လျှင် ပူဇော်သက္ကာရများစွာဖြစ်လေ၏၊ ကဏ္ဍဟာကလည်း သူဌေးကြီးအားမပြတ်ဝတ်ကြီးဝတ်ငယ်ကိုပြုလေ၏။

**သူဌေးသားယောင် မာန်ထောင်**

ထိုအခါ ပစ္စန္တရာဇ်သူဌေးသည် ဗာရာဏသီသူဌေးကြီးအား"သူဌေးကြီး.... အသင်တို့ထံမှအမှာစာကိုရလျှင်ရချင်း ပင်မိဘတို့ ဝတ်တရားရှိသည့်အတိုင်း အသင့်သားနှင့် အကျွန်ုပ်သမီးကို လက်ထပ်ထိမ်းမြားပါသည်"ဟု ပြောလေ၏၊ သူဌေးကြီးသည် ကဏ္ဍဟာကကိုသားပြုကာ "အဆွေ

သူဌေး····ကောင်း၏''ဟု အကြောင်းအားလျော်စွာပြော၍ အဆွေသူဌေးအား ကြေနပ်စေ၏၊ ထိုအခါမှစ၍ ကဋာဟက၏မျက်နှာကို မော်၍ပင် ကြည့်ဝံ့သူမရှိချေ။

**ကဲ့ရဲ့လွတ်ရေး ဂါထာပေး**

တနေ့သ၌ဗာရာဏသီသူဌေးကြီးသည် သူဌေးသမီးကိုခေါ်လျက် ခေါင်းတွင် သန်းရှာခိုင်း၍ "ချစ်သမီး···· ငါ့သားသည် သင့်အားကြင်နာပါ၏လော၊ သင်တို့ အချင်းချင်း ညီညွတ်သင့်တင့်ကြပါ၏လော"ဟု မေး၏၊ "ဘခင်····ဘခင်၏သားမှာ တပါးသောအပြစ်မရှိပါ၊ အစာအာဟာရ အဝတ်တန်ဆာတို့ကို ကဲ့ရဲ့ရှုတ်ချလေ့ ရှိ၏"ဟု ပြော၏၊ "ချစ်သမီး····ငါ့သားကား ချမ်းချမ်းသာသာ နေခဲ့ရ၏၊ စင်စစ်ကား ငါ့သားနောက်မကဲ့ရဲ့ဝံ့အောင်နှုတ်ပိတ်မန္တန်သင်ကြားပေးခဲ့မည်၊ငါ့သားထမင်းစားသောအခါ ဂါထာကို ရွတ်ဆိုလော့"ဟု မှာထားကာ ဂါထာကို သင်ကြားပေးခဲ့၍ နှစ်ရက်သုံးရက်နေလျက် ဗာရာဏသီ မြို့တော်သို့ ပြန်လေ၏။

**ဂါထာရွတ်မှ မာနကျ**

ကဋာဟကလည်းသူဌေးကြီးသွားသော အခါမှစ၍ အတိုင်းထက်အလွန် မာနကြီးလေ၏၊ တနေ့သ၌ မွန်မြတ်သော ဘောဇဉ်ကို တည်ခင်းသည်ရှိသော် ထမင်းကို ကဲ့ရဲ့ရှုတ်ချရန် အားထုတ်လေ၏၊ ထိုအခါ သူဌေးသမီးသည်

"အို-ကဋာဟက····ဇနပုဒ်သို့ရောက်လာသော
သင်သည် များစွာကဲ့ရဲ့ရှုတ်ချဘိ၏၊သူဌေးကြီးတဖန်

လာ၍သင့်ကို ဖျက်ဆီးလိမ့်မည်၊ အေးအေးစည်း
စိမ်ကိုခံစားပါ”—

ဟုအနက်အဓိပ္ပါယ်ကိုမသိဘဲလျက်ဘခင်သူဌေးကြီးသင်ပေးခဲ့သော နှုတ်ပိတ်မန္တန်ကို ရွတ်ဆိုလေ၏၊ ထိုအခါ ကဋ္ဌဟကသည် သူဌေးကြီးကား မှချငါ့အမည်ကို ပြောကာ အဖြစ်အပျက် အားလုံးကို ပြောဆိုခဲ့သည် ဖြစ်လိမ့်မည်ဟု အောက်မေ့လျက် တဖန်မကဲ့ရဲ့ဝံ့တော့ချေ၊ မာနကျိုးလေ၏၊ ရရှိတိုင်းသောထမင်းကိုသာစားလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကိုအနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကဋ္ဌဟကကျွန်သည်- ယခုအခါ ကဲ့ရဲ့ရှုတ်ချသောရဟန်း။

※ ဗာရာဏသီသူဌေးကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ကဲ့ရဲ့ရှုတ်ချ၊မာန်တက်ကြွ၊မလစက်ဆုပ်ဘွယ်။
(၂) သမီးရွှေသွေး၊ဂါထာပေး၊ သူဌေးပရိယာယ်။
(၃) အကြံညဏ်လွန်၊ဝတ်ကြေပြွန်၊အိမ့်ကျွန်ခြိမ်းကြွယ်။

ကဋ္ဌဟကဇာတ်ပြီး၏။

## ၁၂၆-အသိလက္ခဏဇာတ်

ပဋုပ္ပန်ဝတ္ထု။

**သန်လျက်နန်းလတ် လက္ခဏာဘတ်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီးထံမှာ သန်လျက်လက္ခဏာဘတ်တတ်သော ပုဏ္ဏားတယောက်ရှိလေ၏၊ ထိုပုဏ္ဏားသည် သန်လျက်ကိုနမ်း၍ လက္ခဏာကိုဘတ်လေ့ရှိ၏။

ပန်းပဲတို့သည် မင်းကြီးအား သန်လျက်ဆက်သသောအခါ လာဘ်မရသော ပန်းပဲ၏သန်လျက်ကို လက္ခဏာနှင့်မပြည့်စုံ မင်္ဂလာမရှိဟု ဘတ်လေ့ရှိ၏၊ လာဘ်ရသော ပန်းပဲ၏သန်လျက်ကိုမူကား လက္ခဏာနှင့်ပြည့်စုံ၏၊မင်္ဂလာရှိ၏ဟုဘတ်လေ့ရှိ၏။

**ပုဏ္ဏားချေဆတ် နှာခေါင်းပြတ်**

ထိုအခါ ပန်းပဲတယောက်သည် သန်လျက်အိမ်တွင် အလွန်နူးညံ့သောငြုတ်သီးမှုန့်ထည့်၍ သန်လျက်ကိုသွင်းကာ မင်းကြီးထံ ဆက်သလေ၏၊ မင်းကြီးလည်း ပုဏ္ဏားကိုခေါ်စေ၍ "ပုဏ္ဏားကြီး....သည်သန်လျက်ကို စုံစမ်းလော"ဟုဆိုလေ၏၊ ပုဏ္ဏားလည်း သန်လျက်ကို အိမ်မှချွတ်နမ်းလတ်သော် ငြုတ်သီးမှုန့်နှာခေါင်းထဲဝင်၍ ချေဆတ်ရာ အသွားနှင့်ခတ်မိသဖြင့် နှာခေါင်းပြတ်လေ၏၊ ထိုအကြောင်းသည် သံဃာ့ဘောင်တိုင်အောင် ပျံ့နှံ့လေ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် စကားစပ်မိ၍ ထိုပုဏ္ဏားအကြောင်းကို ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွ

လာတော်မူ၍ "ရဟန်းတို့…ဤပုဏ္ဏားသည် ယခုအခါ၌သာ သန်လျက်ကိုနမ်း၍ နှာခေါင်းပြတ်သည်မဟုတ်၊ ရှေးအခါ၌လည်း ပြတ်ဘူးပြီ"ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**နှာခေါင်းထိပ်ပြတ်အတုတတ်** လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဗြဟ္မဒတ်မင်း၏အထံမှာ သန်လျက်လက္ခဏာကို ဘတ်တတ်သော ပုဏ္ဏားတယောက်ရှိလေ၏၊ [ပစ္စုပ္ပန်ဝတ္ထုနှင့်တူ၏။]

ထိုပုဏ္ဏားသည် သန်လျက်ကိုနမ်း၍ လက္ခဏာဘတ်လတ်သော် ပြတ်သီးမှုန့် နှာခေါင်းထဲဝင်၍ ချေဆတ်ရာ သန်လျက်သွားနှင့် ခတ်မိသဖြင့် နှာခေါင်းပြတ်လေ၏၊ မင်းကြီးလည်း ပုဏ္ဏားကို အနာပျောက်ကင်းအောင် ဆေးကုပေးပြီးလျှင် ချိပ်ဖြင့်နှာခေါင်းတုကိုပြု၍ တပ်စေလျက် ခစားမြဲခစားစေ၏။

**သမီးနှင့်တူတွက်စီမံချက်** ထိုမင်းကြီးဝယ် သားမရှိ၊ သမီးတယောက်နှင့် တူတယောက် ရှိလေ၏၊ ထိုသမီးနှင့် တူတို့သည် မင်းကြီးထံ၌သာ အတူတကွကြီးပြင်းကာ အရွယ်သို့ ရောက်လာကြ၍ တဦးနှင့်တဦးတပ်စွန်းသောစိတ်ရှိကြကုန်၏။

တနေ့သ၌ မင်းကြီးသည် အမတ်တို့ကိုခေါ်၍" အို-အမတ်တို့…သမီးနှင့်တူတို့မှာ ထီးမွေနန်းမွေ ခံမည့်သူများ

ဖြစ်ကြသည်၊ ၎င်းတို့နှစ်ဦးကိုလက်ထပ်လိုက်လျှင် ဆွေမျိုး
နည်းပါးမည်၊ သမီးကိုအခြားတိုင်းပြည်က မင်းသားတပါး
နှင့်,တူကိုလည်း အခြားတိုင်းပြည်က မင်းသမီးတပါးနှင့်
လက်ထပ်လျှင် နှစ်ပြည်ထောင်ဖြစ်၍ ဆွေမျိုးများမည်''
ဟု တိုင်ပင်လေ၏၊ အမတ်တို့လည်း တခြားစီလက်ထပ်
ရန် သဘောတူညီကြသဖြင့် သမီးနှင့်တူကို အတူတကွမနေ
စေဘဲ တအိမ်စီခွဲထားကြကုန်၏။

**မင်းသမီးဆောင်ရန် ပရိယာယ်ဉာဏ်**

ထိုအခါ မင်းကြီးတူ မင်းသား သည်
ဦးရိုး သမီးကို နန်းတွင်းမှ ထုတ်ရန်
ဥပါယ်တခု ရှိသည်ဟု ကြံစည်ကာ
နတ်ဝင်မကိုခေါ်စေ၍ ငွေတထောင်ပေးလေ၏၊ နတ်ဝင်မ
က''အရှင်မင်းသား....အကျွန်ုပ်အဘယ်အမှုကို ပြုရမည်
နည်း''ဟု မေးလျှောက်သော် ''ငါ့ဦးရိုးသမီးကို နန်း
တွင်းမှ ထုတ်လိုသည်''ဟု မိန့်ဆိုလေလျှင် ''အရှင်....
ကောင်းပြီ အကျွန်ုပ်မင်းကြီးထံသွား၍ အရှင်မင်းကြီး....
မင်းကြီး၏သမီးတော်မှာ ပယောဂအစွဲရှိသည်၊ ဘယ်သူမျှ
ဂရုမစိုက်ကြ၊ လက်နက်ကိုင် အစောင့်များစွာခေါ်၍ သမီး
တော်ကို ရထားဖြင့် တင်ယူကာ သုသာန်သို့သွား၍ အင်း
ပျဉ်ဝန်းပေါ်၌ သူသေကိုတင်၍ ၎င်းအပေါ်၌ ညောင်
စောင်းကို တင်ပြီးလျှင် ညောင်စောင်းပေါ်တွင် သမီးတော်
ကို တင်ကာနံ့သာရေအိုး တရာ့ရှစ်လုံးဖြင့် ရေချိုးစေလျက်
ချွတ်လွှဲရမည်''ဟု လျှောက်ထားပြီး သမီးတော်ကို ခေါ်
ယူခဲ့မည်၊ အရှင်မင်းသားက ငြုတ်သီးမှုန့်ကိုယူ၍ ရှေးဦး
စွာသွားနှင့်ပြီး အင်းပျဉ်ပေါ်တွင် မှောက်လျက်အိပ်ကာ
သူသေယောင်ဆောင်နေရမည်၊ အရှင့်အပေါ်တွင်ညောင်

စောင်းကိုတင်ပြီးလျှင် ၎င်းအပေါ်တွင် သမီးတော်ကိုတင်ထားသောအခါ ငြုတ်သီးမှုန့်ကိုရှူ၍ နှစ်ကြိမ် သုံးကြိမ်ချေဆတ်ရမည်၊ ထိုအခါ အကျွန်ုပ်တို့ထွက်ပြေးကြမည်၊ ထိုအခါ သမီးတော်ကိုယူ၍ နှစ်ဦးလုံး ခေါင်းလျှော်ပြီးသွားကြပါ" ဟုအစီအရင် အလုံးစုံကို လျှောက်ထားလေ၏၊ မင်းသားလည်း ဤဥပါယ်ကား ကောင်းသည်ဟု နှစ်သက်လေ၏။

နတ်ဝင်မလည်း မင်းသားနှင့် အသေအချာတိုင်ပင်ပြီးလျှင်မင်းကြီးထံသွား၍ ထိုအကြောင်းအလုံးစုံကို လျှောက်ထားလေ၏၊ မင်းကြီးလည်းနှစ်သက်တော်မူသဖြင့် ကောင်းပြီဟု ဝန်ခံခွင့်ပြုလေ၏၊ သမီးတော်ထံ ထိုအကြောင်းကို လျှောက်ထားပြန်၏၊ သမီးတော်လည်း နှစ်သက်တော်မူသဖြင့် ကောင်းပြီဟု ဝန်ခံခွင့်ပြုပြန်၏။

**ကြောက်လန့်ပြေးပြေး ခေါ်ဆောင်သွား**

ထို့နောက် နတ်ဝင်မသည်မင်းကြီးထံမှခွင့်ရ၍ အလုံးစုံစီမံပြီးလျှင် လက်နက်ကိုင် အစောင့်အရှောက် လူများစွာနှင့် သုသာန်သို့ ထွက်သောနေ့ဝယ် မင်းသားထံ အကြောင်းကြားလိုက်၏၊ မင်းသားလည်း သုသာန်သို့သွားကာ အသင့်နေနှင့်၏၊ နတ်ဝင်မလည်းလက်နက်ကိုင်တို့ကို "အမောင်တို့.... သမီးတော်ကို ညောင်စောင်းပေါ် တင်ထားသောအခါလူသေကောင်ကချေဆတ်လိမ့်မည် နောက်ညောင်စောင်းအောက်မှထွက်၍ ရှေးဦးစွာမြင်သူကို အရဖမ်းလိမ့်မည်၊ သတိနှင့်နေကြကုန်"ဟု ကြောက်လောက်အောင် ခြိမ်းခြောက်ထားနှင့်၏။

သုသာန်သို့ရောက်လျှင် အင်းပျဉ်ဝန်းပေါ်၌ အသင့်မှောက်အိပ်ကာ သူသေယောင်ဆောင်နေသော မင်းသားအပေါ်သို့ ညောင်စောင်းတင်ပြီးလျှင် ၎င်းအပေါ်တွင် အသာချိမကာ မင်းသမီးကိုတင်ပြန်၍ အစီအမံအတိုင်း ပြုလုပ်လေ၏၊ ထိုခဏ၌မင်းသားသည် ပြုတ်သီးမှုန့်ကိုရှုကာ မှုန်သဖြင့် ချေဆတ်လေ၏၊ ထိုအခါနတ်ဝင်မသည် ကျယ်စွာသောအသံဖြင့် ကြောက်လန့်တကြား အော်ဟစ်လျက် ရှေးဦးစွာပြေးလေ၏၊ နတ်ဝင်မပြေးသောအခါ အစောင့်အရှောက်တို့လည်း ဘယ်သူမျှမနေဝံ့တော့ဘဲ ကိုင်မြဲတိုင်း လက်နက်တို့ကိုစွန့်ပစ်ကာ အတင်းပြေးကြကုန်၏၊ မင်းသားလည်း သမီးတော်ကိုယူကာ အိမ်သို့ပြန်လေ၏၊ နတ်ဝင်မလည်း မင်းကြီးထံသွား၍ ထိုအကြောင်းကို လျှောက်ကြားလေ၏။

**သမီး,တူလက်ထပ် ထိမ်းနန်းအပ်**

မင်းကြီးလည်း“အလျှင်ကပင် သမီးတော်ကို ငါ့တူနှင့်လက်ထပ်ရန် မွေးကျွေးခဲ့သည်”ဟု ပြောဆိုကာ ကျေနပ်လေ၏၊ နောက်အခါ တူတော်မင်းသားအား မင်းအဖြစ်ကို ပေး၍ သမီးတော်ကို မိဖုရားကြီးအဖြစ်ကို ပေးလေ၏။

ထိုအခါ တူတော်မင်းကြီးလည်း သမီးတော်မိဖုရားကြီးနှင့် ညီညွတ်ကာ တရားသဖြင့် မင်းပြုတော်မူ၏၊ သန်လျက်လက္ခဏာကိုဘတ်တတ်သောပုဏ္ဏားလည်းထိုမင်းထံမှာပင် ဆက်လက်၍ ခစားပြန်၏။

တနေ့သ၌ပုဏ္ဏားသည် မင်းကြီးထံခစားရာ နေဘက်သို့ လှည့်၍ ခစားမိသည့်အတွက် ချိပ်အရည်ပျော်လျက် နှာ

ခေါင်းတုသည် မြေသို့ကျလေ၏၊ ထိုအခါပုဏ္ဏားသည် ရှက်၍အောက်သို့မျက်နှာပြုလျက်နေ၏၊ မင်းကြီးလည်း ပုဏ္ဏားကို ပြက်ရယ်ပြုလိုသဖြင့်–

"ဆရာ····ချေဆတ်ခြင်းမှာအချို့သူအားကောင်း၏၊ အချို့သူအားမကောင်း၊ဆရာ့မှာချေဆတ်သဖြင့်နှာခေါင်းအပြတ်ခံရ၏၊ ငါ့မှာကား ချေဆတ်သဖြင့် ဦးရီးသမီးတော်နှင့် မင်းအဖြစ်ကိုရပေ၏၊ သို့အတွက် ချေဆတ်ခြင်းဟူသမျှကို အကောင်းချည်းလည်းမဆိုသာ၊ မကောင်းချည်းလည်း မဆိုသာ"–

ဟု အကြောင်းပြကာ ပြောဆိုဆုံးမလေ၏။

ဘုရားဖြစ်တော်မူသော အခါ၌လည်း ဤဂါထာဖြင့်ပင် လူအများသမုတ်အပ်သော ကောင်းခြင်း, မကောင်းခြင်းမှာ ဧကန်စင်စစ် မဟုတ်သည့်အဖြစ်ကို ဟောကြားတော်မူ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါ သန်လျက်လက္ခဏာဘတ်ပုဏ္ဏားသည်- ယခုအခါ သန်လျက်လက္ခဏာဘတ်ပုဏ္ဏား။

※ တူဖြစ်သောမင်းသည်- ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ကောင်းမကောင်းဖြစ်၊ သမုတ်လစ်၊ စင်စစ်မဟုတ်ရာ။
(၂) ချေဆတ်ခြင်းတူ၊ မင်းတမူ၊ တမူနှာပြတ်ပါ။
(၃) တံစိုးစားလတ်၊ သန်လျက်ဘတ်၊နှာပြတ်ပုဏ္ဏားညာ။

အသိလက္ခဏဇာတ်ပြီး၏။

---

## ၁၂၇—ကလဏ္ဍုကဇာတ်

### ပစ္စုပ္ပန်ဝတ္ထု။

**ကဲ့ရဲ့လေမှု အကြောင်းပြု**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ကဲ့ရဲ့ ရှုတ်ချတတ်သော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။ [ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထု၊ နှစ်မျိုးတို့သည် ကဋ္ဌာဟကဇာတ်နှင့်တူ၏၊ ထူးသမျှကိုသာ ပြဆိုမည်။]

### အတိတ်ဝတ္ထု။

**သူဌေးသားဆို၍ စည်းစိမ်မွေ့**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် စည်းစိမ်ဥစ္စာကြွယ်ဝသော သူဌေးဖြစ်လေ၏။

ထိုသူဌေး၏ ကလဏ္ဍုကမည်သော ကျွန်သည် သူဌေးကြီး၏အဆွေခင်ပွန်းဖြစ်သော ပစ္စန္တရာဇ် သူဌေးထံသွားကာ ဗာရာဏသီသူဌေးကြီး၏သားဟု လိမ်လည်လှည့်စား

ကာ ပစ္စန္တရာဇ်သူဌေးသမီးနှင့် လက်ထပ်စေ၍ များစွာသော အခြံအရံဖြင့်နေလေ၏။

ဗာရာဏသီသူဌေးကြီးသည် ကလဏ္ဍုကကျွန်ကို မမြင်သဖြင့် စုံစမ်းရှာဖွေစေလတ်သော် သွားသော အရပ်ကို မသိသဖြင့် စုံစမ်းရှာဖွေရန် အိမ်၌မွေးထားသော ကျေးသားငယ်ကို စေလွှတ်လိုက်၏။

ကျေးသားငယ်လည်း ဟိုဟိုသည်သည် လှည့်ပတ်သွားလာသည်ရှိသော် ထိုကလဏ္ဍုကနေသော ပစ္စန္တရာဇ်မြို့သို့ ရောက်လေ၏၊ ထိုအခါကလဏ္ဍုကလည်း မြစ်၌ရေကစားရန် များစွာသော ခဲဘွယ်, ဘောဇဉ်, ပန်း,နံ့သာ, နံ့သာပျောင်းတို့ကို ယူခဲ့စေ၍ သူဌေးသမီးနှင့်အတူ လှေစီးကာ ရေ၌ကစားလေ၏။

**ကျေးသားတွေ့ရာ ပြန်ပြောကာ**

ထိုအရပ်၌ မြစ်တွင် ရေကစား သောအစိုးရသူတို့သည် ထက်စွာသော ဆေးဖြင့် ထုံအပ်သော နို့ကိုသောက်သဖြင့် တနေ့လုံး ကစားကြသော်လည်း အချမ်းဖြင့် မနှိပ်စက်နိုင်ကြလေ၊ ကလဏ္ဍုကကား နို့ရည်ကို ပါးစပ်ဖြင့် ငုံ၍ပါးလုပ်ကျင်းပြီးထွေးသည်ရှိသော် ရေထည်းတွင် မထွေးဘဲ သူဌေးသမီး၏ ဦးခေါင်း၌ ထွေးလေ၏။

မြစ်ကမ်းနားဝယ် ရေသဖန်းပင်တခု၌နားလျက်ကြည့်နေကာ ကျေးသားငယ်မြင်၍—

"ဟယ်- ကလဏ္ဍုကကျွန်.... မိမိအမျိုးအနွယ်ကိုဂုဏ်း,နေရာအရပ်ကိုဂုဏ်းပြန်၍အောက်မေ့လော့၊ နို့ရည်ကို ပါးလုပ်ကျင်းပြီး အမျိုးအနွယ်နှင့်ပြည့်စုံ

၍ ချမ်းသာစွာကြီးပွားသော သူဌေးသမီးဦးခေါင်း
မှာ မထွေးပါနှင့်၊ မိမိ၏ပမာဏကိုသိလော့၊ သင့်
အမျိုးအနွယ်နေရာအရပ်ကို ငါသိ၏၊ သင့်ကို ငါ
ဖမ်းမည်၊ နှိပ်စက်ခြင်းကိုသောက်လော့"—

ဟု ဆိုလေ၏၊ ကလဏ္ဍုကကျွန်လည်း ကျေးသားငယ်အသံကိုကြားလျှင် "ငါ့အဖြစ်အပျက်အကြောင်းအရာများ ပေါ်တော့မည်"ဟု ကြောက်ရွံ့သဖြင့် ကျေးသားငယ်အား "အရှင်…အကျွန်ုပ်ထံလာပါ၊ဘယ်က လာခဲ့ပါသနည်း" ဟု မေးလေ၏။

**ဖြစ်တင်ရှုတ်ချ ကျွန်ဘ၀ကျ**

ကျေးသားငယ်လည်း "ဤကလဏ္ဍုကကျွန်ကား ငါ့အကျိုးစီးပွားကို လိုလား၍ ခေါ်သည်မဟုတ်၊ လည်ပင်းကို လိမ်၍သတ်ရန် ခေါ်ခြင်းဖြစ်သည်"ဟု သိ၍"ငါသင့်ထံမလာလို"ဟု ပြောကာ ဗာရာဏသီမြို့တော်သို့ ပျံသွား၍ သူဌေးကြီးအား မြင်ခဲ့တိုင်း အကုန်အစင် ပြန်ကြားလျှောက်ထားလေ၏။

သူဌေးကြီးလည်း ကလဏ္ဍုကကျွန်သည် မသင့်သောအမှုကိုပြု၏ဟု ပြောဆိုပြီးလျှင် သွား၍ အာဏာပြုကာ ဗာရာဏသီမြို့သို့ တဖန်ပြန်ခေါ်လာခဲ့၍ ကျွန်အသုံးအဆောင်ဖြင့်ပင် သုံးဆောင်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ ကလဏ္ဍုက ကျွန်သည်-ယခုအခါ ရှုတ်ချ ကွဲရှဲသောရဟန်း။

※ ဗာရာဏသီသူဌေးကြီးသည်- ငါဘုရားဖြစ်လာပြီ—ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဇနီးရွှေသွေး၊ နို့ဖြင့်ထွေး၊ ကျွန်ကျေးလှူညစ်ကျယ်။

(၂) ကျွန်သူဌေးဖြစ်၊ စိတ်မာနယစ်၊ ကျွန်ဇစ်ပြန်၍လယ်။

ကလဏ္ဍုကဇာတ်ပြီး၏။

---

## ၁၂၈—ဗိဠာရဝတဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**အံ့ဘွယ်ထင်မှတ် ပြုကျင့်တတ်** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အံ့ဘွယ်သရဲကို ပြုတတ်သော ရဟန်းတပါးရှိလေ၏။

ရဟန်းတို့သည် မြတ်စွာဘုရားအား ထိုရဟန်းအံ့ဘွယ်သရဲပြုလုပ်တတ်သောအကြောင်းကို လျှောက်ထားကြသော် မြတ်စွာဘုရားသည် "ရဟန်းတို့···· ဤရဟန်းကား ယခုအခါ၌သာလျှင် အံ့ဘွယ်သရဲကို ပြုလုပ်တတ်သည် မဟုတ်၊ ရှေးအခါ၌လည်း ပြုတတ်သည်သာတည်း" ဟု မိန့်တော်မူ ကာအောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**အံ့ဩဖွယ်ထင် လိမ်ဥာဏ်ဆင်**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရား အလောင်းသည် ကြွက်မင်းဖြစ်၍ ဝက်ငယ်ပမာဏကိုယ်လုံးကိုယ်ပေါက်ရှိ၏၊အရာမကများစွာသော ကြွက်တို့ဖြင့် ခြံရံကာ တော၌နေလေ၏။

ထိုအခါမြေခွေးတကောင်သည် ဟိုဟိုသည်သည် လှည့်လည်ကြည့်ရှုလတ်သော် ကြွက်အပေါင်းကိုမြင်လျှင် ကြွက်တို့ကို လှည့်ပတ်ကာစားမည်ဟု ကြံစည်၍ ကြွက်တို့နေရာအနီးဝယ် နေသို့မျက်နှာပြုလျက် ပါးစပ်ဖြင့် လေကိုခံယူကာ ခြေတချောင်းထည်းဖြင့်သာ ရပ်၍နေ၏။

**သီလရှိလတ် ကြွက်မင်းမှတ်**

ကြွက်မင်းသည် အစာရှာသည်ရှိသော် မြေခွေးကို မြင်လျှင် ဤမြေခွေးကား သီလရှိသည်ဖြစ်လတ့ံဟု အောက်မေ့လျက် မြေခွေးထံ သွားကာ''အရှင်····အရှင့်အမည်ဘယ်လိုခေါ်ပါသနည်း''ဟု မေးလေ၏၊''အချင်း····ငါ့အမည်ကိုဓမ္မိကခေါ်ကြသည်''ဟုပြောလေ၏၊''အရှင်····အဘယ့်ကြောင့် ခြေလေးချောင်းဖြင့်မရပ်ဘဲ ခြေတချောင်းတည်းဖြင့် ရပ်ပါသနည်း''ဟု မေးပြန်လေရာ ''အချင်း···· ခြေလေးချောင်းဖြင့်ရပ်လျှင်မြေကြီးသည်ငါ့ကိုမဆောင်ရွက်နိုင်၊ ထို့ကြောင့် ခြေတချောင်းဖြင့်သာ ရပ်သည်''ဟု ပြန်ပြောလေ၏၊ ''အရှင်····အဘယ့်ကြောင့် ပါးစပ်ကိုဖွင့်၍ နေပါသနည်း''ဟု မေးပြန်၏၊''အချင်း····ငါ အခြားအစာကိုမစား၊လေကိုသာ စား၍နေသည်ဟုပြောလေရာ၊''အရှင်·· အဘယ့်ကြောင့်နေရှိရာသို့မျက်နှာပြုပါသနည်း''ဟုမေး၏၊

''အချင်း··နေကိုရှိခိုးသည်''ဟု ပြောလေသော်၊ကြွက်မင်းသည် မြေခွေးစကားကိုကြားလျှင် ဤမြေခွေးသည် သီလရှိသည်ဖြစ်လတံ့ဟုကြွက်အပေါင်းခြံရံကာ ညဉ့်,နံနက်တိုင်း မြေခွေးထံ ခစားလေ၏။

**ကြွက်ပေါင်းကွယ်ကာ နည်းလမ်းရှာ**

မြေခွေးသည် ကြွက်တို့ အခစားလာသောအခါတိုင်း နောက်ဆုံး ဖြစ်သောကြွက် တကောင်တကောင်ကို ဖမ်း၍စား၏၊ ဤသို့စားဖန်များလတ်သော်ကြွက်တို့သည် တဖြည်းဖြည်းနည်းကုန်၏။

ထိုအခါ ကြွက်တို့သည် ရှေးအခါ၌ငါတို့မှာနေရာမဆန့်ပြည့်ကြပ်၍နေကြရသည်၊ ယခုအခါ နေရာမပြည့်တော့ဘဲ နည်းပါးခဲ့လေသည်၊အကြောင်းအသို့ရှိသနည်းဟု တိုင်ပင်ကာ ကြွက်မင်းအား ပြောကြားကြကုန်၏။

ကြွက်မင်းလည်း ကြွက်တို့နည်းပါးသောအကြောင်းကိုကြံစည်လတ်သော် မြေခွေးအပေါ်၌ ယုံမှားသံသယဖြစ်၍ သိအောင်စုံစမ်းမည်ဟု မြေခွေးထံ ခစားသောအခါ အပြန်တွင် ကြွက်အပေါင်းကို ရှေ့က သွားစေပြီးလျှင် မိမိနောက်ဆုံးချန်၍ နေရစ်၏။

**သီလကြောင်ခွေးအား ဝိုင်းသတ်စား**

မြေခွေးသည် ကြွက်တို့အပြန်ဖမ်းမည်ဟု ပြေးလာသည်ရှိသော် ကြွက်မင်းသည် မိမိထံသို့ပြေးလာသောမြေခွေးကိုမြင်လျှင် ပြန်၍ မြေခွေးအား–

''ဟယ်မြေခွေး····သင့်မှာ အကျင့်သီလရှိသည်မဟုတ်၊ သင်ကား တပါးသော သတ္တဝါတို့ကို

သတ်ဖြတ်ညှဉ်းဆဲရန် အံ့ဘွယ်သရဲကို ပြုဘိ၏၊ အံ့ဘွယ်သရဲကိုပြုကာ သတ္တဝါတို့ကို အကျွမ်းဝင်စေ၍ လျှို့ဝှက်လျက် မကောင်းမှုကိုပြုသော အကျင့်ကား ကောက်ကျစ်စဉ်းလဲသောအကျင့်ဖြစ်၏”

ဟု ပြောဆိုလျက် ခုန်လွှားကာ မြေခွေး၏ လည်မျိုကို ကိုက်၍ နှစ်ခြမ်းခွဲသဖြင့် မြေခွေး သေလေ၏။

ကြွက်အပေါင်းတို့လည်း နောက်သို့ပြန်ကာ မြေခွေးကို စပ်စပ်မည်အောင်စား၍ သွားကြကုန်၏၊ နောက်ကျသောကြွက်တို့သည် မစားကြရကုန်၊ ထိုအခါမှစ၍ ကြွက်တို့မှာ ဘေးရန်မရှိကုန်။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မြေခွေးသည်- ယခုအခါ အံ့ဘွယ်သရဲကို ပြုတတ်သောရဟန်း။

※ ကြွက်မင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) ခြေတချောင်းနင်း၊ ဖွင့်ခံတွင်း၊ နေမင်းမျက်နှာမူ။

(၂) အံ့ဘွယ်ပြုငြား၊ ကြွက်တွေစား၊ ပြစ်မှားမြေခွေးမှု။

ဗိဠာရဝတဇာတ် ပြီး၏။

## ၁၂၉- အဂ္ဂိကဘာရဒွါဇဇာတ်

### ပစ္စုပ္ပန်ဝတ္ထု။

**လိမ်ဥာဏ်ထွင်က အံ့ဘွယ်ရာ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် အံ့ဘွယ်သရဲကို ပြုတတ်သော ရဟန်းတပါးကို အကြောင်းပြု၍ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု။

**နေကိုကြည့်က ကြွက်တွေညာ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကြွက်မင်းဖြစ်၍ ကြွက်အပေါင်းခြံရံကာ တော၌နေလေ၏။

ထိုအခါ မြေခွေးတကောင်သည် တောမီးလောင်လတ်သော် မပြေးနိုင်သည်ဖြစ်၍ သစ်ပင်တခုတွင် ခေါင်းဆိုက်ကာနေလေ၏၊ ကိုယ်အမွေးတို့သည်မီးလောင်ကုန်၏၊ သစ်ပင်နှင့်ထိရာ ထိပ်လယ်၌သာ အနည်းငယ်ကျန်တော့သဖြင့် ဦးစွန်းဖုတ်ကဲ့သို့ ဖြစ်လေ၏။

တနေ့သ၌ထိုမြေခွေးသည် ရေအိုင်၌ ရေသောက်လတ်သော် ရေတွင်ထင်သောအရိပ်ကိုကြည့်လျှင် ဦးစွန်းဖုတ်ကို မြင်၍ ယခုငါ့မှာ အသက်မွေးရန် အံ့ဘွယ်သရဲတခုရရှိပေပြီဟု ဝမ်းမြောက်ဝမ်းသာ တော၌ လှည့်လည်ပြန်သော် ကြွက်အပေါင်းကိုမြင်လျှင်ကြွက်တို့ကိုလှည့်စား၍စားမည်ဟုကြံစည်ကာ ကြွက်တို့နေရာအနီးဝယ် နေသို့မျက်နှာပြု

လျက် ပါးစပ်ဖြင့် လေကိုခံယူကာ ခြေတချောင်းတည်းဖြင့်သာ ရပ်၍နေ၏။

**သူတော်ယောင်ဆောင် တနေ့တကောင်**

ကြွက်မင်းသည် အစာရှာသွားသည် ရှိသော်မြေခွေးကိုမြင်လျှင် ဤမြေခွေးကားအကျင့်သီလရှိသည်ဖြစ်လိမ့်မည်ဟု မြေခွေးအနီးသို့သွားကာ "အရှင်.... အရှင့်အမည်ကို ဘယ်လိုခေါ်ပါသနည်း"ဟုမေး၏၊"အချင်း....အဂ္ဂိကဘာရဒွါဇခေါ်သည်"ဟုပြောလေ၏၊"အဘယ့်ကြောင့် ဤအရပ်သို့လာပါသနည်း"ဟုမေးပြန်၏၊"အချင်း..သင်တို့ကိုစောင့်ရှောက်ရန်လာသည်"ဟုပြောလေ၏၊"အရှင်..ဘယ်လိုစောင့်ရှောက်ပါမည်နည်း"ဟုမေးပြန်ရာ "သင်တို့တွင်းသို့ ဝင်သောအခါ,ထွက်သောအခါတွင် ကြွက်ဤမျှရှိသည်ဟု အမြီးကိုရေတွက်၍စောင့်ရှောက်မည်"ဟုပြောပြန်လေ၏၊"အရှင်..သည်လိုဖြစ်လျှင်စောင့်ရှောက်ပါ"ဟုဆိုလေ၏။

မြေခွေးသည် တွင်းမှ ထွက်သောအခါ၌ အနီးတွင် စောင့်၍ တကောင် နှစ်ကောင်စသည်ဖြင့် ရေတွက်ပြီးလျှင် ပြန်လာ၍ တွင်းသို့ဝင်သောအခါ၌လည်း ထို့အတူရေတွက်ကာ နေ့စဉ်နောက်ဆုံးကြွက်တကောင်,တကောင်ကို ဖမ်း၍စားလေ၏။

**ယောင်ဆောင်ခွေးယုတ် အသက်ပြုတ်**

ထိုအခါ ကြွက်တို့ တဖြည်းဖြည်း နည်းပါးသဖြင့် ကြွက်မင်းကိုပြောကြားကြရာ ကြွက်မင်းသည် မြေခွေးအပေါ်၌ ယုံမှားသံသယဖြစ်၍ သိအောင် စုံစမ်းမည်ဟု တွင်းသို့ဝင်သောအခါ ကြွက်တို့ကို ရှေးဦးစွာဝင်စေပြီး

လျှင် မိမိသည် နောက်ဆုံးမှဝင်လေ၏၊ မြေခွေးသည် စားမည်ဟု ပြေးလာသောအခါ ကြွက်မင်းသည် နောက်သို့ ပြန်လှည့်လျက်—

"ဟယ်-အဂ္ဂိကဘာရဒွါဇ.... ကောင်းသော အကျင့်သီလရှိ၍ ဦးခေါင်းတွင် ဦးစွန်းဖုတ်ထားသည်မဟုတ်၊ အစာဟူသော အကြောင်းကြောင့် ထားဘိသည်၊ ကြွက်တို့ကို စောင့်ရှောက်မည်ဆို၍ အမြီးကိုရေတွက်ရသည်၊ ဤမျှဖြင့်တော်လောက်ပြီ"—

ဟုဆို၍ခုန်လွှားကာ မြေခွေး၏လည်မျိုကို ကိုက်၍ နှစ်ခြမ်းခွဲသဖြင့် မြေခွေးသေလေ၏၊ ကြွက်အပေါင်းတို့လည်း မြေခွေးကို စားကြကုန်၏၊ နောက်ကျသောကြွက်တို့ မစားလိုက်ကြရကုန်၊ ထိုအခါမှစ၍ ကြွက်တို့မှာ ဘေးရန်ကင်းလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မြေခွေးသည်- အံ့ဘွယ်သရဲကို ပြုတတ်သောရဟန်း။

※ ကြွက်မင်းသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။[ဤဇာတ်မှာ ဗိဠာရဝတဇာတ်နှင့် တူ၏၊ အနည်းငယ်သာ ထူးသည်။]

ဆောင်ပုဒ်

(၁) ခြေတချောင်းနှင်း၊ ဖွင့်ခံတွင်း၊ နေမင်းမျက်နှာမူ။
(၂) ဦးစွန်းခြယ်လယ်၊ ကျင့်ရှိနှယ်၊ အံ့ဘွယ်သူ့အမူ။
(၃) မြီးရေတွက်ငြား၊ ကြွက်တွေစား၊ ကျင့်မှားမြေခွေးဟူ။

အဂ္ဂိကဘာရဒွါဇဇာတ်ပြီး၏။

---

## ၁၃၀–ကောသိယဇာတ်

ပဉ္စမပဏ်ဝဂ်၊

**မာယာဆောင်ငြား လင်မြှောင်ထား**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိ မြို့တော်ဝယ် မိန်းမတယောက်သည် သဒ္ဓါတရားနှင့် ပြည့်စုံသော သီတင်းသည် ပုဏ္ဏားတ၏မယား ပုဏ္ဏေးမဖြစ်လေ၏၊ ထို ပုဏ္ဏေးမသည် သီလမရှိ၊ညဥ့်အခါယုတ်မာသောအကျင့်ကို ကျင့်၏၊ နေ့အခါ တစုံတခုသောအမှုကိစ္စကိုမပြုမူ၍ မကျန်း မာဟန်ဆောင်ကာ ညည်းညူလျက်သာ အိပ်လေ၏။

ထိုအခါပုဏ္ဏားသည် ပုဏ္ဏေးမအား ''ရှင်မ··ဘယ်လို ဖြစ်သနည်း''ဟု မေးလေ၏၊ ''အရှင်····လေထိုးသည်''ဟု ပြောရာ၊ ''ရှင်မ····ဘာကို အလိုရှိသနည်း''ဟု မေးပြန်၏၊ ''မွန်မြတ် သိမ်မွေ့သောယာဂု ထမင်းစသည်တို့ကို အလိုရှိ ပါသည်''ဟု ပြောလေလျှင်၊ ပုဏ္ဏားလည်း ပြောတိုင်း ရအောင်ရှာကြံ၍ ပေးရ၏၊အလုံးစုံသောအမှုကိစ္စကို ကျွန် ကဲ့သို့ပြုလုပ်ရ၏၊ ပုဏ္ဏေးမကား ပုဏ္ဏားအိမ်၌ရှိသောအခါ အိပ်၏၊ အပြင်သို့ ထွက်သောအခါ လင်ငယ်နှင့်နေ၏။

**ဘုရားလျှောက်ထား အတိတ်ကြား**

ပုဏ္ဏားသည် ဤပုဏ္ဏေးမကိုယ်၌ လေထိုးသောအနာကား ပျောက်သည်မရှိ၊ အမြဲသာထိုး၍နေတော့သည်ဟု နှလုံးသွင်းကာ တနေ့သ၌ပန်းနံ့သာလက်စွဲလျက် မြတ်စွာဘုရားထံ အဖူးအမျှော်သွားလေ၏၊ မြတ်စွာဘုရားသည် ပုဏ္ဏားအား "သီတင်းသည်....အဘယ့်ကြောင့် မလာသနည်း" ဟု မေးလေ၏၊ "အရှင်ဘုရား....တပည့်တော်၏ ပုဏ္ဏေးမသည် အမြဲလေထိုးပါ၏၊ မွန်မြတ်သိမ်မွေ့သော အစာအာဟာရကိုခဏခဏရှာပေးရပါ၏၊ရုပ်အဆင်းလည်း အထူးသဖြင့်ကြည်လင်၏၊ လေထိုးနာလည်း ပျောက်သည်မရှိ၊ ပုဏ္ဏေးမကို လုပ်ကျွေးနေရသည့်အတွက် အထံတော်သို့ မလာနိုင်ပါ"ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် ပုဏ္ဏေးမ၏ ယုတ်မာသော အကျင့်ရှိသည်ကို သိတော်မူ၍ "သီတင်းသည်.... ဤလိုအိပ်၍သာနေသောမိန်းမ၏ အနာရောဂါ မပျောက် လတ်သော် ဆေးဖော်စပ်၍ ပေးရန်သင့်၏၊ ရှေးပညာရှိတို့ဆိုအပ်သော စကားကိုဘဝတပါးဖုံးလွှမ်းနေသောကြောင့် မမှတ်မိ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ပရိယာယ်ဆောင်လေ လင်ငယ်နေ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည်ပုဏ္ဏားသူကြွယ်မျိုး၌ဖြစ်၍ အရွယ်ရောက်သောအခါ တက္ကသိုလ်

ပြည်သို့သွား၍ အတတ်ပညာ အလုံးစုံကို သင်ယူပြီးလျှင် ဗာရာဏသီမြို့တော်ဝယ် ဒိသာပါမောက္ခဆရာကြီး ဖြစ်လေ၏။

ထိုအခါ ဇနပုဒ်သား ပုဏ္ဏားတယောက်သည် ဒိသာပါမောက္ခဆရာကြီးထံ ဗေဒင်သုံးပုံနှင့် တဆယ့်ရှစ်ရပ်သောအတတ်ပညာတို့ကို သင်ယူပြီးလျှင် ဗာရာဏသီမြို့တော်မှာပင်နေထိုင်ကာ ဥစ္စာများစွာကိုဖြစ်စေ၏၊ နေ့တိုင်း, နေ့တိုင်း ဒိသာပါမောက္ခဆရာကြီးထံ ဆည်းကပ်ခစားလေ့ရှိ၏။

ထိုပုဏ္ဏား၏ ပုဏ္ဏေးမကား သီလမရှိ၊ ယုတ်မာသောအကျင့်ရှိ၏၊ လေထိုးသောအနာရှိဟန်ဆောင်ကာ အိပ်၍သာနေ၏၊ တစုံတခုသောအမှုကိစ္စကိုမပြု ပုဏ္ဏားရှိသောအခါအိပ်၏၊အပြင်ထွက်သောအခါ လင်ငယ်နှင့်နေ၏။

**လေနာပျောက်ရေး ဆေးနည်းပေး**

ပုဏ္ဏားသည် ဤပုဏ္ဏေးမကား အမြဲလေထိုး၏၊ ပျောက်သည်မရှိဟု နှလုံးသွင်းကာ ဆရာကြီးထံ အဆိုးအမခံရန်သွားလေ၏၊ ထိုအခါ ဆရာကြီးကမေးသောအခါ ပုဏ္ဏေးမအကြောင်းကို ပြောကြားလေ၏၊ ဆရာကြီးလည်း ဤပုဏ္ဏေးမကား ပုဏ္ဏားလုလင်ကို လှည့်စား၍ အိပ်နေခြင်းဖြစ်သည်ဟုသိသဖြင့် "အမောင်....သင့်ပုဏ္ဏေးမနှင့် သင့်လျော်သောဆေးကို ငါပြောကြားမည်၊ ယနေ့မှစ၍နွားနို့ထောပတ်စသော မွန်မြတ်သော အစာအာဟာရကိုမပေးလေနှင့်၊ နွားကျင်ငယ်၌ အရွက်ငါးမျိုးနှင့် သစ်သီးစိုတို့ကို ထည့်၍ ထောင်းထုကာ ကြေးနီခွက်သစ်တွင် ထည့်လျက်

ကြေးနီနို့ကို ယူစေပြီးလျှင်ကြိုး,လွန်,သစ်ခက်တို့ကိုကိုင်ကာ ပုဏ္ဏေးမအား "ဤဆေးသည် သင့်ရောဂါနှင့် သင့်လျော်သောဆေးဖြစ်၏၊ ဆေးကိုမူလည်း သောက်မည်လော၊ သင်စားသောထမင်းနှင့် လျော်အောင် အမှုကိစ္စကိုလည်း ပြုလုပ်မည်လောဟု ပြောဆိုလေ၊ ဆေးကို အကယ်၍ မသောက်အံ့ ကြိုးဖြင့်ရင်း, လွန်ဖြင့်ရင်း ချည်နှောင်ဆွဲငင်ကာ ရိုက်ပုတ်ထောင်းရာ၌ သစ်ခက်တို့ဖြင့် ရိုက်ပုတ်လော၊ ဆံပင်ကိုဆွဲ၍ ထောင်းထုလေ၊ ခဏခြင်းပင် အိပ်ရာမှထ၍ အမှုကိစ္စတို့ကိုပြုလုပ်လိမ့်မည်"ဟုနည်းပေးလိုက်၏။

**ဆရာဆေးတိုက်မှ ကျင့်မှန်ရ**

ပုဏ္ဏားလည်း ဆရာမှာလိုက်သော အတိုင်း ဆေးကိုစီမံကာ "ရှင်မ....ဤဆေးကိုသောက်လော့"ဟုပြောလေ၏၊ သင့်အား ဤဆေးကို ဘယ်သူပြောသနည်း" ဟုမေး၏၊ "ရှင်မ...ဆရာကြီးပြောသည်"ဟုဆိုလေလျှင်၊"ဆေးကိုပစ်လိုက်ပါ မသောက်ဘူး"ဟုဆိုလေ၏၊ထိုအခါ ပုဏ္ဏားသည် သင့်သဘောအတိုင်း သောက်မည်မဟုတ် ဟု ဆိုကာ ကြိုးကိုကိုင်လျက်—

"ဟယ်-ပုဏ္ဏေးမ.... သင်လေထိုးသည်ဆိုသော စကားနှင့် လျော်ညီအောင်ဆေးကိုလည်းသောက်လော့၊ သင်စားထားသော ထမင်းနှင့် လျော်ညီအောင် အမှုကိစ္စကိုလည်း ပြုလော့၊ သင်ပြောသောစကားနှင့် စားထားသော ထမင်းမှာ မညီညွတ်လေ"—

ဟု ကြိမ်းမောင်း ပြောဆိုလတ်သော် ပုဏ္ဏေးမသည် ဆရာကြီးကို ပြောကြားသော ကာလမှစ၍ ပုဏ္ဏားကို

မလှည့်စားနိုင်တော့ပြီ ဟု ထင်၍ အိမ်မှုကိစ္စတို့ကို ပြုလုပ်လေ၏၊ "ဆရာကြီးကား ငါ့သီလမရှိသည်ကို သိလေပြီ၊ ဤနေ့မှစ၍ ယုတ်မာသောအကျင့်ကို မကျင့်ကောင်း" ဟု ဆရာကြီးကဲ့ရဲ့မည်ကို ကြောက်သဖြင့်ယုတ်မာသောအကျင့်ကိုရှောင်ကြဉ်လျက် သီလနှင့်ပြည့်စုံလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်ဘန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါလင်မယားသည်-ယခုအခါလင်မယားတည်း။

※ ဒိသာပါမောက္ခ ဆရာကြီးသည်- ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) မကျန်းမာယောင်၊ ရုပ်ဟန်ဆောင်၊လင်မြှောင်ထား၍နေ။

(၂) အကောင်းကိုစား၊ အအိပ်များ၊ဖယ်ရှားအလုပ်တွေ။

(၃) ဆေးကြမ်းစီရင်၊တိုက်မည့်ပြင်၊အလျင်ရောဂါကွေ။

ကောသိယဇာတ်ပြီး၏။

---

## ၁၃၁—အသမ္ပဒါနဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**ကျေးဇူးမဲ့တတ်သော ဒေဝဒတ်** နတ်လူ တို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် မြတ်စွာဘုရား၏ကျေးဇူးတော်ကို မသိလေ။

ရဟန်းတို့သည် တရားသဘင်ဝယ် စကားစပ်မိ၍ ဒေဝဒတ်အကြောင်းကို ပြောဆိုနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍ "ရဟန်းတို့....ဒေဝဒတ်သည် ယခုအခါ၌သာ ကျေးဇူးကိုမသိသည်မဟုတ်၊ ရှေးအခါ၌လည်း ကျေးဇူးကို မသိခဲ့ဘူးပြီ" ဟု မိန့်တော်မူ၍ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**အဆွေကူညီရေး တဝက်ပေး** လွန်လေ ပြီးသောအခါ မဂဓတိုင်း ရာဇဂြိုဟ်ပြည်ဝယ် မဂဓမင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် ထိုမင်းအထံ၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သင်္ခမည်သော သူဌေးကြီးဖြစ်လေ၏၊ ဗာရာဏသီ ပြည်၌လည်း ကုဋေရှစ်ဆယ်ပင် ကြွယ်ဝသော ပိလိယမည်သော သူဌေးကြီးလည်း ရှိလေ၏၊ ထိုသူဌေးကြီးနှစ်ဦးတို့သည် အချင်းချင်း အဆွေခင်ပွန်းဖြစ်ကြကုန်၏။

ပိလိယ သူဌေးကြီးသည် အကြောင်း တစုံတခုကြောင့် ဘေးကြီးစွာ ဖြစ်လျက် ဥစ္စာပစ္စည်းအလုံးစုံသည် ပျက်စီးဆုံးပါးလေ၏၊ ဆင်းရဲသဖြင့် ကိုးကွယ်ရာမရှိဖြစ်၍ မယားကိုခေါ်ကာ သင်္ခသူဌေးကြီးအိမ်သို့သွားလေ၏၊ သင်္ခသူဌေးကြီးလည်း အဆွေခင်ပွန်းဖြစ်သော ပိလိယသူဌေးကြီးကို မြင်လျှင် နေရာပေးကာ ပျူငှါလောကွတ်ပြု၍ ဝမ်းမြောက်ဝမ်းသာ ပူဇော်သက္ကာရပြုလေ၏။

နှစ်ရက်, သုံးရက် လွန်လျှင် ပိလိယသူဌေးကြီးအား "အဆွေ....ဘယ်အတွက် လာသနည်း" ဟု မေးလေ၏

“အဆွေ..အကျွန်ုပ်မှာ ဘေးကြီးစွာဖြစ်လျက် ဥစ္စာပစ္စည်း အလုံးစုံ ပျက်စီးဆုံးပါးလေပြီ၊ အကျွန်ုပ်အား ထောက်ပံ့ပါ”ဟုပြောလေ၏၊ “အဆွေ..ကောင်းပြီ၊မစိုးရိမ်လင့်” ဟုပြောဆို၍ မိမိ၌ရှိသောပစ္စည်းဥစ္စာ ကျေးကျွန်အလုံးစုံကို တဝက်ခွဲ၍ပေးလေ၏၊ ဝိလိယသူဌေးကြီးလည်း ပေးအပ်သော ပစ္စည်းဥစ္စာအလုံးစုံကို ယူဆောင်၍ ဗာရာဏသီပြည်သို့ ပြန်လေ၏။

**ကျညီပေးငြား အဆွေထံသွား**

နောက်အတို့၌ သခ် သူဌေးကြီး အားလည်း ဘေးကြီးစွာဖြစ်၍ ပစ္စည်းဥစ္စာ အလုံးစုံ ဆုံးပါးပျက်စီးပြန်၏၊ထိုအခါ သခ်သူဌေးကြီးသည် မိမိကိုးကွယ်ရာကို စုံစမ်းဆင်ခြင်လတ်သော် ငါသည် ဝိလိယသူဌေးကြီးအား ပစ္စည်းဥစ္စာ ကျေးကျွန်အလုံးစုံ ထက်ဝက်ခွဲ၍ပေးကာ ကျေးဇူးပြုထားဘူး၏၊ ငါ့ကိုမြင်လျှင် စွန့်ပစ်မည်မဟုတ်၊ ထိုသူဌေးကြီးထံသွားမည်ဟု မယားကိုခေါ်၍ ဝိလိယသူဌေးကြီးထံ ခြေလျင်သွားကြလေ၏။

ဗာရာဏသီမြို့ပြင် စရပ်တခုသို့ရောက်လျှင် မိမိမယားအား“ရှင်မ.... ရှင်မနှင့် အတူသွားရန်မသင့်၊ ငါဝိလိယသူဌေးကြီးထံရောက်လျှင် ယာဉ်တခုကို လွှတ်လိုက်မည်၊ ထိုယာဉ်ဖြင့် နောက်မှလိုက်ခဲ့ပါ၊ ယခုဏ ဤစရပ်မှာနေနှင့်ပါဦး”ဟု မှာထားပြီးလျှင် ဝိလိယ သူဌေးကြီးအိမ်သို့သွားလေ၏။

**ကျေးဇူးချေဖျက် နှင်ထုတ်လျက်**

ဝိလိယ သူဌေးကြီးသည် အဆွေခင်ပွန်းဖြစ်သော သခ်သူဌေးကြီးကို မြင်လျှင် နေရာလည်း မပေး၊ ပျူငှါလောကွတ်



ကျေးဇူးကန်းသောသူဌေးမိုက်သည် စည်းစိမ်တဝက်ပေးခဲ့ဘူးသည့် သူဌေးဟောင်း သူဆင်းရဲအား ဖွဲ့တပြည်ပေးပြီးနှင်ထုတ်ပုံ

လည်းမပြု၊ "အဆွေ···· ဘယ်အတွက် လာသနည်း" ဟု မေးလေ၏၊သင်္ခသူဌေးကြီးက "အဆွေ····အဆွေတို့ကို တွေ့မြင်လို၍လာပါသည်"ဟုပြောလေ၏၊"တည်းခိုနေထိုင်ရန် နေရာရပြီလော"ဟု မေးပြန်ရာ၊ "အဆွေ····မရသေးပါ သူဌေးကတော်ကို မြို့ပြင်စရပ်မှာ ခဏထား၍ လာခဲ့ရပါသည်"ဟုပြောလေ၏၊"အဆွေ····သင်တို့အတွက် ဤအိမ်မှာနေရာ မရနိုင်၊ရိက္ခာကိုယူ၍တနေရာရာမှာ ချက်ပြုတ်စားသောက်ပြီးပြန်သွားကြပါ၊နောက်မလာကြပါနှင့်"ဟုပြောဆိုကာ ကျွန်တယောက်အား-ငါ့အဆွေခင်ပွန်း၏ ပုဆိုးစွန်တွင်ဖွဲ့တတုမ္ဗ [တပြည်] မျှထုပ်၍ ပေးလိုက်ပါ"ဟု စေခိုင်းလေ၏။

ပိလိယ သူဌေးကြီးမှာ ထိုနေ့၌ပင် လှည်းအစီးတထောင်မျှ သလေးနီစပါးတို့ကို ကျီသွင်းစေ၏၊ သူပြုဘူးသော ကျေးဇူးကို မသိတတ်သော သူခိုးကြီးပိလိယ သူဌေးသည် စည်းစိမ်ဥစ္စာကို ထက်ဝက်ခွဲကာ ကုဋေလေးဆယ်မျှကို ပေးဘူးသည့် သင်္ခသူဌေးကြီးအား ဖွဲတတုမ္ဗမျှ ပေးစေခြင်းကား ရှေးသွားနောက်လိုက်မညီလွန်းသော အလုပ်ဖြစ်၏။

**အဆွေယုတ်ပေးမှု သည်းခံယူ**

ကျွန်လည်း ပိလိယသူဌေးကြီး စေခိုင်းသည့်အတိုင်း ဖွဲတတုမ္ဗကို တောင်းနှင့်ထည့်ကာ သင်္ခ သူဌေးကြီးအား ပေးလေ၏။

သင်္ခသူဌေးကြီးလည်း ကျေးဇူးကိုမသိတတ်သော ဤသူယုတ်မာကား ငါ့ထံမှ ကုဋေလေးဆယ်မျှ စည်းစိမ်ဥစ္စာထက်ဝက်ကို ရခဲ့ဘူးပါလျက် ယခုအခါ ငါ့အား ဖွဲတတုမ္ဗမျှ

ပေးစေဘိ၏၊ ယူရမည်လော၊ မယူဘဲ နေရမည်လော၊ ဤဝိလိယသူဌေးကား– ငါပြုခဲ့ဘူးသော ကျေးဇူးကိုမသိ၊ အဆွေခင်ပွန်းကောင်းကိုပြစ်မှားလျက် အချစ်ကို ဖျက်ဘိ၏၊ငါသည် ဖွဲ့တတုမ္ဘကိုနည်းသည်ဟုမယူဘဲနေငြားအံ့၊ငါက လည်း ပြန်၍အချစ်ကို ဖျက်ရာရောက်ပေမည်၊ သူကဖျက် သော်လည်း ငါမဖျက်လို''ဟု ကြံစည်ကာ သူတော် ကောင်းတို့သဘော၌ တည်၍ ဖွဲ့တတုမ္ဘကို ပုဆိုးစွန်၌ထုပ် ကာ ယူခဲ့လေ၏။

**သည်းမခံနိုင်ငြား သူဌေးမယား**

သူဌေးကတော်လည်း သူဌေးကြီး ပြန် လာသည်ကိုမြင်လျှင် ''အရှင်…ဘာရ ခဲ့သနည်း''ဟု မေးလေ၏၊ ''ရှင်မ…. ဖွဲ့တတုမ္ဘရခဲ့သည်''ဟုပြောလေလျှင် ''ဘာလုပ်ရအောင် ယူလာသနည်း''ဟုပြောလေ၏၊''ဤဖွဲ့တတုမ္ဘသည် ယူသွား သော ကုဋေလေးဆယ်နှင့် သင့်လျော်ပါသလော'' ဟုဆို ကာ ငိုကြွေးလေ၏၊ သူဌေးကြီးလည်း–

''ရှင်မ….မငိုကြွေးပါနှင့်၊သူမိုက်တို့အား နည်း၍မယူသည့်အတွက် အဆွေခင်ပွန်းပျက်စီးတတ်၏၊ ပညာရှိ လူလိမ္မာဖြစ်သော ငါတို့အား–အဆွေ ခင်ပွန်းမပျက်စီးဘဲ ခိုင်မြဲရန် အနည်းငယ်သော ဖွဲ့တတုမ္ဘမျှကိုပင် ယူခဲ့ရ၏''–

ဟု ဖျောင်းဖျ ပြောဆိုသော်လည်း အလွန်ဝမ်းနည်း လျက် ငိုကြွေး၍သာ နေလေ၏။

**သူဌေးလင်မယား လွန်စွာသနား**

ထိုခဏဝယ် ဝိလိယသူဌေးကြီးထံ ပေး လိုက်သော သခ်သူဌေးကြီး၏ ကျွန်အ လုပ်အကျွေးဟောင်းတို့သည် စရပ် တံ

ခါးသို့ ရောက်လတ်သော် ငိုကြွေးသံကြားရ၍ စရပ်ပေါ်သို့ တက်ကြကုန်၏၊ သခ်သူဌေးကြီးနှင့် သူဌေးကတော်ကိုမြင်လျှင် ခြေရင်း၌ ဝပ်လျက် ငိုကြွေးကာ "သခင်တို့… ဤအရပ်သို့ ဘယ်အတွက် လာကြသနည်း"ဟု မေးကြကုန်၏၊သခ်သူဌေးကြီးလည်း အကြောင်းစုံကိုပြောကြားလေ၏၊ ထိုအခါ ကျွန်အလုပ်အကျွေးတို့သည်"သခင်တို့‥ဖြစ်လိုရာဖြစ်ပါစေ မစိုးရိမ်ကြပါလင့်" ဟု သက်သာရာ ရစေကြလျက် မိမိတို့အိမ်သို့ဆောင်ယူကာ နံ့သာရေကို ချိုးစေ၍ ကောင်းမွန်စွာ ကျွေးမွေးပြုစုကြကုန်၏၊ အခြားကျွန် အလုပ်အကျွေးဟောင်းတို့ကိုလည်း မိမိတို့သခင်လာကြောင်းကို ပြောကြားကုန်၏။

**မင်းကြီးကြားလစ်ခေါ်မေးစစ်**

နှစ်ရက်,သုံးရက် လွန်လျှင် သခ်သူဌေးကြီး၏ ကျွန်အလုပ်အကျွေးဟောင်းတို့သည် တိုင်ပင်ညီညွတ်ကာ နန်းရင်ပြင်သို့သွား၍ ထိုအကြောင်းကို အော်ဟစ် ကြွေးကြော်ကြကုန်၏၊ မင်းကြီးကြားတော်မူလျှင် ခေါ်စေ၍ မေးမြန်းသောအခါ အကြောင်းစုံကို တင်လျှောက်ကြကုန်၏၊ မင်းကြီးလည်း ထိုအကြောင်းကိုသိလျှင် သူဌေးကြီး နှစ်ဦးကိုခေါ်စေ၍ ရှေးဦးစွာ သခ်သူဌေးကြီးကို "သူဌေးကြီး…. သင်သည် ပိလိယသူဌေးကြီးအား ပစ္စည်းဥစ္စာ ကုဋေလေးဆယ်မျှ ပေးဘူးသည်ဆိုရာ မှန်ပါသလော"ဟု မေးလေ၏၊ "အရှင်မင်းကြီး….မှန်ပါသည်၊ ပျက်စီးဆင်းရဲသောအခါ အကျွန်ုပ်ထံအားကိုး၍လာသော ပိလိယ သူဌေးကြီးအား ပစ္စည်းဥစ္စာသက်သက်သာ ပေးဘူးသည်မဟုတ်ပါ၊သက်ရှိ

သက်မဲ့ ရှိသမျှစည်းစိမ်ကို တဝက်ခွဲ၍ ပေးဘူးပါသည်''ဟု လျှောက်လေ၏။

မင်းကြီးလည်းတဖန် ဝိလိယသူဌေးကြီးကို ''သူဌေးကြီး....သင်္ခသူဌေးကြီးပြောသည့်အတိုင်း မှန်ပါသလော'' ဟုမေးလေ၏၊''အရှင်မင်းကြီး..မှန်ပါသည်''ဟု လျှောက်လေ၏၊ မင်းကြီးက တဖန်''သူဌေးကြီး....ပျက်စီးဆင်းရဲသဖြင့် သင့်ထံသို့ အားကိုး၍လာသော သင်္ခသူဌေးကြီးအား ခမ်းမြောက်ဝမ်းသာ တစုံတရာ ပူဇော်သက္ကာရကို ပြုပါသလော''ဟုမေးသောအခါ ဝိလိယသူဌေးကြီးသည် ဆိတ်ဆိတ်သာနေ၏၊ နောက်တဖန်''သင်သည် သင်္ခသူဌေးကြီးအား ဖွဲတတုမ္ဗကိုသာ ပေးသည်ဆိုရာ မှန်ပါသလော''ဟု မေးပြန်သောအခါလည်း ဆိတ်ဆိတ်သာ နေပြန်၏။

**ဥစ္စာ ပြန်ရ ပြည်ပြန်ကြ**

ထိုအခါ မင်းကြီးသည်''သင်ဘာဖြစ်လို့ သည်လို လုပ်ရသနည်း၊ သူပြုဘူးသော ကျေးဇူးကို အနည်းငယ်မျှမသိ အလွန်ယုတ်မာလှ၏''ဟု ရေရွတ်လျက် ဝိလိယသူဌေးကိုနှင်ထုတ်ကာ အမတ်တို့နှင့်တိုင်ပင်၍ ''အမတ်တို့.... ဝိလိယသူဌေးအိမ်၌ရှိသော ပစ္စည်းဥစ္စာ ကျေးကျွန် အလုံးစုံကို သင်္ခသူဌေးကြီးအားပေးကြကုန်''ဟု အမိန့်ပေးလေ၏။

သင်္ခသူဌေးကြီးသည်''အရှင်မင်းကြီး....အကျွန်ုပ်အား သူတပါးပစ္စည်းဥစ္စာကို အလိုမရှိပါ၊ ကျွန်ုပ်ပေးထားဘူးသော ပစ္စည်းဥစ္စာကိုသာ ပေးပါစေ''ဟု လျှောက်ထားလေ၏၊ မင်းကြီးလည်း သင်္ခသူဌေးကြီးပေးထားဘူးသော ပစ္စည်းဥစ္စာကျေးကျွန် အလုံးစုံ ပြန်၍ပေးစေ၏၊သင်္ခသူဌေး

ကြီးလည်း မိမိပေးထားဘူးသော ပစ္စည်းဥစ္စာ အလုံးစုံကို ရလျှင် ကျွန်အလုပ်အကျွေးအပေါင်း ခြံရံကာ ရာဇဂြိုဟ် ပြည်သို့ ပြန်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဝိလိယ သူဌေးကြီးသည်— ယခုအခါ ဒေဝဒတ်။

※ သင်္ခသူဌေးကြီးသည် - ငါဘုရား ဖြစ်လာပြီဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ကျေးဇူးမမြင်၊ မိုက်ခေါင်တင်၊ အလျှင်ပျက်စီးမယ်။
(၂) စည်းစိမ်တဝက်၊ ပေးဘူးလျက်၊ ပေးရက်ဖွဲ့နည်းငယ်။
(၃) ဝိလိယသူဌေး၊ ငမိုက်ခွေး၊ ဆင်ပေးကျေးဇူးနှယ်။

အသမ္ပဒါနဇာတ် ပြီး၏။

---

## ၁၃၂—ဘီရုကဇာတ်

**ပဉ္စုပ္ပန်ဝတ္ထု**

ဘုရားဂုဏ်ချီးကျူး အံ့ဘွယ်ထူး

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတို့သည်တရားသဘင်ဝယ်“ငါ့ရှင်တို့··မြတ်စွာဘုရားသည်အဇပါလညောင်ပင်ရင်း၌ မာရ်နတ်မင်း သမီးသုံးယောက်တို့

နတ်၌ဖြစ်သော အဆင်းတို့ကို ဖန်ဆင်းကာ ဖြားယောင်းရန် ချဉ်းကပ်လာသည်ကို မျက်စိတော်တို့ကိုလည်း ဖွင့်၍မျှကြည့်တော်မမူ၊ မြတ်စွာဘုရား၏ အစွမ်းတော်သည် အံ့ဘွယ်ရှိပေစွ''ဟု စကားကိုဖြစ်စေကုန်၏။

မြတ်စွာဘုရား ကြွလာတော်မူ၍ ''ရဟန်းတို့.... ယခုအခါ အာသဝေါကင်းလျက် သဗ္ဗညုအဖြစ်သို့ ရောက်ပြီးသော ငါဘုရားသည် မာရ်နတ်မင်း သမီးသုံးယောက်တို့ကို မကြည့်သည်မှာ အံ့ဘွယ်မရှိသေး၊ ရှေးအခါ ကိလေသာ အာသဝေါမကင်းသေးဘဲ သဗ္ဗညုတဉာဏ်ကို ရှာစဉ်၌ပင် ဖန်ဆင်း၍ပြသော နတ်သမီးတို့အဆင်းကို ဣန္ဒြေဖျက်၍ မကြည့်ဘဲ သွားသဖြင့် မင်းအဖြစ်သို့ ရောက်ဘူးပြီ'' ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

**လျှောက်ထားမေးမြန်း နောက်ကြောင်းများ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဗြဟ္မဒတ်မင်း၏ သားတထောင်တို့အနက် အငယ်ဆုံးသားဖြစ်လေ၏။ [အလုံးစုံသော စကားသည် ပြဆိုခဲ့ပြီးသော တေလပတ္တဇာတ် အတိတ်ဝတ္ထုနှင့်တူပြီ။]

တနေ့သ၌ မင်းသားငယ်သည် ငါကား အငယ်ဆုံးသားတော်ဖြစ်သည်၊ ဤဗာရာဏသီပြည်ဝယ် မင်းအဖြစ်ကို ရမည် မရမည်ကို ရှင်ပစ္စေကဗုဒ္ဓါတို့အား မေးလျှောက်မည်ဟုကြံစည်ကာ အရှင်ပစ္စေကဗုဒ္ဓါတို့ နန်းတော်သို့ကြွလာသောအခါ ထိုအကြောင်းကို မေးလျှောက်လေ၏၊

ရှင်ပစ္စေကဗုဒ္ဓါတို့လည်းမင်းသားငယ်အား ဤဗာရာဏသီပြည်၌ မင်းမဖြစ်နိုင်၊ တက္ကသိုလ်ပြည်သို့သွားနိုင်လျှင် ခုနစ်ရက်မြောက်သောနေ့ဝယ် မင်းဖြစ်လိမ့်မည်၊သို့ရာတွင် လမ်းခရီးဝယ် ဘီလူးမတို့ဘေးအန္တရာယ်ရှိသည်၊ဋင်းတို့ကို ဣန္ဒြေဖျက်၍ မကြည့်ဘဲသွားနိုင်မှ ဘေးရန်လွတ်မည်'' ဟု မိန့်တော်မူကုန်၏။

**မိဖုရားတင်မှား ဘီလူးစား**

ထိုအခါ မင်းသားလည်း ဘေးရန်လွတ်အောင် သွားမည် ဟု လျှောက်ထား၍ ရှင်ပစ္စေကဗုဒ္ဓါတို့ထံမှ ပရိတ်အရံအတားပြုလုပ်ကာ တက္ကသိုလ်ပြည်သို့ သွားလေသော် လမ်းခရီးဝယ် ဘီလူးမတို့သည် နတ်သမီးအဟန် ဖန်ဆင်းကာ အမျိုးမျိုးဖြားယောင်းသော်လည်း ဂရုမစိုက်ဘဲသွားသဖြင့် တက္ကသိုလ်ပြည်သို့ရောက်၍ မြို့တံခါးအနီးစရပ်ဝယ် တည်းခိုလေ၏၊ ဘီးလူးမတယောက်လည်း နတ်သမီးအဟန်ဖန်ဆင်းကာ ထက်ချပ်မကွာနောက်မှလိုက်၍ စရပ်တံခါးတွင်နေလေ၏။

တက္ကသိုလ်ပြည် မင်းကြီးလည်း ဥယျာဉ်ကစားသွားရာ ဘီလူးမကိုမြင်လျှင် အလွန်တပ်စွန်းသောစိတ်ရှိသည်ဖြစ်၍ မင်းသားငယ်ကဘီလူးမဖြစ်ကြောင်း ပြောစေသော်လည်း မနာယူဘဲ ခေါ်ဆောင်ကာ မိဖုရားမြှောက်လေ၏။

ဘီလူးမလည်း မင်းကြီးကိုဖြားယောင်းကာ နန်းတွင်းသူနန်းတွင်းသားတို့ကို စိုးပိုင်နိုင်ရန် အာဏာကိုတောင်း၍ ညဉ့်အခါ ဘီလူးတို့ကိုခေါ်ကာ ခွေး, ဝက်, ကြက်မကျန်

တနန်းတော်လုံးစားကာ အရိုးတို့ကိုသာထား၍ ဘီလူးမသည် ဘီလူးတို့နှင့်အတူ ဘီလူးမြို့သို့ ပြန်သွားလေ၏။

**အားလုံးတိုင်ပင်ထီးနန်းတင်**

နံနက်လင်းသောအခါ တနန်းတော်လုံးဘီလူးစားခံရသည်ကိုသိ၍ အညစ်အကြေးတို့ကို သုတ်သင်ရှင်းလင်းပြီးလျှင်နန်းတော်တခုလုံးကို တန်ဆာဆင်လျက် စရပ်တွင် တည်းခိုနေသော မင်းသားငယ်ကိုပင့်ဆောင်ကာ အဘိသိက်သွန်း၍မင်းမြှောက်ကြကုန်၏။

အမတ်,ပုဏ္ဏား,သူကြွယ်အစရှိသောသူတို့လည်း တန်ဆာဆင်ကာ မင်းကြီးထံ၌ ခစားကြကုန်၏၊ တသောင်းခြောက်ထောင်သောကခြေသည်မတို့လည်းကခြင်း,သီခြင်း,တီးမှုတ်ခြင်းတို့ဖြင့် အသုံးခံကာ ဖျော်ဖြေကြကုန်၏၊ ထိုအခါ တနန်းတော်လုံး တပြိုင်နက် အုတ်အုတ်ကျက်ကျက်ဖြစ်လေ၏။

မင်းကြီးသည် မိမိ၏တင့်တယ်ခြင်း အသရေကို ကြည့်လျက် ငါသည် လမ်းခရီး၌ ဘီလူးမတို့ ဖန်ဆင်း၍ပြသော နတ်သမီးအဆင်းကို အကယ်၍ကြည့်ငြားအံ့ အသက်သေခြင်းသို့ ရောက်ရာ၏၊ဤကဲ့သို့မင်းကြီး၏ တင့်တယ်ခြင်းအသရေကိုမြင်ရမည်မဟုတ်ဟု ကြံစည်နှလုံးသွင်းကာ—

"အချင်းတို့····ငါကား- လိမ်မာတော်မူသော အရှင်ပစ္စေကဗုဒ္ဓါတို့ အဆုံးအမ၌ တည်ရန်အမြဲ လုံ့လပြုခြင်းကြောင့်၎င်း, ထိတ်လန့်တုန်လှုပ်သဖြင့် မဆုတ်မနစ်ခြင်းကြောင့်၎င်း, ဘီလူးမတို့ အလိုသို့

မလိုက်မိဘဲ ကြီးစွာသောသေဘေးမှ လွတ်ကင်း
ချမ်းသာရ၏”—

ဟုဥဒါန်းကျူးကာ တရားဟောလေ၏၊ အသက်ထက်ဆုံး တရားသဖြင့်မင်းပြုလျက် ကုသိုလ်ကောင်းမှုတို့ကို ပြုစုအားထုတ်လေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့….

※ ထိုအခါတက္ကသိုလ်ပြည်တွင်မင်းဖြစ်သောမင်းသားသည်-ယခုအခါငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ဗုဒ္ဓေစောင့်မှု၊လုံ့လပြု၊ယခုချမ်းသာမည်။
(၂) ဘီလူးတွေ့ငြား၊မရှုစား၊မင်းသားမင်းဖြစ်သည်။

ဘီရုကဇာတ်ပြီး၏။

---

## ၁၃၃-ဃတာသနဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ကာလမဟုတ် တရားဆုတ်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် ရဟန်းတပါးသည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းကိုယူ၍ ပစ္စန္တရာဇ်ရွာငယ်တခုကို အမှီပြုကာတောကျောင်း၌ဝါကပ်လေ၏။

နောက်တနေ့ ဆွမ်းခံသွားလတ်သော် ကျောင်းကိုမီး လောင်သဖြင့် နေစရာမရှိ ဆင်းရဲပင်ပန်းသည့်အတွက် ဒါ ယကာတို့အား အကြောင်းကြားလေ၏၊ ဒါယကာတို့သည် လယ်ထွန်ပြီးမှဆောက်မည်၊ မျိုးကြဲပြီးမှ ဆောက်မည် စသည်ဖြင့် နေ့ရက်ရွှေ့ကာ မဆောက်ဖြစ်ဘဲဝါကျွတ်လေ ၏၊ ရဟန်းလည်း လျောက်ပတ်သောကျောင်းကိုမရသဖြင့် ကမ္မဋ္ဌာန်းအပြီးသို့မရောက် နိမိတ်မျှပင်မထင်လေ။

ဝါကျွတ်သောအခါ မြတ်စွာဘုရားထံ အဖူးအမျှော် ရောက်၍ မြတ်စွာဘုရားသည် ထိုရဟန်းအား "ချစ်သား ရဟန်း.... သင့်အား ကမ္မဋ္ဌာန်းနှင့် လျော်သောနေရာကို ရပါ၏လော" ဟု မေးတော်မူ၏၊ ရဟန်းလည်း "အရှင် ဘုရား....လျောက်ပတ်သောနေရာကိုမရပါ" ဟု လျှောက် ထားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် "ချစ်သားရဟန်း.... ရှေးအခါ တိရစ္ဆာန်တို့ပင် လျောက်ပတ်သည်,မလျောက် ပတ်သည်ကိုသိသဖြင့် လျောက်ပတ်သောအခါ နေ၍ မလျောက်ပတ်သောအခါ စွန့်လွှတ်ကာ သွားကြသည်၊ သင်ကား–အဘယ့်ကြောင့် မိမိနှင့် လျောက်ပတ်သည်, မလျောက်ပတ်သည်ကို မသိသနည်း" ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**သင့်လျော်မှုမြဲ နေထိုင်မှု**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ငှက်မျိုး

၌ဖြစ်၍ သိကြားလိမ်မာသောအခါ ငှက်မင်း ဖြစ်လျက် ငှက်အပေါင်းခြံရံကာ တောအရပ်ဝယ် *ဇာတဿရအိုင် အနီး၌ပေါက်၍ အရွက် အခက်နှင့်ပြည့်စုံသောသစ်ပင်ကြီး တခုကို အမှီပြုကာနေထိုင်လေ၏။

များစွာသော ငှက်တို့သည် ရေအိုင်အထက်တွင် အုပ်ဖုံးလျက်ရှိသောသစ်ခက်တို့၌နေကာ ကိုယ်မှဖြစ်သောအညစ် အကြေးတို့ကိုရေထဲသို့ကျစေကုန်၏။ ထိုဇာတဿရအိုင်၌ လည်း ကြမ်းထမ်းသော နဂါးမင်းသည်နေ၏။

**ကာလသိ၍ ပြောင်းရွှေ့သွား**

ထိုနဂါးမင်းအား ဤငှက်တို့သည် ငါ၏ နေရာ ဇာတဿရအိုင်၌ ကိုယ်မှဖြစ်သော အညစ်အကြေးတို့ကို ချကြ သည်၊ ငါသည် ရေမှမီးထစေ၍ သစ်ပင်ကိုလောင်စေလျက် ငှက်တို့ကို ပြေးစေရမူ ကောင်းလိမ့်မည်''ဟု ကြံစည်ကာ အမျက်ထွက်သည်ဖြစ်၍ ညဉ့်အခါ သစ်ပင်ထက်ဝယ် ငှက်တို့ အိပ်သောအခါ ရှေးဦးစွာ ရေကို ကျိုက်ကျိုက် ဆူစေ၏၊ နှစ်ကြိမ်မြောက်၌ အခိုးထစေ၏၊ သုံးကြိမ်မြောက်၌ ထန်း လုံးပမာဏရှိ မီးလျှံကိုထစေ၏၊ ထိုအခါ ငှက်မင်းသည် ရေမှ မီးလျှံကိုမြင်၍—

''အို-ငှက်အပေါင်းတို့··မီးလောင်လျှင် ရေဖြင့် ငြိမ်းသတ်ရသည်မဟုတ်ပါလော၊ ယခုအခါရေကို ပင် မီးလောင်၍နေချေပြီ၊ငါတို့မှာ ဤသစ်ပင်ကြီး၌

---

* ဇာတဿရအိုင်—အလိုလိုဖြစ်ပေါ်သောအိုင်။

နေခြင်းငှါမသင့်၊ တပါးသောသစ်ပင်သို့ သွားကြကုန်အံ့”–

ဟု ပြောဆို၍ မိမိစကားကို လိုက်နာယူသော ငှက်တို့ကို ခေါ်ယူကာ ပျံ၍တပါးအရပ်သို့ သွားလေ၏၊ ငှက်မင်းစကားကို မလိုက်နာယူဘဲ နေရစ်ကုန်သော ငှက်တို့ကား အသက်ကုန်ခြင်းသို့ရောက်ကုန်၏။

ဤဒေသနာတော်၏အဆုံး၌ ထိုရဟန်းသည် အရဟတ္တဖိုလ်၌တည်၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့....

※ ထိုအခါ ငှက်မင်းစကား လိုက်နာသော ငှက်တို့သည်-ယခုအခါ ဘုရားပရိသတ်။

※ ငှက်မင်းသည်-ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) လျောက်ပတ် မလျောက်ပတ်၊ နေရာရပ်၊ သိအပ်ကြရာသည်။

(၂) မလျောက်ပတ်သောခါ၊ မနေရာ၊ မြန်စွာ ပြောင်းအပ်သည်။

(၃) ရေမှမီးမြင်၊ ငှက်တို့ပင်၊ အလျင်ပြောင်းကြသည်။

ဃတာသနဇာတ်ပြီး၏။

# ၁၃၄—ဈာနသောဓနဇာတ်

## ပစ္စုပ္ပန်ဝတ္ထု၊

**အကျဉ်းမေးလို ကျယ်ဖြေဆို**

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌သီတင်းသုံးတော်မူစဉ် သင်္ကဿနဂိုရ် မြို့တံခါးဝယ် မြတ်စွာဘုရားအကျဉ်းအားဖြင့် မေးတော်မူအပ်သောပြဿနာကို ရှင်သာရိပုတ္တရာအကျယ်အားဖြင့် ဖြေဆိုခြင်းကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု၊

**တပည့်မယုံကြ ဆရာကြွ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ရသေ့ဖြစ်၍တောကျောင်း၌ စုတေခါနီးတွင်တပည့်တို့မေးကြရာ "နေဝသညီနာသညီ" ဟု ပြောဆို၍ စုတေ သော အခါ၌ အာဘဿရဘုံ၌ ဖြစ်လေ၏၊ ရသေ့တို့သည် "နေဝသညီနာသညီ" ဆိုသောစကား အနက်အဓိပ္ပါယ်ကို တပည့်ကြီးထံမေးကြရာ တပည့်ကြီးပြောသော စကားကို မယုံကြည်ကြကုန်။

ထိုအခါ ဗြဟ္မာကြီးသည် အာဘဿရဘုံမှ လာ၍ ကောင်းကင်၌ ရပ်လျက်—

"သညာရှိသော သတ္တဝါတို့သည် ဆင်းရဲကုန်၏၊ သညာမရှိသော သတ္တဝါတို့သည်လည်း ဆင်းရဲ

ကုန်၏၊ ထိုသညီဘ၀, အသညီဘ၀ကို ကြဉ်၍ နေဝ
သညာ နာသညာယတနဈာန်ချမ်းသာသည်အပြစ်
မရှိ”—

ဟု တရားဟော၍ တပည့်ကြီး၏ကျေးဇူးကို ပြောဆိုကာ မြဟ္မာ့ပြည်သို့ပြန်လေ၏၊ ထိုအခါ ကြွင်းကုန်သောတပည့်တို့သည် တပည့်ကြီးစကားကို ယုံကြည်ကြကုန်၏၊

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ တပည့်ကြီးသည်-ယခုအခါ သာရိပုတ္တရာ။

※ မြဟ္မာကြီးသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) သညာရှိခြင်း၊ မရှိခြင်း၊ ဆင်းရဲသည်ဟုသိ။

(၂) နေဝသညာ၊ နာသညာ၊ မှန်စွာပြစ်မရှိ။

ဈာနသောဓနဇာတ်ပြီး၏။

---

## ၁၃၅—စန္ဒာဘဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

**နည်းယေသိက ကျယ်ဟောပြ** နတ်လူ တို့ဆရာ ဖြစ်တော် မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သက်ဿနဂိုရ်

မြို့တံခါးဝယ် ရှင်သာရိပုတ္တရာ ပြဿနာ ဖြေဆိုခြင်းကို အကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

ဆရာကြွလာ ဆုံးမရာ

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ရသေ့ဖြစ်၍ တောကျောင်း၌ စုတေခါနီးတွင် တပည့်တို့ မေးကြရာ "စန္ဒာဘံ သူရိယာဘံ"ဟု ပြောဆို၍ စုတေသောအခါ အာဘဿရဘုံ၌ ဖြစ်လေ၏၊ ရသေ့တို့သည် "စန္ဒာဘံ သူရိယာဘံ" ဆိုသောအနက်အဓိပ္ပါယ်ကို တပည့်ကြီးထံ မေးကြရာ တပည့်ကြီး ပြောသောစကားကို မယုံကြည်ကြကုန်။

ထိုအခါ ဗြဟ္မာကြီးသည် အာဘဿရဘုံမှ လာ၍ ကောင်းကင်၌ရပ်လျက်—

"လရောင် ဟူသော ဩဒါတကသိုဏ်း, နေရောင်ဟူသော ပီတကသိုဏ်းတို့ကို ဉာဏ်ဖြင့် သက်ဝင်သော ပုဂ္ဂိုလ်သည် ရအပ်သော ဒုတိယဈာန်ဖြင့် အာဘဿရဗြဟ္မာ့ပြည်သို့လားရ၏—

ဟု ရသေ့တို့ကို သိစေပြီးလျှင် တပည့်ကြီး၏ကျေးဇူးကို ပြောဆိုချီးကျူးကာ ဗြဟ္မာ့ပြည်သို့ပြန်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....
※ ထိုအခါတပည့်ကြီးသည်-ယခုအခါ သာရိပုတ္တရာ။
※ ဗြဟ္မာကြီးသည်-ငါဘုရားဖြစ်လာပြီ-
ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ကသိုဏ်းသြဒါ၊ ဝိတကာ၊ ဉာဏ်မှာသက်ဝင်သည်။
(၂) ဒု-ရျာန်ကိုရ၊ ဘဿရ၊ လားရဗြဟ္မာ့ပြည်။

စန္ဒာဘဇာတ်ပြီး၏။

---

## ၁၃၆–သုဝဏ္ဏဟံသဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

**လောဘအတွက် ကဲ့ရဲ့ချက်**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိမြို့သူ သီတင်းသည်မတယောက်သည် ဘိက္ခုနီမသံဃာအား ကြက်သွန်ဖြင့်ဖိတ်၍ ယာခင်းစောင့်အား ဘိက္ခုနီမတို့ လာလျှင် တပါး,တပါးအား ကြက်သွန်နှစ်ဥ,သုံးဥစီလှူပါဟု စေခိုင်းမှာထားလေ၏၊ ထိုအခါမှစ၍ ရဟန်းမိန်းမတို့သည် ယာခင်းသို့ငင်း, အိမ်သို့ငင်းသွား၍ အလှူခံကြကုန်၏။

တနေ့သ၌ ပွဲသဘင်ရှိ၍ အိမ်တွင်ကြက်သွန်ကုန်လေ၏၊ ထိုအခါထုလ္လနန္ဒာသည် ရဟန်းမိန်းမအခြံအရံနှင့် အိမ်သို့ကြက်သွန်အလှူခံရန်ကြွလေ၏၊ သီတင်းသည်မသည် "အရှင်မ.... အိမ်မှာကြက်သွန်ကုန်နေသည် ယာခင်းသို့ကြွပါ" ဟု လျှောက်သဖြင့် ယာခင်းသို့သွားကြကုန်၏၊ ယာခင်းသို့

ရောက်လျှင် အတိုင်းအရှည်ကိုမသိကုန်ဘဲ အလိုရှိတိုင်းနှုတ်ယူကြကုန်၏။

ယာခင်းစောင့်သည်ကဲ့ရဲ့၍၊ ယာခင်းစောင့် စကားကို ကြား၍ ရဟန်းမိန်းမတို့သည် ကဲ့ရဲ့ကြကုန်၏၊ နောက်တဆင့်ကြား၍ ရဟန်းယောကျ်ားတို့သည် ကဲ့ရဲ့ကြကုန်၏၊ မြတ်စွာဘုရားကြားတော်မူ၍ ထုလ္လနန္ဒာကို ကဲ့ရဲ့တော်မူပြီးလျှင် "ရဟန်းတို့.... အလိုကြီးသောသူကို မွေးဖွားသော သမီးသည်ပင် မနှစ်သက်၊ လူမကြည်ညို၊ လာဘ်လာဘ နည်း၏"ဟု ရဟန်းတို့ကို တရားဟောတော်မူ၍ ထုလ္လနန္ဒာ ကား ယခုအခါ၌သာ အလိုကြီးသည်မဟုတ်၊ ရှေးအခါ၌ လည်း အလိုကြီးဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**ဘဝဟောင်းဆင်ခြင် သားသမီးမြင်**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် အမျိုးတူသတို့သမီးတယောက်နှင့် အိမ်ထောင်ပြုလေ၏၊ ထိုပုဏ္ဏားဝယ် နန္ဒာ,နန္ဒာဝတီ, သုန္ဒရီနန္ဒာဟူ၍ သမီးသုံးယောက်တို့သည် ရှိကုန်၏၊ ထိုသမီးသုံးယောက် အိမ်ထောင်မကျမီလျှင် အဘပုဏ္ဏားသည်စုတေ၍ ရွှေဟင်္သာမျိုး၌ ဖြစ်လေ၏။

ထိုရွှေဟင်္သာသည် * ဇာတိဿရဉာဏ်ကိုရ၏၊ အရွယ်

---

* ဇာတိဿရဉာဏ်– ဘဝဟောင်းက အဖြစ်အပျက်ကို သိသောဉာဏ်။ ။၎င်းဉာဏ်ရှိသူကိုလူဝင်စားဟုခေါ်ကြသည် ဘဝဟောင်းက အဖြစ်အပျက်ကို ပြောနိုင်သည်။

သို့ရောက်လတ်သော် ရွှေအတောင်တို့ဖြင့် ဖုံးလွှမ်း၍ တင့်တယ်သော မိမိကိုယ်ကိုမြင်၍ "ငါသည် ဘယ်ဘဝမှစုတေ၍ ဤရွှေဟသ်ာမျိုး၌ဖြစ်သနည်း"ဟု ဆင်ခြင်လတ်သော် လူ့ဘဝမှ စုတေလာသည်ကို သိလေ၏၊ တဖန် ထိုလူ့ဘဝ၌ အဖြစ်အပျက်ကို ဆင်ခြင်ပြန်သော် ပုဏ္ဏေးမနှင့် သမီးသုံးယောက်တို့ သူတပါးအိမ်မှာ အခစားလုပ်ကာ ဆင်းဆင်းရဲရဲ အသက်မွေးနေရသည်ကို သိပြန်၏။

**ဆင်းရဲလွတ်ရေး ရွှေတောင်ပေး**

ထိုအခါ ရွှေဟသ်ာသည် "ငါ့ဇနီးနှင့် သမီးတို့မှာဆင်းရဲလှသည်၊ ငါ့ကိုယ်တွင် ပေါက်သော ရွှေတောင်တို့လည်း အထူအခတ်ခံကုန်၏၊ တယောက်တတောင်စီပေးမည်၊ ထိုအတောင်တို့ဖြင့် ချမ်းချမ်းသာသာ အသက်မွေးစေမည်"ဟု ကြံစည်ကာ ထိုအရပ်သို့သွား၍ အိမ်ခေါင်အုပ် ဝါးစွန်းတွင်နားလေ၏။

ပုဏ္ဏေးမနှင့် သမီးသုံးယောက်တို့သည် ရွှေဟသ်ာကိုမြင်လျှင် "ဘခင်....ဘယ်အရပ်ကလာသနည်း"ဟုမေးလေ၏။ "သမီးတို့.... ငါကားဘဝဟောင်း၌ သင်တို့ဘခင်ဖြစ်သည် ယခု ရွှေဟသ်ာမျိုးမှာဖြစ်သည်၊ သင်တို့ကိုကြည့်ရှုရန် လာသည်၊ ဤနေ့မှစ၍ သူတပါးအိမ်မှာ အခစားလုပ်၍ အသက်မွေးဘို့မရှိ၊ သင်တို့အား အတောင်တတောင်စီပေးမည်၊ ထိုအတောင်ကိုရောင်းချလျက် ချမ်းချမ်းသာသာအသက်မွေးကြ"ဟု ပြောဆိုပြီးလျှင် တတောင်စီ ချွတ်၍ပေးကာသွားလေ၏၊ ဤသို့သောနည်းဖြင့် ရံခါရံခါလာ၍ပေး၏၊

ပုဏ္ဏေးမနှင့် သမီးသုံးယောက်တို့သည် ထိုအတောင်တို့ကို ရောင်းချသဖြင့် ကြွယ်ဝချမ်းသာကုန်၏။

**လောဘကြီးလှ ချည်းနှီးရ**

တနေ့သ၌ ပုဏ္ဏေးမသည် သမီးတို့ကို "ချစ်သမီးတို့ .... တိရစ္ဆာန်တို့စိတ်ကို သိရန် ခဲယဉ်းသည်၊ သင်တို့ အဘသည် နောက် သူလာလိုမှလာပေမည်၊ သည်တခါလာလျှင် အတောင်တွေအကုန်နုတ်ယူမည်"ဟု တိုင်ပင်လေ၏၊ သမီးတို့သည်"မိခင်....အဘပင်ပန်းလိမ့်မည်"ဟု သဘောမတူကြကုန်၊ ပုဏ္ဏေးမကား အလွန်အလိုကြီးလှသဖြင့် တဖန် ရွှေဟင်္သာ လာသောအခါဖမ်း၍ လက်နှစ်ဘက်ဖြင့် အတင်းကိုင်ကာ အတောင်တို့ကိုအကုန်နုတ်၍ယူလေ၏၊ အတောင်တို့သည် ရွှေဟင်္သာအလိုမတူဘဲ အနိုင်အထက် နုတ်ယူသောကြောင့် ရွှေမဖြစ်ဘဲ ဗျိုင်းတောင်ကဲ့သို့ ဖြူကုန်၏၊ ရွှေဟင်္သာသည် အတောင်မရှိတော့သဖြင့် မိမိအရပ်သို့မပျံနိုင်လေ။

ထိုအခါပုဏ္ဏေးမသည် ရွှေဟင်္သာကို အိုးစရည်းတွင် ထည့်ကာ မွေးမြူရလေ၏၊ တဖန်ပေါက်သောအတောင်တို့လည်း ရွှေမဖြစ်ဘဲ ဗျိုင်းတောင်ကဲ့သို့ဖြူကုန်၏၊ ရွှေဟင်္သာလည်း အတောင်ပေါက်သည်ရှိသော် မိမိနေရာသို့ပျံလေ၏၊ နောက်တဖန် ပြန်မလာတော့ချေ။

**လောဘမချင့် အာပတ်သင့်**

မြတ်စွာဘုရားသည် အတိတ် ဝတ္ထုကို ဆောင်တော်မူ၍"ရဟန်းတို့ ထုလ္လနန္ဒာသည် ယခုအခါ၌သာ အလိုကြီးသည်မဟုတ်၊ ရှေးအခါ၌လည်း အလိုကြီးဘူးပြီ၊ အလိုကြီးသည့်

အတွက် ရွှေမှဆုတ်ယုတ်သကဲ့သို့ ကြက်သွန်မှဆုတ်ယုတ်ကြ ကုန်လတံ့''ဟု မိန့်တော်မူကာ တဖန်–

"ရဟန်းတို့….များများရလျှင် အတိုင်းအရှည်ကိုသိရမည်၊ နည်းနည်းရလျှင် ရသမျှဖြင့်ရောင့်ရဲရမည်၊ အမှန်စင်စစ်မှာ အလွန် အလိုကြီးသူကား ယုတ်မာ၏၊ ရွှေဟင်္သာကိုဖမ်း၍ ရွှေမှဆုတ်ယုတ်သကဲ့သို့ မှတ်ရမည်''–

ဟု မိန့်တော်မူပြီးလျှင် "ကြက်သွန်စားသောဘိက္ခုနီမအား ပါစိတ်အာပတ် သင့်စေဟု သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

## ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်–

ရဟန်းတို့….

※ ထိုအခါ ပုဏ္ဏေားမသည်- ယခုအခါ ထုလ္လနန္ဒာ။

※ သမီးသုံးယောက်တို့သည်- ညီအစ်မသုံးယောက်။

※ ရွှေဟင်္သာသည်- ငါဘုရားဖြစ်လာပြီဟု-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) များများရဘိ၊ တိုင်းရှည်သိ၊ နည်းဘိရောင့်ရဲရာ။
(၂) တိုင်းရှည်မမြင်၊ လိုကြီးလျှင်၊ လူတွင်လူယုတ်မာ။
(၃) ဟင်္သာကိုင်ချုပ်၊ တောင်ကိုနုတ်၊ ယုတ်၏ရွှေမှသာ။

သုဝဏ္ဏဟံသဇာတ်ပြီး၏။

# ၁၃၇—ဗဗ္ဗုဇာတ်

ပဉ္စုပ္ပန်ဝတ္ထု

**လက်ဆောင်အတွက် မှုံ့ကြော်ချက်**

နတ်လူတို့ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သာဝတ္ထိမြို့ဝယ် ကာဏာမာတာ မည်သော သောတာပန် သီတင်းသည်မတယောက်ရှိလေ၏၊ ထိုကာဏာမာတာဝယ် ကာဏာ မည်သော သမီးတယောက်ရှိ၏၊ ထိုသမီးကို ရွာငယ်တခု၌ အမျိုးတူ သတို့သား တယောက်နှင့် ထိမ်းမြားလက်ထပ်၍ ထားလေ၏။

ထိုအခါ ကာဏာသည် ပြုဘွယ်ကိစ္စတစုံတခုဖြင့် အမိအိမ်သို့လာ၏၊ နှစ်ရက်, သုံးရက်လွန်လျှင် ကာဏာ၏လင်သည် "ကာဏာပြန်လာပါ"ဟု မှာထားကာ တမန်စေလွှတ်လိုက်၏၊ ကာဏာသည် တမန်၏စကားကိုကြားလျှင် ပြန်ရန် အမိထံခွင့်ပန်၏၊အမိသည် နှစ်ရက်,သုံးရက် လွန်ပြီးမှ လက်ချည်းပြန်လို့မလျော် လက်ဆောင် ပေးလိုက်မည်ဟု မုံ့ကိုကြော်၏။

**လက်ဆောင်လှူကြလင်ဆုံးရ**

ထိုခဏ၌ ဆွမ်းခံရဟန်းတပါး ကြွလာ၍ ကြော်ပြီးမုံ့ကို သပိတ်ပြည့်အောင် လှူလိုက်၏၊ထိုရဟန်း ထွက်သွားလျှင် ရဟန်းတပါးကိုပြောကြားလိုက်၏၊ ကြွလာပြန်လျှင် သပိတ်ပြည့်အောင် လှူလိုက်ပြန်၏၊ ဤသို့လျှင် လေးပါးတိုင်အောင် အဆင့်ဆင့်ပြောကြားကာ ကြွလာတိုင်းလှူရသဖြင့်

လုပ်မြဲတိုင်းသောမုံ့သည် ကုန်လေ၏၊ မုံ့ကုန်သဖြင့် ကာဏာလည်း မပြန်နိုင်လေ။

ကာဏာ၏လင်သည် နှစ်ကြိမ်, သုံးကြိမ် တိုင်အောင် ကာဏာထံ တမန်စေလွှတ်ပြန်၏၊ ကာဏာ မလာလျှင် အခြားမိန်းမတယောက်ကိုယူတော့မည်ဟုမှာထားလိုက်၏၊ ကာဏာလည်း မုံ့ကြော်တိုင်းလှူရ၍ ကုန်သွားသဖြင့် မပြန်နိုင်လေ၊ထိုအခါ ကာဏာ၏လင်သည် ကာဏာမလာသဖြင့် မိန်းမတယောက်ကိုယူလေ၏၊ ထိုအကြောင်းကို ကာဏာကြား၍ ငိုကြွေးလျက်နေ၏။

**ကာဏာကြောင်းပြု ကဲ့ရဲ့မှု**

မြတ်စွာဘုရားသည် နံနက်အခါကာဏာမာတာအိမ်သို့ ကြွတော်မူရာ ကာဏာ ငိုကြွေး နေသည်ကိုမြင်လျှင် သီတင်းသည်မကြီးအား "ကာဏာအဘယ့်ကြောင့် ငိုသနည်း" ဟု မေးတော်မူ၏၊ သီတင်းသည်မကြီးလည်း အကြောင်းစုံ လျှောက်လေ၏၊ မြတ်စွာဘုရား သိတော်မူလျှင် ကာဏာမာတာကို သက်သာရာရစေ၍ တရားဟောပြီးလျှင် ကျောင်းသို့ ကြွတော်မူ၏။

ထိုအခါ ရဟန်းလေးပါးတို့ သုံးကြိမ်တိုင်အောင် မုံ့ကို အလှူခံစားကြသဖြင့် ကာဏာအသွားပျက်၍ လင်ဆုံးရသော အကြောင်းသည် သံဃာ့ဘောင်ဝယ် ထင်ရှားလေ၏။

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်ဝယ် ကာဏာ အကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ "ရဟန်းတို့....ဤရဟန်းလေးပါးတို့သည် ယခုအခါ၌သာလျှင် ကာဏာမာတာ၏ ဥစ္စာကို

စား၍ နှလုံးမသာခြင်းကို ဖြစ်စေကြသည်မဟုတ်၊ ရှေးအခါ၌လည်း ဖြစ်စေကြဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ပန္နည်းတစ်မက် ကြွက်ဖြစ်လျက်**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော်ဘုရားအလောင်းသည်ကျောက်သွေးသော အမျိုး၌ဖြစ်၍ အရွယ်ရောက်လျှင် ကျောက်သွေးအတတ်၌ အပြီးတိုင် တတ်မြောက်သဖြင့် ထိုအတတ်ဖြင့်ပင် အသက်မွေးလေ၏။

ထိုအခါ ကာသိတိုင်း နိဂုံးတခုဝယ် စည်းစိမ်ဥစ္စာ ကြွယ်ဝသော သူဌေးတဦးရှိလေ၏၊ ထိုသူဌေးအား ဥစ္စာ ရွှေကုဋေလေးဆယ်ကို မြေတွင် မြှုပ်၍ထား၏၊ သူဌေးက တော်သေ၍ ဥစ္စာ၌တပ်မက်မောသည့်အတွက် ဥစ္စာပေါ်တွင် ကြွက်မဖြစ်လေ၏၊ ဤသို့အစဉ်သဖြင့် ထိုအမျိုးပျက်စီး၍ အဆက်အနွယ်ပျက်လေ၏၊ နောက် ရွာပါပျက်စီး၍ မထင်ရှားသော ရွာဆိုးကုန်း ဖြစ်၍နေ၏။

**အသပြာပေးကာ မိတ်ဖွဲ့ရှာ**

ကျောက်သွေး သမားသည် ထိုရွာဆိုးကုန်းတွင် ကျောက်တို့ကို တူးဖေါ်ကာ သွေးလေ၏၊ ကြွက်ဥစ္စာစောင့်မသည် အစာရှာသွားလတ်သော် ကျောက်သွေးသမားကို အဖန်ဖန်မြင်ရလျှင် ချစ်ကျွမ်းဝင်သောစိတ်ရှိသည်ဖြစ်၍ ''ငါ့မှာ ဥစ္စာများ၏၊အကြောင်းမရှိဘဲပျက်စီးရ၏၊ထိုကျောက်သွေး သမားနှင့် ပေါင်းသင်းမိတ်ဖွဲ့ကာ ဥစ္စာကိုပေး၍ အသားကို

ဝယ်စေပြီး စားမည်ဟု ကြံစည်၍ တနေ့သ၌ ကြွက်မသည် တသပြာကို နှုတ်သီးဖြင့်ကိုက်ချီလျက် ကျောက်သွေးသမား ထံ လာလေ၏။

ကျောက်သွေးသမားလည်း ကြွက်မကိုမြင်လျှင် ချစ်ဘွယ်သောစကားကိုပြောဆိုလျက် "မိခင်....ဘယ်အတွက် အသပြာကို ယူလာသနည်း"ဟု မေးလေ၏၊ "သခင်.... ဤအသပြာကိုယူ၍ သခင်လည်းသုံးပါ၊ အကျွန်ုပ်ဘို့လည်း အမဲသားကိုယူခဲ့ပါ"ဟု ပြောလေ၏၊ကျောက်သွေးသမား လည်း အမဲသား တပဲဘိုးဝယ်ကာ ကြွက်မအားပေးလေ၏၊ ကြွက်မလည်း ထိုအမဲသားကိုယူ၍အလိုရှိတိုင်းစားလေ၏၊ ဤနည်းဖြင့် နေ့တိုင်း,နေ့တိုင်း တသပြာကို ကျောက်သွေး သမားအားပေး၍ ကျောက်သွေးသမားလည်း အမဲသားကို ယူဆောင်ကာ ကြွက်မအားပေး၏။

**ရန်သူကြောင်များ ခွဲဝေစား**

တနေ့သ၌ကြွက်မကို ကြောင်သည် ဖမ်းမိလေ၏၊ ထိုအခါကြွက်မသည် ကြောင်အား"အဆွေ....ငါ့ကိုမသတ်ပါလင့်" ဟု ပြောလေ၏၊"သတ်မည် ငါဆာမွတ်သည်"ဟုပြောလေလျှင် "အဆွေ....သင် နေ့တိုင်းစားလိုသလော၊ တနေ့သာ စားလိုသလော"ဟုမေးလေ၏၊ "ငါနေ့တိုင်းစားလိုသည်" ဟု ပြောသောအခါ "အဆွေ..နေ့တိုင်းစားလိုလျှင် အမဲ သားကိုနေ့တိုင်းပေးပါမည်လွှတ်ပါ"ဟုတောင်းပန်လေ၏၊ "ကောင်းပြီလွှတ်ပါမည် ကတိမပျက်စေနှင့်"ဟုဆို၍ လွှတ် လိုက်၏၊ ထိုနေ့မှစ၍ ကြွက်မသည် မိမိရသောအမဲသားကို နှစ်စုဝေ၍တစုကို ကြောင်အားပေးကာ တစုကိုသာမိမိစား ရ၏။

နောက်တဖန်ကြွက်မကိုကြောင်တကောင်မိပြန်၏၊ ရှေးအတူလွှတ်စေ၍ အမဲသားကိုသုံးစုဝေ၍ တစုကိုပေးရပြန်၏၊ တဖန်ကြောင်တကောင်မိပြန်၏၊ အမဲသားကို လေးစုဝေ၍ တစုကိုပေးရပြန်၏၊ တဖန်တကောင်မိပြန်၏၊ အမဲသားကို ငါးစုဝေ၍ တစုပေးရပြန်၏၊ ထိုနေ့မှစ၍ ကြွက်မသည် ငါးစုတွင် တစုသာစားရတော့သဖြင့် မဝတော့ဘဲ ကြုံလှီပိန်ချုံး၍နေလေ၏။

**မိတ်ဆွေစောင်မ ချမ်းသာရ**

ကျောက်သွေးသမားသည် ပိန်ချုံးနေသောကြွက်မကိုမြင်လျှင် "မိခင်···· အဘယ့်ကြောင့် ပိန်ချုံးနေသနည်း" ဟု မေးလေ၏၊ ကြွက်မက အကြောင်းစုံ ပြောကြားလေ၏၊ ထိုအခါကျောက်သွေးသမားသည်မိမိကိုမပြောကြားသည့်အတွက် အပြစ်တင်၍"မိခင်····မစိုးရိမ်လင့်အကျွန်ုပ် စီမံပေးမည်"ဟု ပြောကြားကာ သက်သာရာ ရစေ၏၊ ထိုနောက် ကျောက်သွေးသမားသည် ကြည်လင်သော ဖန်ဂူကလေးတခုကိုထွင်း၍ ယူခဲ့ပြီးလျှင် "မိခင်····ဤဖန်ဂူထဲမှာနေ၍ လာတိုင်း,လာတိုင်းသော ကြောင်တို့ကို ကြမ်းထမ်းသောစကားကိုဆို၍ ခြိမ်းချောက်လော့"ဟု မှာထား၏၊ ကြွက်မလည်း ဖန်ဂူတွင်းသို့ ဝင်၍နေလေ၏။

ထိုအခါ ကြောင်တကောင်လာ၍ "ငါ့ကို အမဲသားပေးလော့"ဟု တောင်း၏၊ ကြွက်မလည်း ကြောင်အား "ဟယ်-ကြောင်ပျက်···· နင့်ကို အမဲသား ယူပေးနေသည့်အစေခံမှတ်သလော မပေးဘူး နင့်သားသမီးများ အသားကို စားပါလော"ဟု ခြိမ်းချောက်၏၊ ကြောင်သည် ဖန်ဂူ၌

နေသည်ကိုမသိ၍ အလွန်အမျက်ထွက်ကာ ဖမ်းယူမည်ဟု တဟုန်တည်း ပြေးလေလျှင် ရင်နှင့်တိုက်မိ၍ရင်ကွဲပြီး မျက်လုံးထွက်လျက် ဖုံးကွယ်ရာအရပ်၌လဲကာ ခဏခြင်း သေလေ၏၊ ဤနည်းဖြင့် နောက်လာသော ကြောင်သုံးကောင်တို့လည်း အစဉ်အတိုင်း သေကြလေကုန်၏။

**တသက်တာပင် လွန်ချစ်ခင်**

ထိုနေ့မှစ၍ကြွက်မသည် ဘေးမရှိသည်ဖြစ်၍ ကျောက်သွေးသမားအား နေ့တိုင်း,နေ့တိုင်း နှစ်သပြာ, သုံးသပြာ ပေးလေ၏၊ ကာလအတန်ကြာသော် အလုံးစုံသော ဥစ္စာသည် ကျောက်သွေးသမား၏ ဥစ္စာဖြစ်လေ၏၊ ထိုနှစ်ယောက်သောသူတို့သည် အသက်ထက်ဆုံး အဆွေခင်ပွန်းဖြစ်လျက် ချစ်ခင်စွာပေါင်းသင်းနေထိုင်ကြကုန်၏။

မြတ်စွာဘုရားသည် အတိတ်ဇာတ်ကို ဆောင်တော်မူ၍ ဘုရားဖြစ်တော်မူသောအခါ—

"ရဟန်းတို့···· ကြောင်တကောင်သည် ကြွက်မကို ဖမ်းမိသဖြင့် အမဲသားကိုရခဲ့၏၊ နောက်တကောင်လည်း ဖမ်းမိပြန်သဖြင့် အမဲသားကိုရပြန်၏၊ နောက်တကောင်လည်း ရပြန်၏၊ နောက်တကောင်လည်း ရပြန်၏၊ ထိုကြောင်လေးကောင်လုံးပင် ဖန်ဂူကိုရင်ဖြင့်တိုက်မိ၍သေကြကုန်၏"—

ဟုမိန့်ဆိုကာတရားဟောတော်မူ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ကြောင်လေးကောင်သည်- ယခုအခါ ရဟန်းလေးပါး။

※ ကြွက်မသည်-ကာဏမာတာ။

※ ကျောက်သွေးသမားသည်-ငါဘုရားဖြစ်လာပြီ–

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၂) သူ့ဥစ္စာသုံး၊သူ့နှလုံး၊ညှိုးချုံးထိစေလျက်၊
(၂) ထင်ရာပြုဘိ၊လိုက်မသိ၊ပေါင်းမိသူတိုင်းခက်၊

ဗဗ္ဗုဇာတ်ပြီး၏။

---

## ၁၃၈-ဂေါဓဇာတ်

ပစ္စုပ္ပန်ဝတ္ထု၊

**အံ့ဘွယ်ထင်အောင် အယောင်ဆောင်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် အံ့ဘွယ်သရဲကို ပြုလုပ်တတ်သော ရဟန်းတပါးကိုအကြောင်းပြု၍အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**ဖွတ်မင်းဆည်းကပ် ရသေ့မြတ်**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် အဘိညာဉ်သမာပတ်နှင့် ပြည့်စုံ၍ ခြိုးခြံသောအကျင့်ရှိသောရသေ့တပါးသည်ပစ္စန္တရာဇ်

ရွာကိုအမှီပြုကာ တောကျောင်းတခုတွင်နေလေ၏၊ ရွာနေ လူတို့သည်ရသေ့ကိုရိုသေစွာလုပ်ကျွေးကြကုန်၏၊

ဘုရားအလောင်းသည် ဖွတ်မျိုး၌ဖြစ်၍ ရသေ့၏စင်္ကြံဦး တောင်ပို့တခုဝယ် နေလျက် နေ့တိုင်း,နေ့တိုင်း ရသေ့ထံ နှစ်ကြိမ်,သုံးကြိမ်ဆည်းကပ်ကာအကျိုးအကြောင်း နှင့်စပ်သောတရားစကားကို မှတ်သားနာယူလေ၏။

တနေ့သ၌ရသေ့သည် ရွာသားတို့ကိုပန်ကြား၍ အရပ် တပါးသို့ဖဲသွားလေ၏၊ ထိုအခါ ကောက်ကျစ်စဉ်းလဲသော ရသေ့တပါးသည် လာလတ်၍ကျောင်းတွင်နေ၏၊ ဖွတ်ကြီး သည် ဤရသေ့လည်း အကျင့်သီလ ရှိသည်ဖြစ်လိမ့်မည်ဟု ရှေးနည်းအတူရသေ့ထံဆည်းကပ်လေ၏။

**ဖွတ်မင်းသတ်ရန် ရသေ့ယုတ်ကြံ**

နေ့အခါ အခါမဲ့ မိုးရွာသည်ရှိသော် တောင်ပို့မှ *ယင်[ပလူ]တို့သည် ထွက်ကြကုန်၏၊ဖွတ်တို့သည် ယင်တို့ကိုစားလို သဖြင့် ရှာဖွေကာလှည့်ပတ်သွားလာကုန်၏၊ ရွာသားတို့ သည် ဖွတ်တို့ကိုသတ်၍ ယူဆောင်ကာ ကောင်းသောအရ သာရှိအောင် အချိုအချဉ်ချက်ပြုတ်၍ ရသေ့အားကပ်လှူ ကြကုန်၏။

ရသေ့သည် ဖွတ်သားကိုစားရ၍ ရသတဏှာဖြင့် နှောင်ဖွဲ့သည်ဖြစ်ရကား "ဒါယကာတို့....ဤအသားကား အလွန် စား၍ကောင်းသည် ဘာအသားနည်း"ဟု မေး လေ၏၊

---

*ယင်– ပလူကိုဆိုဟန်ရှိသည်၊ ယင် တောင်ပို့မှာနေသည်ကို မတွေ့ဘူးပေ၊ ပလူဆိုသည်လည်း အတောင်ပေါက်၍ ပျံသော ခြပုံပင်ဖြစ်သည်။

"အရှင်ဘုရား....ဖွတ်သားပါ" ဟု လျှောက်ထားကြ၏၊ ရသေ့လည်း ဒါယကာတို့စကားကိုကြားလျှင် ငါ့ထံသို့ ဖွတ်ကြီးနေ့တိုင်းလာသည် သတ်၍စားမည်ဟု ကြံစည်လျက် အိုးကိုဂုဏ်း, ချဥ်ဆားစသည်တို့ကိုဂုဏ်း ဆောင်စေ၍ လျှောက်ပတ်သောအရပ်၌ အသင့်ထားနှင့်၏၊ ဆောက်ပုတ်[လက်ရိုက်]တခုကိုကိုင်ကာ သင်္ကန်းခြုံ၍ ကျောင်းတံခါးဝ၌ ဖွတ်ကြီးအလာကိုသာစောင့်လျက် ငြိမ်သက်စွာ နေနှင့်၏။

**ဇာန်ဖြေဖောက်ပြန်စုံစမ်းဥာဏ်**

ညချမ်းအခါ၌ ဖွတ်ကြီးသည် ရသေ့ထံသို့ ဆည်းကပ် သွားမည်ဟု တွင်းမှထွက်၍လာလတ်သော် အနီးသို့ရောက်လျှင် ရသေ့၏ ဇာန်ဖြေဖောက်ပြန်ခြင်းကိုမြင်၍ ဤရသေ့ကား ခါတိုင်းနေ့များနှင့်မတူ ငါ့ကို ဇာန်ဖြေပျက်၍ ကြည့်ဘိသည် အကဲမရ စုံစမ်းမည်ဟု လေအောက်ဖက်သို့သွားလျှင် ဖွတ်သားနံ့ရ၍ ဤကောက်ကျစ်စဉ်းလဲသော ရသေ့ကား ယနေ့ဖွတ်သားကို စားရသည်ဖြစ်လတ့်၊ ရသတဏှာဖြင့် နှောင်ဖွဲ့အပ်သည်ဖြစ်၍ ဆည်းကပ်လာသော ငါ့ကို ဆောက်ပုတ်နှင့်ရိုက်သတ်၍ စားလိုသည်ဖြစ်လတ့် ဟု ဆင်ခြင်ကာ အနားသို့မကပ်ဘဲပြန်လေ၏။

**ရသေ့စဉ်းလဲပင်ငြိမ်းချောက်နှင်**

ရသေ့လည်း ဖွတ်ကြီးသည် ဤရသေ့ကား ငါ့ကိုသတ်လိုသည်ဟု သိသည်ဖြစ်လိမ့်မည်၊သို့အတွက် ငါ့ထံသို့မလာ၊ မလာသော်လည်း ဤဖွတ်အဘယ်မှာ လွတ်နိုင်မည်နည်း ဟု ဆောက်ပုတ်ကိုထုတ်၍ ဝးအားပစ်လေ၏၊ဆောက်ပုတ်လည်း ဖွတ်ကိုမမှန်ဘဲ အမြီးဖျားကိုသာ ခတ်မိလေ၏၊

ဖွတ်ကြီးလည်း လျင်စွာတောင်ပို့သို့ဝင်၍ ကယ်ပေါက်မှ ခေါင်း ထွက်ပြီးလျှင် ရသေ့အား—

"အို-ရသေ့ကောက်····ငါသင့်ထံ အကျင့်သီလ ရှိသည်မှတ်၍ ဆည်းကပ်၏၊ ယခုသင်ကောက်ကျစ် စဉ်းလဲသောအဖြစ်ကိုသိရပြီ၊ သင်ကဲ့သို့သောသူခိုး ကြီးအား ဆံကျစ်ဖြင့်ရင်း, သစ်နက်ရေဖြင့်ရင်း အကျိုးမရှိ၊ သင့်ကိုယ်တွင်းမှာ ဖုံးလွှမ်းအပ်သော ကိလေသာရှိ၏၊ သင်ကားပြင်ပတွင် အရောင်တင် ၍ထား၏၊ သင်ဤအရပ်မှာနေသဖြင့် အကျိုးမရှိ၊ အမြန်ပြေးလော့၊ အကယ်၍မပြေးမူ ရွာနေသူတို့ ကိုပြောကြားကာနှိပ်စက်စေမည်"—

ဟု ခြိမ်းချောက်ကာ တောင်ပို့ထဲသို့ဝင်လေ၏။

ကောက်ကျစ်စဉ်းလဲသော ရသေ့လည်း ဤအရပ်မှာ မနေဝံ့တော့ဘဲ အရပ်တပါးသို့ဖဲ သွားလေ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်-

ရဟန်းတို့····

※ ထိုအခါ ကောက်ကျစ်စဉ်းလဲသော ရသေ့သည်— ယခုအခါ အံ့ဘွယ်သရဲကိုပြုသောရဟန်း။

※ ရှေးဦးနေ၍ သီလရှိသော ရသေ့သည်— သာရိပုတ္တရာ။

※ ဖွတ်သည်—ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သက်န်းဝတ်လစ်၊ ထုံးဆံကျစ်၊ ကောက်ကျစ်ရသေ့ညာ။
(၂) ဖွတ်ကြီးလာလင့်၊ ဆောက်ပုတ်ဖြင့်၊ ပစ်လွှင့်သဘ်သည်သာ။

ဂေါဓာဇာတ် ပြီး၏။

---

# ၁၃၉—ဥဘတောပဒုဋ္ဌဇာတ်

## ပဉ္စမပဏ္ဏာသ၊

**ကျိုးနှစ်ပါးဆုံး လူဖြစ်ရှုံး**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော် မူစဉ် ရဟန်းတို့သည် တရားသဘင်ဝယ် "ငါ့ရှင်တို့....အစွန်းနှစ်ဘက်မှ ပြောင်ပြောင်တောက်၍ အလယ်တွင် မစင်လူးလျက် သုသာန်၌ ပစ်ထားသောထင်းသည် တောနှင့်ရွာနှစ်မျိုးလုံး၌ ထင်းကိစ္စကို မပြီးစေနိုင်သကဲ့သို့၊ ဒေဝဒတ်သည် သာသနာတော်၌ ရဟန်းပြုလျက် ရဟန်းကိစ္စကိုလည်း မပြီးစေနိုင်၊ လူ့စည်းစိမ်မှလည်း ဆုတ်ယုတ်၏၊ ဤသို့ အကျိုးနှစ်ပါးစုံမှ ဆုံးရှုံး၏"ဟု စကားကို ဖြစ်စေကြကုန်၏။

ထိုအခါ မြတ်စွာဘုရားကြွလာတော်မူ၍ ရဟန်းတို့အား မေးတော်မူရာ ထိုအကြောင်းကို လျှောက်ထားကြလျှင် "ရဟန်းတို့....ဒေဝဒတ်သည် ယခုအခါ၌သာလျှင် အကျိုးနှစ်ပါးစုံမှ ဆုံးရှုံးသည်မဟုတ်၊ ရှေးအခါ၌လည်း ဆုံးရှုံးခဲ့ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**သားငယ်လွှတ်ကာ မယားမှာ**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည် ရှိသော် ဘုရားအလောင်းသည် ရုက္ခစိုး နတ်ဖြစ်လေ၏၊ တံငါရွာတခု၌လည်း တံငါတို့သည် နေကြကုန်၏။

ထိုအခါ တံငါတယောက်သည် သားငယ်ကို ခေါ်ကာ ငါးများချိတ်ကိုယူ၍ * ထုံးအိုင်တခုတွင် ငါးများလေ၏၊ ငါးများချိတ်သည်ရေအောက်ရှိသစ်ငုတ်တွင် ငြိလေ၏၊ တံငါသည် ငါးများချိတ်ကိုဆွဲရာ မရသဖြင့် ငါးကြီးကို မိသည် ဖြစ်လိမ့်မည် သားငယ်ကို သူ့အမိထံ လွှတ်၍ အိမ်နီးချင်းတို့နှင့် ခိုက်ရန်ဖြစ်စေမည်၊သို့မှ ငါးအစုကို မတောင်းလာဘဲရှိမည်ဟု ကြံစည်ပြီးလျှင် သားငယ်အား''ချစ်သား···· သင့်အမိထံသွားချေ ငါးကြီးတကောင်မိနေသည်၊ ငါးအစု မပေးရအောင် အိမ်နီးချင်းတို့နှင့်ခိုက်ရန်ဖြစ်ထားနှင့်''ဟု အပြောခိုင်းလေ၏။

**မျက်စိလည်း ရှုံး ပုဆိုးဆုံး**

တံငါလည်းငါးများချိတ်ကို အတင်းဆွဲလျှင် ကြိုးပြတ်မည်ကို စိုးရိမ်သဖြင့် အပေါ်ရုံပုဆိုးကို ကမ်းပေါ်၌ထားကာ ရေသို့ဆင်းလျက် ငါးကိုတပ်မက်လိုချင်သောလောဘဖြင့် လက်ဖြင့်စမ်းသည် ရှိသော်သစ်ငုတ်ဖြင့်ထိုးမိ၍ မျက်စိ နှစ်လုံးတို့သည်ပေါက်ကုန်၏၊ကမ်းပေါ်၌ထားခဲ့သောပုဆိုးကို

---

* ထုံးအိုင်–လူတို့မတူးရဘဲ အလိုလို ဖြစ်နေသောအိုင် ယခုကာလ–အင်းလည်းခေါ်ကြသည်။

လည်းလူခိုးသွားလေ၏၊တံငါသည်အလွန်နာကြင်လှသဖြင့် မျက်စိတို့ကို လက်ဝါးဖြင့် ပိတ်ကာ ကုန်းပေါ်သို့တက်၍ တုန်တုန်ရီရီ ပုဆိုးကိုရှာလေ၏။

**အိမ်နီးရန်ထောင် ဒဏ်ငွေဆောင်**

အိမ်ကမယားလည်း သားငယ်လာ၍ ပြောသဖြင့် အကြောင်းကိုကြားလျှင် ငါးအစု မပေးရအောင် ခိုက်ရန်ဖြစ်မည်ဟု နားတဖက်တွင် ထန်းရွက်လိပ်နားဒေါင်းကို ဝတ်ဆင်လျက် မျက်စိတဖက်တွင် အိုးမဲကွက်၍ ခွေးငယ်ကို ရင်မှာပိုက်ပြီးလျှင် အိမ်နီးချင်းတို့အိမ်သို့ သွားလေ၏။

ထိုအခါ အဆွေခင်ပွန်းဖြစ်သော မိန်းမတယောက်သည် ရန်တွေ့ရန်လာသော တံငါ့မယားကို မြင်လျှင် "ဟယ်ကောင်မ··နင်ကား နားတဖက်တွင် ထန်းရွက်လိပ်နားဒေါင်းကို ဝတ်ဆင်လျက် မျက်စိတဖက်တွင်လည်း အိုးမဲကွက်၍ ခွေးငယ်ကိုရင်ခွင်မှာပိုက်ပြီးလျှင် တအိမ်တက် တအိမ်ဆင်းသွားနေသည်၊ နင်ရူးနေသလော" ဟု ဆိုလေ၏၊ တံငါ့မယားက "ငါမရူးဘူး၊ နင်ကား ငါ့ကို အကြောင်းမဲ့ ဆဲရေးသည်၊ ရေရွတ်သည်၊ ယခုနင့်ကို ရွာစားမင်းထံတိုင်၍၊ ရှစ်သပြာလျော်စေမည်"ဟု ငြင်းခုံလျက် ခိုက်ရန်ဖြစ်ကာ ရွာစားမင်းထံသွားကြလေ၏။

ရွာစားမင်းသည် ထိုမိန်းမနှစ်ယောက်တို့ငြင်းခုံခိုက်ရန်ဖြစ်ရခြင်းအကြောင်းစုံကို စိစစ်မေးမြန်းသောအခါ တံငါ့မယား၌သာ အပြစ်ရှိသည်ဟုဆုံးဖြတ်၍ရှစ်သပြာ လျော်စေဟု ဒဏ်ငွေရိုက်လေ၏၊ လူကိုလည်း နှောင်ဖွဲ့၍ ပုတ်ခတ်ရိုက်နှက်ရန် စီမံကြလေ၏။

ရုက္ခစိုးပြောပြ ကိုယ်ထင်ပြ

ထိုအခါ ရုက္ခစိုးနတ်သည် ရှာ၍ တံငါ့ မယား အဖြစ်အပျက်ကိုရင်း,တော၌ တံငါအဖြစ်အပျက်ကိုရင်း သိ၍သစ်ပင် ခွတွင်ရပ်ကာ တံငါအား–

''အို ယောကျာ်း··သင့်မှာ မျက်စိနှစ်လုံးလည်း ပေါက်ကွဲခဲ့ပြီ၊ ပုဆိုးလည်း ပျောက်ခဲ့ပြီ၊ အိမ်တွင် မယားလည်း ခိုက်ရန်ဖြစ်၍ ဒဏ်ရိုက်ခံရပြီ၊ သို့အတွက် သင့်မှာ ရေ,ကုန်း နှစ်ပါးစုံမှ ပျက်စီးဆုံးရှုံးရလေပြီ''–

ဟု အလုံးစုံ ပြောကြားလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန်နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့····

※ ထိုအခါ တံငါသည်–ယခုအခါ ဒေဝဒတ်။

※ ရုက္ခစိုးနတ်သည်–ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) ကုန်း,ရေနှစ်ပါး၊ အကျိုးများ၊ ပျက်ပြားတံငါမိုက်။

(၂) လူ,သာသနာ၊ ကျိုးနှစ်ဖြာ၊ ပျက်ရာရဟန်းမိုက်။

ဥဘတောဘဋ္ဌဇာတ် ပြီး၏။

## ၁၄၀-ကာကဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ဆွေမျိုးကြောင်းပြု ကျင့်ကြံမှု** နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဆွေတော် မျိုးတော်တို့အကျိုးစီးပွားကျင့်ခြင်းကို အကြောင်းပြု၍အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။ ။[ပစ္စုပ္ပန်ဝတ္ထုသည်-ဒွါဒသနိပါတ်ဘဒ္ဒသာလဇာတ်၌ ထင်စွာဖြစ်လတံ့။]

### အတိတ်ဝတ္ထု

**ကျီးမိုက်ပြောင်လှောင်ရန်ဖွဲ့နှောင်** လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကျီးမင်းဖြစ်၍ သုသာန်တွင် ကျီးရှစ်သောင်းခြံရံကာနေလေ၏။

တနေ့သ၌ ပုရောဟိတ်ပုဏ္ဏားသည် မြို့ပြင်မြစ်နားတွင် ရေချိုး၍ နံ့သာလိမ်းကျံလျက် ပန်းပန်ကာ မွန်မြတ်သော အဝတ်ကို ဝတ်ဆင်ပြီးလျှင် မြို့တွင်းသို့ဝင်လေ၏။

ထိုအခါ တံခါးတိုင်ဖျားဝယ် ကျီးနှစ်ကောင်တို့သည် နားလျက်ရှိကုန်၏၊ တကောင်က "အဆွေ····ငါပုဏ္ဏား အပေါ် မစင်စွန့်ချမည်"ဟုဆို၏၊ တကောင်က"အဆွေ·· မလုပ်ပါနှင့် ဤပုဏ္ဏားကား အစိုးရသူဖြစ်သည် အစိုးရသူနှင့် ခိုက်ရန်ဖြစ်ခြင်းသည် မကောင်းပါ၊ ဤပုဏ္ဏားအမျက်ထွက်လျှင် ငါတို့တမျိုးလုံး ပျက်စီးမည်"ဟု ဆိုလေ၏၊

တကောင်က''အဆွေ····ငါသည် မလုပ်ဘဲမနေနိုင်'' ဟု ဆိုပြန်၏၊ တကောင်က''အဆွေ····သည်လိုဖြစ်လျှင်အမှန် သေးဖြစ်တော့မည်''ဟုဆို၍ ပျံလေ၏၊ ကျန်သော ကျီးသည် ပုဏ္ဏားတံခါးတိုင်အောက်သို့ ရောက်သည်ရှိသော် ခေါင်း ပေါ်တွင်မစင်စွန့်ချလေ၏၊ ပုဏ္ဏားလည်း အမျက်ထွက်၍ ရန်ငြိုးဖွဲ့လေ၏။

**ဆိတ်ကိုရန်ထောင်ဆင်မီးလောင်**

ထိုအခါ စပါးအခစား ထောင်းသော ကျွန်မ တယောက်သည် အိမ်တံခါး နေပူစာတွင် စပါးကိုဖြန့်၍ လှမ်းကာ ထိုင်စောင့်ရင်း အိပ်ပျော်နေစဉ် အမွေးရှည်သော ဆိတ်တ ကောင်သည် လာ၍စား၏၊ ကျွန်မနိုး၍ ဆိတ်ကိုမြင်လျှင် မောင်းနှင်လိုက်၏၊နောက်တကြိမ်,နှစ်ကြိမ်လာ၍ စားပြန် ၏၊ မောင်းနှင်လိုက်ပြန်၏၊ နောက်အကြိမ်ကြိမ်လာပြန်ရာ ငါ့စပါးတဝက်ကုန်၍ ယုတ်လျော့တော့မည် သည်တခါ ဆိတ် နောက်မလာဝံ့အောင် ပြုလုပ်မည်ဟု ကြံစည်ကာ မီးစတခုကိုကိုင်၍ စောင့်ရင်း အိပ်ပျော်ဟန်ဆောင်နေ၏၊ ဆိတ်လည်းလာ၍စားပြန်၏၊ ထိုအခါဆိတ်ကိုမီးစဖြင့်ရိုက် နှက်လေ၏။

ဆိတ်လည်း အမွေးများကို မီးလောင်လျှင် ပူလောင် သဖြင့် ငြိမ်းအေးစေရန် လျင်စွာသွား၍ ဆင်တင်းကုပ် အနီးရှိ မြက်တင်းကုပ်ကို ကိုယ်ဖြင့်ပွတ်လေ၏၊ ထိုအခါ မြက်တင်းကုပ် မီးလောင်လေ၏၊ကူးစက်ကာ အနီးရှိဆင် တင်းကုပ်လည်း မီးလောင်လေတော့၏၊ တင်းကုပ်ကိုမီး လောင်လျှင် ဆင်တို့ကိုလောင်၍ တကိုယ်လုံး မီးလောင် နာတို့ဖြင့်ပြည့်လျက်ရှိကြကုန်၏။

**ဆင်နာကြောင်းပြ နောက်ရန်စ**

ဆင်ဆရာတို့သည် ဆင်တို့ကို မီးလောင်နာပျောက်အောင် မကုသနိုင်ကြသဖြင့် မင်းကြီးအား လျှောက်ထား ကြကုန်၏၊ မင်းကြီးလည်း မိမိထံခစားလာသော ပုရောဟိတ်ပုဏ္ဏားအား "ဆရာ····ဆင်တို့မီးလောင်နာပျောက်ကင်းသည့်ဆေးကိုသိပါသလော"ဟု မေးလေ၏၊ ပုဏ္ဏားလည်း အချက်ကောင်းရပြီ ကျီးတွေ ပျက်စီးသည်ကို မြင်ရတော့မည်ဟု အောက်မေ့ကာ "အရှင်မင်းကြီး····သိပါသည်၊ ကျီးဆီကိုရလျှင် အမြန်ပျောက်ကင်းနိုင်ပါသည်" ဟု လျှောက်လေ၏၊ မင်းကြီးလည်း မင်းချင်းတို့အား ကျီးတို့ကို သတ်၍အဆီကိုဆောင်ခဲ့ကြကုန်ဟု အမိန့်ပေးလေ၏၊လူတို့သည် ထိုအခါမှစ၍ ကျီးတို့ကိုသတ်ကာ အဆီမရသဖြင့် နေရာတကာတွင် ကျီးသေတို့ကိုစုပုံထားကြကုန်၏၊ ကျီးတို့မှာ ဘေးကြီးစွာဖြစ်ကြလေ၏။

ထိုအခါ ကျီးတကောင်သည် သုသာန်တွင် နေသော ကျီးမင်းထံသွား၍ ကျီးတို့မှာ ဘေးကြီးစွာဖြစ်နေကြောင်း လျှောက်ထားလေ၏၊ထိုအခါကျီးမင်းသည်"ငါမှတပါးကျီးတို့ဘေးကိုတားမြစ်နိုင်သူမရှိ"ဟုပါရမီဆယ်ပါးတို့ကိုဆင်ခြင်လျက် မေတ္တာပါရမီကိုရှေ့သွားပြုကာ တဟုန်တည်း ပျံသန်း၍ လေသွန်ပြူတင်းဖြင့်ဝင်၍ မင်းကြီးနေရာအောက်သို့ ဝင်လေ၏၊ မင်းချင်းတို့ဖမ်းမည်ပြုရာ မင်းကြီးက တားမြစ်လေ၏။

**ကျီးမင်းလျှောက်တင် မင်းထံဝင်**

ကျီးမင်းလည်း အပန်းဖြေ ပြီးလျှင် မေတ္တာပါရမီကိုဆင်ခြင်လျက် နေရာအောက်မှထွက်၍ မင်းကြီးအား—

"မြတ်သောမင်းကြီး..မင်းမည်သည်မှာဆန္ဒာဂတိစသော အဂတိလေးပါးသို့ မလိုက်စားရာ၊ မည်သည့်အမှုမဆို စူးစမ်းဆင်ခြင်၍သာ ပြုအပ်၏၊ ပြုလုပ်၍ ပြီးလောက်သော အမှုကိုသာ ပြုရာ၏၊ မပြီးလောက်သောအမှုကိုမပြုလုပ်ရာ၊မပြီးလောက်သောအမှုကို ပြုမိလျှင်လူတို့အား ဘေးအမျိုးမျိုး ဖြစ်လိမ့်မည်၊ ကျီးဆီဖြင့် ဆင်နာပျောက်လိမ့်မည် ဆိုခြင်းကား ပုရောဟိတ်သည် ကျီးတို့၌ ရန်ငြိုးဖွဲ့၍ မုသားဆိုခြင်းဖြစ်၏၊ ကျီးတို့၌ အဆီဘယ်အခါမျှ မရှိခဲ့ဘူးပါ"—

ဟုလျှောက်ထားလေ၏၊ မင်းကြီးလည်း ကျီးမင်း၏ စကားကိုကြားလျှင် အလွန်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ကျီးမင်းကို ရွှေအင်းပျဉ်၌ ထားပြီးလျှင် အကြိမ်တရာချက်အပ်သောဆီကို အတောင်ကြားတို့၌ လိမ်းစေ၍ ကျီးမင်းအား ထိုက်သော ဘောဇဉ်ကိုရွှေခွက်ယယ်တွင် ထည့်ကာ ကျွေးစေ၏။

**လောင်းတော်ကယ်မှ ချမ်းသာကြ**

မင်းကြီးသည် ဘောဇဉ် စားစေပြီးသော် ကျီးမင်းအား "အိုပညာရှိ.... သင်သည် ကျီးတို့မှာ အဆီမရှိဟုဆိုပေ၏၊ အဘယ်ကြောင့် အဆီမရှိသနည်း" ဟု မေးလေ၏၊ ထိုအခါ ကျီးမင်းသည် မင်းကြီးအား—

"မြတ်သောမင်းကြီး.... ကျီးတို့မှာ အမြဲထိတ်လန့်သောစိတ်ရှိကြကုန်၏၊ သတ္တဝါအလုံးစုံတို့ကို

ညှဉ်းဆဲတတ်ကုန်၏၊ ထို့ကြောင့် ငါတို့အမျိုးကျီး
တို့၌အဆီမရှိကုန်"—

ဟု သာယာစွာသောအသံဖြင့် ကျီးတို့၌အဆီမရှိခြင်း အကြောင်းကို ဟောလေ၏၊ "မြတ်သောမင်းကြီး.... ကျီးတို့၌အဆီသည် ယခုအခါ၌သာ မရှိသည်မဟုတ်၊ ရှေးအခါကလည်း မရှိခဲ့ဘူးပါ၊ နောင်အခါလည်းရှိလိမ့်မည် မဟုတ်ပါဟု ထပ်မံထင်ရှားအောင်ဟောပြန်၏။

မင်းကြီးလည်း နှစ်သက်ကြည်ညိုတော်မူသဖြင့် ကျီးမင်းအား မင်းစည်းစိမ်ဖြင့် ပူဇော်လေ၏၊ ကျီးမင်းလည်းပူဇော်သောမင်းစည်းစိမ်ကိုခံယူကာ မင်းကြီးအား ပြန်အပ်နှင်းပြီးလျှင် ငါးပါးသီလ၌ တည်စေလျက် ခပ်သိမ်းသော သတ္တဝါတို့အား ဘေးမဲ့ပေးပါဟုတောင်းပန်လေ၏။

မင်းကြီးလည်း ကျီးမင်း၏တရားကိုကြားနာရ၍ ခပ်သိမ်းသော သတ္တဝါတို့အား ဘေးမဲ့ပေးတော်မူ၏၊ ကျီးတို့အား နေ့တိုင်း,နေ့တိုင်း ဆန်ဆယ့်တစိတ်ချက် ထမင်းနှင့်အထူးထူးသောဘောဇဉ်တို့ကို လှူစေ၏၊ကျီးမင်းအား မင်းကြီးစားတော်မူသောဘောဇဉ်ကို လှူစေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်....

ရဟန်းတို့....

※ ထိုအခါ　ဗာရာဏသီမင်းသည် -　ယခုအခါ အာနန္ဒာ။

※ ကျီးမင်းသည်-ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ထိတ်လန့်အမြဲ၊ လူညှဉ်းဆဲ၊ ကျီးမဲဆိမရှိ။
(၂) မင်းမည်သည့်မှာ၊ ဆင်ခြင်ကာ၊ ရာရာပြုလေဘိ။
(၃) ပြီးလောက်ရာပြု၊ မပြီးပြု၊ လူထုဘေးကြီးထိ။

ကာကဇာတ်ပြီး၏။

---

## ၁၄၁—ဂေါဓာဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ရန်သူပေါင်းဖက် မျိုးလုံးပျက်**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဆန့်ကျင်ဘက် အဆွေခင်ပွန်းကို ပေါင်းဘော်သော ရဟန်းကိုအကြောင်းပြု၍ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

[ပစ္စုပ္ပန်ဝတ္ထုသည် မဟိဠာမုခဇာတ် ပစ္စုပ္ပန်ဝတ္ထုနှင့် တူ၏။]

### အတိတ်ဝတ္ထု

**ဆန့်ကျင်ဖက်ဖြစ် သားတားမြစ်**

လွန်လေ ပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဖွတ်မင်းဖြစ်၍ မြစ်ကမ်းနားရှိ တွင်းကြီးတခုဝယ် အရာမကသော ဖွတ်တို့ဖြင့် ခြံရံလျက်ရှိနေ၏။

ထိုဖွတ်မင်း၏သားဖြစ်သော ဖွတ်ငယ်ကား ပုတ်သင်တကောင်နှင့် အဆွေခင်ပွန်းဖွဲ့ကာ အတူတကွ ဝမ်းမြောက်

ဝမ်းသာနေလျက် ပုတ်သင်ကိုဖက်၍ ကစားကြ၏၊ ဖွတ်တို့သည် ဖွတ်ငယ်၏အကြောင်းကို ဖွတ်မင်းအား ပြောကြားကုန်၏။

ဖွတ်မင်းသည် သားငယ်ကိုခေါ်၍ "အမောင်··ပုတ်သင်နှင့် အဆွေခင်ပွန်းမဖွဲ့လင့်၊ ပုတ်သင်ကား အမျိုးယုတ်၏၊ ပုတ်သင်နှင့်အဆွေခင်ပွန်းဖွဲ့လျှင်၊ ၎င်းကိုမှီ၍ ဖွတ်တွေတမျိုးလုံးပျက်စီးလိမ့်မည်"ဟု ဆုံးမတားမြစ်လေ၏၊ ဖွတ်ငယ်သည် အဘဖွတ်မင်း၏ စကားကို နားမထောင်၊ အကျွမ်းတဝင် ပုတ်သင်နှင့်သာ နေလေ၏။

**ကြည်စားလွန်ရာ ရန်ငြိုးရှာ**

တနေ့သ၌ ဖွတ်မင်းသည် သားငယ်ကို အဖန်ဖန် ဆုံးမတားမြစ်၍ မရတော့သဖြင့် "ငါတို့အား ပုတ်သင်ကိုမှီ၍ မုချဘေးတွေ့သည်ရှိသော် ပြေးထွက်ဘို့ လမ်းရရန် ကယ်ပေါက်တခု လိုသည်"ဟု ကြံစည်ကာ နံပါးတဖက်တွင် ကယ်ပေါက်ဖေါက်စေ၏။

ဖွတ်ငယ်လည်း အစဉ်သဖြင့် ကြီးထွားသော ကိုယ်ရှိလေ၏၊ ပုတ်သင်ကား ရှေးက ပမာဏအတိုင်းသာ ရှိ၏၊ ဖွတ်ငယ်သည် ရံခါပုတ်သင်ကိုဖက်ကာ အပေါ်ကဖိလေ၏၊ ပုတ်သင်မှာ တောင်ထွတ်ဖြင့် ဖိသကဲ့သို့ဖြစ်လေ၏၊ ထိုအခါ ပုတ်သင်သည် ပင်ပန်းသည်ဖြစ်၍ ဖွတ်သည် ဤလိုသာ ငါ့ကိုနှစ်ရက်,သုံးရက်ဆက်ဖိလျှင် ငါသေရလိမ့်မည်၊ မုဆိုးတယောက်နှင့် အဆွေခင်ပွန်းဖွဲ့ကာ ဖွတ်တမျိုးလုံးဖျက်ဆီးမည်ဟု ကြံစည်လျက်သာနေ၏။

**သူယုတ်မိတ်ဆွေ ဖျက်ဆီးလေ**

နွေအခါ မိုးရွာသည်ရှိသော် တောင်ပို့မှ ယင်[ပလူ] တို့သည် ထွက်ကုန်၏၊ ဖွတ်တို့သည် ထိုထိုအရပ်မှ ထွက်ကြလျက် ယင်တို့ကိုစားကုန်၏၊ မုဆိုးတယောက်သည် ဖွတ်တွင်းကိုဖျက်မည်ဟု ပေါက်တူးကိုကိုင်ကာ ခွေးအပေါင်းခြံရံလျက် တောသို့လာ၏၊ ပုတ်သင်သည် ထိုမုဆိုးကိုမြင်လျှင် ငါ၏အလို ပြည့်တော့မည်ဟု ဝမ်းမြောက် ဝမ်းသာ မုဆိုးထံကပ်၍ "အို-ယောကျ်ား···· ဘယ်အတွက်တော၌လှည့်လည်သနည်း"ဟုမေးလေ၏၊ "အဆွေ··ဖွတ်လိုချင်၍လှည့်လည်သည်"ဟုပြောလေ၏၊"အို-ယောကျ်ား··ငါဖွတ်တို့နေရာကိုသိသည် ပြမည်၊ မီးနှင့်ကောက်ရိုးကို ယူ၍လာပါ"ဟု ဆို၍ဖွတ်တို့နေရာကို ပြပြီးလျှင် ယနေ့ရန်သူပျက်စီးသည်ကို မြင်ရတော့မည်ဟု တနေရာကနေလျက် ခေါင်းထောင်ကာ ကြည့်လေ၏။

**သူယုတ်မိတ်ဖွဲ့ အမျိုးပျက်**

မုဆိုးလည်း ကောက်ရိုးကိုယူကာ ခွေးတို့ကို ဖွတ်တွင်းပတ်လည် ထားကာ တောင်ပို့ပေါက်တွင် ကောက်ရိုးထည့်၍ မီးတိုက်လေ၏၊ ဖွတ်တို့သည် မီးခိုးသင့်၍ထွက်ကြကုန်၏၊ မုဆိုးသည် အပေါက်တွင်စောင့်ကာထွက်တိုင်း,ထွက်တိုင်းသော ဖွတ်တို့ကို ဆောက်ပုတ်ဖြင့် ရိုက်လေ၏၊ မုဆိုးမရိုက်မိဘဲ လွတ်၍ပြေးသောဖွတ်တို့ကိုခွေးတို့သည် ကိုက်ကုန်၏၊ ဖွတ်တို့အားကြီးစွာပျက်စီးခြင်းဖြစ်လေ၏။

ဖွတ်မင်းသည် ပုတ်သင်ကိုမှီ၍ ဘေးဖြစ်ကြောင်းကိုသိသဖြင့်-ကယ်ပေါက်ဖြင့် ပြေးကာ—

"အမောင်တို့····ယုတ်မာသောသူနှင့် မပေါင်း
ဖော်ရာ၊ ယုတ်မာသော သူကိုမှီ၍ ချမ်းသာမည်
သည်မရှိ၊ ယုတ်မာသောပုတ်သင်ကိုမှီ၍ ဖွတ်တမျိုး
လုံးပျက်စီးခြင်းသို့ရောက်ရချေပြီ"—
ဟု-ဖွတ်အပေါင်းတို့ကို ပြောဆိုဆုံးမလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····
※ ထိုအခါ ပုတ်သင်သည်-ယခုအခါ ဒေဝဒတ်။
※ ဖွတ်ငယ်သည် - ဆန့်ကျင်ဖက် အဆွေခင်ပွန်းကို ပေါင်းသောရဟန်း။
※ ဖွတ်မင်းသည်-ငါဘုရားဖြစ်လာပြီ—
ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) အကျင့်ယုတ်လေ၊ မိုက်မဲလေ၊ အဆွေမဖွဲ့ရာ။
(၂) ဆွေယုတ်ပေါင်းငြား၊ ကျိုးစီးပွား၊ မမှားပျက်စီးရာ။
(၃) ပုတ်သင်ယုတ်ဆွေ၊ ပေါင်းမိလေ၊ ဖွတ်တွေသေကြရှာ။

ဂေါဓဇာတ်ပြီး၏။

# ၁၄၂ — သိင်္ဂါလဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

**ပရိယာယ်ဉာဏ် သတ်ဘို့ကြံ**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည်မြတ်စွာဘုရားကိုသတ်ရန် လုံ့လပြု၍နေ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ဒေဝဒတ်အကြောင်း စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍ "ရဟန်းတို့.... ဒေဝဒတ်သည် ယခုအခါ၌သာ ငါဘုရားကိုသတ်ရန် လုံ့လပြုသည်မဟုတ်၊ ရှေးအခါ၌လည်း လုံ့လပြုဘူးပြီ၊ လုံ့လပြုသော်လည်း မသတ်နိုင်သဖြင့် မိမိကိုယ်တိုင်သာ ပင်ပန်းခြင်းရောက်ခဲ့ဘူးပြီ"ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**မြေခွေးသတ်ရန် ယောင်ဆောင်ပြန်**

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် မြေခွေးမင်းဖြစ်၍ သုသာန်တော၌ မြေခွေးအပေါင်းခြံရံလျက်နေ၏။

ထိုအခါ ရာဇဂြိုဟ်ပြည်ဝယ် သေရည်သောက်ပွဲသဘင်ဖြစ်လေ၏၊ သေသောက်ကြူးတို့သည် များစွာသော သေရည်နှင့် အမဲကိုဆောင်စေ၍ တန်ဆာဆင်ကုန်လျက် သီချင်းဆိုကာ သေရည်ကိုသောက်ကြကုန်၏၊ အမဲကိုလည်း စား

ကြကုန်၏၊ ညဉ့်အခါ ပဌမယာမ်လွန်လျှင် အမဲကုန်လေ၏၊ သေရည်ကား များစွာကျန်သေး၏။

သေသောက်ကြူး တယောက်သည် အမဲကိုတောင်း၏၊ အမဲကုန်ပြီဟုဆိုလျှင် "ငါတယောက်လုံးရှိလျက်အမဲကုန်ရာသလော"ဟုဆိုကာအစိမ်းပစ်ရာသုသာန်သို့သွား၍ လူသားစားရန်လာသော မြေခွေးကိုသတ်၍ အသားကိုယူခဲ့မည်ဟုကြံစည်ကာဆောက်ပုတ်ကိုကိုင်လျက် ရေပြွန်ပေါက်မှ မြို့ပြင်သို့ထွက်ပြီးလျှင် သုသာန်သို့သွားလေ၏၊ ရောက်လျှင် ဆောက်ပုတ်ကိုကိုင်လျက် သူသေယောင်ဆောင်ကာ အိပ်၍စောင့်လေ၏။

**စုံးစမ်းတိမ်းရှောင်**
**သေကြူးလျှောင်**

မြေခွေးမင်းလည်း မြေခွေးအပေါင်းခြံရံကာသုသာန်သို့သွားသည်ရှိသော်အိပ်၍စောင့်နေသောသေသောက်ကြူးကိုမြင်လျှင် ဤသူကား လူသေမဟုတ်ဟုသိသော်လည်း ထပ်မံ၍စုံစမ်းဦးမည်ဟု လေအောက်ဘက်သို့ရပ်လျက် အနံ့ခံ၏၊ အဟုတ်အမှန် မသေသောအဖြစ်ကိုသိပြီး၍ ထိုသေသောက်ကြူးကိုအရှက်ရပြီးမှ ပြန်စေမည်ဟု အနီးသို့သွားကာ ဆုတ်ကိုင်ထားသော ဆောက်ပုတ်စွန်းကို ကိုက်၍ဆွဲလေ၏၊ သေသောက်ကြူးသည် ဆောက်ပုတ်ကိုမလွှတ်ဘဲ၊ အနီးလာသောမြေခွေးကိုသာကြည့်လျက် မြဲစွာကိုင်၏၊ ထိုအခါမြေခွေးမင်းသည် သေသောက်ကြူးထံမှဖဲ၍—

"အိုယောကျ်ား.... သင်ကား သေသူကဲ့သို့အိပ်ဘိ၏၊ အကယ်၍သေလျှင် ငါဆောက်ပုတ်ကိုဆွဲသည်

ရှိသော်အလွန်မြစ္စာကိုင်မထားရာ၊ ထို့ကြောင့် သေသည့်,မသေသည့်အဖြစ်ကိုသိနိုင်ခဲ့၏"-

ဟု ဆိုသည်ရှိသော် ထိုသေသောက်ကြူးသည် မြေခွေးကား ငါမသေသည်ကို သိသည်ဟုထ၍ ဆောက်ပုတ်ဖြင့်ပစ်လေ၏၊ မြေခွေးကိုမမှန်လွဲလေ၏၊ သေသောက်ကြူးသည် ယခုအခါ လွဲ၍သွားသည် သွားလေတော့ဟု ဆိုလေ၏။

မြေခွေးလည်း နောက်သို့ပြန်၍—

"အိုယောက်ျား.... သင်သည် ငါ့ကိုကား လွဲချော်သည်မှန်၏၊ ငရဲကြီးရှစ်ထပ်နှင့် ဥဿဒရက်ငရဲငယ် ဆယ့်ခြောက်ထပ်တို့ကိုလွဲချော်မည်မဟုတ်"-

ဟု ဆို၍ ဖဲသွားလေ၏၊သေသောက်ကြူးလည်း တစုံတခုကိုမရတော့ဘဲ သုသာန်မှထွက်ကာ ကျုံးတွင်ရေချိုး၍လာမြဲပြန်ပေါက်ဖြင့် မြို့တွင်းသို့ဝင်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါသေသောက်ကြူးသည်-ယခုအခါဒေဝဒတ်။

※ မြေခွေးမင်းသည်- ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) ရှင်ပင်ကိုဘဲ၊ သတ်ရန်ခဲ၊ ဆင်းရဲရုံမျှပင်။

(၂) သေသောက်ဒိုက်ခွေး၊ သဘ်ချန်ဘွေး၊ မြေခွေးလှောင်သည့်သွင်။

သိင်္ဂါလဇာတ်ပြီး၏။

# ၁၄၃—ဝိရောစနဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**ဘုရားအတု သင်းခွဲပြု**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်း သုံးတော်မူစဉ် ဒေဝဒတ် သည် ဈာန် အဘိညာဏ်ပျောက်ကွယ်လျက် လာဘ်လာဘ ဆုတ်ယုတ်သည့်အတွက် သံဃာကို သင်းခွဲတော့မည်ဟု ကြံစည်ကာ မြတ်စွာဘုရားထံ ငါးပါးသောဝတ္ထုတို့ကို တောင်းလေ၏၊ မရသောအခါ ရဟန်းဖြစ်သစ်စ ဓမ္မဝိနယ၌ မလိမ္မာသေးသော အဂ္ဂသာဝကနှစ်ပါး၏ အတူနေ တပည့်ငါးရာတို့ကို သွေးဆောင်ခေါ်ယူပြီးလျှင် ဂယာသီသသို့သွား၍ တသိမ်တည်း၌သံဃကံအသီးပြုကာသံဃာကိုသင်းခွဲလေ၏။

**သာရိပုတ္တရာနောက်ပါ တပည့်ငါးရာ**

ထိုအခါ အဂ္ဂသာဝကနှစ်ပါးလည်း မြတ်စွာဘုရား စေခိုင်းတော်မူသဖြင့် ရဟန်းငယ် ငါးရာတို့ကို ပြန်၍ခေါ်ယူရန် ဂယာသီသသို့သွားကြကုန်၏၊ ဒေဝဒတ်လည်း ညဉ့်အခါတရားဟောသည်ရှိသော် ဘုရား၏ တင့်တယ်စမ္ပယ်ခြင်းကို ပြုတော့မည်ဟု ကြံစည်ကာ ဘုရားအတုပြုလျက် ရှင်သာရိပုတ္တရာအား ''ငါ့ရှင်သာရိပုတ္တရာ.... ရဟန်းသံဃာသည် ထိနမိဒ္ဓကင်း၏၊ သင်တရားဟောပါ ငါ ညောင်းညာလှသည်၊ ကျောဆန့်ဦးမည်ဆို၍ လျောင်းစက်ရာ အိပ်ပျော်သွားလေ၏၊ ရှင်သာရိပုတ္တရာလည်း ရဟန်းငယ်ငါးရာတို့ကို တရားပြ၍ဆုံးမပြီးလျှင် မြတ်စွာဘုရားထံ ခေါ်ယူသွားကြကုန်၏။

**ကောကာလိကနှိပ်စက်**
**သွေးအန်ထွက်**

ကောကာလိကသည် ရဟန်းငယ် ငါးရာတို့ကို မမြင်လျှင် ဒေဝဒတ်ထံသွား၍ ''ငါ့ရှင်ဒေဝဒတ် .... သင့်ရဟန်းငယ်ငါးရာတို့ကို အဂ္ဂသာဝကနှစ်ပါး ခေါ်ယူသွားသဖြင့် ကျောင်းချည်းသာကျန်တော့၏၊ သင်ကား အအိပ်ကြီးလှ၏''ဟု ဆိုကာ ကိုယ်ဝတ်ကိုဖယ်၍ ရင်ပတ်ကို ဖနောင့်နှင့် ပေါက်လေ၏၊ ဒေဝဒတ်လည်း ထိုခဏ၌ပင် သွေးအန်လေ၏၊ ထိုအခါမှစ၍ သည်းထန်စွာ ဝေဒနာရလေ၏။

မြတ်စွာဘုရားလည်းသာရိပုတ္တရာမထေရ်ကို ''ချစ်သား သာရိပုတ္တရာ..သင့်ကိုမြင်သောအခါဒေဝဒတ်သည်အဘယ်သို့ပြုသနည်း''ဟု မေးတော်မူ၏၊ ''အရှင်ဘုရား-ဒေဝဒတ်သည် တပည့်တော်ကိုမြင်လျှင် ဘုရား၏တင့်တယ်စမွယ်ခြင်းကိုပြုတော့မည်ဟု ကြံစည်ကာ ဘုရားအတုပြုလျက် ကြီးစွာသောပျက်စီးခြင်းသို့ ရောက်ရသည်'' ဟုလျှောက်ထားလေ၏၊ မြတ်စွာဘုရားသည်''ချစ်သား သာရိပုတ္တရာ.. ဒေဝဒတ်သည် ယခုအခါ၌သာ ငါဘုရားအတုပြု၍ ပျက်စီးခြင်းသို့ရောက်ရသည်မဟုတ်၊ ရှေးအခါ၌လည်း ပျက်စီးခြင်းသို့ရောက်ဘူးပြီ'' ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု၊

**ခြင်္သေ့မင်းမွေး**
**တောမြေခွေး**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ကေသရာဇာခြင်္သေ့မင်းဖြစ်၍ ဟိမဝန္တာဝယ်ရွှေဂူတခု၌နေလေ၏။

တနေ့သ၌ ထိုကေသရာဇာခြင်္သေ့မင်းသည် ရွှေဂူမှထွက်ပြီးလျှင် အရပ်လေးမျက်နှာကို ကြည့်ရှုလျက် ခြင်္သေ့သံဖြင့်ဟောက်၍ အစာရှာသွားလတ်သော် ကျွဲကြီးတကောင်ကိုသတ်ကာ ကောင်းမြတ်သော အသားကိုစား၍ ဝလျှင်အိုင်တခု၌ရေသောက်၍ နေရာရွှေဂူသို့ပြန်ခဲ့၏။

ထိုအခါ မြေခွေးတကောင်သည် အစာရှာသွားလတ်သော် ခြင်္သေ့မင်းကိုမြင်၍ အလွန်ကြောက်ရွံ့လျက် မပြေးနိုင်တော့ဘဲ ခြင်္သေ့မင်းရှေ့မှာပင် ရှိခိုးလျက် ဝပ်လေ၏၊ ခြင်္သေ့မင်းသည်"မြေခွေး…ဘယ်အတွက် လာသနည်း" ဟုမေးရာ၊ "အရှင်…အရှင့်ခြေရင်းမှာ လုပ်ကျွေးလို၍ လာပါသည်"ဟုပြောလေ၏၊"မြေခွေး…ကောင်းပြီ၊လုပ်ကျွေးလော့ သင့်အား ကောင်းမြတ်သောအသားကိုကျွေးမည်"ဟု ပြောဆိုကာ မြေခွေးကိုရွှေဂူသို့ ခေါ်၍သွား၏၊ မြေခွေးလည်း ထိုအခါမှစ၍ခြင်္သေ့စားကြွင်းကိုစားလျက် နှစ်ရက်,သုံးရက်လွန်လျှင်ဝဖြိုးလာလေ၏။

**မြေခွေးပြောကြား ဖမ်းသတ်စား**

တနေ့သ၌ ခြင်္သေ့မင်းသည် မြေခွေးကို "မြေခွေး…သွားချေ တောင်ထိပ်ပေါ်ကနေ၍တောင်ခြေရင်းတွင် လှည့်လည်နေသော ဆင်,မြင်း,ကျွဲ,နွားစသည်တို့ကို ကြည့်ချေ၊ သင်စားလိုသောအသားကို မှတ်ခဲ့၍ ငါ့ထံလာပြီး ရှိခိုးလျက်မည်သည့်အသားကိုစားလိုသည်၊ အရှင်…*ထွန်းပလော့

---

* ထွန်းပလော့-ဆိုသောစကားမှာ ဝိရောစပါဠိမှ မြန်မာပြန်ထားသောစကားဖြစ်သည်၊အစိပ္ပါယ်မှာ အစွမ်းသတ္တိကိုပြပါ၊ တန်ခိုးကိုပြပါ-ဟုမြွက်ပေးသောစကားဖြစ်သည်။

ဟုဆိုရမည်၊ ငါသည် ထိုသားကောင်ကိုသတ်၍ မြတ်သော အသားကိုစားမည်၊သင့်အားလည်းပေးမည်ဟု ပြောကြား စေခိုင်းလေ၏။

မြေခွေးသည် ခြသေ့်မင်းစေခိုင်းသည့်အတိုင်း တောင် ထိပ်ပေါ်ကနေ၍ စားလိုသောသားကောင်ကိုမှတ်ကာ ဂူ တွင်းသို့ဝင်၍ခြသေ့်မင်းအားပြောကြားလျက် "အရှင်.... ထွန်းပလော့"ဟု ဆိုလေ၏၊ ထိုအခါ ခြသေ့်မင်းသည်လျင် စွာပြေး၍ အမုန်ယစ်သော ဆင်ပင်ဖြစ်စေကာမူ ဖမ်းယူ သတ်ဖြတ်ကာ မိမိလည်းမွန်မြတ်သော အသားကိုစား၏၊ မြေခွေးအားလည်းပေးလေ၏။

**ခြသေ့်တုပ အားစွမ်းပြ**

မြေခွေးသည် ကာလ ရှည်ကြာလတ် သော် "ငါလည်း အခြေလေးချောင်း ရှိသောသားပင်ဖြစ်၏၊ အဘယ့်ကြောင့် သူတပါး ကျွေးမွေးသည်ကို စား၍နေရအံ့နည်း၊ ငါလည်း ဤနေ့မှစ၍ ဆင်စသည်တို့ကို ကိုယ်တိုင်သတ်၍ စားမည်၊ ဤခြသေ့်မင်းကား အရှင်...ထွန်းပလော့ ဆိုသောစကား ကလေးကိုမှီ၍ ဆင်စသည်ကိုသတ်၍ စားနိုင်သေး၏၊ ငါ လည်း ခြသေ့်မင်းကို ဇမ္ဗုက..ထွန်းပလော့ ဆိုစေလျက် ဆင်ကိုသတ်၍ စားမည်ဟု မာနတက်ကာ ခြသေ့်မင်းထံ ကပ်၍"အရှင်....အကျွန်ုပ်ကား ကာလရှည်မြင့်စွာအရှင် တို့သတ်၍ကျွေးသော အသားကိုသာစားခဲ့ရသည်၊ ကျွန်ုပ် လည်း ဆင်တကောင်ကိုသတ်၍စားလိုသည်၊ ထို့ကြောင့် အကျွန်ုပ်သည်ရွှေဂူမှာအိပ်၍နေမည်၊ အရှင်သွား၍တောင် ခြေရင်း၌ သွားနေသောဆင်ကိုကြည့်ရှု၍ ဇမ္ဗုက..ထွန်းပ



ခြသေ့်စားကြွင်းစားမြေခွေးသည် မာန်တက်က ဆင်ကိုတောင်ထိပ်ပေါ်မှ ခုန်အုပ်ရာ ဆင့်ခြေအောက်တွင်သေပွဲဝင်ရပုံ

လော့ဟုဆိုပါ၊ ဤမျှလောက်ကလေးကို ဝန်မတိုပါနှင့်’’ဟု တောင်းပန်လေ၏။

**ရွှေဂူအိပ်မြန် ခြင်္သေ့ဟန်**

ထိုအခါ ခြင်္သေ့မင်းသည် မြေခွေးကို “မြေခွေး....ငါဝန်မတိုပါ၊ သင်သည် ဆင်ကိုမသတ်နိုင်၊ ဆင်ကိုသတ်၍ စားနိုင်သော မြေခွေးမည်သည် လောက၌မရှိ၊ သင်ကိုယ်တိုင် မသတ်ချင်နှင့်၊ ငါသတ်ကျွေးသောအသားကိုသာ အေးအေးစားနေပါ’’ဟု တားမြစ်လေ၏၊ မြေခွေးသည်ခြင်္သေ့မင်းတားမြစ်ဆိုးမသော်လည်း မနာယူဘဲ အဖန်တလဲလဲ တောင်းပန်၍သာနေ၏၊ ခြင်္သေ့မင်းသည် မြေခွေးကိုမတားမြစ်နိုင်တော့သဖြင့်“ကောင်းပြီ’’ဟုဝန်ခံ၍ရွှေဂူ၌အိပ်စေပြီးလျှင် တောင်ခြေရင်း၌အမုန်ယစ်သောဆင်ကိုကြည့်၍ ရွှေဂူတံခါးသို့သွား ကာ“ဇမ္ဗုက‥ထွန်းပလော့’’ဟုဆိုလေ၏။

**ဆင်ကိုဖမ်းလေ အသက်သေ**

မြေခွေးသည်ရွှေဂူမှထွက်၍ ခြင်္သေ့မင်း၏ တင့်တယ်စမ့်ယ်ခြင်းကို ပြုတော့မည်ဟု ကြံစည်လျက် ခြင်္သေ့မင်းအတုပြုကာ အရပ်လေးမျက်နှာသို့ကြည့်ရှု၍ ခွေးသံဖြင့် သုံးကြိမ်ဟောင်ပြီးလျှင် တောင်ထိပ်ပေါ်ကနေ၍ ဆင်၏ဦးကင်းပေါ်၌ကျစေမည်ဟု ရည်ရွယ်လျက် ပြေးလေရာ ဆင်း၏ခြေရင်း၌ကျလေ၏၊ ဆင်သည်လက်ျာခြေကိုမြှောက်၍ မြေခွေးဦးခေါင်းကိုနင်းလေ၏၊ ဦးခေါင်းရိုးတို့သည် မှုန့်မှုန့် ညက်ညက်ကြေကုန်၏၊ ဆင်သည် နောက်မှမြေခွေးကိုယ်ကို ခြေဖြင့်ခွေ၍ စုပုံကာ အပေါ်၌မစင်စွန့်ချပြီးလျှင် ကြိုးကြာသံမြည်လျက် တောသို့ဝင်လေ၏၊ ထိုအခါခြင်္သေ့မင်းသည် ဤအကြောင်းကိုမြင်၍—

"ဟယ်မြေခွေးမိုက်…. သင့်မှာ ဦးခေါင်းကွဲ၍
ဦးနှောက်ထွက်ချေပြီ၊ နံရိုးတွေလည်းကျိုးခဲ့ပြီ၊ ယခု
အခါ သင်–ထွန်းပပါဦးလော့"-

ဟုဆို၍ အသက်ထက်ဆုံးတည်လျက် သေလွန်သောအခါ ကံအားလျော်စွာ လားလေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်–

ရဟန်းတို့….

※ ထိုအခါမြေခွေးသည်- ယခုအခါဒေဝဒတ်။

※ ခြင်္သေ့မင်းသည်- ငါဘုရားဖြစ်လာပြီ–

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

**ဆောင်ပုဒ်**

(၁) အား,ဂုဏ်ကြီးလှ၊ ဝိသေသ၊ တုပမပြုရာ။
(၂) ခြင်္သေ့တုလျှင်း၊ မြေခွေးဖျင်း၊ ဆင်နင်းသေရှာ။

ဝိရောစဇာတ်ပြီး၏။

## ၁၄၄– နင်္ဂုဋ္ဌဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**မိစ္ဆာကျင့်မှား လွန်ဆန်းပြား**

နတ်လူတို့ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် တက္ကတွန်းတို့သည် ကျောင်းတော်၏ နောက်အပြင်ဝယ် အထူးထူးအပြားပြားသော မိစ္ဆာအကျင့်ကိုကျင့်ကြကုန်၏။

အချို့တက္ကတွန်းတို့သည် ဆောင့်ကြောင့်ထိုင်၍ လုံ့လပြုကုန်၏၊အချို့လင်းနို့ကဲ့သို့ တွဲလျားဆွဲကုန်၏၊အချို့ဆူးပေါ်၌အိပ်ကုန်၏၊ အချို့ ပဥ္စာတပအစရှိသောအကျင့်ကို ကျင့်ကုန်၏။

ထိုအခါ ရဟန်းတို့သည်မိစ္ဆာအကျင့်ကိုမြင်ကုန်၍ မြတ်စွာဘုရားအား "အရှင်ဘုရား.... မိစ္ဆာအကျင့်ကိုမှီ၍ တစုံတခုသော ကုသိုလ်သည်ငင်း, အကျိုးစီးပွါးသည်ငင်းရှိပါသလော"ဟု လျှောက်ထားကြကုန်၏၊ ရဟန်းတို့ မိစ္ဆာအကျင့်ကိုမှီ၍ ကုသိုလ်သည်ငင်း, အကျိုးစီးပွါးသည်ငင်းမရှိ၊ ရှေးပညာရှိတို့သည် မိစ္ဆာအကျင့်ကိုမှီ၍ "ကုသိုလ်ဖြစ်လိမ့်မည်အကျိုးစီးပွါးရှိလိမ့်မည်ဟုမှတ်ထင်လျက်မွေးဖွားသောနေ့၌ ယူအပ်သောမီးကိုယူ၍တောကိုဝင်လျက်မီးကိုပူဇော်ခဲ့ရာ တစုံတခုသောအကျိုးစီးပွားကိုမမြင်သဖြင့်ထိုမီးကိုငြိမ်းသတ်က၁ ကသိုဏ်းပရိကံပြု၍ ဈာန်အဘိညာဉ်ကိုဖြစ်စေလျက်ဗြဟ္မာ့ပြည်သို့လားဘူးပြီ"ဟုမိန့်တော်မူက၁အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

## အတိတ်ဝတ္ထု

**ဒိဋ္ဌိအကျင့်တောထွက်လင့်**

လွန်လေပြီးသောအခါဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော်ဘုရားအလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ ဖွားမြင်သောနေ့၌ မိ,ဘနှစ်ပါးတို့ မီးကိုယူ၍ထားကြကုန်၏၊ တဆယ့်ခြောက်နှစ် အရွယ်သို့ရောက်သောအခါအမိအဘတို့သည် "ချစ်သား.... သင်ဖွားမြင်သောနေ့၌ မီးကိုယူထားကြသည်၊ အကယ်၍ အိမ်၌နေလိုအံ့၊ ဗေဒင်သုံး

ပုံကိုသင်လော့၊အကယ်၍ မြဟ္မာ့ပြည်သို့သွားလိုအံ့၊ ဤမီးကိုယူပြီးလျှင်တောသို့ဝင်၍ မီးကိုလုပ်ကျွေးကာ မြဟ္မာကြီးတို့ကို နှစ်သက်စေ၍ မြဟ္မာ့ပြည်သို့သွားလော့”ဟု ဆိုကြကုန်၏။

ပုဏ္ဏားငယ်သည် အမိအဘတို့ စကားကို ကြားလျှင် “အကျွန်ုပ်အားအိမ်၌နေခြင်းငှါ အလိုမရှိ”ဟုဆိုကာ မီးကိုယူ၍တောသို့ဝင်ပြီးလျှင် ကျောင်းဖန်ဆင်းကာ မီးကိုလုပ်ကျွေးလျက် တောတွင်နေလေ၏။

**သတ်ဘို့နွားထား မှုဆိုးစား**

တနေ့သ၌ ပစ္စန္တရာဇ်ရွာငယ် အလှူမှ နွားငယ် တကောင်ကိုရ၍ ကျောင်းသို့ဆောင်ယူပြီးလျှင် အရှင်မီးကို စားစေအံ့၊ ဆားလည်းမရှိ၊ ဘုန်းကြီးသောမီးသည် ဆားမပါသောနွားသားကို စားနိုင်မည်မဟုတ်၊ရွာမှဆားကို ဆောင်ယူကာ အရှင်မီးကို ဆားနှင့်တကွ နွားသားကိုစားစေအံ့ဟု ကြံစည်ပြီးလျှင် နွားကိုကျောင်းတွင်ချည်လျက် ဆားယူရန် ရွာသို့သွားလေ၏။

ထိုအခါ မုဆိုးတို့သည် ထိုအရပ်သို့လာလတ်၍ ကျောင်းတွင်ချည်ထားသော နွားကိုမြင်လျှင် သတ်၍ချက်ပြုတ်စားသောက်ပြီးလျှင် အမြီး,ခြေ,လက်,အရေတို့ကို ထိုအရပ်၌ပင် ထားခဲ့၍ အသားကိုယူ၍သွားကြ၏။

**မိစ္ဆာကျင့်ပစ် လမ်းမှန်ကျင့်**

ပုဏ္ဏားလာလတ်၍ အမြီး, ခြေ, လက်, အရေတို့ကိုမြင်လျှင် ဘုန်းကြီးလှသော ဤမီးကား- မိမိစားဘို့ ထားခဲ့သော ဥစ္စာကိုမျှမစောင့်ရှောက်နိုင်၊ ငါ့ကိုကား အဘယ်မှာစောင့်

ရှောက်နိုင်အံ့နည်း၊ ဤမီးကို လုပ်ကျွေးခြင်းဖြင့် အကျိုးမရှိ၊ ဤမီးကို လုပ်ကျွေးခြင်း အကြောင်းကြောင့် ကုသိုလ်လည်းမဖြစ်၊ တစုံတရာအကျိုးစီးပွားလည်းမရှိဟု ကြံစည်လျက် မီးကိုလုပ်ကျွေးရန် အလိုဆန္ဒမရှိတော့သဖြင့်—

> "အို- ယုတ်မာလှသောမီး.... သင်သည် မိမိဥစ္စာဖြစ်သောနွားကို မစောင့်ရှောက်နိုင်၊ အဘယ်မှာ ငါ့ကိုစောင့်ရှောက် နိုင်အံ့နည်း၊အမဲဖြင့် လုပ်ကျွေးထိုက်သော သင့်အား အမဲမရှိတော့သည့်အတွက် အမြီးဖြင့် လုပ်ကျွေးပါ၏၊ အမြီးကိုသာ အလှူခံတော်မူပါ"—

ဟု အမြီးကို မီးထဲသို့ထည့်၍ ပြောင်လှောင် ပြောဆိုကာ မီးကိုရေဖြင့် ငြိမ်းသတ်၍ ရသေ့ရဟန်း ပြုလေ၏၊ အဘိညာဏ် သမာပတ်ကိုဖြစ်စေ၍ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့လားရ၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် ဝတ္ထုတို့ကို•အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ မီးကိုငြိမ်းသတ်သော ရသေ့သည်- ယခုအခါ ငါဘုရားဖြစ်လာပြီ—

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ဆောင့်ကြောင့်ထိုင်နဲ၊ လင်းနို့ဆွဲ၊ ဆူးထဲအိပ်ကြသည်။
(၂) ပဉ္စတပ၊ ကျင့်မိစ္ဆာ၊ လူသာပင်ပန်းမည်။
(၃) မီးကိုငြိမ်းမှု၊ ရဟန်းပြု၊ ရောက်မှုဗြဟ္မာ့ပြည်။

နင်္ဂုဋ္ဌဇာတ်ပြီး၏။

---

## ၁၄၅—ရာဓဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**မယားဟောင်းလည်ဆယ် ရဟန်းဆွယ်**

နတ်လူတို့ဆရာ ဖြစ်တော် မူသော မြတ်စွာ ဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် မယားဟောင်းသည် ဖြားယောင်းအပ်သဖြင့် သာသနာ တော်မှ လူထွက်လိုသော ရဟန်းတပါးရှိလေ၏၊ ရဟန်းတို့ သည် ထိုရဟန်းကို မြတ်စွာဘုရားထံခေါ်၍သွားရာ မြတ်စွာ ဘုရားက''ချစ်သားရဟန်း···· မာတုဂါမကို စောင့်ရှောက် ခြင်းငှါမတတ်နိုင်၊ သင်သည်ရှေးအခါ၌ မာတုဂါမကို အစောင့်အရှောက်ထား၍ စောင့်ရှောက်ခြင်းငှါ မတတ် နိုင်ခဲ့သည်မဟုတ်လော၊ယခုအခါ အဘယ်မှာစောင့်ရှောက် နိုင်အံ့နည်း''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ် ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု

**ကျေးသားမှာကြား ကုန်သွယ်သွား**

လွန်လေ ပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် ကျေး

ငှက်မျိုး၌ဖြစ်၍ အမည်အားဖြင့် ပေါဋ္ဌပါဒမည်၏၊ ၎င်း၏ ညီကား ရာဓမည်၏။

ကာသိတိုင်းဝယ် ပုဏ္ဏားတယောက်သည် ထိုကျေးညီနောင်နှစ်ကောင်တို့ကို သားအရာထား၍ မွေးမြူလေ၏၊ ထိုပုဏ္ဏား၏ မယားကား သီလမရှိ၊ ယောက်ျားတပါးနှင့် လွန်ကျူးသောအကျင့်ရှိ၏။

ထိုပုဏ္ဏားသည် ကုန်သွယ်သွားသည်ရှိသော် ကျေးညီနောင်တို့ကိုခေါ်၍ "အမောင်တို့.... သင်တို့မိခင်ပုဏ္ဏေးမသည် အကယ်၍ လွန်ကျူးသောအကျင့်ကို ကျင့်အံ့၊ တားမြစ်ရစ်ကြလော့"ဟုမှာထား၏၊ ပေါဋ္ဌပါဒသည်၊ "ဘခင်.. ကောင်းပြီ၊တားမြစ်နိုင်လျှင် တားမြစ်ကြပါမည်၊မတားမြစ်နိုင်လျှင် ဆိတ်ဆိတ်နေကြပါမည်"ဟု ပြောလေ၏၊ပုဏ္ဏားလည်း ပုဏ္ဏေးမကို ကျေးသားတို့အား အပ်နှင်းကာ ကုန်သွယ်သွားလေ၏။

**ပုဏ္ဏေးမဖေါက်ပြားတိုင်ပင်ခြင်း**

ပုဏ္ဏေးမသည် ပုဏ္ဏားသွားသောနေ့မှစ၍ လွန်ကျူးသောအကျင့်ကို ကျင့်၏၊ ဝင်သောသူနှင့် ထွက်သော သူတို့သည် အဆုံးအစမရှိကုန်၊ ထိုအခါ ရာဓသည် ပုဏ္ဏေးမ၏ အမူအရာကိုမြင်၍ အစ်ကိုပေါဋ္ဌပါဒကို "အစ်ကိုကြီး....အကျွန်ုပ်တို့ဘခင်သည် ကုန်သွယ်သွားခါနီးတွင်မိခင်ပုဏ္ဏေးမသည် အကယ်၍ လွန်ကျူးသော အကျင့်ကိုကျင့်အံ့၊ တားမြစ်ရစ်ကြလော့"ဟု မှာထားခဲ့သည်၊ ယခုအခါပုဏ္ဏေးမသည် လွန်ကျူးသောအကျင့်ကို ကျင့်ချေပြီ၊ တားမြစ်မည်" ဟု ပြောလေ၏၊ ထိုအခါ ပေါဋ္ဌပါဒသည် ရာဓအား—

"ညီထွေးရာဓ····သင်ကား မသိမလိမ်မာ၍သာ တားမြစ်မည်ဟူသောစကားကို ဆိုဘိ၏၊ သန်းခေါင်မတိုင်မီ ဤမျှလောက် လူတွေလာကုန်၏၊ ပုဏ္ဏေးမကား လင်ပုဏ္ဏားၵ္ဍ တပ်နှစ်သက်ခြင်းမရှိ၊မာတုဂါမ မည်သည်ကား ချိန္ဒုက်၍သွားသော သူသည်ပင် မစောင့်ရှောက်နိုင်၊မစောင့်ရှောက်နိုင်သောအရာကို မစောင့်ရှောက်ပါနှင့်"—

ဟု အကြောင်းပြ၍ ပြောဆိုဆုံးမကာ ပုဏ္ဏေးမကိုတားမြစ်ရန် ရာဓအားခွင့်မပြုလေ၊ ပုဏ္ဏေးမလည်း ပုဏ္ဏားမလာမချင်း အလိုရှိသလောက် လွန်ကျူးသော အကျင့်ကို ကျင့်လေ၏။

**သူယုတ်နှင့်မနေ ခွဲခွါလေ**

ပုဏ္ဏားသည် ပြန် လာ သည် ရှိသော် ပေါဋ္ဌပါဒကိုခေါ်၍"အမောင်ပေါဋ္ဌပါဒ··သင်တို့မိခင် ဘယ်လိုနေသနည်း" ဟု မေးလေ၏၊ ပေါဋ္ဌပါဒလည်း ဘခင်ပုဏ္ဏားအား မိခင်ပုဏ္ဏေးမ၏အကြောင်းကို အလုံးစုံ အဟုတ်အမှန်အတိုင်း ပြောဆိုပြီး၍ "ဘခင်····ဘခင်အား သည်လိုအကျင့်သီလ မရှိသော ပုဏ္ဏေးမနှင့်အတူနေသဖြင့်ဘယ်အကျိုးရှိအံ့နည်း၊ အကျွန်ုပ်တို့လည်းမိခင်၏အပြစ်ကိုပြောဆိုသောအခါမှစ၍ ဤအိမ်၌နေရန် မသင့်တော့ပြီ"ဟုဆို၍ ဘခင်ပုဏ္ဏား၏ခြေတို့ကို ရှိခိုးကန်တော့ပြီးလျှင် ရာဓနှင့်အတူ တောသို့ပျံသွားကြကုန်၏။

ဤဒေသနာတော်၏ အဆုံး၌ သာသနာတော်မှ လူထွက်လိုသောရဟန်းသည် သောတာပတ္တိဖိုလ်၌တည်လေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ပုဏ္ဏားနှင့် ပုဏ္ဏေးမတို့သည်- ယခုအခါ လူထွက်လိုသောရဟန်းနှင့်မယားဟောင်း။

※ ရာဇကျေးသားသည်-အာနန္ဒာ။

※ ပေါဋ္ဌပါဒကျေးသားသည်- ငါဘုရားဖြစ်လာပြီ—ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ချီရွက်၍ထား၊ မိန်းမများ၊ မြစ်တားမရပါ။
(၂) ညီ,နောင်ငှက်ကျေး၊ မိပုဏ္ဏေး၊စောင့်ရေးခွင့်မသာ။
(၃) လင်လစ်ပြန်မူ၊ မြင်မြင်သူ၊ ကြည်ဖြူလွန်ကျူးကာ။

ရာဓဇာတ်ပြီး၏။

---

# ၁၄၆—ကာကဇာတ်

## ပစ္စုပ္ပန်ဝတ္ထု

**မယားမှိန်ရဟန်းအို**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သက်ကြီးရဟန်းအိုတို့သည် ကျောင်းစွန်၌ သစ်ရွက်မိုးကျောင်းတို့ကို ဆောက်စေ၍ တပေါင်းတည်းနေကြကုန်၏၊

ထိုသက်ကြီးရဟန်းအိုတို့မှာ လူဖြစ်စဉ်အခါ သာဝတ္ထိပြည်တွင် စည်းစိမ်ဥစ္စာ ချမ်းသာသောသူကြွယ်များ ဖြစ်ကြကုန်၏၊ တဦးနှင့်တဦး ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်းများလည်း ဖြစ်ကြကုန်၏၊ တရားတော်ကိုကြားနာရ၍ လူ့ဘောင်၌ငြီးငွေ့ကာ သာသနာ့ဘောင်တွင် ရဟန်းပြုကြကုန်၏၊ ရဟန်းတရားကို အားမထုတ်ကြကုန်၊ အသက်ကြီး၍ သုတ်,အဘိဓမ္မာ,ဝိနည်းကိုလည်း မသင်ကြားနိုင်ကြကုန်၊ ဆွမ်းခံသွားသော်လည်း တပါးသောအိမ်သို့ မသွားကြကုန်ဘဲ မိမိတို့သားမယားများအိမ်သို့သာသွား၍ ဆွမ်းစားကြကုန်၏၊

မယားသေဒိုမှု ကဲ့ရဲ့ပြ

ထိုသက်ကြီးရဟန်းအိုတို့အနက် သက်ကြီးရဟန်းအိုတပါး၏ မယားသည် အလုံးစုံသော သက်ကြီးရဟန်းအိုတို့အား ကျေးဇူးပြုလေ့ရှိ၏၊ သို့အတွက် အလုံးစုံသော သက်ကြီးရဟန်းအိုတို့သည် မိမိတို့ရသောအာဟာရကို ယူဆောင်ကာ ထိုသီတင်းသည်မကြီး အိမ်သို့လာ၍ ဆွမ်းစားကြကုန်၏၊ ထိုသီတင်းသည် မကြီးသည်ကြွလာသော သက်ကြီးရဟန်းအိုတို့အား ဟင်းလျာကိုအမြဲစီရင်၍လှူ၏၊တနေ့သ၌ထိုသီတင်းသည်မကြီး အနာနှိပ်စက်၍ ကွယ်လွန်အနိစ္စရောက်ခဲ့၏။

ထိုအခါ သက်ကြီးရဟန်းအိုတို့သည် ငါတို့ဟင်းချက်ကောင်းသော သီတင်းသည် မကြီးသေခဲ့ပြီဟု" အချင်းချင်းလည်ဖက်ကာ ငိုကြွေးမြည်တမ်းလျက်နေကြကုန်၏၊ ထိုအခါ ရဟန်းတို့သည် တရားသဘင်ဝယ် စကားစပ်မိ၍သက်ကြီးရဟန်းအိုတို့ အကြောင်းကို ပြောကြားနေကြရာ မြတ်စွာဘုရားကြွလာတော်မူ၍" ရဟန်းတို့ယခုအခါ၌သာ ဤ

သက်ကြီးရဟန်းအိုတို့သည် မိန်းမသော၍ ငိုကြွေးမြည်တမ်းကြသည်မဟုတ်ကုန်၊ ရှေးအခါ၌လည်း ကျီးဖြစ်ကုန်လျက် သမုဒ္ဒရာတွင်ကျ၍သေသောကျီးမတကောင်ကိုမှီ၍ သမုဒ္ဒရာရေကို ပြောင်းရွှေ့ပြီး ကျီးမကိုယူမည်ဟု လုံ့လပြုနေခိုက် ပညာရှိကိုတွေ့၍ အသက်ချမ်းသာကြဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

### အတိတ်ဝတ္ထု

**သုရာယစ်လေ ကျီးမသေ**

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် သမုဒ္ဒရာစောင့်နတ်ဖြစ်လေ၏။

ထိုအခါကျီးဖိုတကောင်သည် မိမိမယားကျီးမနှင့်အတူ အစာရှာသွားလတ်သော် သမုဒ္ဒရာနားသို့ ရောက်လေ၏၊ ထိုအခါလူတို့သည် သမုဒ္ဒရာ၌ နို့ယနာ, ငါး, အမဲ,သုရာစသည်တို့ဖြင့် နဂါးမင်းအား ပူဇော်ကြကုန်၏။

ကျီးဖိုသည်ကျီးမနှင့်ပူဇော်ရာအရပ်သို့သွားကာ နို့ယနာ, ငါး, အမဲစသည်တို့ကိုစား၍ သုရာကို များစွာသောက်ကုန်၏၊ ထိုကျီးလင်မယားတို့သည် သုရာယစ်ကုန်လျက် သမုဒ္ဒရာ၌ ကစားကြမည်ဟု ကမ်းနားတွင်ရေချိုးရန် ပြင်ဆင်နေကြကုန်၏၊ ထိုအခါလှိုင်းလုံးတခုလာ၍ကျီးမကိုယူဆောင်သွားရာ ငါးတကောင်မျို၍ ကျီးမသေလေ၏။

**သမုဒ်ရေခန်းအောင် ကျီးများဆောင်**

ကျီးဖိုသည် ငါ့မယားသေပြီဟု အဖန်ဖန်ငိုကြွေးလေ၏၊ ကျီးတို့သည် ထိုကျီးဖို၏ငိုကြွေးသံကိုကြားလျှင် စည်းဝေးကြ

ကုန်လျက် ကျီးဖိုအား "အဆွေ….အဘယ့်ကြောင့်ငိုကြွေး သနည်း"ဟု မေးလေ၏၊ "အဆွေတို့..ငါ့မယားကျီးမသည် သမုဒ္ဒရာ လှိုင်းလုံးတခုယူသွားသဖြင့် သေဆုံးသည့်အတွက် ငိုကြွေးသည်"ဟု ပြောလေ၏၊ ကျီးတို့လည်း ဝိုင်းအုံကာငို ကြွေးကြပြန်ကုန်၏။

ထိုအခါ ကျီးတို့သည် "အမောင်တို့….သမုဒ္ဒရာရေကို တနေရာသို့ရွှေ့ပြောင်း၍ ကျီးမကိုယူကြမည်"ဟု တိုင်ပင်ညှိ နှိုင်းကြလျက် သမုဒ္ဒရာရေကိုခံတွင်းဖြင့်ငုံကာ တနေရာတွင် ထွေးကြကုန်၏၊ ဆားငံရေကိုငုံရသဖြင့် လည်ချောင်းခြောက် ၍ ပင်ပန်းလာသောအခါ တနေရာတွင် အပန်း ဖြေကြ ကုန်၏။

**သေဘေးကိုမြင်နှတ်မင်းနှင်**

ဤကဲ့သို့ ပြုဖန်များသောအခါ ကျီးတို့ သည် ခံတွင်းခြောက်ကုန်၏၊ မျက်လုံး နီကုန်၏၊ ပင်ပန်းလှသဖြင့် အိပ်ချင်ကုန် ၏၊ ထိုအခါ ကျီးတို့သည် အချင်းချင်းခေါ်ကုန်လျက်—

> "အဆွေတို့…. ငါတို့ကား စွမ်းအားရှိသ လောက် သမုဒ္ဒရာရေကို ခံတွင်းဖြင့်ငုံကာ အပြင်ပ သို့ ထုတ်ကြကုန်၏၊ မေးတွေလည်းညောင်းကုန်ကြ ပြီ၊ ခံတွင်းတွေလည်း ခြောက်ကုန်ကြပြီ၊ သမုဒ္ဒရာ ရေလည်း ပြည့်မြဲတိုင်းသာ ပြည့်လေ၏"—

ဟု ဤသို့ပြောဆိုကြပြီးလျှင် ကျီးမအကြောင်းကိုဖွဲ့နွဲ့ကာ "အဆွေ..ကျီးမကားမျက်စိကဤလိုလှပေသည်၊နှုတ်သီးက လှပေသည်၊ အဆင်းသဏ္ဍာန်ကလှပေသည်၊ အသံကသာ ယာပေသည် စသည်ဖြင့် ငိုကြွေးမြည်တမ်းလျက်သာ နေကြ ကုန်၏။

သမုဒ္ဒရာစောင့်နတ်သည်ကျီးမိုက်တို့ အကြောင်းကိုသိ၍ သနား ကြင်နာလှသဖြင့် အသက်ကိုပေးမည်ဟု ကြံစည် လျက် ကြောက်မက်ဘွယ်သော အဆင်းကိုပြကာ ပြေးစေ၏၊ ကျီးတို့လည်း ထိုနေရာမှပြေးကြသဖြင့် အသက်ဘေးမှ ချမ်းသာရာရကုန်၏။

## ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သော၀တ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါကျီးမသည်- ယခုအခါမယားဟောင်း။

※ ကျီးဖိုသည်- သက်ကြီးရဟန်းအို။

※ ကြွင်းသောကျီးတို့သည်- ကြွင်းသော သက်ကြီး ရဟန်းအိုများ။

※ သမုဒ္ဒရာစောင့်နတ်သည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

## ဆောင်ပုဒ်

(၁) သမုဒ်မြစ်ရေ၊ ကျီးမ-သေ၊ ဆယ်လေဝိုင်းအုံကာ။
(၂) ကျီးမိုက်အစုတ်၊ ရေသမုဒ်၊ နှုတ်ဖြင့်သယ်ပြောင်းရာ။
(၃) နတ်ကသနား၊ ချောက်လှန့်ငြား၊ ပြေးသွားသက်ချမ်းသာ။

ကာကဇာတ်ပြီး၏။

# ၁၄၇-ပုပ္ဖရတ္တဇာတ်

ပစ္စုပ္ပန်ဝတ္ထု

ရသတဏှာထွက် ငြီးငွေ့လျက်

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးတော်မူစဉ် ရဟန်းတပါးသည် မယားဟောင်းသည် ဖြားယောင်းသွေးဆောင်အပ်သည်ဖြစ်၍ သာသနာတော်၌ ငြီးငွေ့ပျင်းရိကာ လူထွက်လိုသတတ်။

ထိုလူထွက်လိုသောရဟန်းသည် မြတ်စွာဘုရား အထံတော်သို့ရောက်လျှင် မြတ်စွာဘုရားသည် ထိုရဟန်းအား "ချစ်သားရဟန်း....သင်သည် သာသနာတော်မှလူထွက်လို၏ဟူသည်မှန်သလော"ဟု မေးလေရာ၊ "မှန်ပါသည်ဘုရား"ဟုလျှောက်ထားလေ၏။အဘယ့်ကြောင့်လူထွက်လိုသနည်းဟုမေးပြန်လျှင်မယားဟောင်းကြောင့်ဖြစ်ပါသည်၊ မယားဟောင်းကား အလွန်ဟင်းချက်ကောင်းပါသည်၊ ထိုမိန်းမနှင့်ကင်း၍မနေနိုင်ပါ"ဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားသည်ထိုရဟန်းအား "ချစ်သားရဟန်း..ဤမိန်းမသည် ယခုအခါ၌သာ သင့်အားအကျိုးမဲ့ပြုသည်မဟုတ်၊ ရှေးအခါ၌လည်း သင်သည် ဤမိန်းမကိုမှီ၍တံကျင်လျှိုခံရလျက် ငိုကြွေးလမ်း၍ သေသဖြင့် ငရဲသို့ရောက်ရဘူးပြီ၊ အဘယ့်ကြောင့်ဤမိန်းမကိုတောင့်တပြန်သနည်း" ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု၊

**တန်ဆောင်မုန်းပွဲတော် မြို့တွင်းပျော်**

လွန်လေပြီးသော အခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း၏ မင်းပြုသည် ရှိသော်ဘုရားအလောင်းသည် အာကာသစိုးနတ်ဖြစ်လေ၏။

ထိုအခါ ဗာရာဏသီမြို့တော်ဝယ် တန်ဆောင်မုန်းလတွင် ညဉ့်အခါလှည့်လည်သောပွဲသဘင်ဖြစ်၍ မြို့တော်အလုံးစုံကို နတ်မြို့ကဲ့သို့ တန်ဆာဆင်ကြကုန်၏၊ လူတို့သည် မြို့တွင်းသို့ လှည့်လည်လျက် ပွဲသဘင် ကစားကြကုန်၏။

သူဆင်းရဲတယောက်သည် ထူထဲသော ပုဆိုးတစုံသာ ရှိ၏၊ ထိုသူဆင်းရဲသည် ပုဆိုးစုံကိုကောင်းစွာ ဖွတ်လျှော်စေပြီးလျှင် ခေါက်စေ၍ အတွန့်အရာအတွန့်အထောင်စသည်ကိုပြုလုပ်ကာ တရိတသေသိမ်းထားလေ၏။

**မိန်းမအလိုဆိုး ဝတ်ပန်းပုဆိုး**

ထိုအခါ ထိုသူဆင်းရဲ၏ မယားသည် သူဆင်းရဲ ယောကျ်ားကို "အရှင်.... အကျွန်ုပ်သည် ဝတ်ပန်းပုဆိုးတထည်ကိုဝတ်၍ တထည်ကိုရုံပြီးလျှင် သင်နှင့်အတူ လည်ဖက်ကာပွဲသဘင်၌လှည့်လည်ကစားလိုသည်"ဟုပြောလေ၏၊ "ရှင်မ....ဆင်းရဲသောငါတို့မှာ အဘယ်မှာဝတ်ပန်းပုဆိုးကို ရနိုင်ပါမည်နည်း၊ ဤဖြူစင်သောအဝတ်ကို ဝတ်၍ ကစားပါ"ဟုပြောလေ၏၊ "အရှင်....ဝတ်ပန်းပုဆိုးကိုမရလျှင် ပွဲသဘင်၌မကစားလိုတော့ပါ၊ သင်ကစားလိုလျှင် အခြားမိန်းမတယောက်ကို ခေါ်ယူ၍ကစားပါ"ဟု ပြော

လေလျှင်“ရှင်မ‥ငါ့ကိုအဘယ့်ကြောင့်နှိပ်စက်ဘိသနည်း” ဟုပြောလေ၏၊“အရှင်….ယောကျ်ားကောင်းတို့အား လိုရာရနိုင်သည်၊ မင်းကြီး၏ဝတ်ပန်းခင်းဝယ် ဝတ်ပန်းများစွာ ရှိသည်မဟုတ်ပါလော”ဟု ပြောလေ၏၊ “ရှင်မ….ရှိသည် ကားမှန်၏၊ ရက္ခိုက်စောင့်သောရေကန်ကဲ့သို့ အစောင့်အရှောက် များအားကြီးလှသည်၊ အနားကပ်ဘို့ပင် ခဲယဉ်းသည်၊ သင်၍အလုပ်ကို မနှစ်သက်ပါလင့်၊ ကိုယ့်မှာရှိသောအဝတ်ဖြင့်သာ တင်းတိမ်ကျေနပ်ပါ”ဟုပြောသော အခါ “အရှင်…. ညဥ့်မိုက်သည်ရှိသော် ယောကျ်ားကောင်းတို့ မသွားနိုင်သော နေရာမည်သည်မရှိပါ” ဟု အဖန်ဖန်မြှောက်ပင့်လျက်တိုက်တွန်းလေ၏။

**ကိလေအလိုစွမ်း သူခိုးဖမ်း**

သူဆင်းရဲလည်း မယားအဖန်ဖန်တိုက်တွန်းလတ်သော် တဏှာ့ကျွန်ဖြစ်သည်အားလျော်စွာ ကိလေသာ၏ အစွမ်းဖြင့် မယားစကားကိုနားထောင်ကာ “ရှင်မ….သည်လိုဖြစ်လျှင် မစိုးရိမ်လင့်၊ ငါယောကျ်ားကောင်းတို့အစွမ်းဖြင့် ရအောင်ယူပေးမည်” ဟု ပြောဆိုကာ မယားကိုအားရနှစ်သက်စေပြီးလျှင်ညဥ့်မိုက်သောအခါအသက်ကိုစွန့်လျက်မြို့ပြင်သို့ထွက်၍ မင်းကြီး၏ဝတ်ပန်းခင်းသို့ သွားလေ၏၊ စောင်ရန်းကိုနင်း၍ ယာခင်းတွင်းသို့ ဝင်လေလျှင် အစောင့်အရှောက်တို့သည် စောင်ရန်းနင်းသံကိုကြား၍သူခိုးမှန်းသိလျှင် ဝိုင်းဝန်းဖမ်းဆီး တုပ်နှောင်ကာ ရေရွတ်ထောင်းထုကြလျက် နံနက်လင်းသောအခါ မင်းကြီးထံဆက်ကြလေ၏။

**ကိလေနိုပ်စက်အောက်နရက်**

မင်းကြီးလည်း သူခိုးကို မြင်လျှင် "အချင်းတို့....ဤသူခိုးကို တံကျင်လျှိုကြကုန်"ဟု အမိန့်ပေးလေသော် မင်းချင်းတို့သည် သူခိုးကိုလက်ပြန်ကြိုးချည်၍ လူသတ်စည်ကိုတီးလျက် မြို့ပြင်သို့ထုတ်ကာ တံကျင်လျှိုကုန်၏၊ သူခိုးအား ပြင်းစွာသော ဆင်းရဲဝေဒနာတို့သည် ဖြစ်ကုန်၏၊ ကျီးတို့သည် ဦးခေါင်းတွင်နားလျက် သံတံကျင်နှင့်တူသော နှုတ်သီးတို့ဖြင့် မျက်စိတို့ကိုထိုးဆိတ်ကုန်၏။

သူဆင်းရဲသည် မိမိ၌ဖြစ်သော သည်းစွာသောဆင်းရဲကိုနှလုံးမသွင်းဘဲ မိမိမယားကိုသာအောက်မေ့လျက်—

"အိုရှင်မ....ငါ့မှာ သံတံကျင်လျှိုခံရခြင်းသည်လည်း မဆင်းရဲပါ၊ ကျီးများထိုးဆိတ်ခြင်းသည်လည်းမဆင်းရဲပါ၊ အသားဝါဝင်းလှသောမယားကလေးနှင့် တခဲနက်သော ဝတ်ပန်းပုဆိုးကိုဝတ်ဆင်ကာ လည်ကိုဖက်လျက် တန်ဆောင်မုန်းပွဲသဘင်၌မကစားရခြင်းသည်သာဆင်းရဲလှပါ၏"-

ဟု ယောင်ယမ်းမြည်တမ်းကာ မိန်းမကိုစွဲလမ်းလျက်သေလျှင် ငရဲသို့ရောက်လေ၏။

**ဇာတ်ပေါင်း**

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါလင်မယား-သည်ယခုအခါလင်မယား။

※ အာကာသစိုးနတ်သည်-ငါဘုရားဖြစ်လာပြီ—

ဟုဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) ရဟန်းဖြစ်လျက်၊မိန်းမဖျက်၊လူထွက်လိုကြရှာ။
(၂) မိန်းမသွေးထိုး၊ဝတ်ပန်းခိုး၊စောက်ထိုးငရဲမှာ။
(၃) မ-လိုက်လျှင်မှား၊ဆင်းရဲများ၊ရှည်လျားသံသရာ။

ပုပ္ဖရတ္တဇာတ် ပြီး၏။

---

## ၁၄၈—သိင်္ဂါလဇာတ်

ပဌ္ဌ၊ပဋိ၀ဌ္ဌ၊

ရဟန်းပြုပြီးမှ ငြီးငွေ့ကြ

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်း သုံးတော်မူစဉ် သာဝတ္ထိပြည်ဝယ် အဆွေခင်ပွန်းဖြစ်ကြသော သူဌေးသားငါးရာတို့သည် သာသနာတော်၌ အသက်ကိုစွန့်၍ ရဟန်းပြုကြလျက် ဇေတဝန် ကျောင်းတော်၏ အစွန်ဖြစ်သော အရံတွင်း ကျောင်းတို့၌နေကြကုန်၏။

တနေ့သ၌ ထိုရဟန်းငါးရာတို့သည် ကာလသာကိုမှီ၍ ကြံစည်ကာ သာသနာတော်မှ လူထွက်လိုကြကုန်၏၊မိမိတို့ စွန့်ပြီးသော ကိလေသာတို့ကို တဖန်ကြည့်ရှုခြင်းငှါ စိတ်ကို ဖြစ်စေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ညဥ့်သန်းခေါင်ယာမ် အလွန်တွင် သဗ္ဗညုတဉာဏ် တည်းဟူသော ဆီမီးတိုင်ကို ထွန်းညှိတော်မူ၍ ဇေတဝန် ကျောင်းတွင်းရှိ ရဟန်းတို့ အဘယ်စိတ်ဖြင့် မွေ့လျော်နေကြသနည်း''ဟု ဆင်ခြင် ကြည့်ရှုလတ်သော် ထိုရဟန်းငါးရာတို့သန္တာန်ဝယ် ကိလေသာစိတ် ဖြစ်နေသည်ကို သိတော်မူလေ၏။

**ကိလေသယုတ်ဆိုး အဆိပ်အိုး**

ထိုရဟန်းငါးရာတို့အား အရဟတ္တဖိုလ်ကိုပေးမည်ဟု ကြံစည်တော်မူလျက် အာနန္ဒာကို ခေါ်တော်မူပြီးလျှင် ဂန္ဓကုဋိပရိဝုဏ် အတွင်းဝယ် ရဟန်းတို့ကို စည်းဝေး စေ၍ မြတ်စွာဘုရားသည် ရောင်ခြည်တော် ခြောက်သွယ်ဖြင့် တင့်တယ်စမ္ပယ်တော်မူလျက် ရဟန်းတို့အား ''ချစ်သားရဟန်းတို့....ရဟန်းမည်သည်ကား—

(၁) ကာမဝိတက်,
(၂) ဗျာပါဒဝိတက်,
(၃) ဝိဟိံသဝိတက်,

ဤအကုသိုလ်ဝိတက်သုံးပါးတို့ကို ကြံစည်ခြင်းငှါမသင့်၊ ကိုယ်တွင်း၌ ဖြစ်သော ကိလေသာကို အနည်းငယ်ဟူ၍ မအောက်မေ့သင့်၊ ကိလေသာမည်သည် ရန်သူနှင့်တူ၏၊ ရန်သူသည်လည်းအငယ်မည်သည်မရှိ၊အခွင့်ရလျှင် ပျက်စီးခြင်းသို့ရောက်စေသကဲ့သို့၊ ထို့အတူ ကိလေသာသည်လည်း နည်းသည်,ငယ်သည်မရှိ၊ ပွားများလာလျှင် ပျက်စီးခြင်းသို့ ရောက်စေ၏၊ ကိလေသာသည် လတ်တလောသေစေတတ်သော အဆိပ်နှင့်တူ၏၊ အသားအရေ၌ ပေါက်သော အိုင်းအမာနှင့်တူ၏၊ အဆိပ်ထန်သော မြွေနှင့်တူ၏၊ မိုးကြိုးလောင်မီးနှင့်တူ၏၊ ကပ်ငြိခြင်းငှါမသင့်၊ ရွံရှာစက်ဆုပ်အပ်၏၊ ဖြစ်တိုင်း,ဖြစ်တိုင်းသောခဏ၌ ပညာစွမ်းဖြင့်ရင်း, ဘာဝနာစွမ်းဖြင့်ရင်း တခဏချင်းလွင့်ပျောက်သွားအောင် ပယ်စွန့်အပ်၏၊ ရှေးပညာရှိတို့သည် အနည်းငယ်သော ကိလေသာကိုပင် ကွဲ့ရှဲ၍- တဖန်ကိုယ်တွင်း၌ မဖြစ်လာရ

အောင် နှိပ်စက်ကြကုန်၏''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကို ဆောင်တော်မူသတည်း။

**အတိတ်ဝတ္ထု**

**ဆင်သေစားကာ အရသာရှာ**

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိ သော် ဘုရားအလောင်းသည် မြေခွေး မျိုးဖြစ်၍ တောအရပ် တခုသောမြစ်နားဝယ် နေလေ၏။

ထိုအခါ မြစ်နားဝယ် ဆင်အိုတကောင်သေ၍ နေလေ ၏၊ မြေခွေးသည် အစာရှာသွားလတ်သော် ဆင်သေကို မြင်၍ "ငါ့အား များစွာသော အစာရပေပြီ'' ဟု ဝမ်း မြောက်ဝမ်းသာ ထိုဆင်သေကြီးကို နှာမောင်း၌ကိုက်လေ ၏၊ ထွန်တုံးထွန်သံတို့၌ ကိုက်ရသကဲ့သို့ဖြစ်၏၊ မြေခွေးသည် ဤနေရာကား စားကောင်းသော အသားမရှိ''ဟု အစွယ် တို့၌ကိုက်ပြန်၏၊ အရိုးတို့၌ကိုက်ရသကဲ့သို့ဖြစ်၏၊ နားရွက် တို့၌ကိုက်ပြန်၏၊ဆန်ကောစွန်း၌ကိုက်ရသကဲ့သို့ဖြစ်၏၊ ဝမ်း ဗိုက်၌ ကိုက်ပြန်၏၊ ကျီတို့၌ကိုက်ရသကဲ့သို့ဖြစ်၏၊ ခြေတို့၌ ကိုက်ပြန်၏၊ ဆုံတို့၌ကိုက်ရသကဲ့သို့ဖြစ်၏၊ အမြီး၌ကိုက်ပြန် ၏၊ ကျည်ပွေ့၌ ကိုက်ရသကဲ့သို့ဖြစ်၏။

**ဆင်သေမှိုရ နှစ်သက်လှ**

မြေခွေးသည် ဤအမဲ၌ စားကောင်း သော အသားမရှိ၊ အရပ်အလုံးစုံ၌ ပင် သာယာ နှစ်သက်ဖွယ်ကို ရှာမရ သဖြင့် ဝစ္စမဂ်၌ ကိုက်ပြန်၏၊ ထိုအခါ နူးညံ့သော မုံ့ညက်ကို ကိုက်ရသကဲ့သို့ဖြစ်၏၊ မြေခွေးသည် ငါ့မှာ နူးညံ့သော

အစာကိုရပေပြီ''ဟု ထိုဝစ္စမဂ်မှစ၍ စားသောက်ကာ ဝမ်းတွင်းသို့ဝင်လေ၏၊ အသဲ,အူ,အညှို့,နှလုံးစသည်တို့ကို စား၍ ရေငတ်သောအခါ သွေးကိုသောက်၏၊ အိပ်သောအခါ ဝမ်းရေကိုဖြန့်၍ အိပ်၏၊ မြေခွေးသည် ဤဆင်သေကောင်ကြီးကား ငါ့အား နေထိုင်ရန် ချမ်းသာလှ၍ အိမ်နှင့်တူ၏၊ စားလိုသော အသားများလှ၏၊ တပါးသော အရပ်သို့ မသွားတော့ပြီ၊ ဤအရပ်တွင်သာ နေမည်ဟု ဆင်ဝမ်းတွင်း၌သာ အသားကိုစား၍နေလေ၏။

**သေဘေးကြောက်လျက် တိုးဇော့ထွက်**

ကာလ ရှည်ကြာ လတ်သော် နွေအခါ နေကလည်းပူ,လေကလည်း တိုက်သဖြင့် ဆင်သေကောင်သည် တဖြည်းဖြည်းခြောက်ကပ် တွန့်လိပ်လာရကား မြေခွေးဝင်ရာ ဝစ္စမဂ်သည် ပိတ်လေ၏၊ ဝမ်းတွင်း၌ အမိုက်တိုက်ဖြစ်လေ၏၊ ထိုအခါ မြေခွေးသည် လောကန္တရိက်ငရဲ၌ နေရသကဲ့သို့ဖြစ်၏၊ အကောင်ခြောက်လတ်သော် အသားလည်း ခြောက် အသွေးလည်းခန်းလေ၏၊ မြေခွေးသည် ထွက်ပေါက်မရလျှင် သေဘေးမှကြောက်သဖြင့် ဟိုဟိုသည်သည် တိုးဇော့လျက် ထွက်ပေါက်ကိုရှာ၏၊ ထမင်းအိုးတွင် မုံ့လုံးကဲ့သို့ဖြစ်လေ၏။

နှစ်ရက်, သုံးရက်လွန်သဖြင့် မိုးကြီးသည်းထန်စွာ ရွာလတ်သော် မိုးရေစွတ်၍ နူးသည့်အတွက် ဆင်သေကောင်သည် ဖေါင်းပွ၍လာသည်ရှိသော် ဝစ္စမဂ်သည် ပွင့်ပြန်၏၊ ထိုအခါ မြေခွေးသည်အပေါက်ကိုမြင်၍ယခုအခါ ငါသည် အသက်ကို ရအပ်ပေပြီ''ဟု ဆင်ဦးခေါင်းတိုင်အောင်

နောက်သို့ဆုတ်ပြီးလျှင် တဟုန်တည်းပြေးကာ ဝစ္စမင်ကို ဦးခေါင်းဖြင့် အတင်းတိုး၍ ထွက်လေ၏၊ တကိုယ်လုံး စုတ်ပြတ်လျက် အမွေးတို့သည် ဝစ္စမင်တွင် ကပ်ငြိ၍ ကျန်ရစ်လေ၏။

**လောဘပြစ်မြင်တရားဆင်ခြင်**

မြေခွေးသည် အပြင်သို့ ရောက်လျှင် အမွေးမရှိထွန်တုံးနှင့်တူသော မိမိကိုယ်ကို ကြည့်ရှုလျက် ထိတ်လန့် တုန်လှုပ်သော စိတ်ရှိသည်ဖြစ်၍ အတန်ငယ် ပြေးပြီးလျှင် ထိုင်လျက် "သြော်....ငါ့အား ဤသို့သောဆင်းရဲကို သူတပါးမပြုလုပ်အပ်၊ အစာ၌မက်မောသော လောဘတရားဆိုးကိုမှီ၍ ငါကိုယ်တိုင်ပင် ပြုလုပ်အပ်၏၊ ဤနေ့မှစ၍ လောဘတရား၏နိုင်ငံသို့ မလိုက်တော့အံ့၊ လောဘတရားကို ထိန်းသိမ်းတော့မည်ဟုကြံစည်ကာ—

"ငါကား.... ဤဆင်ကိုယ်တွင်းသို့ ဝင်မိသဖြင့် ထိတ်လန့် ကြောက်ရွံ့ရ၏၊ ထိတ်လန့် ကြောက်ရွံ့သောကြောင့် ဤအခါမှစ၍ နောက်တဖန် မဝင်တော့ပါ၊ နောက်နောက် ဘယ်အခါမှ မဝင်တော့ပါ"—

ဟုဆိုမြည်တမ်းကာ ထိုအရပ်မှ ပြေးလေ၏၊ တဖန် ဆင်သေကောင်ကိုပြန်၍ပင် မကြည့်တော့ချေ၊ လောဘနိုင်ငံသို့မလိုက်တော့ချေ။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာတော်ကို ဆောင်တော်မူ၍ "ရဟန်းတို့....မိမိတို့ကိုယ်တွင်းသန္တာန်၌ဖြစ်လာသော ကိလေသာကို နောက်ထပ်မပွားစေဘဲ ဖြစ်သောခဏ၌ပင်နှိမ်နင်းကြရမည်" ဟုမိန့်တော်မူ၏။

ဤဒေသနာတော်၏အဆုံး၌ အဆွေခင်ပွန်း ရဟန်း ငါးရာတို့သည် အရဟတ္တဖိုလ်၌တည်၍ ရဟန္တာအဖြစ်သို့ ရောက်ကုန်၏၊ ကြွင်းသောရဟန်းတို့တွင် အချို့သကဒါဂါမ်,အချို့အနာဂါမ်တည်ကုန်၏။

ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်, ပစ္စုပ္ပန် နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့····

※ ထိုအခါ မြေခွေးသည်-ယခု ငါဘုရားဖြစ်လာပြီ—ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) လောဘတရား၊ဖြစ်လာငြား၊လျှင်လျှားနှိမ်သင့်သည်။
(၂) မနှိမ်၍ပွား၊ဆင်းရဲများ၊လားလိမ့်ပါယ်လေးမည်။
(၃) ဆင်သေဝင်မှား၊မြေခွေးအား၊သေပါးဆင်းရဲသည်။

သိင်္ဂါလဇာတ်ပြီး၏။

---

## ၁၄၉-ကေပဏ္ဏဇာတ်

ပစ္စုပ္ပန်ဝတ္ထု

**ခက်ထန်မာန်ပြင်း လိစ္ဆဝီမင်း**

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဝေသာလီပြည် မဟာဝုန် တော စုလစ်မွန်ချွန် တပ်သော ကျောင်း၌ သီတင်းသုံးတော်မူစဉ် ခုနစ်ထောင် ခုနစ်ရာ ခုနစ်ယောက်သော လိစ္ဆဝီမင်းတို့အဝင်အပါ ဒုဋ္ဌလိစ္ဆဝီမည်သောမင်းတယောက်ရှိလေ၏။

ထိုမင်းသားသည် အမျက်မာန်ကြီး၏၊ ရုန့်ရင်းကြမ်းကြုတ်၏၊ လှံကံဖြင့်ခတ်မိသောမြွေကဲ့သို့ အမြဲအမျက်ထွက်လျှက်ရှိ၏၊ထိုမင်းသားရှေ့ဝယ် နှစ်ခွန်း,သုံးခွန်းသောစကားကိုမျှ ပြောဆိုဝံ့သောသူ မည်သူမျှမရှိ၊ မိဘတို့လည်း မဆုံးမနိုင်ကုန်၊ ဆွေမျိုးဉာတိ အဆွေခင်ပွန်းတို့လည်း မဆုံးမနိုင်ကုန်၊ မိဘတို့သည် ထိုမင်းသားကို မြတ်စွာဘုရားထံသို့ပို့ကာဆုံးမတော်မူရန်လျှောက်ထားကုန်၏။

**ဘုရားရှင်ဟောပြမာနကျ**

ထိုအခါ မြတ်စွာဘုရားသည် မင်းသားအား''မင်းသား....သင်သည် သတ္တဝါတို့အပေါ်၌ ရုန့်ရင်းကြမ်းကြုတ်သောစကားကိုမပြောဆိုလင့်၊ နိုင်ထက်ကလူမပြုလင့်၊ နှိပ်စက်ညှဉ်းပန်းခြင်းမပြုလင့်—

ရုန့်ရင်းကြမ်းထမ်းသောစကား ပြောဆိုသောသူကို အမိ,အဘ,သား,မယား,ညီ,အစ်ကို,မောင်,နှမတို့ပင် မနှစ်သက်ကုန်၊ အဆွေခင်ပွန်းတို့လည်း မနှစ်သက်ကုန်၊ ကိုက်မည်လာသောမြွေဆိုး, တောဥ္စထကြွနေသောသူခိုး, စားမည်လာသော ဘီလူးကဲ့သို့ ထိတ်လန့်ကြောက်ရွံ့ကုန်၏၊သေသည့်အခြားမဲ့၌ ငရဲသို့ကျတတ်၏၊ ယခုဘဝတွင်လည်းအထူးထူးသောအဝတ်တန်ဆာကို ဝတ်ဆင်ထားသော်လည်း မလှ၊ အသားအရေ မျက်နှာညှိုးနွမ်း၏၊ အမျက်ဒေါသကြောင့် မိမိကိုယ်ကို မိမိတို့သတ်ဖြတ်ညှဉ်းဆဲ၏၊ သူတပါးကိုလည်း သတ်ဖြတ်ညှဉ်းဆဲ၏၊ သေလွန်သောအခါ ငရဲသို့ကျတတ်၏၊ ငရဲမှတက်၍

လူဖြစ်ပြန်လည်း ရုပ်အဆင်းမလှ၊ အနာရောဂါများတတ်၏၊ ထို့ကြောင့် သတ္တဝါတို့အပေါ်မှာ ချစ်နှစ်သက်သောစိတ်, သနားကြင်နာသော စိတ်, အကျိုးစီးပွားကိုလိုလားသောစိတ်ကို ဖြစ်စေရမည်ဟု''စသည်ဖြင့်ဆုံးမတော်မူ၏။

ဒုဋ္ဌလိစ္ဆဝီမင်းသားသည် မြတ်စွာဘုရား တကြိမ်တည်း ဆုံးမကာမျှဖြင့် မာန,ဒေါသကင်းလျက် ယဉ်ကျေးသော စိတ်, နူးညံ့သိမ်မွေ့သောစိတ် ရှိလေ၏၊ သူတပါးတို့ဆဲရေး ပုတ်ခတ်သော်လည်း ပြန်လှန်၍ မကြည့်တော့ဘဲ သည်းခံလေ၏။

ထိုအခါ တရားသဘင်ဝယ် ရဟန်းတို့သည် ဒုဋ္ဌလိစ္ဆဝီမင်းသားအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူ၍''ရဟန်းတို့····ယခုအခါ၌သာ ဤဒုဋ္ဌလိစ္ဆဝီမင်းသားကို တကြိမ်တည်းဖြင့် နူးညံ့သိမ်မွေ့အောင် ဆုံးမတော်မူသည်မဟုတ်၊ ရှေးအခါ၌လည်း ဆုံးမဘူးပြီ''ဟုမိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကိုတော်မူသတည်း။

**အတိတ်ဝတ္ထု၊**

**လောင်းတော်ရသေ့မြတ် မင်းဆည်းကပ်** လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် ဥဒိစ္စပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ ဗေဒင်သုံးပုံ အလုံးစုံသောအတတ်ပညာတို့ကို သင်ကြား တတ်မြောက်ပြီးလျှင် လူ့ဘောင်တွင် အနည်း

ငယ်မျှသာနေ၍ ရသေ့ရဟန်းပြုကာ ဈာန်အဘိညာဏ်ကို ဖြစ်စေလျက် ဟိမဝန္တာအရပ်၌နေလေ၏။

ကြာမြင့်လတ်သော် ချဉ်ဆားမှီဝဲအံ့သောငှါ လူတို့နေရာသို့လာ၍ မင်းကြီး၏ဥယျာဉ်တော်၌ တည်းခိုကာနံနက် အခါ မြို့တွင်းသို့ ဆွမ်းခံကြွလေ၏၊ ထိုအခါ မင်းကြီးသည် လေသာပြတင်းမှ ကြည့်လတ်သော် ငြိမ်သက်တည်ကြည် သောဣန္ဒြေဖြင့် မင်းရင်ပြင်သို့ ရောက်နေသော ရသေ့ကို မြင်၍ "ဤရသေ့၏သန္တာန်၌ မုချသူတော်ကောင်းတရား ရှိသည်ဖြစ်လိမ့်မည်" ဟု ကြံစည်တွေးတောကာ အမတ် တယောက်ကိုခေါ်၍အပင့်ခိုင်းလေ၏၊ အမတ်လည်းရသေ့ ကိုနန်းတော်သို့ပင့်ခဲ့လေ၏။

**သား ဆုံးမရန်**
**လျှောက်ထားပြန်**

မင်းကြီးလည်း ရသေ့ကိုရာဇပလ္လင်ပေါ်တွင် သီတင်းသုံးစေ၍ မိမိတို့စီရင်ထားသော အထူးထူးသော ဘောဇဉ်ခဲဘွယ် တို့ကို ဘုဉ်းပေးစေပြီးလျှင် ရသေ့အား "အရှင်ဘုရား…. အဘယ်မှာနေပါသနည်း"ဟုလျှောက်လေ၏၊ "မင်းကြီး… ဟိမဝန္တာမှာနေပါသည်"ဟုပြောလေ၏၊ "အရှင်ဘုရား… ယခု ဘယ်သွားမည်နည်း"ဟုလျှောက်ပြန်၏၊ "မင်းကြီး… မိုးလအခါ သင့်လျော်သော ကျောင်းကိုရှာသည်"ဟု ပြောသောအခါ "အရှင်ဘုရား….သည်လိုဖြစ်လျှင် တပည့်တော်၏ ဥယျာဉ်တော်မှာ သီတင်းသုံးတော်မူပါ"ဟု လျှောက် ထားကာ ဝန်ခံစေပြီးလျှင် ဥယျာဉ်တော်၌ကျောင်းဆောက် ၍ ပရိက္ခရာလှူဒါန်းလျက် ဥယျာဉ်မှူးကို အပ်နှင်းလေ၏၊ ရသေ့လည်း ထိုအခါမှစ၍ ဥယျာဉ်တော်၌သာ နေလေ၏။

မင်းကြီးလည်း ရသေ့ထံအဆုံးအမခံရန် နေ့တိုင်း,နေ့တိုင်း နှစ်ကြိမ်,သုံးကြိမ်အခစားသွား၏၊မင်းကြီးအားဒုဋ္ဌကုမာရမည်သော သားတယောက်ရှိ၏၊သိုမင်းသားသည်ရန့်ရင်းကြမ်းကြုတ်၏၊ အမျက်မာန်ကြီး၏၊ နိုင်ထက်ကလူပြုတတ်၏၊ မင်းကြီးလည်းမဆုံးမနိုင်၊ ဆွေမျိုးဉာတိ အဆွေခင်ပွန်းတို့လည်း မဆုံးမနိုင်ကုန်။

ထိုအခါ အမတ်ပုဏ္ဏားတို့သည် အညီအညွတ် စည်းဝေးတိုင်ပင်ကာ မင်းသားကိုအကြောင်းအကျိုးပြ၍ ဆုံးမတားမြစ်ငြားသော်လည်း မနာယူလေ၊ မင်းကြီးလည်း ဤမင်းသားကို သီလရှိသောဆရာရသေ့ကိုထား၍ ဆုံးမနိုင်သောသူကို မမြင်ဟုကြံစည်ကာ မင်းသားကို ရသေ့ထံသို့ခေါ်၍ ဆုံးမတော်မူရန် လျှောက်ထားကာ ပြန်ခဲ့လေ၏။

**ပမာဆောင်ပြ ယဉ်ကျေးရ**

ရသေ့လည်းမင်းသားကိုခေါ်၍ ဥယျာဉ်တော်၌လှည့်လည်သည်ရှိသော် တဘက်တရွက်စီအားဖြင့်နှစ်ရွက်သာထွက်သေးသော တမာပင်ပေါက်ကိုမြင်၍ ''မင်းသား···· ဤတမာပင်ပေါက်၏အရွက်ကိုစား၍ သိအောင်ပြုလော့''ဟု ခိုင်းလေ၏၊ မင်းသားလည်း တမာပင်ပေါက်၏ အရွက်ငယ်တရွက်ကိုစား၍ အရသာကိုသိလျှင် ထွီ-ဆို၍ ထွေးပစ်လေ၏၊ ထိုအခါရသေ့သည်''မင်းသား····အဘယ်သို့နေသနည်း''ဟုမေးရာ ''အရှင်ဘုရား····ဤသစ်ပင်ငယ်သည် ယခုပင်လျှင်လတ်တလော သေစေတတ်သောအဆိပ်နှင့်တူ၏၊ ကြီးသည်ရှိသော် လူများစွာကို သတ်လတ့်'' ဟု လျှောက်ထားကာ တမာပင်ငယ်ကိုနုတ်၍ လက်ဖြင့်နယ်ပြီးလျှင်''အိုရှင်ရသေ့··

ဤသစ်ပင်ငယ်ကား နှစ်ရွက်သာထွက်သေး၏၊ မြေမှ လက်လေးသစ်မကြီးသေး ကြီးလာသည်ရှိသော် အသို့ဖြစ်လတ္တံ့နည်း၊ အရွက်ကား လတ်တလော သေစေတတ်သော အဆိပ်နှင့်တူသည် ဖြစ်ရာ၏''ဟု လျှောက်ထားလေ၏။

ထိုအခါရသေ့သည် ဒုဋ္ဌကုမာရမင်းသားအား—

''မင်းသား.... တမာပင်ငယ်ကား ယခုငယ်စဉ်ပင် ဤမျှလောက်ခါးလှ၏၊ ကြီးလာလျှင် ဘယ်လောက် ခါးလှမည်မသိ၊ တမာပင်ကိုမှီ၍ အဘယ်မှာလျှင် အကျိုးစီးပွားဖြစ်နိုင်အံ့နည်းဟု သင်သည်ပင်နုတ်၍ လက်ဖြင့်နယ်ကာ စွန့်ပစ်သေး၏၊ သင်မင်းသားကိုလည်း တမာပင်ငယ်ကိုနုတ်ပစ်သကဲ့သို့ တိုင်းသူပြည်သားတို့သည် ဤမင်းသားကား ငယ်စဉ်ကပင် ဤမျှလောက် ရုန့်ရင်းကြမ်းကြုတ်သေး၏၊ ကြီး၍ မင်းဖြစ်သောအခါ အဘယ်မျှလောက် ရုန့်ရင်း ကြမ်းကြုတ်လာမည်မသိ၊ ဤမင်းသားကိုမှီ၍ ငါတို့အား အဘယ်မှာလျှင် အကျိုးစီးပွားဖြစ်နိုင်အံ့နည်းဟု သင့်အားမင်းအဖြစ်ကိုမပေးမူ၍ တိုင်းပြည်မှ နှင်ထုတ်ကြကုန်လတ္တံ့''-

ထို့ကြောင့် ရုန့်ရင်းကြမ်းကြုတ်သော အမူအရာကို စွန့်၍ သတ္တဝါတို့အပေါ်မှာ သည်းခံခြင်း, ချစ်ခြင်း,သနားခြင်းကိုဖြစ်စေလော့ဟု ဆုံးမလေ၏။

ဒုဋ္ဌကုမာရမင်းသားသည် တကြိမ်တည်း ဆုံးမကာမျှဖြင့်မာန်မာနမရှိ၊သည်းခံခြင်း,ချစ်ခြင်း,သနားခြင်းနှင့် ပြည့်စုံလေ၏၊ နူးညံ့သိမ်မွေ့လေ၏၊ အဘလွန်လျှင်မင်းအဖြစ်ကို

ရ၍ တရားသဖြင့်မင်းပြုကာ ကုသိုလ်ကောင်းမှုတို့ကို အားထုတ်လျက် သေလွန်သောအခါ ကံအားလျော်စွာ လားလေ၏။

### ဇာတ်ပေါင်း

ဤသို့လျှင်မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန်သောဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ ထိုအခါ ဒုဋ္ဌကုမာရမင်းသားသည်- ယခုအခါ ဒုဋ္ဌလိစ္ဆဝီမင်းသား။

※ မင်းကြီးသည်- အာနန္ဒာ။

※ ရသေ့သည်- ငါဘုရားဖြစ်လာပြီ-

ဟု ဇာတ်ကို ပေါင်းတော်မူသတည်း။

### ဆောင်ပုဒ်

(၁) မာန်စောင်ကကြီး၊ အမျက်ကြီး၊ မုန်းတီးခံရမည်။

(၂) တန်ဆာဆင်ကြ၊ သွင်မလှ၊ သေကာငရဲပြည်။

(၃) ခါး,ငယ်စဉ်ခါ၊ ခါး,ကြီးလာ၊ တမာတရထည်။

ဧကပဏ္ဏဇာတ်ပြီး၏။

---

## ၁၅၀—သဉ္ဇီဝဇာတ်

### ပစ္စုပ္ပန်ဝတ္ထု

ဒေဝဒတ်နှိပ်ပြု ဆင်းရဲမှု

နတ်လူတို့ဆရာ ဖြစ်တော်မူသော မြတ်စွာ ဘုရား သည် ဇေတဝန် ကျောင်း၌သီတင်းသုံးတော်မူစဉ် အဇာတသတ်

မင်းသည် ဘုရားနှင့်ဆန့်ကျင်ဘက်ဖြစ်၍ သီလမရှိ ယုတ်မာသော ဒေဝဒတ်ကို ဂယာသီသဝယ် ကျောင်းဆောက်ကိုးကွယ်လေ၏။

ဒေဝဒတ်စကားကို နားထောင်ကာ အဘဖြစ်သော သောတာပန်ဗိမ္ဗိသာရမင်းကြီးကိုသတ်မိ၍ ဤဘဝတွင်ပင် သောတာပတ္တိမဂ် ရနိုင်လောက်သည့် အားကြီးသော အထောက်အပံ့ ဥပနိဿယသည်လည်း ပျက်စီးခြင်းသို့ ရောက်လေ၏။

ဒေဝဒတ်ကို မြေမျိုပြီကြား၍"အဘယ်သို့ဖြစ်မည်နည်း၊ ငါ့ကိုလည်း မြေမျိုလိမ့်ဦးမည်လော"ဟုတွေးတောကြံစည်ကာ အလွန်ထိတ်လန့်ကြောက်ရွံ့လျက် မင်းချမ်းသာကို မရလေ၊ အိပ်သောအခါ၌လည်း ချမ်းသာရာမရ၊ ထက်စွာသောလှံဖြင့် အထိုးခံနေရသော ပြိတ္တာကဲ့သို့ အမြဲတုန်လှုပ်ချောက်ချား၍နေ၏။

**သာမညဖလသုတ်ဟောဖေါ်ထုတ်**

ထိုအခါ အဇာတသတ် မင်းကြီးသည် တန်ဆောင်မုန်းလပြည့်နေ့ ညဥ့်အခါ လသာခိုက်တွင်ဆရာဇီဝကကိုခေါ်၍စစ်သည်ဗိုလ်ပါနှင့်တကွ ဇီဝက၏သရက်ဥယျာဉ်ကျောင်းတော်သို့သွား၍ မြတ်စွာဘုရားထံသို့ရောက်လျှင် မြတ်စွာဘုရားအား ရဟန်းတို့၏ အကျိုးကျေးဇူး ပြဿနာကို လျှောက်ထား၏၊ မြတ်စွာဘုရားလည်း မင်းကြီးအား သာမညဖလသုတ်ကိုဟောတော်မူ၏၊ မင်းကြီးလည်း အလွန်နှစ်သက်သဖြင့်မြတ်စွာဘုရားအားရှိခိုးကန်တော့ပြီးလျှင် နန်းတော်သို့ ပြန်လေ၏။

ရဟန်းတို့သည် တရားသဘင်ဝယ် ဒေဝဒတ်ကိုမှီ၍အဇာတသတ်မင်းမှာ ပျက်စီးရခြင်းအကြောင်းကို စကားစပ်မိ၍ ပြောဆိုနေကြရာ မြတ်စွာဘုရား ကြွလာတော်မူပြီးလျှင် "ရဟန်းတို့..အဇာတသတ်မင်းသည် ယခုအခါ၌သာ သူယုတ်မာကိုမှီ၍ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်သည် မဟုတ်၊ရှေးအခါ၌လည်း သူယုတ်မာကိုမှီ၍ ကြီးစွာသော ပျက်စီးခြင်းသို့ရောက်ဘူးပြီ''ဟု မိန့်တော်မူကာ အောက်ပါ အတိတ်ဇာတ်ကိုဆောင်တော်မူသတည်း။

အတိတ်ဝတ္ထု။

**ဘုတ်သွင်းဂါထာ သင်ကြားရာ**

လွန်လေပြီးသော အခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားအလောင်းသည် စည်းစိမ်ဥစ္စာကြွယ်ဝသော ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်လတ်သော် တက္ကသိုလ်ပြည်သို့သွား၍ အတတ်ပညာအလုံးစုံကို သင်ကြားတတ်မြောက်ပြီးလျှင် ဒိသာပါမောက္ခဆရာကြီးဖြစ်၍ တပည့်လုလင်ငါးရာတို့ကို အတတ်ပညာ သင်ကြားစေလျက် နေလေ၏။

ဆရာကြီးသည် ထိုတပည့် လုလင်ငါးရာတို့တွင် သဋ္ဌိဝမည်သော လုလင်အား သူသေကို ထခစေတတ်သော မန္တရားကို[ဘုတ်သွင်းမန္တရား]သင်ကြားပေးလေ၏၊ တားမြစ်သော မန္တရားကိုကား သင်ကြား၍ မပေးသေးချေ။

**အသက်သွင်းလတ် ကိုယ်ပြန်သတ်**

တနေ့သ၌ သဋ္ဌိဝလုလင်သည် တပည့်လုလင် ငါးရာတို့နှင့်တကွ ထင်းခွေရန် တောသို့ သွားသည်ရှိသော် ကျားသေ

တကောင်ကိုမြင်၍ လုလင်တို့ကို "အဆွေတို့····ဤကျားသေကို ငါထအောင်လုပ်နိုင်သည်"ဟု ပြောလေ၏၊ လုလင်တို့က "အဆွေ····မလုပ်နိုင်ပါ"ဟု ပြောကုန်၏၊ "သင်တို့မျက်စိအောက်မှာပင် ထအောင်လုပ်မည်"ဟု ပြောပြန်၏၊ "တကယ်တတ်နိုင်လျှင် လုပ်ပါဟု"ဆို၍ လုလင်တို့သည် သစ်ပင်သို့ တက်ကြကုန်၏။

ထိုအခါ သဉ္ဇီဝလုလင်သည် မန္တန်ကိုသရဇ္ဈာယ်၍ ကျားသေကို ကျောက်စရစ်ခဲဖြင့်ပစ်လေ၏၊ ကျားသေသည် မန္တန်၏တန်ခိုးကြောင့် ထကာ လျင်သောအဟုန်ဖြင့် ပြေးလာပြီးလျှင် သဉ္ဇီဝလုလင်၏ လည်မျိုကို ကိုက်သတ်ကာ ထိုအရပ်မှာပင် သဉ္ဇီဝလုလင်လည်း လဲ၍သေလေ၏။

**သူယုတ်မြောက်ခြား ကိုယ်ပျက်ပြား**

လုလင်တို့သည် သစ်ပင်မှ ဆင်းသက်ကာ ထင်းတို့ကိုယူ၍ ပြန်ကြလေ၏၊ ရောက်လျှင် ဆရာကြီးထံ သွား၍ သဉ္ဇီဝလုလင်အကြောင်းကို ပြောကြားကြကုန်၏။

ထိုအခါ ဆရာကြီးသည် တပည့်လုလင်တို့ကိုခေါ်၍—

"အမောင်တို့····သဉ္ဇီဝလုလင် ထစေအပ်သော ကျားသေသည်၊ သဉ္ဇီဝလုလင်ကိုပင် ပြန်လှန်သတ်သကဲ့သို့ လောကဤသူယုတ်မာကိုချီးမြှောက်မိသောသူသည်လည်း သူယုတ်မာကိုမှီ၍ပင် ပျက်စီးခြင်းသို့ ရောက်ရ၏"—

ဟု တပည့်လုလင်တို့အား တရားဟောကြား ဆုံးမ၍ အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုတို့ကို ပြုစု အားထုတ်ကာ သေလွန်သောအခါ ကံအားလျော်စွာ လားလေ၏။

ဇာတ်ပေါင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အတိတ်,ပစ္စုပ္ပန်နှစ်တန် သောဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူလျက်—

ရဟန်းတို့....

※ သဉ္ဇီဝသည်—ယခုအခါ အဇာတသတ်မင်း။

※ ဒိသာပါမောက္ခ ဆရာကြီးသည်— ငါဘုရားဖြစ် လာပြီ-

ဟု ဇာတ်ကိုပေါင်းတော်မူသတည်း။

ဆောင်ပုဒ်

(၁) သူယုတ်မာအား၊ ချီးမြှောက်ငြား၊ ဆုံးပါးပျက်စီးမြဲ။
(၂) သဉ္ဇီဝအား၊ သက်သွင်းကျား၊ ကိုက်စားသေသည့်နှဲ။

သဉ္ဇီဝဇာတ်ပြီး၏။

ကေကနိပါတ်တော်စကားပြေပြီးပြီ။

# နိဂုံး

(၁) ရမ္မာဟိယ နဂရသ္မိ၊
တိံသုသဘော ပုရတ္ထိမေ။
ဂါမကေ သန္တနိဝါသေ၊
(အလာတတ်) တိ သုပါကဋေ။ ။

(၂) ဂဟပ္ပတိ ကုလေ သုတော၊
ရတနတ္တယ မာမကော။
သဒ္ဓါတိယာ သဒ္ဓါတေန၊
အနေကသတ္တ ကာရိနာ။ ။

(၃) (ပဌမကျော်-ဦးကြီးဖေ) တိ၊
ရာဇဒတ္တိယ လဒ္ဓိနာ။
တေပညာသာယဝဿေန၊
ပညာဇီဝေန ဓိမတာ။ ။

(၄) ကတေသော ပညာသာဓိက၊
ပဌ္ဌသတ နိပါတကော။
စုဏ္ဏိယော သာရသံယုတ္တော၊
သန္ဒေဟိ မာနိတော သုဘော။ ။

(၅) ကောဝိသတိ ခဏ္ဍေဟိ၊
မဏ္ဍိတော အတ္ထသံဟိတော။
သတ္တတိံသ ပဌ္ဌသတ၊
ဇာတကေဟိ သုလက္ခိတော။ ။

## နိဂုံး

(၆) ဝေါဟာရေတု နဝါဓိကေ၊
တိသတေက သဟဿကေ။
ဖုဿမာသ ကာလပက္ခေ၊
ဒုတိယေ သောရိဝါရကေ။

(၇) မြမ္မရဋ္ဌ ဝိပ္ပမုတ္တော၊
သကရာဇေန သောဘိတော။
အဋ္ဌာရသဟိ မာသေဟိ၊
အနာယာသေဟိ နိဋ္ဌိတော။

(၈) ကတေနာနေနပုညေန၊
ရမေ ပရတ္ထကာရိနာ။
နကမ္ပေ လောကဓမ္မေန၊
ကရေ ပညာယ ဇီဝိတံ။

(၉) လဘေ ဇာတိဿရဉာဏံ၊
ခမေ ဣဋ္ဌ မနိဋ္ဌကံ။
ဇီဝိတံ စဇမာနောပိ၊
နစဇေ သန္တဘာဝိကံ။

(၁၀) ဘဝေယျံ ပုရိသာဇညံ၊
ကာယဉာဏ ဗလာယုတံ။
တာရေယျံ ဒုက္ခတော သတ္တေ၊
ကရေယျံ ပရနိဿယံ။

(၁၁) စရ ရာဇာ ရာဇဓမ္မံ၊
သဗ္ဗံ ရက္ခတု မေဒနိံ။
ဝိပ္ပမုတ္တံ မြမ္မရဋ္ဌံ၊
စိရံ ဌာတု သရာဇိကံ။

(၁၂) သရာဇာ ရဋ္ဌိကာ သဗ္ဗေ၊
ဓမ္မေ ဟောန္တု သဂါရဝါ။
သမင္ဂါဟောန္တုသခိလာ၊
အညမညဟိတေသကာ။

(၁၃) အညမညံ ပိယာယန္တု၊
ဒက္ခန္တု သောမ္မစက္ခုနာ။
သဟော်ဒရာ သမစိတ္တာ၊
သုခိ ဟောန္တု သမာသမာ။

(၁-၂-၃-) ရမ္မဏိယနဂရေ၊ မွေ့လျော် ပျော်ဘွယ် ရာဖြစ်သောကြောင့် ပျော်ဘွယ်အမည်ရှိသောမြို့၏၊ တိံသု သဘေ၊ ဥသဘာသုံးဆယ်မျှဝေးကွာသော။ပုရတ္ထိမေ၊အရှေ့ မျက်နှာအဘို့၌။ သန္တနိဝါသေ၊ သူတော်ကောင်းတို့ နှစ် ထောင်းပျော်စွာ အမြဲနေထိုင်ရာဖြစ်သော။ အလာတတ် တိသုပါကဋေ၊ လမ်းကောင်း၍သာ အလာတတ်သည် အမည်တွင်ပြား အလာတတ်ဟုကောင်းစွာထင်ရှားသော။ ဂါမကေ၊ ရွာ၌။ ။သုတော၊ ကျော်ကြားသော။ရတနတ္တယ မာမကော၊ရတနာသုံးပါးကိုလိုလားမြတ်နိုးသော။ဂဟပ္ပတိ ကုလေ၊ လယ်ယာလုပ်ရေး သက်မွေးကြရိုး သူကြွယ်အမျိုး ၌။ သုဇာတိယာ၊ စင်ကြယ်သန့်ရှင်း အပြစ်ကင်းသော ပဋိ သန္ဓေဖြင့်။ သုဇာတေန၊ မီးရှူးသန့်စင် ကောင်းစွာဖွားမြင် သော။ အနေကသတ္တကာရိနာ၊သုံးဆယ်ကျော်သား ကျမ်း အများကို ရေးသားပြုပြင်စီရင်လေ့ရှိသော။ ပဋ္ဌမကျော်- ဦးကြီးဖေတိ၊ ပဋ္ဌမကျော်-ဦးကြီးဖေအမည်ရှိသော။ ရာဇ ဒတ္တိယလဉ္ဆနာ၊ မြန်မာပြည် ဘုရင်ခံမင်းကြီး မြှောက်ချီး

ကော်ရော်ပူဇော်အပ်သော ဘွဲ့တံဆိပ်ရှိသော။ တေပညာ
သာယဝသော‌နေ၊ သက်ရှယ်တွက်စစ် ငါးဆယ့်သုံးနှစ်ရှိ
သော။ပညာဇိဝေန၊ပညာဖြင့်သာအသက်မွေးလေ့ရှိသော။
ဓိမတာ၊ ပညာရှိသည်။

(၄-၅) ကတော၊ ရေးသားပြုပြင် စီရင်အပ်သော။
သာရသံယုတ္တော၊ လောကီ-ကုံလုံ ပြည့်စုံစီစဉ် အနှစ်
သာရနှင့်ယှဉ်သော။ သန္တေ့ဟိ၊ ပညာရှိသူတော်ကောင်းတို့
သည်။ မာနိတော၊ နှစ်သက်အားကိုး မြတ်နိုးအပ်သော။
သုဘော၊ကောင်းမြတ်တင့်တယ်သော။ကေဝိသတိခဏ္ဍေဟိ၊
ကေနိပါတ်အစ အသီတိနိပါတ်အဆုံး သိမ်းကျုံးပြည့်နှ
အခဏ်းကြီးနှစ်ဆယ့်တခဏ်းတို့ဖြင့်။ မဏ္ဍိတော၊ တန်ဆာ
ဆင်အပ်သော။ အတ္ထသံဟိတော၊ လောကီ,လောကုတ်
ပစ္စုပ်,သံသာ အတ္တာရ နှစ်ဝသော အကျိုးစီးပွားနှင့်
စပ်ယှဉ်သော။ သတ္တတိံသ ပဉ္စသတဇာတကေဟိ၊ ငါးရာ့
သုံးဆယ်ခုနစ်ကယ်သည့် ဇာတ်ငယ်တို့ဖြင့်။ သုလက္ခိတော၊
ကောင်းစွာ သတ်မှတ်အပ်သော။ သောပညာသာမိက-
ပဉ္စသတနိပါတကော စုဏ္ဏိယော၊ ဤငါးရာ့ ငါးဆယ်
နိပါတ်တော်စကားပြေသည်။

(၆-၇) ဝေါဟာရေ နဝါမိက တိသတေက သဟဿ-
ကေ၊သက္ကရာဇ်တထောင်,သုံးရာ,ကိုးခု၊(၁၃၀၉) ခုနှစ်၌။
ဖုဿမာသကာလပက္ခေ၊ ပြာသိုလဆုတ်ပက္ခ၌။ ဒုတိယေ-
သောရိဝါရကေ၊ နှစ်ရက်မြောက် စနေနေ့၌။မြမ္မရဋ္ဌဝိပ္ပ-
မုတ္တေ၊ မြန်မာတိုင်းကြီး အင်္ဂလိပ်တို့လက်မှ လွတ်မြောက်
ခါနီးဖြစ်သော။ သကရာဇေန၊ ကိုယ့်မင်း ကိုယ့်ချင်းဖြင့်။
သောဘိတေ၊ တင့်တယ်ခါနီးဖြစ်သော မင်္ဂလာသိဒ္ဓိအချိန်

၌။ အနာဃာသေဟိ၊ ဘေးရန်အန္တရာယ် မရှိကုန်သော။ အဌာရသဟိမာသေဟိ၊ တဆယ့်ရှစ်လတို့ဖြင့်။သုနိဋ္ဌိတော၊ ကောင်းစွာပြီးဆုံးခြင်းသို့ရောက်ပေပြီ။

(၈) ကတေန၊ ငါးရာ့ငါးဆယ် နိပါတ်တော်စကားပြေကို ရေးသားပြုပြင် စီရင်အပ်သော။ အနေနပုညေန၊ ဤကောင်းမှု ကုသိုလ်ကံကြောင့်။ ပရတ္ထကာရိနာ၊ သူတပါးအကျိုးကို သည်ပိုးရွက်ဆောင်လေ့ရှိသော အမှုဖြင့်။ ရမေ၊ ကြေနပ်ပျော်ပျော် မွေ့လျော်ရပါလို၏။ လောကမမ္မေန၊ တွေ့ကြုံရခြား လောကဓံတရားဖြင့်။ နကမ္မေ၊ မယိမ်းယိုင်- မတုန်လှုပ်ရပါလို။ ပညာယ၊ ဝရဇိန်ပမာမိမိ၏အသိဉာဏ်ပညာဖြင့်။ ဇီဝိတံ၊ အသက်မွေး ဝမ်းကျောင်းအမှုကို။ ကရေ၊ပြုလုပ်ရပါလို၏။

(၉) ဇာတိဿရဉာဏံ၊ ဘဝများဖြင်သိမြင်အမှန် ဇာတိဿရဉာဏ်ကို။ လဘေ၊ ကောန်မုချ ရပါလို၏။ ဇူရှံ့ အနိဋ္ဌကံ၊ လိုအပ်ပေရာ မလိုရာဟု နှစ်ဖြာတွေ့ကြုံ ဇူဋ္ဌာရုံ အနိဋ္ဌာရုံကို။ ခမေ၊ မဘော့က်မပြန် သည်းခံနိုင်ရပါလို၏။ ဇီဝိတံ၊ ကိုယ်နှင့်အသက်ကို။ စဇမာနောပိ၊ မကြောက်မရွံ့ နော်ကမ်မတွန့်ဘဲ စွန့်လွှတ်ရစေကာမူ။ သန္တဘာဝိကံ၊ မတိမ်းစောင်းသား သူတော်ကောင်းတို့ သဘောတရားကို။ နစဇေ၊ မစွန့်လွှတ်ရပါလို။

(၁၀) ပုရိသာဇည်၊ ကျိုးကြောင်းမြင်ဘိ အထူးသိလျက် သတ္တိစွမ်းရည် ယောက်ျားအာဇာနီသည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။ ကာယဉာဏဗလာယုတံ၊ ကိုယ်အားဉာဏ်အား စွမ်းပကားနှင့် ကြီးမားအစဉ် ဘဝတိုင်းစပ်

ယှဉ်သည်။ ဘဝေယျံ၊ ဖြစ်ရပါလို၏။ သတ္တံ၊ သတ္တဝါ အပေါင်းကို။ ဒုက္ခတော၊ ဆင်းရဲအပေါင်းမှ။ တာရေယျံ၊ လွတ်မြောက်အောင်ကယ်တင်ရပါလို၏။ ပရနိဿယံ၊ သူတပါးတို့ အားထားမှီခိုရာကို။ ကရေယျံ၊ ပြုရပါလို၏။

(၁၁) ရာဇာ၊ ရေမြေသနင်း ပြည့်ရှင် မင်းသည်။ ရာဇဓမ္မံ၊ သူတော်မင်းပေါင်း မစောင်းကျင့်ငြား မင်းကျင့်တရားကို။ စရ၊ ကျင့်ပါစေသတည်း။ သဗ္ဗံ၊ အလုံးစုံသော။ မေဒနိံ၊ မိုတင်းရေမြေ တည်နေပေတောင်း တိုင်းသူပြည်သား အပေါင်းကို။ ရက္ခတု၊ စောင့်ရှောက် ပါစေသတည်း။ ဝိပ္ပမုတ္တံ၊ အချုပ်အချာ အာဏာပိုင်လွတ်လပ်ပြီးဖြစ်သော။ မြမ္မရဋ္ဌံ၊ မြန်မာတိုင်းကြီးသည်။ သရာဇိကံ၊ ကိုယ့်မင်းကိုယ့်ချင်းနှင့်တကွ။ တိဋ္ဌတု၊ ကြံ့ကြံ့ခိုင်ခိုင် တည်တံ့နိုင်ပါစေသတည်း။

(၁၂) သဗ္ဗေ၊ အလုံးစုံကုန်သော။ သရာဇာ၊ကိုယ့်မင်းကိုယ့်ချင်းနှင့်တကွ ဖြစ်ကုန်သော။ ရဋ္ဌိကာ၊ တိုင်းသူပြည်သား လူအများတို့သည်။ ဓမ္မေ၊ သူတော်ကောင်းတို့တရား၌။ သဂါရဝါ၊ ရိုသေ ကိုင်းညွတ်ခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။ သမဂ္ဂါ၊ စိတ်တူကိုယ်မျှ ညီညွတ်ကြကုန်သည်။ သခိလာ၊ မဖုံမထစ်၊ ပြေပြစ်ကြကုန်သည်။ အညမညဟိတေသကာ၊ အချင်းချင်းအား ကျိုးစီးပွါးကို လိုလားရှာမှီးနိုင်ကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။

(၁၃) အညမညံ၊ အချင်းချင်း။ ပိယာယန္တု၊ မေတ္တာ ဓာတ်မျိုး မပြတ်ပျိုးလျက် ချစ်ခင်မြတ်နိုးကြပါ စေကုန်

သတည်း။ သောမ္မစက္ခုနာ၊ ဒေါသမလွှမ်း နီမြန်းမရှိ ချမ်းမြအေးကြည်သောမျက်စိဖြင့်။ ဒက္ခန္တု၊ ရှုကြည့်နိုင်ကြပါစေကုန်သတည်း။ သဟောဒရာ၊ တမိဝမ်းတွင်း အတူဆင်းသည့် သားချင်းတို့ကဲ့သို့။ သမစိတ္တာ၊ ချမ်းသာဆင်းရဲ မကွဲတမူ တူမျှသော စိတ်ရှိကြကုန်သည်။ သမာသမာ၊ ထပ်တူထပ်မျှ ညီတူညီမျှ။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ပါစေကုန်သတည်း။